
www.burmeseclassic.com

# ပျူး

သက်ရင့်နှောင်ကြိုး




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဗျူးစာပေ)
အမှတ်-၅၂၀(က)၊ အခန်း၀ (၄)လမ်း
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၀၃၂၈) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ ဓော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုဇင်ဦးနှင့်ညီများ
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ မတ်လ
တန်ဖိုး-၁၀၀၀ ကျပ်၊ အုပ်ရေ- ၅၀၀
ဖြန့်ချီရေး
ဗျူးစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄ ၀၁ ၈၅၀၀၆၉၆

ဗျူး
သက်ရင့်နှောင်ကြိုး
ဗျူးစာပေ၊ ၂၀၁၆။
၂၄၈-စာ၊ ၁၂ x ၁၈ စင်တီ။
(၁) သက်ရင့်နှောင်ကြိုး

## အခန်း (၁)

"ဝုန်း ဂျုန်း ချွမ် ခလွမ်"

"ကျွီ ကျွီ"

ကားဘာရိတ်ကို နှစ်ချက်ဆင့်အုပ်လိုက်သော်လည်း အခြေအနေက လွန်ကျွံသွားခဲ့ပြီဖြစ်သည်။ စိတ်ကလေသနေတာမို့ ကားတွေလူတွေ စက်ဘီး ဆိုက်ကားတွေ ဈေးသည်တွေ ရှုပ်ယှက်ခတ်သွားလာနေတာကို စိတ်မရှည်ပါ။

လမ်းက အရမ်းကြီးကျဉ်းနေတာမဟုတ်ပေမယ့် စက်ရုံတွေနားမှာ ဒီအချိန်ဆို ဒီလိုမျိုး ရှုပ်ယှက်ခတ်ပြီး လမ်းပိတ်သလို ဖြစ်နေတတ်သည်။

"ဒီမှာ ရှင်ကားပေါ်မှာပဲ စတိုင်နဲ့ထိုင်နေတော့မှာလား။ ရှင့်ကားနဲ့ တိုက်မိလို့ ဒီမှာ ဘာဖြစ်သွားတယ်ဆိုတာ ဂရုမစိုက်တော့ဘူးလား ပြောပါဦး။ ရှင့်ကိုယ်ရှင် ကားစီးနိုင်တယ် ကားမောင်းနိုင်တယ်ဆိုပြီး ဘဝင်လေဟပ် အောက်ခြေလွတ်နေတာလား။ ရှင်တို့လို လူတန်းစားတွေက"

"မင်းဘာတွေဝုန်းနေတာလဲ၊ မင်းတို့ဈေးသည်တွေက လမ်းမပေါ် မှာ စည်းမရှိကမ်းမရှိ ဖြစ်ချင်တိုင်းဖြစ်နေတာ၊ မင်းတို့ဈေးသည်တွေချည်း ခိုင်တဲ့နေရာများ မှတ်နေလား"

www.burmeseclassic.com



"ဘာ"

"ထင်"

သစ်သီးတွေ မှန်ကွဲစတွေလိုက်ကောက်နေရာမှ မျက်နှာမော့ကာ မော်ကြည့်လိုက်သော ကောင်မလေးရဲ့မျက်နှာက သူ့ကိုစုန်လှုပ်အံ့ဩသွားစေသည်။

"တညာဖြူ"

သူ အသံထွက်ကာ ရေရွတ်မိလိုက်သည်အထိပါ။ ဒီလောက်ဝင်းမွတ်နေသော မျက်နှာကျပုံနှင့် အသံက ဆင်တူရသလား။ သူနှင့်မျက်နှာချင်းဆိုင် ထရပ်လိုက်သည့်အရပ်အမောင်းကလည်း မတိမ်းမယိမ်းပါ။

"ရှင် ခုနက စကားပြန်ပြောစမ်းပါဦး။ ကျွန်မတို့ကပဲ လမ်းပေါ်တက်ပြီး လှုပ်ရှားနေတယ်ဆိုတဲ့သဘောလား။ ဒီလမ်းကရော ရှင်တို့လို သူဌေးတွေပဲပိုင်တာလား။ ကျွန်မတို့လို လူတန်းစားတွေအတွက် မဟုတ်ဘူးပေါ့ ဒီလိုလား"

"ငါဆိုတာ အဲဒီလိုသဘောမဟုတ်ဘူး၊ မင်းတို့က စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ ဖြစ်နေတော့ ငါတို့က ကိစ္စအရေးအကြောင်းရှိတောင် မြန်မြန်မောင်းလို့မရဘူး၊ သွားချင်တိုင်း သွားလို့မရဘူး"

"ရှင်တို့အတွက် သေရေးရှင်ရေး ဘာတွေအရေးကြီးနေလဲ မသိပေမယ့်၊ ကျွန်မတို့အတွက်လည်း ဒီအချိန်က စားဝတ်နေရေးအတွက် အသက်တမျှအရေးကြီးနေတဲ့အချိန်ပဲ၊ စက်ရုံတွေကမုန့်စားလွှတ်တာ နာရီဝက်ပဲအချိန်ပေးတာ၊ အဲဒီအချိန်လေးကို အမီရောင်းနိုင်မှ ကျွန်မတို့အတွက် အမြတ်အစွန်းရပြီး စားဝတ်နေရေးအဆင်ပြေမှာပေါ့၊ ကဲပါ ဒါတွေရှင်းပြနေလည်း ရှင်တို့လို လူမျိုးတွေ နားမလည်ပါဘူး၊ အခု ဒီကိစ္စ ရှင်ဘယ်လိုရှင်းပေးမှာလဲပြော၊ လှည်းလည်းစောင်းသွားပြီ၊ မှန်သေတ္တာလည်း ကွဲသွားပြီ၊ သစ်သီးတွေလည်း တစ်လုံးမှ ရစရာမရှိတော့ဘူး"





"ငါဘယ်လောက်လျော်ရမလဲပြော"

"တစ်သိန်း"

"ဘာ"

"ဟုတ်တယ်လေ၊ လှည်းကဝယ်ထားရတာ ခုနစ်သောင်းကျော်တယ်၊ မှန်သေတ္တာက သုံးသောင်းမကဘူး၊ သစ်သီးဖိုးကလည်းရှိသေးတယ်"

"မင်းတောင်းတာ နည်းနေသလားလို့ပါ၊ အဲဒီလောက်ငွေလေးနဲ့ စကားတွေအများကြီး ပြောနေတယ်ကွာ၊ အစတည်းက အဲဒီလောက်ငွေပေးဆိုရင် ပြီးရောပေါ့၊ အခုတော့ အချိန်တွေအလကားကုန်တယ်"

"သြော် ကျွန်မကပဲ လျော်ကြေးလိုချင်လို့ စကားတွေအများကြီးပြောတယ်ထင်နေလား၊ နည်းမှန်လမ်းမှန်"

"ကဲ တော်ပါတော့ကွာ၊ ရော့ တစ်သိန်း၊ နောက်မှလိုသေးတယ်ဆိုပြီး ထပ်မတောင်းနဲ့နော်၊ တစ်ခါတည်းအပြတ်ပြော"

"ရှုပ်ရှုပ်ယှက်ယှက် ရောမယ်ထင်လို့လား ဝေးသေး"

ငွေတစ်သိန်းထုတ်ပေးပြီးမှ မျက်စောင်းထိုးတာခံရသေး၏။ ဒီကောင်မလေး အကြောက်အရွံ့တော့ရှိပုံမပေါ်။ ရန်တွေ့လိုက်တာလည်း ကက်ကက်လန်။ ကားပေါ်ကနေ စတိုင်ကျကျ ဆင်းလာသည့်သူ့ကိုလည်း ဂရုစိုက်ရမှန်းသိပုံမရ။ သနပ်ခါးပါးကွက်ကြား၊ ဆံပင်ခွေ့ ဖရိုဖရဲ။

ရှပ်အင်္ကျီလက်ရှည်အပေါ်ထပ်ဝတ်ထားတာမို့ အဝတ်အစားများက မသေမသပ် ဗိုသီဖတ်သီပါ။

ဒါပေမဲ့ မျက်နှာလေးက ကညာဖြူနဲ့ ဒီလောက်တောင် ဆင်တူနေရတာလဲ၊ ကညာဖြူ ကညာဖြူရော ဘယ်ရောက်နေတာလဲ။

လုံးဝ အဆက်အသွယ်မလုပ်တော့တာ နှစ်လတင်းတင်းပြည့်တော့မည်ဖြစ်သည်။ စထွက်သွားတုန်းကတော့ အလည်အပတ် ခဏတဖြုတ်ပုံစံမျိုးနှင့်ပင်။ ရောက်သွားတော့လည်း ပြန်လာဖို့ရက်တောင် အကြောင်းကြား

www.burmeseclassic.com



[illegible] ဘူကိုလိုက်ခဲ့ပါလားလို့ မေးသေးမေးမယ့် သူက အဘွားကို [illegible]ချည်[illegible]ထားရက်တာကြောင့် လုံးဝငြင်းဆန်ခဲ့သည်။

[illegible]တူးပြီး ဘယ်မှမသွားဘူးဟု။

[illegible] နှီးနှီးလေးမှမတုတ်တာ။

■ ■ ■



## အခန်း (၂)

"မြေးလေး ပြန်လာပြီလား"

"ဟုတ်ကဲ့ အဘွား။ ဆရာဝန်ကြီးရော ပြန်သွားပြီလား"

"ပြန်သွားပြီ မြေး။ သူလည်း ဆေးခန်းထိုင်ဖို့ ဂျူတီဝင်ရဦးမှာလေ၊ အဲဒါနဲ့ မြေးလေးပြန်လာတာကို မစောင့်နိုင်တော့တာ"

"သားလည်း ပြန်လာဖို့ စက်ရုံကနေ အချိန်မီတော့ထွက်လာတာ ပဲ အဘွားရယ်၊ လမ်းမှာ ကားတွေကပိတ် လူတွေကပိတ်နဲ့ ဈေးရောင်း တဲ့ကောင်မလေးနဲ့ အက်ဆီးဒင့်ဖြစ်တာ ရှင်းနေရတာနဲ့ပဲ နောက်ကျသွားတာ"

"ဟင် ဘာတွေဖြစ်သွားသေးလဲ မြေး။ တစ်ခုခု"

"သူ့ပစ္စည်းတွေကျကွဲသွားတော့ နည်းနည်းပါးပါးလျော်ကြေးပေး လိုက်တာနဲ့ ရှင်းသွားပါတယ်၊ ကြီးကြီးကျယ်ကျယ် ဘာမှမဖြစ်ပါဘူး၊ စိတ် မပူပါနဲ့ အဘွား"

"အေးပါကွယ် ကားကိုတော့ ဂရုစိုက်မောင်းပါ မြေးရယ်၊ ကား မောင်းတာက ကိုယ့်ဘက်က မမှားလည်း သူ့ဘက်ကမှားရင်နဲ့ အက်ဆီးဒင့် ဖြစ်တတ်တာ၊ ကားနဲ့ပတ်သက်ပြီး ဆိုးဆိုးဝါးဝါးကိစ္စတွေတော့ အဘွား



www.burmeseclassic.com

www.burmeseclassic.com



ကြောက်နေပြီ မြေးရယ်၊ သားရော ချွေးမရော ဆုံးရှုံးထားရတာ၊ အဘွား ရင်တွေနာလွန်းလို့ပါ''

အဘွားကပြောရင်း မျက်ရည်လည်သည်။ ဖေဖေနှင့်မေမေဆုံးတာ ငါးနှစ်မပြည့်သေးပါ။ ဒါကြောင့် အဘွားက လုပ်ငန်းတွေပြန်ဦးစီးလုပ်ကိုင်ပြီး သူဘွဲ့ရပြီးချိန်မှာတော့ သူ့ကိုလုပ်ငန်းတွေ လွှဲလာစေကာ ကညာဖြူနှင့်လက်ထပ်ပေး၍ လုပ်ငန်းတွေပြန်လွှဲပေးခဲ့သည်။

အခုတော့ ကညာဖြူက သူနှင့်လက်ထပ်ပြီး ခြောက်လအကြာမှာ နိုင်ငံခြားကို ပြန်သွားခဲ့ပြီး ဘာသတင်းအစအနပင် မကြားရတော့ပေ။ သူမ အဒေါ် ဦးလေးတွေလည်း သူမ ဘယ်မှာလဲမသိရသည့်အတွက် ဘယ်လို ဆက်သွယ်ရမည်ဆိုတာ လမ်းစပျောက်နေခဲ့သည်။ အဘွားက ကညာဖြူဆီက အဆက်အသွယ်မရကတည်းက စိတ်ထိခိုက်ပြီး အိပ်ရာထဲလဲခဲ့တာပါ။ ကညာဖြူကို ငယ်စဉ်တည်းက အရမ်းချစ်ခဲ့တာကြောင့် နိုင်ငံခြားကနေ ပြန်ခေါ်ပြီး သူနှင့်လက်ထပ်ပေးခဲ့တာ မဟုတ်ပါလား။

''မြေး''

''ဗျာ အဘွား''

''ကညာဖြူလေးရဲ့သတင်းရော ဘာမှမကြားဘူးလားကွယ်၊ သူ့ အဒေါ်တွေဆီမှာမရှိရင် သူ ဘယ်မှာများနေနေလဲ''

''အဲဒီ နိုင်ငံက တစ်နေရာရာမှာ ရှိချင်ရှိမှာပေါ့ အဘွား။ အစ တည်းက သူ့အဒေါ်တွေနဲ့က သိပ်မှအဆင်မပြေတာ''

''ဒါဆိုလည်း ဘာလို့ပြန်နေသေးလဲ၊ ဒီမှာ ကိုယ့်လင်သားနဲ့ ဒီ အဘွားနဲ့ အေးအေးချမ်းချမ်းနေပါတော့လား။ အဘွားသေရင် အဘွားပိုင်ဆိုင်သမျှလည်း အကုန်ရဦးမယ်၊ လုပ်ငန်းရှင်သူဌေးရဲ့ ဇနီးမယားဂုဏ်ဆိုတာလည်းရှိသေးတယ်၊ မြေးလေးတွေမွေးပေးနေရင် ဒီအဘွား ဘယ်လောက်တောင် စိတ်ချမ်းသာလိုက်မလဲ''





''သူ ပြန်လာမှာပါ အဘွား။ အဘွားက စိတ်မပူဘဲ ကျန်းမာရေး ကောင်းအောင်သာနေပါ''

''သွားတုန်းက တစ်လဆိုပြီး အခု သုံးလနီးပါးတောင်ရှိပြီမဟုတ်လား။ အဘွားဘယ်လိုလုပ် စိတ်ချမ်းသာမှာလဲ မြေးရယ်၊ ပြန်လာဖို့ ခေါ်ရအောင် အဆက်အသွယ်မရတာက ပိုဆိုးတယ်၊ မြဒါလီတို့က သူတို့ဆီမှာ မရှိဘူးလို့ တမင်လိမ်ညာပြောနေတာများ ဖြစ်နေမလား မြေး''

''မဖြစ်နိုင်ပါဘူး အဘွား။ သူတို့က ကညာဖြူကို ဖိုးပြီးတော့တောင် သူတို့ဆီမှာ ထားချင်မှာမဟုတ်ပါဘူး။ သူတို့သားသမီးတွေကလည်း အရွယ်ရောက်လာပြီဆိုတော့ အိမ်မှာမထားချင်လို့တောင် သားနဲ့လက်ထပ်ဖို့ကိစ္စကို အဘွားပြောရုံနဲ့ ကညာဖြူကို ဖွတ်တိုက်တွန်းခဲ့တာမဟုတ်လား''

''အဲဒါတော့လည်း ဟုတ်တယ်၊ မြဒါလီတို့သာ ဖွတ်အတင်းတိုက်တွန်းမှုမလုပ်ခဲ့ရင် ကညာဖြူက ဒီကိုပြန်လာပြီး မြေးကိုလက်ထပ်ဖို့ မသေချာလောက်ဘူး။ အေးကွယ် ဘာပဲဖြစ်ဖြစ်ပါ၊ ကညာဖြူလေးသတင်းကိုတော့ ရအောင်စုံစမ်းပေးပါ၊ သူသာ ပြန်မလာရင်တော့ အဘွား ဒီတောင်က ကျော်နိုင်မယ်မထင်ဘူး''

''အဘွား''

''မြေးကို အိမ်ထောင်ရက်သား ချပေးတာ မိသားစုဘဝလေးနဲ့ သိုက်သိုက်ဝန်းဝန်း ပြည့်ပြည့်စုံစုံလေး မြင်ချင်လို့ပါ၊ ဒါမှ အဘွားစိတ်ချနိုင်မှာ''

အဘွားရဲ့သံယောဇဉ်မေတ္တာတရားတွေကို သူ သိပါသည်၊ ဖေဖေ မေမေတို့မရှိတော့ အဘွားပဲ သူ့ကိုပြုစုစောင့်ရှောက်လာခဲ့ရသည်မဟုတ်လား။ သူ့ဘဝအတွက်လည်း အဘွားတစ်ယောက်သာ တွယ်တာစရာရှိပါသည်။ ကညာဖြူကိုလည်း ချစ်လို့လက်ထပ်ခဲ့ရတာမဟုတ်။ ငယ်စဉ်ကလေးဘဝက အိမ်ချင်းကပ်နေခဲ့ရတာကြောင့် သူငယ်ချင်းတော့ဖြစ်ခဲ့ကြဖူးသည်ထင်

www.burmeseclassic.com



သည်။

နောက်တော့ သူမ ခြောက်တန်းအရွယ်လောက်မှာ မိသားစုလိုက် နိုင်ငံခြားပြောင်းရွှေ့သွားခဲ့ကြပြီး လေးငါးခြောက်နှစ်အကြာမှာ သူမ မိဘတွေ လိုက်သော စက်ရုံပေါက်ကွဲမှုဖြစ်၍ မိဘနှစ်ပါးလုံးဆုံးပါးသွားခဲ့သည်ဆိုသော သတင်းကို ကြားခဲ့ရသည်။ ဒါကြောင့် သူမအဒေါ်မိသားစုအိမ်မှာ သူမနေခဲ့ ရခြင်းဖြစ်၏။ အဘွားက သူမတို့ပြောင်းရွှေ့သွားကတည်းက သံယောဇဉ် ပြတ်ခဲ့ပါ၏။ လူကြုံတိုင်း လက်ဆောင်ပစ္စည်းဖို့သလို အမြဲတမ်း တစ်ပတ် တစ်ခါ တစ်လတစ်ခါ ဖုန်းဖြင့်ဆက်သွယ်ခဲ့သည်။

ငွေရေးကြေးရေး လိုအပ်လျှင်တောင် ပို့ပေးခဲ့သည်များရှိ၏။ ဒါ ကြောင့်မို့ သူနှင့်လက်ထပ်ဖို့အခြေအနေမျိုး ဖြစ်လာခဲ့ခြင်းဖြစ်သည်။ အခု တော့ ဒီအကြောင်းအရင်းအခံကြောင့် အဘွားမှာ နှလုံးရောဂါစွဲကပ်လာရ လေ၏။

"အဘွား ဆရာဝန်ကြီးက ဘာမှာသွားသေးလဲ၊ ဒီဆေးတွေပဲ ဆက်သောက်နိုင်းတုန်းလား"

"စိတ်ကြောင့်ဖြစ်တဲ့ရောဂါဆိုတော့ ဆေးလည်းမတိုးတော့ဘူး ထင်တာပဲ၊ ကညာဖြူလေး ရောက်လာမှပဲ အဘွားရောဂါက သက်သာတော့ မှာ၊ အခုကတော့ အစားစားချင်စိတ်လည်းမရှိ ဆေးသောက်ချင်စိတ်လည်း မရှိ၊ တစ်ချိန်လုံး ကညာဖြူလေးအကြောင်းပဲ တွေးနေမိတယ်၊ သတင်းမရ တော့ရင်လည်း လူပျောက်ပဲတိုင်ရတော့မလားလို့"

"အဘွားရယ် ကညာဖြူက တစ်ခုခုကြောင့် ပြန်မလာသေးတာ ဖြစ်မှာပါ၊ တစ်နေ့တော့ ပြန်လာမှာပေါ့အဘွားရယ်၊ အဲဒီစိတ်နဲ့ အဘွား မစားမသောက်ဖြစ်နေရင် အဘွားပဲ ကျန်းမာရေးထိခိုက်မှာပေါ့၊ သားကို စိတ်မချတာဆိုရင် သား စိတ်မပူရအောင် အဘွားကျန်းမာရေးကောင်းဖို့ ကြိုးစားရမှာပေါ့ မဟုတ်ဘူးလား အဘွား"





"မြေးအတွက် စိတ်ပူသလို ကညာဖြူလည်း အဘွားမြေးဖြစ်နေ ပြီ စိတ်ပူရမှာပေါ့ကွယ်၊ သွက်သွက်လက်လက် ထက်ထက်မြက်မြက်လေးမို့ ကလေးလေးဘဝတည်းက မြေးနဲ့တန်းတူချစ်ခဲ့ရတာ၊ ကြီးလာရင် မြေးချွေးမ လေးတော်မယ်လို့လည်း အမြဲပြောခဲ့တယ်၊ အဲဒါကြောင့် မြေးလေးနဲ့ လက် ထပ်ဖြစ်အောင် လက်ထပ်ပေးစားခဲ့တာပေါ့ကွယ်"

"ဟင်း အဘွားရယ်"

အဘွားရဲ့သံယောဇဉ်ကြီးပုံကိုတော့ သူ အပြစ်မပြောချင်တော့ပေ။ ဒီအတိုင်းဆို ဒီစိတ်ဒဏ်ရောဂါဖြင့် အဘွား လုံးပါးပါးပေတော့မည်။ သူ့ဘဝ အတွက် တွယ်တာစရာတစ်ယောက်တည်းသော ကျေးဇူးရှင်အဘွား အသက်ရှင်ဖို့ အတွက် သူ ဘာလုပ်ရမလဲ။

ကညာဖြူကြောင့်တော့ သူ အဘွားကို မစွန့်လွှတ်နိုင်ပါ။

ဟူး ကညာဖြူ မင်းဘယ်ရောက်နေလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဘယ်ရောက်နေလို့ ဒီလောက်တောင် နောက်ကျနေတာလဲ သမီး၊ လက်ဖွက်ရည်ဆိုင်သွားဖို့ အချိန်နီးနေလို့ အမေတို့ စိတ်ပူနေတာ"

"ဒီမှာလေ"

ခင်မုန်းက လှည်းကို လက်နှင့်ပုတ် မျက်စုံးပင့်ကာပြလိုက်သည်။ ဒေါ်ထားခင်က လှည်းကိုကြည့်ကာ အံ့ဩသွားပြီး

"ဘယ်လိုဖြစ်တာလဲ၊ စုတ်ပြတ်နေတဲ့လှည်းက အသစ်လိုပြောင်ပြောင်လက်လက် ဖြစ်သွားပါလား၊ မှန်သေတ္တာကလည်း အသစ်လိုပါလား"

"အသစ်လိုမြင်ရင် အသစ်ဖြစ်သွားလို့ပေါ့ အမေ၊ အားလုံး အကုန်အသစ်လဲထားတာ"

"ဘာဖြစ်လို့လဲ၊ ဒီအတိုင်း ရောင်းဝယ်စားနေလည်း ရရဲ့သားနဲ့ ဘယ်ကပိုက်ဆံနဲ့ အသစ်လဲလိုက်တာလဲ၊ ဒီလ အမေတို့သုံးဖို့"

"စိတ်မပူပါနဲ့ အမေရယ်၊ ကားတစ်စီးနဲ့ ပွတ်တိုက်မိသွားလို့ လျော်ကြေးရတာနဲ့ ပြင်လိုက်တာပါ၊ အကုန်လုံး အသစ်ပြင်ပြီးလဲလိုက်တာတောင် နှစ်ထောင်းလောက်မြတ်လိုက်သေးတယ်"





"ဟင် ဟုတ်လား သမီး၊ သမီးရော ထိခိုက်မိသေးလား၊ ဘာဖြစ်သွားသေးလဲ"

ဒါကျတော့ဒေါ်ထားခင်တို့ ပျာပျာသလဲ စိုးရိမ်ရှာသည်။ ဒီသမီး တစ်ယောက်လုပ်ကိုင်ကျွေးနေတာပဲ စားနေရတာမဟုတ်ပါလား။ မိမိတို့ ထင်မယားနှစ်ယောက်အပေါ် ကျေးဇူးသိတတ်စွာ ပေးဆပ်နေသော သမီးလေးကိုတော့ ဘယ်လိုဒုက္ခမျိုးမှ မရောက်စေချင်ပါ။

ခင်မုန်းက ပြုံးပြုံးရွှင်ရွှင်နှင့်ပင်

"သမီး ဘာမှမဖြစ်ပါဘူး အမေရယ်၊ ဆိုင်မှာ ဒါတွေအသစ်လုပ်နေရတာနဲ့ နောက်ကျနေတာပါ၊ ဒါနဲ့ အဖေရောနေကောင်းရဲ့လား အမေ"

"ကောင်းပါတော်၊ သမီးအဖေက စိတ်ချမ်းသာသာနေရတဲ့အတွက် ရောဂါသည်လို့တောင် မထင်ရပါဘူး၊ အဲဒါ အမြဲတမ်း သမီးကိုကျေးဇူးတင်နေတာ"

"မိသားစုကို ကျေးဇူးတင်စရာလား အမေရယ်၊ အမေတို့လည်း သမီးအပေါ်မိဘဝတ္တရားကျေနိုင်သလောက် ကျေခဲ့ကြတာပဲ၊ သမီးက အခုလို ပြန်ပြီးပေးဆပ်ခွင့်ရတာ ကျေနပ်နေတာပါ၊ အမေနဲ့အဖေ မသေမချင်း သမီး ဘယ်တော့မှမငြီးငြင်ဘူး"

"ဒီလို သိတတ်တဲ့သမီးလေး ကြီးပွားချမ်းသာဦးမှာ၊ လူချမ်းသာ သူဌေးကြီးနဲ့ကို ညားဦးမှာ"

"ဟင် အမေ့ဆုတောင်းကြီးကလည်း သမီးကိုယောက်ျားပေးစားနေသလိုပဲ၊ ယောက်ျားရသွားရင် အမေတို့ကို ဒီလိုလုပ်ကိုင်ကျွေးလို့ မရတော့ ဘယ်လိုလုပ်မလဲ အမေရဲ့၊ အဲဒါကြောင့် သမီးကတော့ ရည်းစားကိုမထားတာ"

"ဟုတ်ပါပြီတော်၊ အမေ့သမီးလိမ္မာလေးရယ်၊ ကဲ လာ သမီးအဖေသည်း သမီးပြန်မလာသေးလို့ မျှော်နေတာ"

www.burmeseclassic.com



သားအမိနှစ်ယောက် အိမ်ပေါ်တက်လာကြတော့ ဦးဇော်ဝင်းက ဆက်တီခုံပေါ်ကနေ ပြုံးပြုံးကြီးကြည့်နေ၏။ ဦးဇော်ဝင်းက ဆီးချိုသွေးတိုး နှလုံးရောဂါရှိနေသည့်သူနှင့်မတူပါ။

အမြဲတမ်း ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက်နှင့် ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်သာနေသည်။ ဒီလိုနေနိုင်ဖို့အတွက် စားဝတ်နေရေး၊ ကျန်းမာရေးအတွက် ဆေးဖိုးဝါးခကအစ ခင်မုန်းက တာဝန်ယူထားသည်ပဲမဟုတ်လား။

"သမီးတို့သားအမိပြောနေတာတွေ အဖေကြားပါတယ်၊ ပစ္စည်းပဲ ထိခိုက်လို့ တော်သေးတာပေါ့၊ လူမထိခိုက်ရင် တော်ပြီ၊ သမီးလေးတစ်ခုခု ဖြစ်ရင် အဖေတို့ကို ဘယ်သူလုပ်ကျွေးမှာလဲ၊ ဒါပေမဲ့ အဖေက စဉ်းစားပြီး သားပါ၊ သမီးလေးသာတစ်ခုခုဖြစ်ခဲ့ရင် အဖေ့မှာ ကျန်နေသေးတဲ့ခွန်အားနဲ့ ပြန်ပြီးတာဝန်ယူမှာပေါ့၊ မသေသေးသရွေ့ကတော့ အဖေ တာဝန်ယူနိုင်ပါသေးတယ်"

"မလုပ်ပါနဲ့ အဖေရယ်၊ သမီးလည်း ဘာမှမဖြစ်ပါဘူး။ အဖေကတော့ ကိုယ့်ရောဂါကိုယ် သက်သာအောင်ပဲနေပါ၊ အဖေ့ရောဂါက စိတ်ချမ်းသာမှ ကိုယ်ကျန်းမာမှာ၊ သမီးနဲ့ သက်တမ်းကြာကြာနေပေးရင်ပဲ သမီး ပေးဆပ်ရကျိုးနပ်ပါပြီ"

"သမီးလေးသိတတ်လိမ္မာလို့ အဖေ ဒီလောက်ထိ သက်ရှည်ကျန်းမာတာပါကွယ်၊ ကျေးဇူးလည်းတင်တယ်၊ ကျေလည်းကျေနပ်တယ် သမီး မိဘတိုင်း သားသမီးကောင်းမရနိုင်ဘူး။ သားသမီးတိုင်းလည်း မိဘကောင်း မရနိုင်ဘူး။ အဖေတို့အတွက်ကတော့ သမီးတစ်ယောက်တည်း မွေးပြီးသမီး ကောင်းတာကယ်ရလိုက်တာပါ"

"သမီးအတွက်လည်း အဖေနဲ့အမေက မိဘကောင်းတွေပါပဲ၊ အခု ချိန်မှာသာ အဖေက ရောဂါတွေကြောင့် ဘာအလုပ်မှမလုပ်တော့တာ





အခါကလည်း သမီးက မလုပ်ခိုင်းလို့ဟုတ်တယ် မဟုတ်လား။ အရင်က နေပူမရှောင် မိုးရွာမရှောင်၊ ဆိုက်ကားနင်း ကူလီထမ်းပြီး သမီးကိုပြုစုစောင့်ရှောက်ခဲ့တယ်၊ ပညာသင်ပေးခဲ့တယ်၊ အမေကလည်း သူများအိမ်တွေမှာ အဝတ်လျှော် မီးပူတိုက် အမှိုက်အိတ်သွန်ပေး၊ ဈေးရောင်းတဲ့အချိန်ရောင်း သိုက်နဲ့ ကြီးလေးတဲ့ကုန်ဈေးနှုန်းကြီးကို ထမ်းပိုးပြီး သမီးအတွက် ဘယ်လောက်တောင် ပင်ပန်းခဲ့ကြလဲ"

"ဒါတွေက သမီးက သိတတ်လိမ္မာလို့ တွေးနေတာပါကွယ်၊ တချို့ သားသမီးတွေဆိုရင် ဆင်းရဲချို့တဲ့တဲ့ မိဘဝမ်းထဲ ဝင်ရပါ့မလားဆိုပြီး မိဘတွေကိုအပြစ်တင်တတ်ကြတာ၊ မိဘတွေက ဘွဲ့ရအောင် ပညာတတ်ကြီးဖြစ်အောင် ပြည့်စုံအောင်မထားနိုင်လို့ စော်ကားပြစ်တင်စုံကန်သွားတတ်ကြတာလည်း အများကြီး။ ဆင်းရဲတာ ချမ်းသာတာတွေဟာ ကံတရားတွေနဲ့ ဘာတတ်နိုင်မှာလဲ သမီး။ အဖေတို့ကတော့ သမီးလိမ္မာလေးရတာ ကံကောင်းတယ်လို့ အောက်မေ့ပါတယ် သမီးရယ်"

ခေါင်းလေးကို ပွတ်သပ်ကာ ပြောသော အဖေ့ရင်ခွင်မှာ သူမ ငြိမ်နေလိုက်သည်။ ဒီအဖေ ဒီအမေရဲ့မေတ္တာကို နားလည်လို့ သူမ ဆယ်တန်းကို ဆက်မတက်တော့ဘဲ ကျောင်းထွက်လိုက်ကာ၊ ရရာအလုပ်လုပ်ပြီး ကျေးဇူးပြန်ဆပ်နေတာပင်။ သားသမီးတွေကို မပြည့်စုံလို့ ရုန်းကန်နေရသည့် မိဘတွေအတွက် ပညာသင်ပေးရတာ နည်းတဲ့စိတ်ပင်ပန်းမှုမှမဟုတ်တာ။ တစ်တန်းပြီးတစ်တန်း တစ်နှစ်ပြီးတစ်နှစ် ကျောင်းစရိတ် မုန့်ဖိုး ကျူရှင်ဖိုး စာအုပ်ဖိုး အဝတ်အစားဖိုး လိုအပ်လို့ကောက်ခံသည့်ငွေကြေး။

အတန်းကြီးလာလေ ကုန်ကျစရိတ်ကြီးမားလေ။ စားဝတ်နေရေးအတွက်ကျတော့လည်း ဘယ်လိုမှ လိုက်မမီနိုင်သည့် ကုန်ဈေးနှုန်း။ လက်လုပ်လက်စား တစ်နေ့လုပ်မှတစ်နေ့စားရသည့် ဆင်းရဲသားလူတန်းစားအတွက် နိမ့်ကျသထက် နိမ့်ကျ၊ ဆင်းရဲသထက် ဆင်းရဲ၊ ချို့တဲ့သထက်ချို့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရောဂါရတော့လည်း သားသမီးကို ငဲ့ညှာနေရစတာနှင့် ဆေးမကုနိုင်။ မိဘတွေကိုဆုံးရှုံးလိုက်ရပြီဆိုလျှင် သားသမီးတွေဘဝက အလေအလွင့်ဖြစ်။ ဒါမျိုးတွေ အဖြစ်မခံနိုင်လို့ သူမကျောင်းထွက်လိုက်တာ။ ကိုယ်ကလူငယ်မို့ ခွန်အားရှိသေးသည်မဟုတ်လား။ လောကဓံကို အံတုရုန်းကန်ပြီးရလာသည့် ရောဂါဝေဒနာတွေက အနားမယူလျှင် အဖေ့ကိုစွန့်လွှတ်လိုက်ရဖို့ နီးကပ်နေပြီ။

အမေကိုလည်း သူမျှားအိမ်မှာ အဝတ်လျှော် ထမင်းချက် ဒါမျိုးတွေ မလုပ်စေချင်တော့၍ မိဘနှစ်ပါးလုံးကို အိမ်မှာပဲနေစေခဲ့သည်။ စိတ်ချမ်းသာသလိုနေပြီး ပျော်ရွှင်စေတာပဲလုပ်ခိုင်းခဲ့၏။ အလှူပွဲသွားသွား နတ်ကသည့် ပွဲသွားသွား၊ ဘုရားသွားကျောင်းတက်လုပ်ချင်ရာလုပ်၊ ဗေဒင်မေးတာ ယတြာ ချေတာ၊ ဘိုးတော်ပွဲတက်တာ၊ ရုပ်ရှင်ကြည့် ရုပ်ပွဲကြည့် ကြိုက်တာလုပ်၊ ကျန်းမာရေးကောင်းပြီး စိတ်ချမ်းသာမည်ဆိုလျှင် ကြိုက်တာသာလုပ်၊ သူမ ငွေရှာပေးမည်လို့ လွှတ်ထားလိုက်သည်။

ဒါကြောင့်လည်း အဖေ့ကျန်းမာရေးက ဆိုးဆိုးဝါးဝါး မဖြစ်တော့တာပါ။ သူမအတွက်ကတော့ ဒီကျေးဇူးတွေ ဆပ်ရင်းနေပဲ။

■ ■ ■



## အခန်း (၄)

“အဘွား ဒီဆေးလေးသောက်လိုက်ပါဦး။ အစားကလည်း မစား [illegible]တော့ ဆေးရောသောက်လို့ရရဲ့လား မသိဘူး။ အဘွား ဘာစားချင်လဲဟင်၊ [illegible]တာလုပ်ပေးရမလဲ”

“စားချင်စိတ်လည်းမရှိပါဘူး မြေးရယ်၊ မထွေးက ကြက်စွပ်ပြုတ် [illegible]တိုက်တာလည်း နေ့တိုင်းဖြစ်နေတော့ လူမမာစော်နံပြီး သောက်ချင်စိတ် [illegible]မရှိပါဘူး။ ထမင်းကိုလည်း ဘာဟင်းနဲ့မှ အာသီသမရှိဘူး။ မုန့်ဟင်းခါး [illegible]တော့ စားချင်ချင်ဖြစ်သား။ ညဘက်ဆိုတော့ ဘယ်ဆိုင်ကရောင်းမှန်း [illegible]သိ”

“အဘွားစားချင်ရင်တော့ သားလိုက်ရှာပြီး ဝယ်ပေးပါမယ်၊ ရပ် [illegible]တွေမှာဆိုရင် ညလုံးပေါက်ရောင်းတဲ့လက်ဖက်ရည်ဆိုင်တွေက မုန့်ဟင်း [illegible]င်းတတ်တယ် အဘွားရဲ့၊ ပြီးတော့ မြို့ထဲဘက်တွေမှာလည်း ဒီအချိန် [illegible]ရောင်းတတ်ပါတယ်”

“အင်း မြို့ထဲဘက်က ဆိုင်တွေကတော့ အဘွားအရသာသိပ် [illegible]ဘူးကွယ်၊ လက်ဖက်ရည်ဆိုင်တွေက မုန့်ဟင်းခါးလေးဝယ်ကြည့်ပါ



www.burmeseclassic.com

www.burmeseclassic.com



လား။ ဘူးသီးကြော်ပဲကြော် အိုးဘဲဥလေးနဲ့ နံနံပင် ရေတ်သီးမှုန့်လေးပါထည့်ခဲ့ အဘွားတို့ငယ်ငယ်ကတော့ အဲဒီလိုစားလိုက်ရရင် အရမ်းကို အရသာရှိတာ။ ထမင်းသုပ် လက်ဖက်သုပ်၊ မြင်းခွာရွက်သုပ်တို့ကို သူငယ်ချင်းတွေနဲ့များ တစ်စုတစ်ဝေးသွားထိုင်စားရရင် အရမ်းပျော်စရာကောင်းတာပေါ့''

အသက်အရွယ် ကြီးရင့်လာသော အဘွားက အတိတ်ကိုပြန်သတိ ရနေတာကြောင့် သူငယ်ပြန်ချင်နေပြီလားတောင် မသိပေ။ ဒီလို အသက် အရွယ်မျိုးဆိုတာက စကားများများ ငယ်ကြောင်းနှောင်းဖြစ်များပြောပြီး နေ ချင်ကြတာ။ အခုတော့ အဘွားနားမှာ သူတစ်ယောက်ကလွဲပြီး သားသမီး မြေးမြစ်မိသားစုဆိုတာ မရှိ။

အိမ်အကူလုပ်သော မထွေးကလည်း သူ့အလုပ်နှင့်သူ တစ်နေ ကုန် ရှုပ်နေတာ။ အဘွားနားမှာ ဆေးတိုက်ချိန် အစာကျွေးချိန်ကလွဲပြီး မရှိပါ။ သူကလည်း နိုင်ငံခြားသားနှင့်ဖက်စပ်ရှယ်ယာလုပ်ထားသော အထည် ချုပ်စက်ရုံကိစ္စတွေနှင့် မအားလပ်တာမို့ အဘွားနှင့်အတူတူ နေရဖို့အချိန်က နည်းသည်။

ဒါကြောင့်လည်း အဘွားအနားမှာ မြေးချွေးမဖြစ်ဖြစ် မိသားစုဝင် တစ်ယောက်ရှိစေချင်တာမို့ အဘွားဆန္ဒအတိုင်း ကညာဖြူကို လက်ထပ်ဖြစ် ခဲ့တာပင်။ ဒါပေမဲ့ အချစ်မပါသောအိမ်ထောင်ရေးမို့လား မသိ။

အဘွားရှေ့မှာ အဆင်ပြေချင်ယောင်ဆောင်နေခဲ့ရပေမယ့် လင် မယားဆက်ဆံရေးမျိုးဖြင့် နွေးထွေးမှုမရှိခဲ့တာတော့ အမှန်ပင်။ အစတည်းက မာနကြီးပြီး မထီမဲ့မြင်နေတတ်သော ကညာဖြူက သူ့အတွက် သူစိမ်းသက် သက်တစ်ယောက်ထက် မပိုခဲ့ပါ။ ကညာဖြူအနေနှင့်လည်း နွေးထွေးမှုမရှိ အောက်ကျို့မှုမရှိသော သူ့ဆက်ဆံရေးများကြောင့် ပျင်းရိငြီးငွေ့ စိတ်ပျက် စိတ်ကုန်ကာ ထွက်သွားခဲ့တာမျိုးလည်း ဖြစ်နိုင်သည်။

ဘယ်တော့မှ ပြန်မလာတော့ဖို့ ဆုံးဖြတ်ချက်ချ ထွက်သွားတာ





မျိုးလည်း ဖြစ်နိုင်၏။ ထိုသို့ဆိုလျှင်တော့ အဘွားကျန်းမာရေးက ပြန်ကောင်း လာစရာအကြောင်းမရှိတော့ပေ။

“အဘွား သား သွားလိုက်တော့မယ်၊ အပြန်မုန့်ဟင်းခါးစားပြီးမှပဲ အဘွားဆေးသောက်လိုက်တော့ပေါ့ နော် အဘွား''

“အေးပါ မြေးရယ်၊ အရသာရှိတဲ့မုန့်ဟင်းခါးပဲ ဝယ်ရပါစေဦး၊ မ ဟုတ်ရင်တော့ အဘွား ဘာမှလည်း မစားချင်ဘူး၊ ဆေးလည်းမသောက် ချင်ဘူး''

အဘွားရဲ့စိတ်က ကလေးတစ်ယောက်လိုပင်ဖြစ်နေခဲ့သည်၊ လိုချင် တာမရလို့ ဆန္ဒပြနေသလိုပါ။ သူကားကို မောင်းထွက်လာခဲ့ရင်း လမ်းဘေး ဝဲယာက စားသောက်ဆိုင်တွေကို မျက်လုံးရှင်ရှင်နှင့် ကြည့်နေမိသည်။ အခုခေတ်မှာ ဆိုင်ကြီးကနားကြီးတွေက အရက်ဘီယာရောင်းသည့်ဆိုင်တွေပဲ ရှိတော့တာမဟုတ်။ လက်ဖက်ရည်ကော်ဖီမုန့်မျိုးစုံ အစားအသောက်အစုံ ရသော ဆိုင်တွေကလည်း ရပ်ကွက်တိုင်းလိုလို နေရာတိုင်းလိုလိုမှာ အမြိုင် အဆိုင်တွေဖြစ်လာကြသည်။

“ဟင်''

တော်တော်ကျယ်ဝန်းသော ဆိုင်ကြီးထဲမှာ လူပြည့်လုနီးပါး စား သောက်နေကြသည်။ အိုးကြီးအိုးငယ်တွေလည်း မြင်ရ၏။ လက်ဖက်ရည် ကော်ဖီရောင်းသည့်ဆိုင်မို့ ဒံပေါက်အိုးတွေတော့ မဖြစ်နိုင်။

မေးကြည့်မှ သိရမည်မို့ ကားကိုဆိုင်ဘေးမှာ ထိုးရပ်လိုက်သည်။ ကားပေါ်ကဆင်းပြီး တွေ့သည့်စားပွဲထိုးလေးကို

“ညီလေး ဒီဆိုင်က မုန့်ဟင်းခါးရောင်းလားကွ''

“ရောင်းပါတယ် အစ်ကို၊ ဒီဆိုင်ကမုန့်ဟင်းခါးဟင်းရည်ကောင်းလို့ ညဘက်ဆို လူပြည့်တယ်ဗျ၊ သီရိမင်္ဂလာဈေးကို ကုန်ကြိုသွားတဲ့သူ ပြန်တဲ့ သူတွေနဲ့ တစ်ညလုံး လူမပြတ်ဘူး၊ ဈေးနဲ့ကား မှတ်တိုင်နဲ့နီးတာကိုး အစ်ကိုရ''



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ မင်းရှင်းပြတာ မင်းဆိုင်ကြော်ငြာနေတာ မဟုတ်လား မုန့်ဟင်းခါးက ဘယ်လိုဝယ်ရမှာလဲ၊ တစ်ပွဲဘယ်လောက်လဲ"

"အဲဒါ ဟိုဘက်မှာ ရောင်းတဲ့သူရှိပါတယ်၊ သူက ဟင်းရည်လည်း သူပဲချက်တာ"

"သူက ဆိုင်ရှင်လား"

"အငှားပါ၊ ကျွန်တော့်တို့မုန့်ဆရာ ဖျော်ဆရာ ကြော်ဆရာ ငှား ထားသလိုမျိုးပေါ့၊ သူက မုန့်ဟင်းခါး တာဝန်ယူရတာ၊ ဒီဆိုင့်မှာ တရုတ် အစားအစာ မြန်မာအစားအစာလည်းရတယ်နော်"

"အေးပါကွာ နောက်တော့ ဝယ်မှာပေါ့၊ အခုတော့ ငါအဘွားက မုန့်ဟင်းခါးစားချင်တယ်ဆိုလို့ လာဝယ်တာကွ"

"ဟုတ်ကဲ့ ဟိုဘက်ကိုကြွပါ အစ်ကို"

အိုးကြီးတွေဘက် လမ်းညွှန်တာမို့ လာခဲ့ရသည်။ ဆိုင်ထဲမှာ မုန့်ဟင်းခါး လာစားကြသည့်လူတွေက များ၏။ ကောင်လေးပြောသလို မုန့်ဟင်းခါးဟင်းရည် လက်ရာကောင်းလို့ဖြစ်မည်။

"မုန့်ဟင်းခါးတစ်ပွဲ အိုးဘဲဥ ပဲကြော်နဲ့ တစ်ပွဲပေးပါ"

"ရပါတယ် နံနံပင် ငရုတ်သီးထည့်ဦးမလား"

"နည်းနည်းဆီထည့်ပေးပါ၊ ဘယ်လောက်လဲ"

"ခြောက်ရာပါ၊ ဟင် ရှင်"

"ဟင် မင်းလှည်းနဲ့"

ဟင်းရည်နှင့်မုန့်ထုပ်ယူလိုက်မှ လှည်းနှင့်ကား ပြဿနာတက်ခဲ့ သောမိန်းကလေးမှန်း သတိထားမိလိုက်သည်။ သူမလည်း သူ့ကိုတန်း မှတ်မိပုံရ၏။

"ရှင့်လို သူဌေးက မုန့်ဟင်းခါးထွက်ဝယ်တာလည်း ဖြစ်တာ လား"





"မင်းကရော တွန်းလှည်းနဲ့ သစ်သီးရောင်းပြီး ညဘက်မုန့်ဟင်းခါး ရောင်းတဲ့ဆိုင်မှာလုပ်တာပဲလား"

"ဘဝသမားတွေလေ၊ ဘဝအတွက် ရုန်းကန်နေရတာပေါ့၊ ငွေရ မယ့်အလုပ်ဆို ဘာမဆိုလုပ်ရမှာပဲ၊ သမ္မာအာဇီဝကျရင်ပေါ့"

"လေးစားပါတယ်"

"ဘာကိုလဲ"

"ခြော် မင်းရုပ်ရည်လေးနဲ့ သမ္မာအာဇီဝကျတဲ့အလုပ်မျိုး ရွေး လုပ်လို့ပါ"

"ခြော် ရှင်ပြောတာကလည်း ရုပ်လှတဲ့သူက မရိုးမသား လုပ်ရ မလိုပဲ၊ ကဲပါ မုန့်ဟင်းခါးရပြီ ပိုက်ဆံပေးတော့"

"ဟုတ်ကဲ့ ခြောက်ရာနော်၊ ဒီမှာ တစ်ထောင်တန်"

"ကိုတူးရေ လေးရာအမ်းဖို့ ယူခဲ့ပါဖော့"

သူမ အော်လိုက်တာက ကျယ်ကျယ်လောင်လောင်။ နားထဲမှာ တောင် စူးသွားသည်။ ဆိုင်ထဲမှာလည်း ဟိုဟိုဒီဒီ အော်ဟစ်နေကြတာ ဆူညံလို့ပါ။

အမ်းငွေလေးရာ လက်ထဲမှာရောက်သော်လည်း သူ့ခြေလှမ်းတွေ မရွှေ့ဖြစ်သေး။

"မင်းလှည်းကိစ္စ အဆင်ပြေသွားလား"

"အဆင်ပြေတယ်၊ သိပ်အကောင်းကြီးမပြင်ဘဲ သစ်သီးဝယ်ရင်း တာနဲ့ဆိုရင် နှစ်သောင်းတောင်ပိုသေးတယ်၊ ရှင့်ကိုမတွေ့တော့လို့တော့ မဟုတ်ပါဘူး။ တွေ့လည်း ပိုတဲ့ငွေနှစ်သောင်း ပြန်မပေးတော့ဘူးလို့ ဆုံးဖြတ် ထားတယ်၊ အဲဒီငွေနှစ်သောင်းကိုအဖေနဲ့အမေကို ပေးလိုက်တယ်၊ ရှိုးပွဲကြည့် ဖို့"

"ဘာ ရှိုးပွဲ မင်းအဖေနဲ့အမေကိုလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဖေ့မှာရောဂါရှိနေတော့ ခင်မုန်းက ငွေရှာပေးပြီး ပျော်အောင်ထားတာ၊ ရောဂါကြောင့် စိတ်ဖိစီးမှုများရင် အသက်တိုမယ်လေ၊ ဆင်းရဲသားတွေက ဆေးမကုနိုင်တာနဲ့ သက်တမ်းစေ့နေရတာမဟုတ်ဘူး၊ နေရတဲ့ဘဝလေးမှာ ပျော်ပျော်နေသွားနိုင်ရင် ကောင်းတာပေါ့"

"ဩော်"

စိတ်ဓာတ်လေးက မဆိုးဘူးဟု မှတ်ချက်ပြုမိ၏။ ဘဝကြမ်းပေမယ့် ကြင်နာတတ်မည့်ပုံစံမျိုးပင်၊ ကညာဖြူနှင့် ရုပ်ချင်းဆင်သော်လည်း စိတ်ချင်း မတူတာတော့ ခဏလေးနှင့်ပင် ခွဲခြားလို့ရနေသည်။

"ကိုယ့်ကို ခွင့်ပြုပါဦး၊ အဘွားက မင်းလက်ရာကြိုက်တယ်ဆိုရင် နေ့တိုင်းလာဝယ်ဖြစ်မယ်ထင်တယ်"

"အားပေးပါရှင်၊ ကျွန်မတို့ဆိုင်က အစားအသောက်တွေအားလုံး ကောင်းပါတယ်"

ဒီဆိုင်က ဝန်ထမ်းတွေ ဆိုင်ရှင်အပေါ် သစ္စာရှိကြသည်ထင်သည်။ ကြော်ငြာအား တော်တော်ကောင်းကြ၏။ ခင်မုန်းလို့ နာမ်စားလေးထည့် ပြောတတ်သော ကောင်မလေးကိုလည်း စိတ်ထဲမှာ လေးစားနေမိသည်။ မိဘတွေအတွက် အလုပ်လုပ်ရှာနေရတာ ငြိုငြင်ပင်ပန်းပုံမရ။

"အဘွား"

"ဩော် မြေးလေး မုန့်ဟင်းခါးရခဲ့လား"

"ရခဲ့တယ် အဘွား၊ သားတို့ရုပ်ကွက်နဲ့တော့ အလှမ်းဝေးတယ်၊ အဘွားသားကြည့်လေ၊ ကြိုက်ရင် နောက်နေ့လည်း ဝယ်ကျွေးမှာပေါ့"

"အေးအေး မထွေးက မီးပူတိုက်နေတယ်ထင်တယ်၊ မြေးပဲ ထည့် လာခဲ့ပါကွယ်"

"ဟုတ်ကဲ့ အဘွား"

အဘွားအတွက် သူပဲ မုန့်ပွဲပြင်ပေးလိုက်သည်။ ဟင်းရည်နံ့လေး





ကတော့ မွှေးလို့ပါ။ အဘွားစားကြည့်ရင်တော့ ဘယ်လိုနေမည်မသိ။

"ရပြီ အဘွား"

"အေး အေး စားကြည့်ရအောင်၊ အင်းကောင်းသား ကောင်းသား မြေးရဲ့၊ ဒါ ဘယ်ဆိုင်က ဝယ်လာတာလဲ၊ အဘွားစားချင်နေတဲ့လက်ရာကွဲ့၊ ငှက်ပျောအူနဲ့ ကြက်သွန်ဥကလည်း နူးနူးနပ်နပ်ပဲ"

"အဲဒီဆိုင်မှာစားတဲ့သူများတယ် အဘွားရဲ့၊ လက်ရာကောင်းလို့ ဖြစ်မှာ"

"ဒါပေါ့ အစားအသောက်ရောင်းတာ စေတနာလည်းပါမှဖြစ်မှာ၊ ဆိုင်ဝိတ်နဲ့ ရောင်းရပြီးရော ရောင်းလို့ကတော့ မကြာခင် အဲဒီဆိုင်မျိုး နာမည်ကျမှာပဲ၊ ဝန်ထမ်းကောင်းမှ ဆိုင်ရှင်တွေချမ်းသာမှာ"

"အဲဒီဆိုင်က ဝန်ထမ်းတွေလည်း တော်ကြပါတယ် အဘွား၊ ဆိုင်ရှင်အပေါ်ကျေးဇူးသိတတ်ကြတယ်၊ အစားအသောက်ကောင်းကြောင်း ကြော်ငြာလိုက်ကြတာ"

"အဲဒီလို ကလေးတွေ ကြီးပွားဦးမှာပေါ့ကွယ်၊ အမယ်လေး ခံတွင်း တွေ့လိုက်တာ၊ ဒီလိုအရသာရှိတာလေး စားရရင်တော့ သေသေးမှာမဟုတ် ဘူး၊ အဘွားငယ်ငယ်ကလည်း ဒီလိုမုန့်ဟင်းခါးချက်တာတို့ အသုပ်အမျိုး အရမ်းဝါသနာပါတာ၊ ဟင်းချက်နည်း မုန့်လုပ်နည်းသင်တန်းတောင် တက် ခဲ့သေးတာလေ၊ ကညာဖြူလေးကိုလည်း အဘွားက သင်ပေးချင်တာ၊ အိမ်မှာ မြေးအဘွားနှစ်ယောက် စကားလေးပြောလိုက်၊ မုန့်တွေလုပ်စားလိုက်၊ ကလေးတွေထိန်းလိုက်နဲ့ ဘယ်လောက်တောင်ပျော်စရာကောင်းလိုက်မလဲ၊ ဒါပေမဲ့ သူက ဝါသနာမပါဘူးအဘွားတဲ့"

"ဟင်"

အဘွားက ဒီလိုပြောပြီး ကညာဖြူ ဒီလိုပြန်ပြောခဲ့တာ သူမသိ ပေ။ အဘွားနှင့်ကညာဖြူ အဆင်ပြေပြေပဲထင်တာ။ အရယ်အပြုံးနည်းသော



www.burmeseclassic.com

www.burmeseclassic.com



ကညာဖြူက သူ့အပေါ်သာ တင်းတင်းထန်ထန် ဆက်ဆံပေမယ့် သူမကို အလိုလိုက်ချစ်ခင်မြတ်နိုးပြီး အမွေတွေတောင်ပေးဖို့စဉ်းစားထားသော အဘွား အပေါ် တကယ်စိတ်ရင်းအမှန်ဖြင့် ဆက်ဆံပေးသင့်သည်။ အဘွားက မုန့် ဟင်းခါးကို မြိန်ရေယှက်ရေ စားနေရင်းမှ

"ဒီလိုကိစ္စဆိုတာ တဖြည်းဖြည်းသင်ယူရင်ရပါတယ်၊ မိသားစုဘဝ လေးနဲ့ အေးအေးချမ်းချမ်းနေရမှာကွယ်၊ ကညာဖြူလေးအကြောင်း စုံတော့ စုံစမ်းပါဦး မြေးရယ်၊ ပြန်လာအောင်ခေါ်ပါ၊ အဘွားလည်း လူ့လောကမှာ နေရလှ ဘယ်လောက်ရှိမှာမို့လဲ၊ သားသမီး မြေးမြစ်လေးတွေနဲ့ နေသွားချင် သေးတယ်"

"အဘွားရယ် ပြန်လာမှာပါ၊ အဲဒီလောက်တွေးပူမနေပါနဲ့"

"ဘယ်တော့လဲ ဘယ်အချိန်လဲ၊ ဒီကြားထဲ အဘွားသေသွားရင် ဘယ်လိုလုပ်မလဲ၊ ကညာဖြူက အဘွားတို့ကို အပြီးအပိုင်ထားသွားတာ ဆိုရင်"

"အဲဒီလို မဖြစ်လောက်ပါဘူး အဘွားရယ်၊ သူက ဟိုနိုင်ငံမှာ ငယ်လေးတည်းက နေနေကျလေ၊ ရောက်တုန်းမို့ နေနေတာဖြစ်မှာပါ၊ မြန် မြန်ပြန်မလာချင်သေးတော့ ဒီကို အဆက်အသွယ်လုပ်လိုက်ရင် ပြန်ခေါ်မှာ စိုးလို့နေမှာပေါ့၊ အခုခု မုန့်ဟင်းခါးစားကောင်းဆို အဘွား။ နောက်နေ့လည်း အဘွားစားချင်ရင် သား ဝယ်ပေးမယ်နော်အဘွား၊ အခု ဆေးသောက်လိုက် ရအောင်"

"ဆေးတောင်မသောက်ချင်တော့ပါဘူး မြေးရယ်၊ ကညာဖြူလေး အကြောင်းစဉ်းစားရင် ရင်ထဲမှာမကောင်းဘူး"

"ကဲ အဘွားရယ်၊ အဲဒါနဲ့ပဲ ရောဂါက ပိုဆိုးလာတော့မယ်။ နှလုံးရောဂါဆိုတာ စိတ်ဆင်းရဲစရာတွေ တွေးမနေရဘူး။ စိတ်ကိုအတတ်နိုင် ဆုံးလျှော့ပါ အဘွားရယ်နော်၊ သားကိုချစ်ရင် ဆေးသောက်နော် အဘွား"





သူ ချော့မော့လိုက်မှ အဘွားကပါးစပ်ကို မဟာချင်ဟာချင် ဟာပေး သည်။ အဘွား တဖြည်းဖြည်း ပိန်လှီလာတာ သူ စိတ်မချမ်းသာပါ။ ကညာဖြူကို တသသဖြစ်နေတာအတွက်လည်း စိတ်ဆင်းရဲရသည်။

ကညာဖြူ ဘာကြောင့်ထွက်သွားရတာလဲ သူမသိပေ။ အ ကြောင်းအရင်းကိုသိချင်စိတ်မရှိလို့ မစုံစမ်းခဲ့တာဆိုလည်းမှန်သည်။ ကညာ ဖြူအကြောင်းကို စိတ်ကိုမဝင်စားလို့ပါ။

တစ်သက်လုံး ပြန်မလာလည်း သူ့အတွက်အရေးမကြီးပေမယ့် အဘွားကတော့ အသေဖြောင့်မည့်ပုံမပေါ်ပေ။ အဘွားအတွက် သူ ဘာလုပ် ပေးရမလဲ။ ခင်မုန်း ခင်မုန်းဆိုရင်ရော။

ခင်မုန်းက ကညာဖြူဖြစ်နိုင်ပါ့မလား။ ရုပ်ချင်းဆင်ပေမယ့် အကျင့် ဗီဇစရိုက်အဆင့်အတန်း အရာအားလုံးက တခြားစီ။

ဟင်း ခက်လိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

''ဟင်''

စ်က်ရုံမုန့်စားလွှတ်ချိန်မှာ အပေါ်ဆုံးထပ် ရုံးခန်းပေါ်ကနေ လှမ်းကြည့်လိုက်တော့ သုံးဘီးတွန်းလှည်းလေးနှင့် သစ်သီးတွေရောင်းနေသော ခင်မုန်းကိုတွေ့လိုက်ရသည်။ မှန်သေတ္တာလေးနှင့်သန့်ရှင်းလတ်ဆတ်ပုံရသော သူမဆိုင်က ရုံးစာရေးမတွေပါ ဝယ်စားနေတာမြင်ရ၏။ သွက်လက်ဖျတ်လတ်ပြီး အပြုံးချိုချိုလေးက သူမရဲ့မူပိုင်ဟန်ဖြစ်ပေလိမ့်မည်။

တခြားစက်ရုံတွေက မုန့်စားလွှတ်ချိန် ဆယ်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်ဆိုပေမယ့် သူ့စက်ရုံက နာရီဝက်အချိန်ပေးထားတာမို့ ဈေးရောင်းသူရော ဝန်ထမ်းတွေရော ရောင်းရဝယ်ရ စားရတာအဆင်ပြေသည်။

''သူဌေး ဘာတွေကြည့်နေတာလဲ''

''ဩော် မဌေးမာ''

မန်နေဂျာ မဌေးမာက သူတစ်ခါမှ ဒီလိုမကြည့်ဘူးတာမို့ အံ့သြစွာနှင့် သူ့အနားရောက်လာကာမေး၏။ သူက ခင်မုန်းကို မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီးမှ ဆုံလည်ထိုင်ခုံမှာ ဝင်ထိုင်ကာ





''ဘာရယ်မဟုတ်ပါဘူး၊ ရောင်းတဲ့သူတွေ စားတဲ့သူတွေနဲ့ မုန့်စားလွှတ်ချိန်တော့ ကျွန်တော်တို့စက်ရုံက စည်ကားနေသလိုပဲ''

''ဆန္ဒတွေမပြကြရင်တော့ အလုပ်တက် အလုပ်ဆင်း ထမင်းစားချိန် မုန့်စားချိန် အိုတီချိန်နဲ့ အေးအေးချမ်းချမ်းပါပဲ၊ တစ်ခါတလေ ဆူဆူပူပူဖြစ်ရင်တော့ အရမ်းစိတ်ညစ်ရတာ''

''ဒါကလည်း မဌေးမာ အုပ်ချုပ်မှုကောင်းတော့ ကျွန်တော်တို့စက်ရုံက တခြားစက်ရုံတွေလောက် မဖြစ်ပါဘူးဗျာ''

''အဲဒါက သူဌေးရော ကိုရီးယားသူဌေးရောက လိုက်လျောမှုတွေများလို့ပါ၊ ဆန္ဒမပြခင်က ညှိနှိုင်းမှုလေးတွေ လုပ်ပေးတဲ့အတွက် အဆင်ပြေနေတယ်ပြောရမှာ''

''ဒါကလည်း မညှိလို့မရဘူးလေ၊ သူ့ဘက်ကိုယ့်ဘက် အပြန်အလှန် နားလည်မှုတော့ ရှိရမှာပေါ့၊ ကိုယ့်ဘက်က အခွန်အကောက်ကိစ္စ၊ လျှပ်စစ်မီးမပြည့်စုံမှုကိစ္စ၊ အထည်လိပ်ဈေးကြီးမြင့်မှု၊ သယ်ယူစရိတ်မြင့်တက်မှု အဲဒါတွေပဲ တွက်နေမယ်ဆိုရင် ဝန်ထမ်းတွေဘက်ကလည်း ကုန်ဈေးနှုန်းမြင့်မားမှု၊ နေထိုင်စားသောက်စရိတ်အားလုံးတင်ပြလာမှာပဲ၊ ဒါတွေကို ထိန်းချုပ်ပေးဖို့က တာဝန်ရှိတဲ့လူတွေ သပ်သပ်ရှိတယ်၊ ဒါတွေကိုထိန်းချုပ်မပေးနိုင်ရင် ဒီလိုပဋိပက္ခတွေကတော့ ရှိနေမှာပဲ၊ အဲဒီလိုတွေဖြစ်တော့ လုပ်ငန်းရှင်အတွက်ရော ဝန်ထမ်းတွေအတွက်ရော နစ်နာတယ်''

''ဟုတ်ပါတယ် အခုကတော့ ဆန္ဒပြရင် အနည်းနဲ့အများ တစ်ခုခုတော့ ရမှာပဲဆိုပြီး ဆန္ဒပြဖို့ လှုံ့ဆော်နေတဲ့သူတွေ သွေးတိုးမြှောက်ပင့်နေတဲ့သူတွေကလည်း ရှိသေးတယ်၊ 'အဲဒီလူတွေကို ရွေးချယ်ပြီး အလုပ်ထုတ်ပစ်နိုင်ရင်ကောင်းတယ်''

''အဲဒီလိုတော့ လုပ်လို့မရဘူး၊ သူတို့မှာလည်း သူတို့အကြောင်းတော့ရှိမှာပေါ့၊ ဘာပဲဖြစ်ဖြစ် ဝန်ထမ်းတွေကို အဆင်ပြေအောင်ပဲ ဆက်ဆံပါ



www.burmeseclassic.com

www.burmeseclassic.com



မဒွေးမာ၊ အတတ်နိုင်ဆုံး ပြုသနာနည်းပါစေ၊ မစွတာဂွျန်ကလည်း အေးအေး ချမ်းချမ်းပဲကြိုက်တယ်''

''ဟုတ်ကဲ့ပါ''

''မဒွေးမာကို စိတ်ချလို့ ကျွန်တော်က အဘွားကိုပြုစုဖို့အတွက် အချိန်ပိုမှာမနေဘဲ ပြန်နေတာ''

''ဟုတ်ကဲ့ စိတ်ချပါ သူဌေး။ မစွတာဂွျန်နဲ့ကလည်း စကားပြန် ကောင်းတော့ အဆင်ပြေပြေပါပဲ၊ အခုရော သူဌေးမပြန်သေးဘူးလား''

''ပြန်မှာ မဒွေးမာ၊ အခုရက်ပိုင်းအဘွားက ကျန်းမာရေးပိုဆိုးလာ လို့ ကျွန်တော်ကမှဆီကို မလာဖြစ်တဲ့နေ့တွေတောင် ရှိလိမ့်မယ်ဆိုပြီး မစွတာ ဂွျန်ကိုပြောထားတယ်''

''မစွတာဂွျန်က သဘောကောင်းပါတယ်၊ နားလည်မှုလည်းရှိ တယ်၊ ဒီလိုလူမျိုးနဲ့လုပ်ငန်းတွဲလုပ်ရတာ ကံကောင်းပါတယ်''

''ကျွန်တော့်မိဘတွေလက်ထက်ကတည်းက သူ့မိဘတွေနဲ့ တွဲ လုပ်ခဲ့တာဆိုတော့ အဆင်ပြေတာပေါ့ဗျာ၊ သူက နိုင်ငံတကာဈေးကွက်ကို နားလည်နေတော့ အားလည်းကိုးရပါတယ်၊ ကဲ ကျွန်တော်သွားတော့မယ်''

''ဖြည်းဖြည်းသွားပါ သူဌေး''

ဈေးသည်တွေပြန်ဖို့နှင့် အလုပ်တက်ဖို့ သတိပေးဘဲလ်တီးနေပြီမို့ သူ ကားသော့နှင့်အတက်ချိတ်ကွဲစ်ယူကာ ရုံးပေါ်က ဆင်းခဲ့လိုက်သည်။ သူကားထွက်မည်မို့ လုံခြုံရေးဝန်ထမ်းက တံခါးဖွင့်ပေး၏။

''တီ တီ''

ဈေးသည်တွေလည်း အလုအယက် ပြန်ဖို့လုပ်သူ၊ တခြားစက်ရုံ ပြောင်းရောင်းဖို့လုပ်နေကြတာမို့ ကားလမ်းကကျပ်နေသည်။

''ဟုံင် ခင်မှန်း''

''တီ''





တွန်းလှည်းတွန်းကာ ခပ်သုတ်သုတ်သွားနေသော ခင်မှန်းနောက် အနေ ကားဟွန်းတီးကာ အသံပေးလိုက်၏။ ခင်မှန်းက နောက်လှည့်ကြည့် ကာ တွန်းလှည်းကိုရပ်လိုက်ပြီး

''ဟင် ရှင်ပါလား၊ ဒီလမ်းမှာပဲတွေ့ရတယ်၊ ရှင်က ဘာလုပ်တဲ့ လုပ်ငန်းရှင်လဲ''

သူက ကားစက်ကိုမရပ်ဘဲ ကားမှန်ကိုချကာ

''ခင်မှန်း အဲဒါနောက်မှမေး၊ မင်းနဲ့ခဏလောက် စကားပြောစရာ ရှိတယ်၊ ကိုယ့်ကိုအချိန်ပေးနိုင်မလား''

''ကျွန်မ သစ်သီးတွေမကုန်သေးဘူးရှင့်၊ တခြားစက်ရုံသွားရဦး မယ်၊ ပြီးရင် မုန့်ဟင်းခါးချက်ဖို့ဆိုင်ကိုပြေးရဦးမှာ''

''တခြားစက်ရုံသွားရောင်းမယ့်အချိန်ပဲပေးပါ၊ အဲဒီသစ်သီးတွေ အားလုံး ကိုယ်ဝယ်ပါ့မယ်၊ အဲ စားမယ့်သူက မရှိဘူးဆိုတော့ အဲဒီတန်ဖိုး ပေးပါမယ် ဖြစ်တယ်မဟုတ်လား''

''အဲဒီလိုလား''

ခင်မှန်း မျက်ခုံးပင့်သွား၏။ ကျန်သည့်သစ်သီးတွေလည်း နောက် နေ့ပြန်ရောင်းလို့ရမည်။ ဒီတန်ဖိုးအတိုင်းလည်း ရဦးမည်ဆိုတော့ ခင်မှန်း သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်၏။ ဒါပေမဲ့ သူ့ကားနောက်ကို တွန်းလှည်းကြီးတွန်းပြီး ခပ်ဝေးဝေးတော့ မလိုက်နိုင်ပေ။

''အဝေးကြီးတော့ မဖြစ်ဘူးနော်၊ ဟိုရှေ့ကလမ်းဘေး လက်ဖက် ရည်ဆိုင်ပဲ ပြောရအောင်''

''ဟုတ်ပါပြီ''

သူလို သူဌေးတစ်ယောက်အတွက် မိုးကာလေးနှင့်ရောင်းသော လမ်းဘေးလက်ဖက်ရည်ဆိုင်လေးမှာ ထိုင်ရမှာတော့ တစ်မျိုးဖြစ်နေသည်။ ဒါပေမဲ့ မတတ်နိုင်ပေ။ သူ ဆိုင်ဘေးမှာ ကားထိုးရပ်ပြီး ဆိုင်ထဲဝင်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့ ခင်မုန်းလည်း တွန်းလှည်းရပ်ကာ ဆိုင်ထဲဝင်ထိုင်သည်။

"ခင်မုန်း ဘာစားဦးမလဲ၊ ဒီဆိုင်မှာ ဘာတွေရလဲ မှာလေ"

"အအေးတစ်လုံးလောက်တော့ မှာမှထင်တယ်၊ ထိုင်ပြီး ဘာမှ မသောက်ရင်တော့ မကောင်းဘူး ရှင်ရော"

"ကိုယ်ကတော့ တော်ပါပြီ"

"သူဌေးမို့လို့ ကြီးကျယ်တာလား"

"ကိုယ် အဲဒီလို လူစားမျိုးမဟုတ်ပါဘူး"

"ပြောတာပဲ၊ ဦးဝကြီး အအေးတစ်လုံးပေးပါဗျို့"

"အေး အေး ရမယ်ဟေ့"

အသံကတော့ စူးရှပြီးအောင်နေသည်။ သွားပေါ်အောင်ပြုံးတတ်တာကတော့ သူမရဲ့ဆွဲဆောင်မှုပါ။ သူမက ပိုက်တံလေးတပ်ကာ လာချပေးသော အအေးပုလင်းကို တစ်ဝက်နီးပါး စုပ်သောက်ပြီးမှ

"ဘာပြောစရာရှိလို့လဲ ပြောလေ၊ ရှင်လို ကိုယ်ပိုင်ကားစီးနိုင်တဲ့ သူဌေးတစ်ယောက်က ခင်မုန်းလို လူမျိုးကိုတော့ လုပ်ငန်းကိစ္စတိုင်ပင်မှာ မျိုးတော့ မလုပ်လောက်ပါဘူး။ ပိုတဲ့ပိုက်ဆံနှစ်သောင်း ပြန်တောင်းဖို့ဆိုရင်တော့ မပေးနိုင်ဘူးနော် ပြောပြီးသား"

"မတောင်းပါဘူးကွာ၊ မင်း ငါပြောတဲ့အလုပ်ကိုသာ လက်ခံရင် မင်းတခြားဘာအလုပ်မှလုပ်စရာမလိုအောင် မင်းမက်မောလောက်တဲ့ငွေကို ပေးနိုင်တယ်"

"မက်မောလောက်တဲ့ ဘယ်လောက်မို့လဲ၊ ဘာအလုပ်လဲ"

"မင်း စိတ်အေးအေးနားရှင်းရှင်းနဲ့တော့ နားထောင်စေချင်တယ်"

"ငွေရေးကြေးရေးရမယ်ဆိုရင်တော့ ပြောစမ်းပါ၊ ဘာမဆိုလုပ်မယ်၊ အဲ မူးယစ်ဆေးဝါးတို့ ခန္ဓာကိုယ်ရောင်းမစားရတာ၊ လူမသတ် ဓားပြမတိုက်ရဘူး၊ အဲဒါမျိုးကလွဲရင်"





"မယားအငှားလုပ်ရမယ်"

"ဘာ"

သူမအသံကျယ်လောင်သွားတာမို့ ဆိုင်ရှင်ဦးဝကြီးတောင် လှည့်ကြည့်သည်။ သူက နှုတ်ခမ်းပေါ် လက်ညှိုးတစ်ချောင်းကန့်လန့်ဖြတ်တင်လိုက်ပြီး

"ရှူး တိုးတိုးအော်ပါ၊ ဒါပတ်ဝန်းကျင်သိလို့ကောင်းတဲ့ကိစ္စ မဟုတ်ဘူး"

"ဒါတော့ ရှင်သိသေးတာပဲ၊ သူများကြားမကောင်းသလို ခင်မုန်းလည်း နားထောင်လို့ကောင်းတဲ့ကိစ္စမဟုတ်ဘူး၊ ဘာလဲ ခင်မုန်းကို ဆင်းရဲတယ်၊ ရုန်းကန်နေရတယ်၊ ပင်ပန်းတဲ့အလုပ်မဟုတ်ပါဘူးဆိုပြီး သွေးတိုးစမ်းတာလား၊ အထင်သေးတာလား"

"မဟုတ်ပါဘူးကွာ၊ ပြောတဲ့စကားကို ဆုံးအောင်နားထောင်ပါ၊ မင်းကို အထင်လည်းမသေးဘူး၊ သွေးတိုးစမ်းနေတာလည်း မဟုတ်ဘူး၊ အကယ်ကို လုပ်ငန်းသဘောပဲ"

"အဲဒီ မယားအငှားဆိုတာကြီးက"

"ကိုယ့်မိန်းမလုပ်ပေးရမှာ"

"ဘာ"

"ကျွတ် ကိုယ့်မိန်းမနေရာမှာ အစားလုပ်ပေးရမှာ"

"ရှင့်မိန်းမက သေသွားလို့လား"

မေးတာက ပွင့်ပွင့်လင်းလင်း တဲ့တိုးကြီး။ သူမရဲ့အလန့်တကြားအသံကြီးကျယ်ကျယ်လောင်လောင် ထွက်မလာအောင် သူ ခေါင်းကိုအသာရမ်းကာ

"သေတာမဟုတ်ဘူး မရှိတာ"

"ရှင်းရှင်းပြော ခင်မုန်းက စာသိပ်တတ်တာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ဒီလိုကိုယ့်ကို အဘွားက ကညာဖြူဆိုတဲ့ မိန်းကလေးနဲ့ လက်ထပ်ပေးခဲ့တယ်၊ ခြောက်လလောက်ပေါင်းပြီးတော့ သူနေခဲ့တဲ့နိုင်ငံခြားကို ခဏပြန်ဦးမယ်ဆိုပြီး ပြန်သွားလိုက်တာ နှစ်လကျော် သုံးလထဲရောက်တာတောင် ပြန်မလာတော့ဘူး"

"ဩော် ဒါများ ကိုယ့်မိန်းမကိုယ် ပြန်လာခဲ့ပါလို့ ပြန်ခေါ်လိုက်ပေါ့"

"ခေါ်လို့ရရင် ပြန်ခေါ်တာပေါ့၊ အခုက ဘာအဆက်အသွယ်မှကို မရဘူး။ ဘယ်မှာနေမှန်း ဘာလုပ်နေမှန်း ဘာသတင်းမှကို မရဘူး။ အဲဒါ အဘွားက ကညာဖြူကိုအရမ်းချစ်တော့ မလာတဲ့သူကိုမျှော်ရင်း ကျန်းမာရေးထိခိုက်ပြီး အိပ်ရာထဲကတောင် မထနိုင်ဘူး"

"ရှင်တို့ ပိုက်ဆံချမ်းသာတဲ့သူဌေးတွေပဲ ဆေးကုပေါ့၊ ဒီမှာ မရရင် နိုင်ငံခြားက အထူးကုတွေ ပါရဂူတွေနဲ့ သွားကုပေါ့"

"မင်းပြောမှလား၊ အဲဒီလို ဖြစ်ပေမယ့် ရောဂါဆိုတာ ဆေးကုရုံတိုင်းကုလို့ရတာမဟုတ်ဘူး၊ စိတ်ကြောင့်ဖြစ်တာဆိုတော့ ဆေးထိုးဆေးသောက်ရင်းနဲ့ လုံးပါးပါးနေတာ"

"ဩော် အဲဒီလောက်တောင် ကညာဖြူကို ချစ်တာလား"

"ဟုတ်တယ်၊ ကလေးဘဝကတည်းက ကိုယ်တို့အိမ်ဘေးမှာ ခေါ်ထားပြီး ပြုစုစောင့်ရှောက်ခဲ့တာ၊ ငွေရေးကြေးရေးကအစလည်း ထောက်ပံ့ခဲ့တယ်၊ နောက်ပိုင်း နိုင်ငံခြားကိုပြောင်းသွားတဲ့အထိလည်း အဆက်အသွယ်မပြတ်ခဲ့ဘူး။ ပြောရရင် ကိုယ်နဲ့လက်ထပ်ပေးတဲ့အထိတောင် တနုံမိုးထားခဲ့တယ်"

"အင်း ဇာတ်လမ်းက တော်တော်နားထောင်ကောင်းတာပဲ၊ ရှင့်အဘွားချစ်တဲ့သူကို ရှင်က မချစ်ဘဲယူခဲ့ရတာလား။ ဒါမှမဟုတ် ငယ်ကျွမ်းဆွေတွေလား"





"မင်း အဲဒီလိုတွေတော့ စပ်စုမနေနဲ့ကွာ၊ ကိုယ့်အဘွားရဲ့ကျန်းမာရေးအတွက် မင်းကိုအကူအညီတောင်းနေတာပါ၊ လူတစ်ယောက်အသက်ဆိုတာ ကယ်ကောင်းတယ်မဟုတ်လား"

ခင်မုန်းက မျက်နှာလေးနီကာ ပခုံးကိုတွန့်လိုက်ပြီး

"နည်းနည်းတော့ ကြက်သီးထစရာကောင်းတယ်"

"ဘာကိုလဲ"

"မိန်းမအငှားလုပ်ရမယ်ဆိုတာလေ၊ ခင်မုန်းက အပျိုလေးရှင့်"

"ကိုယ်လည်း လူပျိုပါပဲ"

"ဘာ မိန်းမယူထားပြီး ဘာလူပျိုပါလဲ"

"ဟို"

ကညာဖြူနှင့် လင်မယားကို ထိတွေ့ဆက်ဆံမှုမရှိဖူးဘူးလို့ ပြောသည်း ခင်မုန်း ယုံမှာမဟုတ်ပေ။ သူချစ်ကိုယ်ချစ်နှင့် လက်ထပ်ဖြစ်ခဲ့ကြတာ မဟုတ်သလို မာနအခံလေးတွေနှင့် လိုက်လျောမှုမရှိခဲ့တာကြောင့်၊ ခြောက်လအတွင်းမှာ တစ်ခန်းထဲအတူနေခဲ့ကြပေမယ့်၊ လင်မယားအရာမမြောက်ခဲ့တာပါ။

"ကဲပါ မင်းကူညီပေးပါလို့ ကိုယ်တောင်းဆိုပါတယ်၊ ထိုက်တန်တဲ့အပေးအယူမျိုးလည်း ရှိမှာဆိုတော့ မင်းစိတ်ဝင်စားမယ်လို့ ထင်ပါတယ်"

"အချိန်ကာလက"

"ကညာဖြူ ပြန်လာမယ့်အချိန်အထိပေါ့"

"သူက ပြန်မလာတော့ဘူးဆိုရင်ရော"

"အဲဒါတော့ မဖြစ်နိုင်ဘူး။ အဘွားက ကိုယ်ပိုင်ဆိုင်ရမယ့်အမွေထဲက တစ်ပုံ သူ့ကိုပေးမယ်လို့ပြောပြီးသား။ ဒါက လင်မယား မိသားစုတောင်သည် အဲဒါမျိုးနဲ့ မပတ်သက်တဲ့အထောက်အပံ့ပဲ မက်မောစရာကောင်းတာဆိုတော့ သူ ပြန်ကိုပြန်လာမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်မိန်းမကလည်း ဘယ်လိုကြီးလဲ၊ မိသားစုစိတ်ဓာတ်မဟုတ်ဘဲ မေတ်မောမှုကြီးနဲ့လား၊ ရှင်တို့က လင်မယားမဟုတ်ဘူးလား။ ဟို အဘွား ကရော"

"ကဲ အဲဒါတွေက မင်းသိစရာ မလိုပါဘူး။ မင်းအနေနဲ့က အဘွား ကျန်းမာရေးကောင်းဖို့အတွက် ကညာဖြူ ဖြစ်ပေးဖို့ပါပဲ"

"ရှင့်အဘွားက မျက်စိမမြင်ဘူးလား"

"ဘာ ဘာလို့မမြင်ရမှာလဲ၊ မြင်တာပေါ့ မျက်လုံးအကောင်းကြီး"

"ဒါဆို ခင်မှုန်းကို ဘယ်လိုလုပ် ကညာဖြူလို့ ထင်မှာလဲ"

"မင်းက ကညာဖြူနဲ့ရုပ်ချင်းဆင်တယ်"

"ဟင်"

"အသံလည်းနည်းနည်းတူတယ်၊ မာရေကျောရေ ရှိတာနဲ့ ပျော ပျောင်းမှုရှိတာ၊ အဲ ကညာဖြူကလေ လေသံတင်းပေမယ့် မင်းလိုအော်ကြီး ဟစ်ကျယ်တော့ မပြောတတ်ဘူး"

"ဩော်"

"တစ်ခုအရေးကြီးတာက ကညာဖြူလို မျက်နှာဖြစ်ဖို့ နည်းနည်း ပြုပြင်ရမယ်"

"ဟင် ပလပ်စတစ်ဆာဂျီတွေ ဘာတွေလုပ်ရမှာလား။ ခင်မှုန်း မျက်နှာတော့ မခွဲစိတ်ချင်ဘူးနော်၊ အမေမွေးတဲ့ ဒီအလှဒီမျက်နှာပဲကြိုက် တယ်"

"အဟင်း"

ညိုညစ်ညစ်ပါးပြင်ပေါ်မှာ သနပ်ခါးပါးကွက်ကြားတင်ထားသော သူမ အလှကို မပြုပြင်ချင်ဘူးဆိုသော သူ့ရယ်မိသွားရသည်။ ဒါပေမဲ့ လှောင်သလိုဖြစ်မှာစိုး၍ ပျာပျာသလဲပင်။

"ဟို ခွဲစိတ်ပြုပြင်ရမှာမဟုတ်ပါဘူး။ ဒါပေမဲ့ မျက်နှာကို မွေးသ





ဘွားအောင် ပေါင်းတင်တာ ရွှေသွင်းတာ မျက်ခုံးမွေးရိတ်တာ"

"ဟင် မျက်ခုံးမွေးရိတ်ရမယ်၊ မရိတ်ချင်ပါဘူး၊ ခင်မှုန်း မျက်ခုံး မွေးက ဒီလောက်တောင် လှတာ"

"ကညာဖြူနဲ့တူအောင် နည်းနည်းပါးပါး လုပ်သင့်တာတော့ လုပ် ရမှာပေါ့ကွာ။ နေထိုင်မှုစရိုက် အပြောအဆို အမူအရာအားလုံး လေ့ကျင့် သင့်တာလည်း လေ့ကျင့်ရမယ်၊ အဘွားယုံကြည်လက်ခံမယ့်အနေအထား ထိအထိ"

"ရုပ်လိုက်တာ အဲဒါတွေ လုပ်ရမှာဆိုရင်"

"မင်းကို တစ်လ ငါးသိန်းပေးမှာပါ"

"ငါးသိန်း"

"အားလုံး အဆင်ပြေပြေနဲ့ ကညာဖြူ ပြန်လာတဲ့အချိန်ကျရင် တော့ မင်းကိုသိန်းငါးဆယ်ပေးမယ်"

"သိန်းငါးဆယ်"

သူမ မျက်လုံးလေးပြူးလည်လျက် လက်ချောင်းတွေထောင်ကာ အံ့သြပြီးရင် အံ့သြနေသည်။ တစ်လမှာ တစ်သိန်းခွဲ နှစ်သိန်းဝင်ငွေရဖို့ သူမမှာ အအိပ်အနေနည်းပါးစွာနှင့် ဇင်ပင်ပန်းပန်း ရုန်းကန်နေရတာ။

အခုက တစ်လ ငါးသိန်း။ အဖေနှင့်အမေ ဘယ်လောက်တောင် ပျော်သွားကြမလဲ။ ပြီးလျှင် သိန်းငါးဆယ်ပေးဦးမည်တဲ့။

တစ်ခါမှ မမြင်ဘူး၊ မမျှော်မှန်းဘူးသည့် ငွေကြေးပါ။ ဒါပေမဲ့

"ရှင် ရှင်နဲ့အိပ်ပေးရမှာတွေ ဘာတွေတော့ မရှိပါဘူးနော်"

"ဟား မင်းကိုယ့်ကို ဘယ်လိုလူစားမျိုးထင်နေလဲ၊ အဲဒီလို ရမ္မက် ဆန္ဒတွေကို အပျော်အနေနဲ့တောင် ကိုယ်မဖြေဖျောက်ဖူးဘူး၊ အဲဒီအတွက်ဆို သည်း မင်းကို ဒီလိုမျိုးတောင်းဆိုနေစရာအကြောင်းမရှိဘူး ခင်မှုန်း။ အဲဒီလို လုပ်ချင်တဲ့မိန်းမတွေ ဘယ်လောက်တောင် ပေါတယ်ဆိုတာ မင်းလည်းသိ



www.burmeseclassic.com

www.burmeseclassic.com



မှာပါ၊ မင်းကိုတော့ ရိုးသားတယ်ထင်လို့ အကူအညီတောင်းတဲ့သဘောပဲ''

''ဟုတ်ပါပြီ ရှင့်ဘက်က ဘယ်လိုအာမခံချက်ပေးနိုင်လဲ ငွေရေးကြေးရေးနဲ့ ခင်မုန်း ကိုယ်ကျင့်တရားအတွက်''

''စာချုပ်ချုပ်မယ်၊ မင်းဘက်ကလည်း ဖောက်ဖျက်လို့မရအောင် စည်းကမ်းတွေ သတ်မှတ်မယ်၊ အခုနေမှာ မင်းဘက်က ရိုးသားတယ်ဆိုပေမယ့်လည်း နောင်တစ်ချိန်မှာ လူ့စိတ်ဆိုတာ မသိနိုင်ဘူးလေ''

''အောင်မယ် ရှင်က ခင်မုန်းကို ဘယ်လိုမိန်းကလေးမှတ်နေလဲ''

''မင်းကိုတွေ့ဖူး မြင်ဖူးတာ သိပ်မှမကြာသေးဘဲ၊ မင်းရဲ့စိတ်ကို ဘယ်လိုလုပ် အလုံးစုံသိနိုင်ပါ့မလဲ၊ ကဲ ဒါတွေထားပါလေ၊ မင်းဒီအလုပ်ကို လက်ခံတယ်ဆိုရင် နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် လုပ်ကြတာပေါ့၊ ဒီကိစ္စ မင်းမိဘတွေကို တိုင်ပင်ရဦးမှာလား၊ တိုင်ပင်ရဦးမှာဆိုရင် မင်းဘယ်နှယ့် အကြောင်းပြန်ပေးနိုင်မလဲ''

''အင်း''

သူမ တော်တော်လေးတော့ အကျပ်ရိုက်သွားသည်၊ မယားအငှား လုပ်သည့်အလုပ်ဆိုလျှင်တော့ အဖေရော အမေရော လုံးဝလက်ခံမှာမဟုတ်ပေ။ ငွေဘယ်လောက်ရရ ငြင်းဆန်မှာသေချာသည်။ ရိုးသားသည့်သူတွေနှင့် မကောင်းသည့်အလုပ်လို့ပဲ မြင်မှာ။

သူမကတော့ မက်မောလောက်သည့်ငွေပမာဏမို့ လက်ခံဖို့ ဆုံးဖြတ်လိုက်သည်။ အဖေနှင့်အမေကို ဘယ်လိုပြောရင်ကောင်းမလဲ။

မပြောလို့လည်း မဖြစ်တာကြောင့်။

■ ■ ■



## အခန်း (၆)

''ဘာပြောတယ် သမီး၊ ကျန်းမာရေးမကောင်းတဲ့အဘွားကြီးကို ပြုစုရမှာ''

''ဒါဆို အိမ်ဖော်လုပ်ရမှာနဲ့ ဘာထူးလို့လဲ သမီး၊ သမီးကို အဖေတို့ အဲဒီလိုတော့ မမြင်ရက်ဘူး၊ သမီးအမေကိုတောင် သူများအိမ်မှာ အဝတ်လျှော် သန့်ရှင်းရေးလုပ်တာ မမြင်ရက်လို့ အဲဒီအလုပ်တွေမလုပ်ခိုင်းဘဲ အိမ်မှာ သက်သောင့်သက်သာ နေနိုင်းတာမဟုတ်လား၊ အခု သမီးဈေးရောင်း ဆယ်ကျွေးတာတောင် အမေတို့မြင်ရတာ မသက်မသာနဲ့ မစားရက်မသောက်ရက် ဖြစ်နေတာပါ၊ အဲဒီအလုပ်တော့ မလုပ်ပါနဲ့ သမီး''

''ဟို လစာကောင်းတယ်လေ အမေ၊ အလုပ်ကလည်းမပင်ပန်းပါဘူး အဘွားကြီးကို ဆေးကျွေး ဆေးတိုက်ရုံလောက်ပါပဲ''

''သက်ကြီးရွယ်အိုကို ပြုစုရတယ်ဆိုတာ လွယ်တဲ့အလုပ်မှတ်နေသလား သမီး၊ ချေးသုတ်သင် သေးသုတ်သင်ကိစ္စတွေပါ ပါလာမှာ''

''အဘွားက အဲဒီလောက် အသက်မကြီးသေးပါဘူး၊ လူကြီးနာ ရောဂါမျိုးလည်း ဖြစ်နေတာမဟုတ်ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"သမီးက အဲဒီအဘွားကို သွားတွေ့ပြီးလို့လား"

"အဲ ဟို"

သူမ မတွေ့ရသေးတာမို့ ဘာပြောရမှန်းမသိပေ။ လင်းရောင်ထင်ကို ရှင့်အဘွားက အဲဒီလောက်ရောဂါဖြစ်နေပြီလား။ ဘယ်အသက်အရွယ်ရှိနေပြီလဲဆိုတာလည်း မမေးလိုက်ရ။

"အဖေတို့အသုံးအစွဲလျှော့ပါမယ်၊ ဘုရားသွားကျောင်းတက်က လွဲပြီး တခြားအပျော်အပါးလည်း မလုပ်ပါဘူးသမီး၊ အိမ်ဖော်ဆိုတာကြီးတော့"

"အဲဒီလို မဟုတ်ပါဘူးဆိုအဖေရယ်၊ သမီးအခုလုပ်နေတဲ့အလုပ်တွေလောက်တောင် မပင်ပန်းတော့ သမီးကတော့ လုပ်ချင်တယ် အဖေ၊ လစာလည်းကောင်းတယ်၊ သူ့အဘွားနေကောင်းရင် သမီးကို ထိုက်ထိုက်တန်တန် ငွေကြေးလည်းပေးဦးမှာဆိုတော့ သမီးတို့အတွက် အခွင့်အရေးပဲလေ၊ အဖေတို့ကို သမီး ပြည့်ပြည့်စုံစုံ ထားချင်လို့ပါ၊ လူ့ဘဝမှာ မသေခင် အဆင်ပြေပြေလေးတော့ နေသွားဦးမှပေါ့"

"ကဲ သမီးက ဒီလောက်ဆန္ဒရှိနေရင်လည်း ခွင့်ပြုလိုက်ပါတော့ ကိုဇော်ဝင်းရယ်၊ အခု လုပ်နေရတာတော့ သမီးပင်ပန်းတာအမှန်ပါပဲ၊ ညနေ ငါးနာရီကျော် ခြောက်နာရီဆို လက်ဖက်ရည်ဆိုင်ကို မုန့်ဟင်းချက်ဖို့ ရောင်းဖို့သွားရတယ်၊ တစ်ညလုံးမအိပ်ရဘဲ မနက်ငါးနာရီ ခြောက်နာရီမှပြန်လာရတာ၊ အဲဒီအချိန်ပြန်ပြီး ဈေးဝင်ဝယ်တာ၊ မိဘတွေအတွက် ချက်ပြုတ်ပေးပြီးမှအိပ်၊ ညနေသုံးနာရီကျော် လေးနာရီကျတော့ စက်ရုံတွေကို အသီးအနှံအချဉ်ပေါင်းသွားရောင်း၊ နားချိန်ဆိုတာ အိပ်ချိန်ခဏပဲရှိတာ"

ဒေါ်ထားခင် ထိုသို့ပြောလိုက်မှ ဦးဇော်ဝင်း ငြိမ်ကျသွားသည်။ သမီးခေါင်းလေးကို ခပ်ဖွဖွလေးပုတ်ပြီး

"သမီးလုပ်ကြည့်ချင်တယ်ဆိုလည်း လုပ်ကြည့်ပေါ့ကွယ်၊ အဖေက





သမီးအဲဒီမှာ အလုပ်လုပ်ပြီဆိုရင် အဲဒီမှာပဲနေရမှာဆိုတော့ စိုးရိမ်တာလည်း ပါတယ်၊ အဖေတို့လင်မယားနှစ်ယောက်တည်း သမီးမရှိတော့လည်း ပျင်းတာပေါ့ကွယ်"

"သမီးရတဲ့လစာနဲ့ အဖေတို့လုပ်ချင်ရာလုပ်ပြီး ပျော်အောင်နေပါ၊ အဖေတို့ ကျန်းမာရေးကောင်းမှ သမီးစိတ်ချမ်းသာရမှာ၊ အဖေနဲ့အမေကို အသက်ရှည်ရှည်နေစေချင်လို့ပါ၊ ပင်ပန်းဆင်းရဲတာလည်း မခံစေချင်ဘူး"

"သမီးစေတနာမေတ္တာကို အဖေတို့ နားလည်ပါတယ်၊ အသက်ကြီးဆယ်တန်းဆိုတာ တကယ်ဆို အဖေတို့လည်း လုပ်နိုင်ကိုင်နိုင်အရွယ်ပဲရှိသေးတာ၊ သမီးကို ပညာဆုံးခန်းတိုင်အောင်ပဲဖြစ်ဖြစ် ထားခဲ့ရမှာ၊ ဒါဆို သမီးဒီလောက်ပင်ပန်းမှာမဟုတ်ဘူး"

"ကဲပေါ့ အဖေရယ်၊ အဖေတို့လည်း တာဝန်ကျေသင့်သလောက် ကျေခဲ့ကြတာပဲ၊ အဖေသာ အဲဒီအချိန်က ရောဂါမဖြစ်ခဲ့ရင် သမီးဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်မှာပေါ့ အဖေရဲ့၊ သမီးကတော့ ဘယ်လိုအခြေအနေကဖြစ်ဖြစ် အဖေနဲ့အမေကိုပြုစုစောင့်ရှောက်ခွင့်ရတာ ကျေနပ်တယ်၊ အဖေနဲ့အမေက သမီးကိုနေ့စဉ်ကုသိုလ်တွေပေးနေသလိုပါပဲ"

"လိမ္မာတယ် အမေတို့သမီးက လိမ္မာပါတယ်ကွယ်၊ အမေတို့ မွေးရကျိုးနပ်တယ်၊ လင်ကောင်းသားကောင်းရပြီး ချမ်းချမ်းသာသာနေရမှာပါ"

အမေက ဒီဆုကိုတော့ အမြဲတမ်းပေးသည်။ သူမကတော့ ပြုံးရုံသာ ပြုံးနေလိုက်ပြီး

"သမီးကတော့ အမေတို့ကို လုပ်ကျွေးရဖို့ပဲ ဆုတောင်းပါတယ်"

"အေးပါ သမီး၊ ဒါနဲ့ အဲဒီမှာ ဘယ်နေ့အလုပ်ဝင်ရမှာလဲ"

"သူ့ဆွေးကို ပြန်မေးရဦးမှာပေါ့ အမေ"

"ဒါဆို လက်ဖက်ရည်ဆိုင်မှာ အလုပ်ဆင်းရဦးမှာပေါ့"

"အင်း ဆိုင်ရှင်ကို အသိပေးပြီး လူရှာခိုင်းရမယ်လေ၊ သူတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ တောကနေ အလုပ်လုပ်ချင်တဲ့သူတွေပေါ်ပါတယ်၊ လက်ရာကို သင်ပေးခဲ့ရဦးမှာပေါ့၊ ဒါမှဆိုင်က အဆင်ပြေမှာ''

''အေးပါ သမီး၊ အဲဒီလိုလုပ်ပါ၊ တန်းခနဲ ထွက်လိုက်ရင် သူတို့ အခက်တွေ့မယ်၊ မကောင်းဘူးပေါ့ သမီးရယ်''

''ဟုတ်ကဲ့ပါ အမေ''

အဖေနှင့်အမေကို ပြောပြလိုက်၍ စိတ်ထဲမှာတော့ ပေါ့သွားသည်။ အမှန်အတိုင်း မဟုတ်သော်လည်း စေတနာမှုသားပဲ မဟုတ်ပါလား။ ဒါတောင် အဖေနှင့်အမေက လုပ်စေချင်တာမဟုတ်။ အမှန်အတိုင်း ပြောလိုက်ပါက လုံးဝကို လက်ခံမှာမဟုတ်ပေ။ ဒါတောင် အဖေနှင့်အမေက ခေါင်းချင်းဆိုင်ကာ တီးတိုးပြောပြီးမှ သူမဘက်လှည့်ကာ

''အဲဒီအလုပ်က ကောင်း မကောင်း၊ အဖေတို့ ဗေဒင်အရင်မေး ကြည့်ပြီး လုပ်ပါလားသမီး၊ ဘိုးတော်ဖြစ်ဖြစ်''

''မလုပ်ပါနဲ့ အမေရယ်၊ ဥပါဒါန်ကြောင့် ဥပါဒါန်ဖြစ်ပါတယ်၊ သမီး လုပ်ရမယ့်အလုပ် ကောင်းအောင်လုပ်ရင် ကောင်းတဲ့အကျိုးခံစားရမှာပေါ့၊ မကောင်းတာလုပ်ရင်တော့ မကောင်းတာဖြစ်မှာပဲ အမေ''

''အေးပါကွယ် သမီးလုပ်ချင်တာလုပ်ပါ၊ အမေတို့ကလည်း ဒီသမီး လေးတစ်ယောက်တည်းမွေးထားတော့ စိုးရိမ်တာရော သနားတာရောပေါ့''

''အမေတို့လည်း သမီးအရွယ်တုန်းက ဖျတ်ဖျတ်လတ်လတ်နဲ့ ကြိုးစားခဲ့ကြတာပဲမဟုတ်လား။ သမီးအတွက် မစိုးရိမ်ပါနဲ့၊ စိတ်ချမ်းသာအောင် ကျန်းမာအောင်သာနေကြပါ၊ သမီးလက်ဖက်ရည်ဆိုင်သွားဖို့ လုပ်လိုက်ဦး မယ်''

''အေး အေး သမီး၊ ငါ့သမီးလေး ပင်ပန်းရှာပါတယ်''

အမေ့ရဲ့ညည်းညူမှုက သူမအပေါ် စေတနာမေတ္တာကြောင့် ဖြစ်မည်။ သူမကတော့ အမေတို့ကို ဒီလိုညည်းညူမှုမျိုးနှင့်ပင် မနေစေချင်ပါ။





စိတ်သက်သက်သာသာနှင့် ပျော်ပျော်ရွှင်ရွှင်ပဲနေစေချင်သည်။ အဲဒီလိုဖြစ်ဖို့အတွက် သူမ ဘာအလုပ်မျိုးမဆို လုပ်မှာပါ။

အဟင်း ရယ်တော့ရယ်ရသား။ ရည်းစားတောင်မထားဘူးသည့် သူမက မယားအငှားလုပ်ရမည်တဲ့။ လင်းရောင်ထင်။

ဒီလူချောတော့ ချောပါသည်။ ခန့်ချောကြီးပြောရမလား။

ဘာလို့များ သူ့မိန်းမက ထားသွားပါလိမ့်။ ဒီလူ့မှာ မကောင်းတဲ့ အကျင့်တစ်ခုခု ရှိနေလို့များလား။ အင်း ကြုံတော့ကြုံရဦးမှာပေါ့လေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"အဘွား ထမင်းမစားချင်ဘူး။ အဘွားကို မုန့်ဟင်းခါးလေး ဝယ်ပေးပါလား မြေးရယ်"

အဘွားစကားကြောင့် လင်းရောင်ထင် နာရီကိုကြည့်လိုက်သည်။ ဒီအချိန်ဆို ခင်မုန်း ဆိုင်ကိုရောက်ပြီး ချက်ဖို့ပြင်နေတုန်း ရှိမှာပါ။

"အဲဒီဆိုင်က မုန့်ဟင်းခါးက ဒီအချိန်နဲ့ မရသေးဘူး အဘွားရဲ့၊ ည ခုနစ်နာရီခွဲ ရှစ်နာရီမှရတာ"

"ဩော် သူတို့က လက်ရာကောင်းစားကောင်း ရောင်းကောင်းရဲ့နဲ့ ဘာလို့အဲဒီအချိန်မှ ရောင်းရတာလဲ၊ တစ်နေကုန်ရောင်းတော့ ဘာဖြစ်လို့လဲ"

"ဟိုလေ သူတို့က ဒီလို ညဘက်ကနေ မနက်ပိုင်းထိရောင်းတာလို့ပြောတယ်၊ နေ့ဘက်ကျ တခြားအစားအသောက်တွေရောင်းတာပေါ့၊ နေ့ဘက်ကျ မုန့်ဟင်းခါးကို ဘယ်သူမှမစားတော့ဘူး။ အဘွားတစ်ခုခုစားထားပါလား၊ ဆေးလည်းသောက်ရဦးမှာ၊ ရလောက်တဲ့အချိန်ကျ သားသွားဝယ်ပေးပါ့မယ်"





"နေပါစေ မြေးရယ်၊ မတွေးချက်တဲ့ဟင်းတွေလည်း၊ ခံတွင်းမတွေ့သလိုပါပဲ၊ အသက်ကြီးလာလို့လားမသိဘူး ဆီပြန်ဟင်းတွေ အသားဟင်းတွေလည်း ခံတွင်းမတွေ့ဘူး"

"အဘွားစားချင်တဲ့ဟာကို စားချင်တဲ့ပုံစံချက်ခိုင်းပေါ့ အဘွားရဲ့"

"သူ့မှမချက်တတ်တာကွယ်၊ သူလုပ်တတ်သလောက်လုပ်နေတာ အပြစ်လည်းမပြောချင်ပါဘူး။ သူ့ခမြာ တခြားအလုပ်တွေနဲ့လည်း နားရတာမဟုတ်ဘူးမဟုတ်လား"

"သား နောက်ထပ်အလုပ်သမားတစ်ယောက် ထပ်ခေါ်ပေးရမလား အဘွား"

"အိမ်မှာလူပိုများများရှိလည်း မကောင်းပါဘူးမြေးရယ်၊ မြေးက စက်ရုံသွားရင် အဘွားတစ်ယောက်တည်း ကျန်ခဲ့ရတာ၊ ဒါတောင် မတွေးကနိုးသားလို့နေလို့ဖြစ်တာနော်၊ အတူနေလာကြတာကြာတော့ သံယောဇဉ်ဖြစ်လာလို့၊ တခြားသူတွေဆိုရင် အိမ်အကူက သတ်သွားလို့ ပစ္စည်းတွေယူပြီးထွက်ပြေးသွားလို့နဲ့ သတင်းတွေက အမျိုးမျိုးကြားနေရတာ၊ အဲဒါကြောင့် အသက်ကြီးရင် သားသမီးတွေ မြေးမြစ်တွေနဲ့ သိုက်သိုက်ဝန်းဝန်း တစ်စုတစ်ဝေးတည်းနေရတယ်လို့ ပြောတာပေါ့။ ကညာဖြူလေးကို မြန်မြန်သတင်းစုံစမ်းပြီး ပြန်ခေါ်ပါမြေး။ မဟုတ်ရင် အဘွားကတော့ ဒီလိုကြီး မနေချင်တော့ဘူးကွယ်"

"အဘွားရယ် ကျွန်တော် ပြန်ခေါ်ပေးပါ့မယ်၊ ဘယ်နေရာမှာ ရှိနေတယ်ဆိုတာတော့ စုံစမ်းလို့ရနေပါပြီ"

"ဟင် တကယ်လား မြေး"

ဒေါ်မြကြာနွယ် ခေါင်းထူမတ်ကာ ဝမ်းသာအားရမေးလိုက်သည်။ အမြဲတမ်း အိပ်ရာထဲလှဲချင်၊ ညှိခန်းဆိုဖာခုံမှာထိုင်လည်း လူမမာလိုခွေခေါက်မှီနွဲ့နေတတ်သော ဒေါ်မြကြာနွယ်က ကညာဖြူပြန်လာတော့မည်ဆိုမှ



www.burmeseclassic.com

အသက်ဝင်လာသူလို ထူမတ်ချင်နေတာပါ။

လင်းရောင်ထင်က ဒေါ်မြကြာနွယ်ကို ထူမတ်ထိန်းမွေ့ပေးလိုက်ပြီး

"သတင်းတော့ ရပြီ အဘွား။ ဆက်သွယ်လို့ရအောင် ထပ်စုံစမ်းကြည့်လိုက်ဦးမယ်၊ သူ့အဒေါ်အိမ်မှာမနေဘဲ အမြင်ကနေ အလုပ်လုပ်ရင် သင်တန်းတစ်ခုခုတက်နေတာဖြစ်မယ်၊ အဲဒါမပြီးသေးလို့ မလာတာဖြစ်မှာပါ အဘွား"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်၊ အဲဒီလိုလုပ်ချင်တယ်ဆိုလည်း အဘွားနဲ့ ယောက်ျားဆီ ငွေတောင်းတာပဲဖြစ်ဖြစ် အဆက်အသွယ်တော့ လုပ်ရမှာပေါ့၊ ပြန်လာခါမှ နည်းနည်းပါးပါး ဆူပစ်လိုက်ဦးမယ်"

"ကညာဖြူမှာ မာနလေးရှိတာတော့ အဘွားလည်းသိတာပဲ၊ ငွေ မတောင်းချင်လို့မဆက်သွယ်တာနေမှာပေါ့ အဘွားရယ်၊ ပြီးတော့ သူ့ကို မခွဲနိုင်တဲ့အဘွားက ပြန်လာပါလို့ခေါ်မှာလည်း စိုးရိမ်လို့နေမှာပေါ့"

"အဲဒါမဟုတ်တာဘဲလေ၊ မိသားစု အဲဒီလိုမနေရဘူး။ အဘွား သူ့ကိုမြေးချွေးမအဖြစ် ရွေးချယ်လိုက်တယ်ဆိုတာ မြေးတွေမြစ်တွေနဲ့ သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင်နေချင်လို့ပဲ၊ မြေးက အလုပ်သွားတဲ့အခါ သူနဲ့စကားတွေပြော၊ မုန့်တွေလုပ်စား။ ဟင်းတွေစားချင်တာလေးတွေချက်၊ ရှေးဟောင်းနှောင်းဖြစ် အတိတ်အကြောင်းလေးတွေ စားမြုပ်ပြန်၊ ဈေးဝယ် အတူထွက်၊ မြေးချွေးမလေးလိုချင်တာ၊ ပူဆာတာလေးတွေဝယ်ပေး၊ အဲဒီလိုနေချင်တာ၊ အခုတော့ လိုချင်တာတော့ တောင်းပါရဲ့၊ ငွေကိုပြောတာပါ၊ ပြီးရင် သူ့ဘာသာဈေးဝယ်ထွက်တယ်၊ သွားလိုက်ရင် မိုးလင်းကနေ ကားတစ်စီးနဲ့ထွက်၊ မိုးချုပ်မှပြန်လာရင် ပြန်လာတတ်တာ၊ အစကတော့ ဒီလိုပေါ့လေ၊ နိုင်ငံခြားမှာနေလာတဲ့သူဆိုတော့ လွတ်လွတ်လပ်လပ်နေချင်မှာပေါ့၊ နောက်တော့ မိသားစုဘဝနဲ့ စည်းရုံးသိမ်းသွင်းလို့ရမှာပါလို့ အဘွား ဖြေတွေးခဲ့တယ်"





"ပြောတော့ပြောကြည့်သေးတယ်မဟုတ်လား အဘွား"

"အေးလေ အဘွားပြောကြည့်တာပေါ့၊ ပြန်မပြော နားမထောင်လို့ ပြောရမလား။ အဘွားပြောနေတုန်းတော့ ဘာမှပြန်မပြောဘဲ နားထောင်ပေမယ့် နောက်တော့လည်း သူနေချင်သလိုနေတာပါပဲ"

"အဲဒီလူမျိုးကိုများ ဘာလို့ထမ်းတနေသေးတာလဲ အဘွားရယ်၊ ဒီအတိုင်းပဲ မေ့မေ့ပျောက်ပျောက် နေလိုက်ပါတော့လား။ သူလည်း သူ့ဘဝနဲ့ သူ"

ဒေါ်မြကြာနွယ် ခေါင်းကို ဆတ်ခနဲခါရမ်းသည်။

"အဲဒီလိုလုပ်လို့ မဖြစ်ဘူးလေ မြေးရဲ့၊ သူ့မှာမိဘတွေမရှိတော့ဘူး ဆိုတာထက် ကညာဖြူကို အဘွားက ငယ်ငယ်လေးတည်းက မြေးအရင်း လေးလိုချစ်ခဲ့တာ မြေးလေးလည်းသိသားပဲ၊ သူကလည်း အဘွားကိုချစ်ရှာ ပါတယ်၊ ဟိုမှာနေတာတောင်, အဘွားပေးလိုက်တဲ့လက်ဆောင်တွေရပါတယ် ပေးလိုက်တဲ့မုန့်ဖိုးတွေရပါတယ်၊ အဘွားနေကောင်းရဲ့လားနဲ့ အဆက်အသွယ် ဖြတ်ခဲ့တာမှမဟုတ်တာ၊ မြေးနဲ့လက်ထပ်တာလည်း သူ့အဒေါ်တွေတိုက်တွန်း လို့ဆိုတာထက် အဘွားကိုချစ်လို့ အဘွားဆန္ဒကိုမလွန်ဆန်တဲ့သဘောပဲ လေ"

"ဟူး"

ကညာဖြူ ဘယ်လောက်မကောင်းကောင်း၊ အဘွားအမြစ်မမြင်ဘဲ အကောင်းမြင်လွန်းတာက ခက်သည်။ ကညာဖြူနှင့်လက်ထပ်ပြီးချိန်မှာ မိသားစုဘဝရှိယ်လို့ နွေးထွေးမှုမရှိခဲ့တာတော့ အမှန်ပါ။ သူ စက်ရုံသွားချိန် မှာ အဘွားနှင့် ဘယ်လိုနေကြသည်ဆိုတာ မသိပေမယ့် အဘွားပြော သလောက်ကလည်း အဘွားအပေါ် ဂရုစိုက်မှုမရှိတာ သေချာသည်။

ဒါတောင် အဘွားက တမ်းတမ်းတတဖြင့်

"မြေး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ အဘွား"

"အဆက်အသွယ်ရတာနဲ့ ကညာဖြူလေးကို မြန်မြန်ပြန်ခေါ်နော် မြေး၊ အလုပ်လုပ်ပြီး သင်တန်းတက်နေရတယ်ဆိုတော့ သနားစရာပါ၊ လမ်းစရိတ်မရှိလည်း ငွေကိုလိုသလောက်လှမ်းပို့လိုက်၊ မိသားစုနဲ့ခွဲနေရတာဆိုရင် ပြန်လာတော့ အရင်ကလိုမဟုတ်ဘဲ သိတတ်နားလည်တာမျိုး ရှိချင်ရှိလာနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ အဘွား၊ အဘွားကသာ အစားအသောက်လေး စား ဆေးလေးသောက်ပြီး ကျန်းမာရေးကောင်းအောင်နေပါ"

"ဟိုနေ့က မုန့်ဟင်းခါးလေးစားပြီး ခံတွင်းလိုက်နေပါတယ် မြေးရယ်၊ နေ့တိုင်းစားရင် လေပွမှာစိုးလို့ စိတ်ကထိန်းနေရတာ၊ မုန့်ဟင်းခါးက မနက်ပိုင်းစားရင် ဒီလောက်မဟုတ်ပေမယ့် ညပိုင်းဆိုရင် လူကြီးဆိုတော့ လေပွချင်တယ်၊ သွေးတိုးချင်တယ်"

"စားချင်တဲ့ အာသီသရှိရင် ဆေးသောက်ပြီး စားပေါ့အဘွားရယ်၊ သားဆေးတိုက်ဖို့ သတိလက်လွတ်ဖြစ်တဲ့အခါလည်း အဘွားက မှတ်မှတ်ရရ ဆေးသောက်ပေါ့၊ ဆေးရုံဆေးခန်းမသွားချင်ရင် ဆေးတော့ သတိမလွတ်ဘဲ မှန်မှန်သောကမှရမှာ အဘွား"

"အင်း တစ်ခါတလေ ကိုယ့်ဘာသာ အမေ့ါအလေးသွားဖို့တောင် သတိမရတော့ ခက်တာပေါ့ကွယ်၊ ကညာဖြူလေးကို သတိရရင် ကျန်တာ တွေမေ့ကုန်ရော"

"အဘွားရယ်"

အစွဲအလန်းကြီးလွန်းတာကြောင့် အဘွား အယ်လ်ဇိုင်းမားရောဂါ ရမှာတောင် စိုးရိမ်ရသည်။ အဘွားကို ဒီလိုကြီးတော့ မဖြစ်စေချင်သေးပါ။ အသက်ခြောက်ဆယ်ကျော်ဆိုတာ ဆေးကောင်းဝါးကောင်းသုံးစွဲနေသရွေ့ သန်မာဖျတ်လတ်နေသင့်သေးသည်မဟုတ်လား။





"ဟို ခဏနေ သား ရေမိုးချိုးပြီးတာနဲ့ မုန့်ဟင်းခါးသွားဝယ်လိုက်တော့မယ်လေ အဘွား၊ သားလည်း ထမင်းမစားတော့ဘူး၊ မုန့်ဟင်းခါးပဲ စားလိုက်တော့မယ်၊ သားက မုန့်ဖတ်မကြိုက်တော့ အီကြာကွေးလေး နံပြားလေးနဲ့ မုန့်ဟင်းရည်ရောပြီး စားလိုက်မယ်"

"အင်း မြေးလေး စားမှာလည်းကောင်းမယ့်ပုံပဲ၊ အဘွားတို့ငယ်ငယ်တုန်းကလည်း အဲဒီလိုပဲကွဲ၊ ခေါက်ဆွဲဖတ်ဖြစ်ဖြစ် အီကြာကွေးဖြစ်ဖြစ် မုန့်ဟင်းရည်နဲ့စားကြတယ်၊ နံနံပင် ကြက်သွန်ရွက်သီးမှုန့်ထည့် အရမ်းကို စားလို့ကောင်းတာ၊ တစ်မနက်စာစပ်စပ်ချဉ်ချဉ် အရသာရှိရှိ စားလိုက်ရလို့ ဆိုတော့ နေ့လယ်စာတောင်မစားချင်တော့ဘူး"

အဘွားကတော့ ငယ်ကအကြောင်းတွေပဲပြောချင်နေသည်။ အမေး အမြန်းထူသော စပ်စုချင်သော ခင်မုန်းနှင့်တော့ အဆင်ပြေမှာပါ။ ဒါပေမဲ့ ခင်မုန်းကို ကညာဖြူအဖြစ် အဘွားယုံကြည်လက်ခံမှုဖြစ်လိမ့်မည်။

အဘွားသံသယ မဝင်အောင်တော့ ခင်မုန်းကို ကညာဖြူနှင့်ပုံစံ ဆိုက် ဝတ်စားဆင်ယင်ပုံတွေတူအောင် ထရိန်နင်ပေးမှဖြစ်မည်။ ဒါပေမဲ့ သူမက ဒီအလုပ်ကို လက်ခံလိုက်ပေမယ့်၊ သူမမိဘတွေရဲ့သဘောဆန္ဒက ဘယ်လိုလာဦးမည်မသိပေ။ သူ ရေမိုးချိုး အဝတ်အစားလဲပြီးတာနှင့် ခင်မုန်း တို့ဆိုင်ဘက်ကို ကားနှင့်ထွက်လာခဲ့လိုက်သည်။ မေးစရာအကြောင်းအရင်း တွေလည်း ရှိနေသည့်အတွက် အဘွားအတွက်မုန့်ဟင်းခါးဝယ်ဖို့ သူ စောစီးစွာထွက်လာခဲ့သည်။

သူ့မတို့ဆိုင်ကိုရောက်တော့ လူကစည်ကားမြဲ စည်ကားလို့ပင်။

"ခင်မုန်း"

"ဩော် ရှင် မုန့်ဟင်းခါး လာဝယ်တာလား"

"အင်း ကိုယ်လည်း ဒီမှာစားဦးမယ်၊ ပြီးမှ အဘွားအတွက် ဝယ်သွားမယ်၊ ခင်မုန်းနဲ့စကားပြောစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခင်မှုန်းနဲ့နီးတဲ့ စားပွဲမှာ ထိုင်လိုက်နော်၊ မုန့်ဟင်းခါးကတော့
မရသေးဘူး။ ကြက်သွန်ဥနုပ်ဖို့ ရေကျဖို့ ခဏစောင့်ရဦးမယ်၊ ရေမကျ
မုန့်ဟင်းခါးက စားလို့မကောင်းဘူး"

"ကိုယ်လည်း သိပါတယ်၊ ခင်မှုန်းနဲ့စကားပြောစရာရှိတာနဲ့
ထွက်လာတာ"

"ဟုတ်ပါပြီ ဆိုင်ရှင်ကို ခဏသွားပြောလိုက်ဦးမယ်နော်"

ခင်မှုန်းက ကောင်တာဘက်ထွက်သွားသည်။ ခဏနေမှ
ရောက်လာပြီး သူနှင့် မျက်နှာချင်းဆိုင်ကာ ထိုင်ခုံမှာဝင်ထိုင်၏။

"ဆိုင်ရှင်ကို အလုပ်ထွက်မယ့်အကြောင်းပြောထားတယ်လေ၊
စည့်သည်နဲ့စကားပြောဖို့ဆိုပြီး ခွင့်တောင်းတာ"

"မင်းမိဘတွေရော အသိပေးပြီးပြီလား။ သူတို့ကရော ခွင့်ပြု
လား"

"ခွင့်မပြုချင်ဘူး။ သူတို့က အိမ်ဖော်လုပ်မယ်ထင်နေတာ၊ ခင်မှုန်း
က အသွားကိုပြုစုဖို့လို့ လိမ်ပြောလိုက်တာကိုး၊ မယားအငှားဆိုလို့က
လုံးဝလက်ခံမှာမဟုတ်ဘူး၊ ကန့်ကွက်မှာအသေအချာပဲ"

"အခုရော"

"ခင်မှုန်း သေချာပြောပြတော့ လက်ခံပါတယ်၊ လစာအနေအထ
ရော၊ နောက်ထပ်ရမယ့်ငွေရော၊ ကိုယ့်အတွက် ဒီလောက်ငွေဆိုတာ
တောင်မျှော်မှန်းရဲတာမဟုတ်ဘူးလေ၊ အဲဒီလိုပြောလိုက်လို့ ရှင် ဘဝင်
ပြီး ကလိမ်ကကျစ်နဲ့ ဈေးလျှော့ဖို့ မစဉ်းစားနဲ့နော်"

"မင်းကလည်း စကားပြောရင် ပိသသာလေးနဲ့ဘေးပစ်တဲ့အ
ပဲ၊ လူကြီးလူကောင်းလုပ်ငန်းရှင်တစ်ယောက်ပါ၊ ပြောပြီးသားစကားကို
တော့မှ မဖျက်ဘူး"

"ရှင်နဲ့က အခုမှသိတာ ဘယ်လောက်ကြာသေးလို့လဲ၊ ရှင့်အ





စိတ်ကို ခင်မှုန်း သေချာမသိသေးဘူးလေ"

"ဩော် ကိုယ့်စကားကို ပြန်ချေပတာပေါ့လေ"

"ခင်မှုန်းက အမှန်တရားပြောတာပါ"

"ဟုတ်ပါပြီ ဒါဆို မင်းအလုပ်ထွက်လိုက်တော့လေ၊ မင်းကို ကညာ
မြူနဲ့တူအောင် ကိုယ် ထရိန်နင်ပေးရဦးမယ်၊ သူ့အဝတ်အစားတွေ အိမ်မှာ
ကျန်သေးတယ်ဆိုပေမယ့် နိုင်ငံခြားကပြန်လာတဲ့လူတစ်ယောက်နဲ့တူအောင်
အဝတ်အစား အသုံးအဆောင်တွေလည်း ဝယ်ရဦးမယ်"

"အဲဒီလိုတွေ လိုအပ်လို့လား"

"ကညာဖြူက မင်းလို သနပ်ခါးပါးကွက်ကြား ရိုးပုံရိုးပန်း အဝတ်
အစားတွေဝတ်တဲ့ တောသူမဒီဇိုင်းမှမဟုတ်ထာကွ"

"ဘာ"

သူမ ဆတ်ခနဲခါအောင်-ဒေါသဖြစ်သွားသည်။ သူမကို တောသူမ
ဒီဇိုင်းတဲ့။ သူ့ရုပ်ကြည့်လိုက်တော့ ပြုံးစိစိ။

"ကိုယ်ပြောတာက ဒီလိုပါ၊ သူနဲ့မင်းက ရုပ်နဲ့အရမ်းအမောင်းပဲ
ဆင်တာ၊ ဒီဇိုင်းကတော့ လုံးဝကွာခြားတယ်လေ၊ အဲဒီအတွက် မင်းကို
ကညာဖြူအနေနဲ့ ခေါ်သွားမှာဆိုတော့ ယုံကြည်အောင်လို့ ပြုပြင်ဆင်မှုတော့
လုပ်ရမှာပေါ့ကွ"

"ကဲ ဟုတ်ပါပြီ ရှင့်စိတ်တိုင်းကျပဲလုပ်ပါတော့၊ ခင်မှုန်းက ဒီအလုပ်
ကိုလက်ခံလိုက်ပြီပဲ"

"ဒါဆို မင်းလက်ခံလိုက်ပြီဆိုရင် ဒီတစ်ပတ်အတွင်းမှာ လေ့ကျင့်
ဆယ်ဟုတ်ပြီနော်"

ခင်မှုန်း ခေါင်းညိတ်ပြပြီး ဟင်းရည်အိုးထမ္မေပြီး မြည်းကြည့်လိုက်
သည်။

"အခုနတော်ပဲ စားလို့ရပြီ ရှင်စားမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို မုန့်ဖတ်မထည့်နဲ့ အီကြာကွေးကို သေးသေးလေးတွေ ညှပ်ပြီး ဟင်းရည်နဲ့ထည့်ပေး"

"ဒီအချိန် ဘယ်လိုလုပ် အီကြာကွေးရှိမှာလဲ"

"ဒါဆို နံပြားနဲ့ရော"

"အဲဒါတော့ ရတယ်၊ နံနံပင်တို့ ငရုတ်သီးတို့ထည့်မှာလား"

"ငရုတ်သီးက နည်းနည်းပဲ သံပုရာသီးညှစ်ထည့်"

"သံပုရာသီးစိတ်နဲ့ နံနံပင်ချပေးမှာပဲကို ကိုယ့်ဘာသာညှစ်ထည့် စားတာမဟုတ်ဘူး"

သူမ ပွစိပွစိပြောမိမေမယ့် သူ့စိတ်ကြိုက်ဖြစ်အောင် နံပြား သေးသေးလေးတွေညှပ်ထည့် သံပုရာသီးစိတ်လေးပါ ညှစ်ထည့်ပေးလိုက် သည်။

"ရော့ အဆင်မပြေတာရှိရင်ပြော"

သူမ ပြင်ပေးသော မုန့်ပွဲကို သူ တစ်ဇွန်းခပ်စားကြည့်လိုက်သည် အားလုံး သဟဇာတဖြစ်ကာ အဆင်ပြေနေ၏။ စားဖူးသမျှ မုန့်ဟင်းခါး ထဲမှာ အရသာအရှိဆုံးလို့ ပြောလို့ရသည်။

အဘွားပြောသလို စေတနာပါလို့သာ လက်ရာကောင်းတာ မည်။ အဘွားအပေါ် အဲဒီလိုစေတနာထားနိုင်ပါစေဟုသာ ဆုတောင်း

ကညာဖြူမဟုတ်တဲ့ ခင်မှန်းကို ခေါ်သွားရမှာ သူလည်း စေတ အများပါ။ အဘွား နားလည်နိုင်ပါစေ။

■ ■ ■



## အခန်း (၈)

"ဒီဖိနပ်တော်လား စီးကြည့်"

"ဒါကြီးကို"

လေးလက်မလောက်အမြင့်ရှိသော ဒေါက်ဖိနပ်ကို သူမ ခြေ ဆောက်နားချပေးတော့ သူမ ပနံ့ပါတွန့်သွား၏။ လင်းရောင်ထင်က ခပ်တည် ည်နှင့်ပင်

"ကညာဖြူက ခြောက်လက်မ ရှစ်လက်မဒေါက်တောင်စီးတယ်၊ က စလစ်ပါတွေပဲစီးလို့ အဆင်မပြေမှာစိုးလို့ ဒီလောက်ပဲရွေးပေးတာ"

"သေချာတယ် ဒါလည်း အဆင်မပြေလောက်ဘူး။ ခင်မှန်း တစ် က်မဒေါက်တို့ ခုံအမြင့်တို့တောင် မစီးဖူးဘူး"

"အရင်မစီးဘူးလည်း အခုကတော့ မစီးလို့မရဘူးလေ၊ ကညာဖြူ အရမ်းကြီး ကွဲပြားနေလို့မှ မဖြစ်တာ၊ ဒီလောက်တော့ စီးကြည့်ပါ"

"ဒုက္ခပဲ စိမ့်ရှော်ညစ်လိုက်တာနော်"

သူမ မျက်နှာရှုံ့မဲ့ ခေါင်းကုတ်ကာ ညည်းညူမိသည်။ တကယ်တို့ ပ်များပ်မိတာပါ။ ဒီဒေါက်မြင့်ဖိနပ်ကြီးကို ဘယ်လိုစီးရမလဲ။

www.burmeseclassic.com



"စီးလေ"

လင်းရောင်ထင်က သူမရှေ့ ဖူးထောက်ထိုင်လိုက်ပြီး သူမခြေထောက်ကိုမကာ ဖိနပ်သွင်းပေး၏။ သူမ ယိုင်ထိုးသွားသည့်မို့ သူ့ပခုံးကို ယောင်ယမ်းကာ ဆုပ်ကိုင်လိုက်မိ၏။ ဖိနပ်ထဲ ခြေထောက်နှစ်ဖက်လုံး ဝင်သွားသောအခါ သူမ မတ်မတ်မရပ်နိုင်ပေ။

လင်းရောင်းထင်က မတ်တတ်ရပ်ကာ သူမကို ထိန်းပေးထားပြီး

"လျှောက်ကြည့်"

"ဘယ်လိုလျှောက်ရမှာလဲ၊ ဒီမှာ လဲကျတော့မယ်"

"ခြေလှမ်းရွှေ့ပြီးလျှောက်ကြည့်မှပေါ့ကွ၊ ဒီအတိုင်းကြီး ရပ်နေရင် ဘယ်လိုလုပ် ဒေါက်မြင့်ဖိနပ် စီးတတ်တော့မှာလဲ"

"ရပ်နေတာတောင် ယိုင်ထိုးနေတာ မလျှောက်ရဲဘူး"

"အာကွာ လျှောက်ပါ ကိုယ့်ကိုကိုင်လျှောက်"

"စိတ်ညစ်လိုက်တာနော်၊ ဆယ်ခါပြန်တောင် သေချင်တယ်"

သူ့ကိုကိုင်ထားရတာက တစ်ဒုက္ခ၊ ယိုင်နဲ့တွန့်လိမ် ကောက်ကွေးပြီး ပုံပျက်ပန်းပျက် ဖြစ်နေရတာက တစ်ဒုက္ခမို့ သူမ ငိုမဲ့မဲ့ပင်ဖြစ်နေခဲ့သည်။ တစ်ချို့ မိန်းကလေးတွေများ ခွာမြင့်ဒေါက်မြင့်ဖိနပ်တွေစီးပြီး လမ်းလျှောက်တာများ၊ တငွပ်ငွပ်ဖြင့် စတိုင်ကိုကျလို့။

ကြည့်ကောင်းလွန်းလို့ အားကျပြီး ငေးမောင်ကြည့်ခဲ့မှုတော့ သူတို့လည်း စစီးခါစက ဒီလိုပုံပျက်ပန်းပျက် ယိုင်ထိုးခဲ့ကြဖူးလား မသိပေ။

"ဟုတ်ပြီ လျှောက်ကြည့် လျှောက်ကြည့် ရတော့မယ်"

"အမယ်လေး"

"ဟာ သွားပါပြီ"

လင်းရောင်ထင် ထိန်းထားရာက လွှတ်လိုက်သည့်အတွက် သူမ လဲပြိုသွားချိန်မှာ လက်ကလှမ်းဆွဲသော်လည်းမမိ၍ လင်းရောင်ထင်က





အောက် သူမကအပေါ်က ထပ်လျက်ကြီး လဲကျသွားရလေသည်။

သူမ ရှက်ရွံ့ထူပူကာ လူးလဲထရပ်တော့ ဒေါက်ဖိနပ်ကိုမထိန်းနိုင်၍ ထပ်၍ လဲကျသွားပြန်၏။ လင်းရောင်ထင်က လျှပ်တစ်ပြက်အလျင် အမြန် ပြန်ထကာ ဆွဲထိန်းထားလိုက်ပြီး သူ့မျက်နှာလည်း နီရဲနေသည်။

"ဟား ချွေးကိုပြန်နေတာပဲကွာ၊ နည်းနည်းပါးပါး ကိုယ့်ကိုယ်ကိုယ်လည်း ထိန်းဦးမှပေါ့"

"စီးမှ မစီးတတ်တာကို"

"ကဲကွာ အဲဒါနောက်မှ အစီးကျင့်တော့ ဒီနေရာမှာ အချိန်ကုန်ပြီး သူများတွေမြင်ရင် ရယ်တော့မှာပဲ၊ အဝတ်အစားပဲရွေးရအောင်၊ ဖိနပ်ကိုတော့ မင်းအိမ်မှာအစီးကျင့်ဖို့ နှစ်ရံလောက်ဝယ်ခဲ့မယ်"

"ဟင် ခင် ခင်မှုန်းအိမ်မှာ ဘယ်လိုလုပ် အစီးကျင့်လို့ရမှာလဲ၊ ရွာအဘွားပြုစုမယ့်သူက ဒီလိုအလှအပတွေ ဒေါက်မြင့်တွေနဲ့ဆို ဘယ်လိုသုံးတော့မှာလဲ"

"အဲဒီလိုဆို ဒီဖိနပ်ဆိုင်မှာပဲ လာပြီး လေ့ကျင့်တော့မှာလား"

"အဲဒါတော့ မသိဘူး"

"ခက်တာပဲကွာ"

လင်းရောင်ထင် မျက်နှာနီနီ ချွေးပြန်လျက် စိတ်ညစ်သွားဟန်တူသည်။ ခုနအဖြစ်ကို သူမရင်ထဲ ရှိန်းတိမ်းဖိန်းတိမ်း ပူစပ်ပူလောင်ဖြင့် ဘယ်လိုမျက်နှာချင်းဆိုင်ရမှန်းပင် မသိပေ။

"ခင်မှုန်းတို့ ပြန်ကြရအောင်လေ နောက်နေ့မှ"

"ကိုယ့်မှာ အလုပ်တစ်ဖက်နဲ့ မင်းကိုဒါတွေလုပ်ပေးနေရတာ ခင်မှုန်း အဘွားကလည်း ကညာဖြူကို မြန်မြန်ပြန်လာစေချင်နေပြီ၊ အဲဒီအတွက် မင်း ဒီဒေါက်ဖိနပ်လည်း မြန်မြန်စီးတတ်မှဖြစ်မယ်၊ ကားမောင်းလည်း တတ်မှ မျက်နှာလည်းပြင်ပြီးမှ မင်းကိုခေါ်သွားလို့ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



''ဟင်း''

သူမ သက်ပြင်းတွေ ချမိသွားရလေသည်။ သူမဘက်မှာ ဒါတွေလုပ်နေရတာကြောင့် အသက်ရှူမဝသည့် အခက်အခဲဖြစ်နေသလို၊ လင်းရောင်ထင်ဘက်မှာလည်း သူမကို ဒါတွေလိုက်လုပ်ပေးနေရ၍ အခက်အခဲရှိနေမှာပင်။ သူမ ဘာကြောင့် ဒီလောက်တောင် နုံအနေရတာပါလဲ။

ထိတွေ့ဆက်ဆံရသည့် ပတ်ဝန်းကျင်၊ လူမှုဆက်ဆံရေးနှင့် အသိုက်အဝန်း အဆင့်အတန်း ကွာဟလွန်းလို့ပဲ ဖိနပ်လေးစီးဖို့တောင် ခက်ခဲနေရတာလား။

''အမေ''

''ဩော် ကျွတ်''

ဖိနပ်ကိုချွတ်ဖို့ ပြင်ခါမှ လဲဖို့ဖြစ်ရပြန်၏။ လဲမှာကြောက်၍ လင်းရောင်ထင်လက်မောင်းကို အားကိုးတကြီး တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်မိပြန်၏။ ဒီတစ်ခါတော့ လင်းရောင်ထင် ဘာကိုနားလည်သွားမှန်းမသိဘဲ ပြုံး၏။ ဒီလူပြုံးလိုက်လျှင်တော့ လူကြီးလူကောင်း အတည်အတံကြီးလို မဟုတ်ဘဲ လူငယ်လေးတစ်ယောက်လို ဆွဲဆောင်မှုရှိသွားတာတော့ အမှန်ပင်။ သူမ စိတ်ကိုတစ်ထစ်လျှော့ချလိုက်ပြီး

''ကဲ ရှင်ဝယ်ပေးချင်တာ ဝယ်ပေးလိုက်၊ ခင်မှုန်း အိမ်မှာ လော့ကျပါ့မယ်''

''အိုကေ အဲဒီလိုလုပ်ပါ''

လင်းရောင်ထင်က ဖိနပ်ကို သူကိုယ်တိုင်ချွတ်ပေးပြီး သူမနှင့် အဆင်ပြေလောက်မည့် ဖိနပ်နှစ်ရံဝယ်ပေး၏။

''လာ အဝတ်အစားတန်းဘက်သွားရအောင်၊ ကညာဖြူဝတ်တဲ့ အဝတ်အစားတွေက မင်းနဲ့လိုက်ရဲ့လား ဝတ်ကြည့်ဦးမှဖြစ်မယ်''

သူမ အဝတ်အစားတန်းဘက် လိုက်ရပြန်သည်။ တကယ်တ





တန်ဖိုးကြီး အဝတ်အစားတွေရောင်းသည့် ဆိုင်ဘက်အရောက်မှာတော့ လင်းရောင်ထင်က အဝတ်အစားတွေကို ရွေးချယ်၏။

''ရော့ ဒါလေး ဝတ်ကြည့်''

''ဟင် လည်ပင်းက ဟိုက်လိုက်တာ အရောင်အရင့်တွေလည်း ခင်မှုန်း မဝတ်ရဲဘူး''

မင်း မဝတ်ရဲတာအရေးမကြီးဘူး။ ကညာဖြူ ဝတ်သလိုတော့ ဝတ်ရမှာပဲ၊ အရမ်းကြီးလွဲနေရင် သိသာကွဲထွက်သွားမှာပေါ့၊ အဲဒါဆိုရင် မင်းက ကညာဖြူပါဆိုတာ အဘွားက ယုံကြည်မှာတဲ့လား''

''ရှုပ်လိုက်တာနော်၊ တကယ်ပဲ ဒီအလုပ်ကို လက်ခံမိတာ မှားပြီထင်တယ်''

သူမ စိတ်ညစ်သွားပုံလေးက အဖြူရောင်လေးပါ။ ကညာဖြူနှင့် စိတ်ခံစားပုံ အနေအထားတွေအားလုံးက တခြားစီပင်။

''ကဲ မင်းမဝတ်ဘူးလို့ မဝတ်ရဲဖြစ်နေတာပါ၊ ဝတ်ကြည့်စမ်းပါဦး။ ဝတ်လိုက်လို့ လိုက်ဖက်ရင် ဖက်ရှင်ဖြစ်ပြီး စတိုင်ကျသွားတာပဲ၊ မင်း ဝတ်လိုက်လည်း လှမှာပါ''

''ဟင်း''

သူမ သက်ပြင်းချပြီး အဝတ်အထည်တွေယူကာ အဝတ်လဲခန်းထဲဝင်လာခဲ့လိုက်သည်။ သူမ အဝတ်အစားတွေချွတ်ပြီး ဝတ်ကြည့်လိုက်တော့ ကိုယ်လုံးပေါ်မှန်ထဲမှာ မြင်နေရသည့် သူမရဲ့ပုံစံကို သူမမကြည့်ရဲသလိုဖြစ်ကာ ကြက်သီးတွေထသွားသည်။

''ဒီလောက် လည်ပင်းဟိုက်ပြီး အရောင်တောက်တာကြီး မဝတ်ရဲပါဘူးနော်၊ ငါ့နှယ် ဒုက္ခပါပဲ''

သူမ မျက်နှာလေး ရှုံ့မဲ့ ပျက်ယွင်းရင်း အပြင်လည်း ပြန်မထွက်ရဲဘဲ ဖြစ်နေရသည်။ ဒီပုံစံကြီးနှင့် အပြင်ထွက်သွားလျှင် လင်းရောင်ထင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သောက်တောင် သူမကို လှောင်ပြောင်သရော်ပြီး ရယ်လိုက်မလဲ။

"ခင်မုန်း ခင်မုန်း ဟိတ် ဝတ်လို့မပြီးသေးဘူးလား။ ထွက်လာခဲ့တော့လေကွာ"

"ဟင်"

အပြင်က လင်းရောင်ထင့်က ခေါ်နေပြီ။ သူမ ဘယ်လိုလုပ်အပြင်ထွက်ရမလဲ။ ဒီလိုအဝတ်အစားမျိုးတွေ တစ်ခါမှမဝတ်ဘူးတာမို့ စိတ်မွန်းကျပ်နေမိသည်။

"ဟူး စိတ်တွေရှုပ်လိုက်တာ"

မထွက်လို့လည်း မဖြစ်တာမို့ သူမ ထွက်လာခဲ့သော်လည်း လင်းရောင်ထင်မျက်လုံးများကို ရင်မဆိုင်ရဲတာကြောင့် သူမ မျက်လုံးကြီးမှိတ်ထားလိုက်မိသည်။

"ခင်မုန်း ဟိတ် မင်းဘာလို့ မျက်လုံးကြီးမှိတ်ထားတာလဲ"

"ဒီ ဒီပုံစံကြီးနဲ့ မနေရဲလို့"

"မင်း အရမ်းလှတယ် ခင်မုန်း"

"ရှင်"

"ကညာဖြူနဲ့အရမ်းကို ဆင်သွားတယ်၊ ဆံပင်ရော မျက်နှာရော ပြင်လိုက်ရင် လုံးဝ ကညာဖြူပဲ"

"ဟင့်အင်း"

"ကဲ မျက်လုံးက ဖွင့်စမ်းပါ"

သူမ မျက်နှာကိုကိုင်ကာ လက်မနှစ်ဖက်နှင့် မျက်လုံးကိုပင့်ပစ်လိုက်မှ သူမမျက်လုံးပွင့်လာလေသည်။ ဒါတောင် လက်ငါးချောင်းနှင့်အုပ်ပြီး လက်ချောင်းကြားထဲကနေ သူ့ကိုမကြည့်ရဲ ကြည့်ရဲလုပ်နေ၏။

သူ စိတ်မရှည်စွာ သူမလက်ချောင်းတွေကို ဆွဲဖယ်လိုက်ပြီး

"အဲဒါက ဘာဖြစ်နေတာလဲ"





"ဒါကြီးဝတ်ပြီး မနေရဲလို့"

"မင်းမျက်လုံးမှိတ်လိုက်တာနဲ့ ငါက မင်းကိုမမြင်ရတော့ဘူးလား"

"ဟို ဒါပေမဲ့"

"ခင်မုန်းရယ် မင်း အဲဒီလောက် မရိုးစမ်းပါနဲ့ကွာ၊ လူမှာအဝတ်ဆောင်းမှာအကွပ်တဲ့၊ မင်းက ဒီလိုအဝတ်တွေ ဝတ်လိုက်တော့လည်း မင်းဆော့တော့သလိုပဲ၊ ဝတ်စမရှိလို့ မဝတ်ရဲဖြစ်နေတာပါ။ နောက်တော့လည်း မင်း အကျင့်ပါသွားမှာပေါ့"

"နောက်မှ အဲဒီလိုဖြစ်မလားမသိပေမယ့် အခုတော့ စိတ်ကျဉ်းကျပ်မိတာအမှန်ပဲ"

သူမ မျက်နှာက ရှုံ့မဲ့ကာပြောတော့ သူ ရယ်ချင်သွားမိသည်။ ခင်မုန်းက တကယ်ကို အရိုးခံလေးပါ။ မိဘကိုလုပ်ကျွေးနေသည့်သူမို့ ခင်မုန်းကို သူ ရွေးချယ်မိလိုက်တာ မှားမည်တော့မထင်။

ဒါပေမဲ့ စာချုပ်စာတမ်းကိုတော့ သေချာမလုပ်လို့မဖြစ်။ လူ့စိတ်ဆိုတာတော့ အပြင်ပန်းရိုးသားရုံနှင့် ယုံကြည်လို့မရဘူးမဟုတ်လား။

အတွင်းစိတ်ရော အပြင်စိတ်ရော ခင်မုန်း ရိုးသားရဲ့လားဆိုတာ တာတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဝုန်း ဖြုန်း"

"ဟဲ့ သမီး ဘာဖြစ်တာလဲ"

"ဘာ ဘာမှမဖြစ်ဘူး အမေ၊ ခင်မုန်းအခန်းထဲ ဝင်မလာခဲ့နဲ့နော်"

အခန်းထဲမှာ ဒေါက်ဖိနပ်အစီးကျင့်ရင်း သူမ ချော်လဲကျသွားတာပါ။ လင်းရောင်ထင် ဝယ်ပေးလိုက်သည့် အဝတ်အစားများနှင့် ဝတ်စုံပြည့်လေ့ကျင့်နေတာမို့ အမေတို့သိသွားလို့မဖြစ်။ သူမရဲ့ဒီပုံစံကို မြင်သွားလျှင် ငါတို့သမီး ဘာအလုပ်လုပ်ကျွေးမှာမို့ ဒီလိုတွေ ဝတ်စားထားတာလဲလို့ အထင်အမြင်လွဲသွားနိုင်သည်။

ဟူး ကျစ်ကျစ်ကပ်ကပ်လည်ပင်းကဟိုက်နဲ့ ယောက်ျားတကာကို ဆွဲခေါင်နေရသလိုပါပဲလား။ ဒီလိုတွေဝတ်ကြလို့ ယောက်ျားတွေက သူတို့ကို မြူဆွယ်တယ်ထင်သွားရင် ဘယ်လိုလုပ်မလဲ။ အခုခေတ် မိန်းကလေးတွေ ဒီလိုတွေဝတ်စားကြလို့ မဒိမ်းမှုတွေ အငယ်အနှောင်းကိစ္စတွေ ဖြစ်ပေါ်လာကြတာ ဖြစ်မည်။

မလုံ့တလုံ မပေါ်တပေါ် အဝတ်အစားတွေဝတ်ကြတာ မဟုတ်ပါ





လား။ သူမကိုယ်သူမ ဟိုကပေါ် ဒီကပေါ်မို့ ရှက်ရွံ့မိသလို မျက်နှာလေးပါ ဖြန်းနေရသည်။ အမေတို့ဝင်လာမလား စိုးတထိတ်ထိတ်ဖြင့် အခန်းပေါက်ဝကိုကြည့်ကာ စိတ်လည်းမဖြောင့်ပေ။

နောက်ဆုံး ကိုယ်ဝတ်နေကျ အဝတ်အစားကို လဲဝတ်လိုက်ပြီး ဖိနပ်ကိုပါ ချွတ်လိုက်မှ အသက်ရှူဝသလို ခံစားရသည်။ မိတ်ကပ်တွေလည်း ဖျက်ပစ်လိုက်မှ ခင်မုန်းဘဝကို ပြန်ရပြီး သူမ ပြုံးနိုင်တော့သည်။ ပကာသနတွေကို ထမ်းပိုးရတာ မလွယ်လှပေ။

"အမေ"

"အေး သမီး ခုနက ဘာဖြစ်တာလဲ၊ ဝုန်းဖြုန်းနဲ့ တစ်ခုခုဖြစ်သလားလို့ ဝင်ကြည့်ဖို့ကလည်း သမီးက မဝင်နဲ့ဆိုတော့"

"မဟုတ်ပါဘူး၊ ဟိုဘက်အိမ်ကကြောင် ပြတင်းပေါက်က ဝင်လာတာ ခင်မုန်း ခြောက်လိုက်လို့ပါ"

"ဩော် အဲဒါဆိုလည်း ပြီးရောပါ၊ အမေက သမီးများ ဘာများဖြစ်သလဲလို့၊ ဩော် သမီး အမေတို့မနက်က နတ်ကတော်သွားမေးကြသေးတယ်၊ သမီးကို အိမ်ထောင်ကျကိန်းရှိတယ်လို့ ပြောလိုက်တယ် သမီးရဲ့"

"ရှင်"

"ဟုတ်တယ် သမီး၊ အဖေတို့ အရမ်းကိုစိုးရိမ်သွားတာ၊ ဒီရက်ပိုင်းဒီလပိုင်းထဲမှာ အိမ်ထောင်ကျမှာတဲ့၊ ဒါပေမဲ့ စိုးရိမ်စရာမရှိဘူးတဲ့၊ မင်းစိုးရာဇာ သူဌေးသူကြွယ်ကတော် ဖြစ်မှာတဲ့လေ၊ သမီးမှာ ရည်းစားတွေဘာတွေများ ရှိနေလား သမီး"

"ရှင် မ မရှိပါဘူး"

"ဒါဆို လက်ထပ်ဖို့အစီအစဉ်လည်း မရှိဘူးပေါ့"

"မ မရှိပါဘူး"

"ဟင် ကိုဇော်ဝင်း ဒါဆို ကျွန်မတို့နတ်ကတော်ပြောလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



မှားတာပေါ့''

''ဒီနတ်ကတော်ပြောတာ အမြဲတမ်းမှန်နေတာပါ။ ဘယ်လိုဖြစ်တာလဲ''

အဖေနှင့်အမေ ခေါင်းစားသွားတာ သူမ ရယ်ချင်မိသည်။ မယား အငှားလုပ်တာ အတုအယောင်ဆိုပေမယ့်လည်း သူမအဖြစ်က အိမ်ထောင်ကျသည်နှင့်မထူးဘူး မဟုတ်ပါလား။

ဗေဒင်အရဆို ယတြာချေလိုက်သလို ကျိန်းကျေသွားတာပဲ မဟုတ်ပါလား။ ဒါပေမဲ့ ဒီကိစ္စကို အဖေနှင့်အမေ သိလို့မဖြစ်ပေ။

''ဟို နတ်လည်းမှားချင်တဲ့အချိန် မှားမှာပေါ့ အမေရယ်၊ လူ့ကံဇာတာဆိုတာလည်း ဂြိုဟ်သက်အလိုက်ပြောင်းချင်ပြောင်းနေတာမဟုတ်လား။ မကောင်းတာ ကောင်းတာကို ယတြာချေလိုက်လည်း ရတာပဲ''

''မဟုတ်ဘူး သမီးရဲ့၊ အမေတို့သမီးကို အိမ်ထောင်မကျစေချင်သေးပေမယ့် လင်ကောင်းသားကောင်းနဲ့ဆိုရင်တော့ လက်ထပ်စေချင်တာပေါ့ကွယ်၊ အမေတို့က သမီးဘဝကို ဘာမှမပံ့ပိုးနိုင်ဘူးမဟုတ်လား။ အိမ်ထောင်ရက်သားကျလို့ ကောင်းစားမယ်ဆိုရင် မိဘဝတ္တရားအရ ခွင့်ပြုပေးချင်တယ်''

''ဟို ခင်မုန်းမှာ ရည်းစားမှမရှိတာ ဘယ်သူ့ကို ယူရမှာလဲ''

''အဲဒါကို အမေတို့ပြောတာပေါ့၊ ဒီနတ်ကတော်ပြောတာ မမှန်ဘူးဆိုရင် ဘိုးတော်ဆီမေးရမယ်''

''အဖေတို့ရယ် အဲဒီလိုတွေ မမေးပါနဲ့ဆိုမှ''

''ဩော် သမီးရယ် အမေတို့မှာ သမီးလေးတစ်ယောက်တည်း ရှိတာ၊ ဘာဖြစ်မယ် ညာဖြစ်မယ် စိုးရိမ်လို့ မေးကြည့်ရမှာပေါ့၊ အဲဒါမှ 'ကောင်းတာမကောင်းတာ ဆင်ခြင်လို့ရမှာပေါ့''

''အဖေတို့က ဒီလိုတွေလုပ်လို့ ဒီထက်မဆင်းရဲသွားတာပေါ့၊ သမီး





ကောင်းတာဖြစ်တော့မယ်ဆို၊ ယတြာချေလိုက်တယ်၊ အဓိဋ္ဌာန်ပုတီးစိပ်လိုက်၊ သက်သက်လွတ်စားလိုက်၊ ငှက်တွေလွှတ်လိုက်၊ အဲဒီလိုတွေ လုပ်နေတော့ ကံဆိုးတာတွေပျောက်ပြီး ကံကောင်းတာတွေ ရောက်လာတာပေါ့''

အဖေနှင့်အမေ ဝါသနာနှင့်အကျင့်ကိုတော့ သူမ ဘယ်လိုမှတားလို့ရမှာမဟုတ်ပေ။ သူမ ရှာပေးသမျှငွေလည်း ဒီလိုကိစ္စတွေနှင့်ပဲကုန်တာ။ ဒါ့အတွက်ကုန်မည့်ငွေတွေကိုသာ စုဆောင်းထားခဲ့မည်ဆိုလျှင် အိမ်ပိုင်လေး တစ်လုံးတောင် ဝယ်နိုင်လောက်ပြီထင်သည်။ အဖေနှင့်အမေက နယ်မှာကတည်းက ဒီလိုမျိုးအကျင့်တူ စရိုက်တူမို့ ဒီလိုကိစ္စတွေလုပ်ကြရင်း ဖူးစာဖက်ခဲ့ကြသည်တဲ့။ နောက်တော့ ရန်ကုန်တက်လာပြီး ဒိုးတူပေါင်ဖက် လုပ်ကိုင်စားရင်းဖြင့် သူမကိုမွေးလာခဲ့သည်။

ထိုနှစ်ယောက်က မွေးလာခဲ့သော သူမကတော့ အဲဒါတွေ ဝါသနာမပါဘဲ လက်တွေ့ကျသောဘဝကို လက်တွေ့သာ ရင်ဆိုင်လာခဲ့သူ။

ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်။ မကောင်းတာလုပ်လျှင် မကောင်းတာဖြစ်မည်။ ယခုအချိန်မှာ ကြိုးစားပြီး အတိတ်ဘဝက ကံနှင့် တိုက်ဆိုင်သည့်အချိန်ကျလျှင် အကျိုးပေးမည်ဆိုတာ သူမ သိ၏။ အခုချိန်မှာကောင်းတာလုပ်နေပါလျက်နှင့် ကောင်းတာလည်းမဖြစ်ဘူး။ မကောင်းတာလုပ်နေသည့်သူတွေကျတော့ ကောင်းစားနေလိုက်တာ၊ ငါလည်း မကောင်းတာလုပ်ပစ်လိုက်ရတော့မလားဆိုသည့် စိတ်မျိုးလည်း မဝင်မိပေ။

သူများမကောင်းတာ ဝေဖန်နေဖို့ထက် ကိုယ့်ကိုယ်ကိုယ်ကောင်းအောင်နေတတ်ဖို့ပဲ အရေးကြီးသည်မဟုတ်လား။

''ကဲ အမေနဲ့အဖေ မေးချင်တာသာမေး လုပ်ချင်တာသာလုပ်ပေတော့၊ ခင်မုန်းကတော့ ဟိုအိမ်မှာအလုပ်သွားလုပ်ရတော့မှာ၊ အမေတို့ကို လစာငွေပို့ပေးမယ်၊ တစ်ခါတလေမှလည်း အလည်လာဖြစ်ချင်လာဖြစ်လိမ့်မယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ခဏခဏ ခွင့်ယူလို့က ကောင်းမှာမဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



လေ''

''အဲဒီအိမ်လိပ်စာတော့ အမေတို့သိထားမှဖြစ်မယ် သမီး၊ အရေး
အကြောင်းကိစ္စဆိုတာက ရှိသေးတယ်လေ''

''ဟို အဲဒါကပေးလို့မဖြစ်ဘူး အမေ၊ အမေတို့ ခင်မုန်းကို လာ
တွေ့ရင် သူတို့တစ်မျိုးမြင်မှာစိုးလို့ပါ၊ သူတို့က အရမ်းချမ်းသာကြတယ်
မဟုတ်လား။ ခင်မုန်းအမေတို့ဆီ ဖုန်းဆက်မှာပေါ့၊ အမေရဲ့ အခုရှိတဲ့ဖုန်းကို
အမေတို့ယူထား၊ ခင်မုန်းက ဖုန်းတစ်လုံးထပ်ဝယ်မှာပေါ့''

''အင်း အဲဒါဆိုလည်း ပြီးရောလေ၊ အရမ်းကြီးအနှိမ်ခံရတဲ့အလ
မျိုးမှာတော့ မနေပါနဲ့ကွယ်၊ အဲဒီလို လုပ်ကျွေးတာကိုတော့ အမေတို့မျှော်မကျ
ပါဘူး''

''အလုပ်မှန်သမျှ ဂုဏ်ရှိစွတဲ့၊ ခင်မုန်းကတော့ ရိုးသားတဲ့အလုပ်
မှန်သမျှ ဘာအလုပ်နဲ့ပဲဖြစ်ဖြစ် အမေနဲ့အဖေကို လုပ်ကျွေးမှာပဲ၊ မိဘဆိုတာ
မသေခင်ပဲ ပြုစုစောင့်ရှောက်ခွင့် လုပ်ကျွေးခွင့်ရတာလေ''

''အမေ့သမီးလေးက''

''သမီးလိမ္မာလေးပါကွယ်၊ လင်ကောင်းသားကောင်းရပါစေ ဆု
တောင်းပေးဦးမလို့လား။ အမေဆုတောင်းက ပြည့်တော့ပြည့်မှာပါ၊ ဒါပေမဲ့
အတုအယောင်''

''ဘာကွဲ့ သမီးရဲ့''

''အဲ အဲဟို အဲဒီလိုမဟုတ်ပါဘူး။ တစ်နေ့တော့ ပြည့်မှာပါတဲ့
အဟင်း''

လင်အတုဆိုတာ သူမ ယောင်ယမ်းထွက်သွားတော့မလို့ပင်
အမေ့ဆုတောင်းက ပြည့်သည်ဆိုပေမယ့် မယားအငှား လင်အတုမို့ ဘာတွေ
လွဲမှားနေသည်ဆိုတာမသိပေ။

ဘာပဲဖြစ်ဖြစ် သူမ လက်ခံလိုက်သည့်အလုပ်မှ အကောင်းဆုံး





တော့ ကြိုးစားကြည့်ရမှာပင်။ လင်းရောင်ထင်။

သူမရဲ့ယောကျ်ား ဖြစ်မည့်သူတဲ့လား။ အဟင်း ရင်တွေတောင်
ခုန်လိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ကညာဖြူလေးက ဘယ်နေ့လာမှာတဲ့လဲ မြေး"

"လေယာဉ်လက်မှတ်ဖြတ်ပြီးပြီဆိုတော့ ဒီတစ်ရက် နှစ်ရက်အတွင်း ရောက်လာမှာ၊ ဘန်ကောက်ဝင်ပြီး ဈေးဝယ်ချင်ဝယ်ဦးမှာဆိုတော့ သူဖုန်း ဆက်မှ သား သွားကြိုလိုက်တော့မယ်"

"လေယာဉ်ကွင်းသွားကြိုမှာဆို အဘွားလိုက်ခဲ့မယ်လေ မြေးရဲ့ ကညာဖြူလေးမျက်နှာ အဘွားအရင်ဆုံးတွေ့ချင်တာပေါ့"

"ဟင် မ မဖြစ်ဘူး"

"ဘာဖြစ်လို့ မဖြစ်တာလဲ မြေးရဲ့"

"ဗျာ ဟို"

သူ ဘာပြောလိုက်ရမှန်းမသိပေ။ ခေါ်လာရမည့်သူက ကညာဖြူ မဟုတ်ဘဲ ခင်မုန်း ဖြစ်နေသည်မဟုတ်ပါလား။ ပြီးတော့ လေယာဉ်ကွင်း ကနေလည်းမဟုတ်။ တစ်နေရာကနေ အစီအစဉ်တွေဆွဲပြီးမှ ခေါ်လာရမှာ ခင်မုန်းက ဘယ်လိုအဆင်မပြေမှုတွေနှင့် ကမောက်ကမတွေ ဖြစ်ဦးမည် မသိ။ အဘွားက သူ့ကို သက်မကင်းသလိုကြည့်ပြီး





"ကညာဖြူက လာရောလာမှာဟုတ်ရဲ့လား မြေး၊ အဘွား စိတ် ချသာအောင် လိမ်ပြောနေတာများလား"

"ဗျာ မဟုတ်ပါဘူးအဘွားရဲ့၊ ဟို လာမှာမို့ လာမှာပြောတာပေါ့။ သားက အဘွားကိုလိမ်ရဲပါ့မလား။ သူနဲ့အဆက်အသွယ်ရတာနဲ့ အဘွား ကျန်းမာရေးမကောင်းဘူး ပြောလိုက်တော့ သူ တော်တော်စိတ်မကောင်း ဖြစ်သွားတယ်၊ အဲဒါနဲ့ ပြန်လာပါမယ်ဆိုပြီး ဖြစ်သွားတာ"

"အေးလေ သူ့အဘိုးအဘွားအရင်းတွေထက်တောင် အဘွားက ကောင်းခဲ့တယ်ဆိုတာ သူလည်းသိမှာပေါ့၊ အဘွားကို သူ ဘယ်သံယောဇဉ် ပြတ်နိုင်မှာလဲမြေးရယ်၊ နိုင်ငံခြားမှာနေခဲ့တော့ နိုင်ငံခြားစရိုက်ဖြစ်နေပေမယ့် မြန်မာသွေးတော့ ဘယ်ဖျောက်ဖျက်ပစ်လို့ရမှာလဲ၊ မြေးလေးကိုလည်း ချစ်သူ အဖြစ်နဲ့လက်ထပ်ခဲ့ရတာမဟုတ်ပေမယ့် လင်မယားလို အိမ်ထောင်ရက်သား ကျပြီး အတူနေခဲ့ရတော့ ဘယ်မေ့ပစ်နိုင်မှာလဲကွယ်၊ သူ့မှာလုပ်စရာရှိလို့ သာ နိုင်ငံခြားမှာ သင်တန်းတွေဘာတွေတက်ပြီး နေနေတာဖြစ်မှာပါ၊ အဘွား ကတော့လေ မြေးလေးနဲ့ကညာဖြူ သားသမီးတွေမွေးပြီး ပျော်ပျော်ရွှင်ရွှင် နေမယ်ဆိုရင် ပိုင်ဆိုင်မှုတွေအကုန်လွှဲပေးလိုက်ချင်ပြီ၊ လူ့ဘဝမှာ အဘွား အရွယ် ဘယ်လောက်ကြာတော့မှာမို့လို့လဲ"

အဘွားစကားကြောင့် သူ့ရင်မှာ လေးလံသွားရလေသည်။ အဘွား အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်တွင်းဆိုတာ မလွယ်တော့ပါ။ တ ဘယ်လို အမွေတွေ ပိုင်ဆိုင်မှုတွေလွှဲပေးမည်ဆိုလျှင် ကညာဖြူမဟုတ်သော ခင်မုန်းက လောဘတွေတက်ပြီး သူ့ကိုအပိုင်ကြံလျှင် ဘယ်လိုလုပ်မလဲ။ ခင်မုန်းဘဝက တစ်ခါမှ ပြည့်စုံဖူးတယ်ဆိုတာ မရှိဘူးမဟုတ်လား။ ဒီကြားထဲ ကညာဖြူ အမြန်ဆုံးပြန်လာပါစေလို့ပဲ ဆုတောင်းရမည်လား။

ဟင့်အင်း ဒီဆုတော့ မတောင်းချင်။ အရာရာ အထက်စီးဆန်သော အကြီးသော ကြီးကျယ်ဝင့်ထည်လွန်းသော ကညာဖြူစရိုက်ကို သူမကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ အောက်ကျို့ခံဖို့မဆိုလိုသော်လည်း လက်ထပ်ပြီးမှတော့ အိမ်ထောင်ရှင်မကောင်း ဇနီးမယားကောင်းဝတ္တရားများ ကျေစေချင်သည်။ ဒါပေမဲ့လည်း ကညာဖြူကို လက်ထပ်ပြီးသည့်အချိန်မှာ သူမျှော်လင့်သလို ဖြစ်မလာပါ။

ကညာဖြူက နိုင်ငံခြားမှာအနေကြာလာသူမို့ ဘဝင်မြင့်ကာ ကြီးကျယ်သည်ပဲ ပြောရမလား။ မချစ်ဘဲလက်ထပ်ခဲ့ရသည့်သူ့ကို လူမထင်အောင်ပဲ ပြောရမလား။ အဘွားနှင့်အနေဝေးသွားသည်မို့ သံယောဇဉ်ကင်းသွားသည်ပဲ ပြောရမလား။

ဆက်ဆံမှုများက သူစိမ်းဆန်သွားသည်ကတော့ အမှန်ပင်။ အဘွား အပေါ်နွေးထွေးမှုမရှိသလို လက်ထပ်ထားသော သူ့အပေါ်လည်း လေးစားမှု မရှိပါ။ မိန်းမတစ်ယောက်အပေါ် အောက်ကျို့မခံတတ်သော သူ့အတွက် ကညာဖြူက အရေးပါသောသူတစ်ယောက် မဖြစ်ခဲ့တာလည်း ဆန်းမှာ မဟုတ်ပေ။

"မြေးလေး"

"ဗျာ အဘွား"

"ဘာတွေအကြာကြီးစဉ်းစားနေတာလဲ မြေးရယ်၊ ကညာဖြူ ပြန်ရောက်လာမှာ မြေးလေးရော မပျော်ဘူးလား"

"အစတည်းက အဘွားကြောင့် လက်ထပ်ခဲ့တာပါ၊ သားအတွက်က ကညာဖြူရှိခြင်း မရှိခြင်းက ဒီလောက်အရေးမကြီးပါဘူး အဘွား အဘွားစိတ်ချမ်းသာပျော်ရွှင်ဖို့က အဓိကပါ"

"အင်း ကညာဖြူထွက်သွားတာလည်း အဲဒီကိစ္စတွေပါမယ်လို့ ထင်မိတယ် မြေး၊ မြေးနဲ့ဆက်ဆံရေးက လင်မယားလိုမဟုတ်ဘဲ သူစိမ်းလို ဖြစ်နေတယ်၊ ဒီတစ်ခေါက် ကညာဖြူပြန်လာရင်တော့ နွေးနွေးထွေးထွေး ကြင်ကြင်နာနာဆက်ဆံပါ မြေးရယ်၊ မိသားစုဖြစ်ဖို့ဆိုတာ နှစ်ဦးနှစ်ဖက်လုံး မာနတွေလျှော့ချဖို့ လိုလိမ့်မယ်၊ ကညာဖြူကိုလည်း အဘွား နားလည်အောင်





ပြောပြပါမယ်၊ သားသမီးယူလိုက်ရင်တော့ မြေးလေးတို့ အလိုလိုအဆင်ပြေသွားကြမှာပါ"

"ဟင်း"

အဘွားရဲ့မျှော်လင့်ချက် မဖြစ်နိုင်သည့်ကိစ္စမို့ သူ သက်ပြင်းချလိုက်မိရသည်။ အခုရောက်လာမည့် ခင့်မှန်းက ကညာဖြူမဟုတ်သလို ကညာဖြူဖြစ်ခဲ့လျှင်လည်း ဒီကိစ္စက မလွယ်ပါ။ နှစ်ဦးနှစ်ဖက်ပေါင်းဆုံရသည့် အိမ်ထောင်ရေးက မာနတွေလျှော့ချထားလျှင်လည်း အဆင်ပြေနိုင်သေးသည်။

အဘွားဆန္ဒကြောင့် လက်ထပ်ခဲ့ရတာမို့ အကြီးအကျယ် ပြဿနာ ဆိုတာမျိုး မရှိသော်လည်း သူလည်း ယောကျ်ားတစ်ယောက်ဖြစ်သည့်အတွက် မကြည်ဖြူသလိုလိုရှိသော သူမဆီက ဘာတောင်းဆိုမှုမှ မလုပ်ခဲ့ပါ။ အရှက်နှင့်ဂုဏ်သိက္ခာဆိုတာ ရှိသေးသည်မဟုတ်လား။

ဒါကြောင့်လည်း လက်ထပ်ပြီး ခြောက်လလောက် တစ်အိမ်တည်း အတူနေခဲ့တာတောင် လင်မယားအရာမမြောက်ခဲ့ခြင်းပင်။

"အင်း အဘွားဆန္ဒတွေ တစ်နေ့ကျရင်တော့ ပြည့်လာမှာပါ"

"တစ်နေ့ဆိုတာ မရေရာတာမျိုးတော့ မပြောနဲ့ မြေး၊ အဘွားက အသက်ကြီးနေပြီ၊ ဘယ်နေ့သေမယ်ဆိုတာ မပြောနိုင်ဘူး၊ မသေခင်တော့ သားသမီးမြေးမြစ်တွေ မြင်သွားချင်သေးတယ်၊ ပျော်ပျော်ရွှင်ရွှင် နေသွားချင်သေးတယ်၊ အဲဒါ အဘွားမျှော်လင့်ချက်ပဲ"

"ဟုတ်ပါပြီ အဘွားရယ်၊ အဘွားဆန္ဒအရပဲ သားလည်း လက်ထပ်ပြီးပြီ၊ ကံလေးရတာ မရတာက ကံတရားကရှိသေးတယ်၊ ဒါပေမဲ့ အဘွားဆန္ဒက ပြည့်တော့ပြည့်မှာပါ"

"အင်း ပြည့်ဖို့အရေးကြီးတယ်၊ အခု ကညာဖြူလေးပြန်ရောက်ရင် အရင်ကထက် ကြင်ကြင်နာနာဆက်ဆံပေးပါ လိုက်လျောပေးပါ မြေး၊ သူလည်း ဖော်ရွှံသံယောဇဉ်နဲ့တော့ အဘွားတို့ဆီပြန်လာမှာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အလည်အပတ်သဘောလောက် ထွက်သွားတာ သုံးလလောက်တောင်
သွားပြီမဟုတ်လား။ အဆက်အသွယ်ဖြတ်ထားကတည်းက သံယော
ဖြတ်ဖို့အထိလည်း ဆုံးဖြတ်ချင် ဆုံးဖြတ်ခဲ့မှာ''

''ဒီလိုလူမျိုးကိုများ အဘွားမို့လို့ မျှော်နေသေးတယ်၊ သူမေ့
ကိုယ်လည်းမေ့လိုက် ပြီးတာပဲ''

သူ့ရင်ထဲရှိသလို ပြောလိုက်တော့ အဘွား မျက်ခုံးပင့်ကာ သူ့
နောက်ကျောကိုလှမ်းရိုက်သည်။

''ဟဲ့ မြေးရဲ့၊ အဲဒီလိုနေနိုင်ရင် မြေးနဲ့လက်ထပ်ပေးခဲ့ပါ့မလား
ကညာဖြူကို မြေးမလေးတစ်ယောက်လိုကို အဘွားကချစ်ခဲ့တာ၊ ဒါကြောင့်
သွေးမတော်သားမစပ်ဘဲနဲ့တောင် အထောက်အပံ့တွေပြုခဲ့တာပေါ့ကွယ်၊ သူ့
ခမြာ မိဘတွေလည်းမရှိရှာတော့ဘူး။ ဘယ်လောက်တောင် သနားစရာ
ကောင်းလိုက်သလဲ၊ အခေါ်မိသားစုကလည်း မကောင်းတော့ သားသမီး
ရလာရင် မိသားစုကိုခင်တွယ်လာမှာပါ''

အဘွားက အရမ်းမျှော်လင့်ထားတာမို့ ကညာဖြူနှင့်ပတ်သက်ပြီ
အတိုက်အခံ စောဒကလည်းမတက်ချင်တော့ပေ။ အခုတောင် ကညာဖြူပြ
လာတော့မည်ဆိုတာနှင့် ရောဂါသည်နှင့်မတူတော့ဘဲ ထူထူထောင်ထောင်
လေး ဖြစ်နေသည်မဟုတ်လား။

ကညာဖြူမဟုတ်ဘဲ ခင်မုန်းနှင့်တွေ့လျှင်ရော သွေးနီးပါ့မလား
ကညာဖြူကို စိတ်စွဲလမ်းလွန်းတာကြောင့် ခင်မုန်းကို ကညာဖြူမဟုတ်ဘူး
ဆိုတာ သတိထားမိသွားလျှင်တော့ အဘွားဆေးကုချိန်တောင် မရလိုက်
ဘဝတစ်ပါးပြောင်းသွားလိမ့်မည်ထင်သည်။

ကညာဖြူ စရိုက်တွေအကုန် သင်ပေးပြောပြပေးထားသည်
သော်လည်း ခင်မုန်းရော ပီပီရိရိ ရှိပါ့မလား။ တလွဲတွေဖြစ်လျှင် အဘွား
ဘယ်လောက်ထိခိုက်သွားနိုင်သည်ဆိုတာ ခင်မုန်းက အဘွားနှင့်ကညာဖြူ





နဲ့သံယောဇဉ်ကို ခန့်မှန်းမိမှာမဟုတ်။

သူကတော့ အဘွားရဲ့မျှော်လင့်ချက်တွေ သိထားတာမို့ ရင်တ
ထိတ်ထိတ်နှင့်ပါ။ ခင်မုန်းကို ကညာဖြူအဖြစ် အဘွားလက်ခံပါစေ။

သံသယမဝင်ဘဲ လက်ခံနိုင်ပါစေဟု သူ ကြိတ်ကာ ဆုတောင်းနေ
မိသည်။ တကယ်လို့သာ ခင်မုန်းကို ကညာဖြူမဟုတ်မှန်း သိသွားခဲ့လျှင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဟား"

အဆင်သင့်အနေအထားနှင့် အခန်းထဲကနေ ခင်မှုန်း ထွက်လာမှုကို သူ ရင်မောစွာစောင့်နေရသည်။ ခုံပင် မိတ်ကပ် အဝတ်အစား ဖိနပ်အစ ခေါင်းအစခြေအဆုံး အားလုံးပိပိရိရိဖြစ်ဖို့ အလှပြင်ဆိုင်ကို လာခဲ့ခြင်းပါ။

မနက်စောကတည်းက စက်ရုံကိုသွားသလိုလိုနှင့် ခင်မှုန်းအတွက် သူလိုက်လံ စီစဉ်ပေးနေရသည်။ နိုင်ငံခြားကပြန်လာသည့်စတိုင်ဖြစ်ဖို့အတွက် အသေးစိတ်သေချာစီစဉ်ထားရခြင်းမှာ အဘွားနည်းနည်းလေးမှ သံသယ မဝင်စေချင်လို့ပါ။

"ဟင် က ကညာဖြူ"

အလှပြင်ခန်းထဲက ထွက်လာသော ခင်မှုန်းကို သူ တကယ်ကို ကညာဖြူဟု ထင်မှတ်သွားမိသည်။ မျက်နှာ တစ်ဝက်ဖုံးလုလု ရှိုးမျက်မှန် ပါ တပ်ထားတာမို့ အမှတ်တမဲ့မဟုတ်။ တကယ်သေချာကြည့်လျှင်လည်း ကညာဖြူနှင့်တူပါသည်။





"ခင်ဗျာ ခင်မှုန်း"

"ရှင်ကလည်း ကညာဖြူခေါ်လိုက် ခင်မှုန်းခေါ်လိုက် ဘယ်လိုဖြစ်နေတာလဲ"

"ဟုတ်သားပဲ သတိသားရဲ့၊ သူ့မှာနာမည်ဘယ်နှမျိုးရှိလို့လဲ၊ သူများတို့က သေချာပြင်ပေးပါဆိုလို့ သေချာပြင်ပေးထားတာနော်၊ အရမ်းကို လှသွားပြီ တွေ့တယ်မဟုတ်လား။ နောက်လည်း လာအားပေးနော် သိလား"

အလှပြင်ပေးသည့် အခြောက်ကတစ်မျိုး။ လူကိုပွတ်သပ်ကာ ပြောနေတာမို့ ဖွတ်ခေါင်းညိတ်ပြရသည်။

"ဟုတ်ကဲ့ပါခင်ဗျား လာခဲ့ပါမယ်ခင်ဗျာ"

"ဟယ် စကားပြောတာလေးကလည်း ယဉ်ကျေးချိုသာလိုက်တာ၊ နှင်ယောက်ျားရကံကောင်းတယ် သိလား။ တို့တောင် အဲဒီလိုယောက်ျားမျိုးရရင် နှစ်ယောက်လောက်ယူချင်သား အဟင်း"

"လာ လာတော့ ခင်မှုန်း အဲ ကညာဖြူ ကိုယ် ပိုက်ဆံကောင်တာမှာရှင်းထားတယ်၊ ကျေးဇူးပဲနော် နောက်လည်းလာခဲ့ပါမယ်"

အခြောက်မနှင့် သံယောဇဉ်တွေငြိနေမှာစိုး၍ ခင်မှုန်းလက်ကိုဆွဲ၍ ခေါ်ခဲ့ရသည်။ ဒေါက်မြင့်ဖိနပ်နှင့် မျက်မှန်အမည်းတို့ကြောင့် ခင်မှုန်းက စမ်းတဝါးဝါး ယိုင်ထိုးနေ၍ တွန်းရဆွဲရသောခရီးဆောင်အိတ်ကို သူပဲ ဆွဲလာခဲ့လိုက်သည်။

ကားနားကိုရောက်တော့ နောက်ဖုံးထဲမှာ ခရီးဆောင်အိတ်ကိုထည့်လိုက်၏။ ထိုခရီးဆောင်အိတ်ထဲမှာ သူမအတွက် အဝတ်အစားအသုံးအဆောင်နှင့် အဘွားအတွက် လက်ဆောင်လည်းပါသည်။

"တက်လေ ကညာဖြူ၊ အခုချိန်ကစပြီး အယောင်ယောင်အမှားမှားမဖြစ်အောင် မင်းကို ကညာဖြူလို့ပဲခေါ်တော့မယ်၊ မင်း ငါ့ကိုသုံးနှစ်ရှိမှာ တ နှင်ငါ၊ အဘွားနဲ့ဆိုရင် ကျွန်မက၊ အိမ်အကူမတွေအပေါ်မှာ အဆင့်အ



www.burmeseclassic.com

www.burmeseclassic.com



တန်းခွဲပြီး မောက်မောက်မာမာ ဆက်ဆံတတ်တယ်၊ မျက်နှာကအလိုမကျတဲ့ ပုံစံနဲ့ အမြဲတမ်းတင်းမာနေတတ်တယ်၊ မင်း ငါပြောတာတွေ အကုန်လုံး မှတ်မိတယ်မဟုတ်လား"

"နားထောင်ထားတာတော့ နားတွေတောင်ပူနေပါပြီ၊ ဒါပေမဲ့ ခင်မုန်း အဲ ငါ ငါ အဲဒီလို နေတတ်ပါ့မလားဘဲ"

"မနေတတ်လို့ မဖြစ်ဘူးနော် ခင်မုန်း။ အာ ဒီနာမည်ကလည်း ကွာ၊ ပါးစပ်ထဲမှာ စွဲနေတယ် မဖြစ်သေးပါဘူး"

"ကဲ ကြည့် ရှင် အဲ နင်တောင် ချက်ချင်းပြောင်းလဲဖို့မလွယ်ဘူး မဟုတ်လား။ နင်နဲ့ငါသိတာ နှစ်ပတ်တောင်မပြည့်သေးဘူး။ ငါက ဒီဘဝမှာ အနှစ်နှစ်ဆယ်ကျော် ကျင်လည်လာတာ၊ သူဌေးတွေလိုမာနကြီးဖို့ မောက်မာ ဖို့လွယ်မှာတဲ့လား။ သူ့များကိုအောက်ကျို့ပြီး ကြင်နာပြီး ချိုချိုသာသာ ပြေပြေပျစ်ပျစ် ဆက်ဆံပြီးနေလာခဲ့တာ၊ ဈေးသည်ဘဝနဲ့ ကိုယ့်ဆီကဝယ် ရအောင် ရောင်းရအောင် မျက်နှာချိုသွေးနေရတဲ့အခြေအနေကနေ ကညာဖြူ လိုမျိုး"

"ငါ နားလည်ပါတယ်၊ ဒါပေမဲ့ အဲဒီလိုမနေလို့ မဖြစ်ဘူး ကညာ ဖြူ။ မင်းသိထားရမှာက မင်းဟာ ကညာဖြူမဟုတ်ဘူးဆိုတာသိရင် အဘွား က အသက်ပါဆုံးပါးနိုင်တယ်၊ အဲဒီအတွက် မင်း သတိကိုထားရမှာ"

"ဟင်း"

ကိုယ်နဲ့မကိုက်ညီ မအပ်စပ်သော စရိုက်တစ်ခုကို ချက်ချင်းကြီး ပြောင်းလဲဖို့ သူမအတွက် ခက်ခဲလွန်းလှပါသည်။ ဒါပေမဲ့ သူမ ငွေကြေး လက်ခံပြီးလုပ်ထားသည့်ကိစ္စမို့ သူမတာဝန်ကျေအောင်တော့ လုပ်ရပေတော့ မည်။ ဒါပေမဲ့လည်း

"ဟို အိမ်ကိုတစ်ခါတည်း သွားတော့မှာလားဟင်"

"အင်းလေ သွားတော့မှာပေါ့၊ အဘွားကိုတောင် ဖုန်းဆက်ထား





တယ်၊ ကညာဖြူကို လေယာဉ်ကွင်းသွားကြိုတော့မှာလို့"

"တစ်နေရာရာ ခဏလေးဖြစ်ဖြစ် လေကောင်းလေသန့်ရှူလို့ရ အောင် လုပ်ပေးလို့မရဘူးလားဟင် ခင်မုန်း အဲ ငါ ဒီလိုကြီးနေရတာ မွန်း ကျပ်လို့ပါ၊ အသက်ရှူလို့တောင် မဝဘူး"

"အင်း ကောင်းပြီလေ၊ မင်းကို ဗိုလ်ချုပ်ပန်းခြံဘက် ခေါ်သွားမယ်၊ အရိပ်ကောင်းတဲ့နေရာမှာ မင်းခဏနားလိုက်ပေါ့၊ အလှုပြင်ဆိုင်မှာ တစ်ကိုယ် လုံးပေါင်းတင်တာနဲ့ ဆံပင်ရောလုပ်တာဆိုတော့ အချိန်လည်းတော်တော် ကြာသွားတယ်၊ ငါတောင်မှ အကြောတက်ပြီး တစ်ကိုယ်လုံးညောင်းညာ ကိုက်ခဲနေတာပဲ"

"ငါ့ကို အဲဒီလို နားလည်ပေးတာ ကျေးဇူးတင်ပါတယ် လင်းရောင် ထင်၊ အဲ အဲဒီလို ခေါ်လိုက်လို့ ငါရိုင်းသွားလားဟင်"

"ရပါတယ် ကညာဖြူက အဲဒီလိုခေါ်တာပဲ ကိစ္စမရှိပါဘူး။ ကညာ ဖြူနဲ့ငါနဲ့က သက်တူရွယ်တူလေ၊ မင်းကတော့ ငါ့ထက်နှစ်နှစ်လောက် ငယ် မယ်ထင်တယ်၊ သရုပ်ဆောင်သရုပ်တူရမှာဆိုတော့ ယဉ်ကျေးမှုတွေဘာတွေ စောင့်ထိန်းနေစရာမလိုပါဘူး။ သွားမယ်လေ ကားပေါ်တက် ကညာဖြူ"

"ဟုတ်ကဲ့"

"ခြေဘ်"

,ကားပေါ်တက်တာ ထဘီစကပ်က, တွဲသွားတာမို့ ယိုင်ထိုးမလို ဖြစ်သွားသော ခင်မုန်းကို ဖမ်းထိန်းထားလိုက်ရသေးသည်။ ကားမောင်းသင် မို့ အချိန်မရတာမို့ ခင်မုန်းက ကားတံခါးတောင် မဖွင့်တတ်သေးပေ။ အိမ် ရောက်ပြီးလျှင်တော့ မြန်မြန်သင်ပေးမှ ဖြစ်မည်။

"ဟူး"

ကားမောင်းလာရင်းဖြင့် ခင်မုန်းကိုသာ လည်ပြန်လှည့်ကြည့်လာ ဖြစ်၏။ စိတ်ထားလေးက ဖြူစင်လွန်းတာမို့ ကညာဖြူလို ဘက်ထန်မာကျော



www.burmeseclassic.com

www.burmeseclassic.com



သော စရိုက်ပုံစံ သရုပ်ဆောင်ရမှာ အဆင်ပြေပါ့မလား စိုးရိမ်မိသည်။ ကညာဖြူက အရမ်းကိုမာကျောသည့် ခပ်ထန်ထန်မိန်းကလေးပါ။ အဘွားကို တောင် နူးနူးညံ့ညံ့ဆက်ဆံသည်ဆိုသူ မတွေ့ဘူး။

သူ့ကိုစွ သူ့အကြောင်းနှင့်သူ ပုံမှန်သာနေပြီး ခွေးတွေးမှုဂရုစိုက် မှုဆိုတာမျိုးလည်း မရှိပေ။

"ကညာဖြူ ဆင်းလေ"

ကန်တော်ကြီးထဲဝင်လာပြီး အရိပ်ကောင်းသော သစ်ပင်အောက်မှာ ကားရပ်လိုက်ပေမယ့် ကားတံခါးမဖွင့်တတ်တာကြောင့် ခင်မုန်း မဆင်းတော့။ သူကိုယ်တိုင်ပဲ ကားတံခါးဖွင့်ပေးလိုက်ရသည်။ မျက်မှန်ကိုချွတ်ပစ်လိုက်တော့ သူပဲ မျက်မှန်ကိုပြန်တပ်ပေးလိုက်ကာ

"မချွတ်ထားနဲ့လေ မျက်မှန်တပ်ထားတာ စတိုင်ပိုကျတယ်၊ မင်း က ဒီလိုတွေပြင်ဆင်လိုက်တော့လည်း မိုက်တာပဲ၊ လုံးဝ ခင်မုန်းစတိုင် ပျောက်သွားတယ်"

"ကညာဖြူကို အရမ်းသဘောကျခဲ့တာလား"

"ဘာ"

"ကညာဖြူစတိုင်ဖြစ်နေတဲ့ ငါ့ကိုကြည့်ပြီး တသသဖြစ်နေသလား လို့ပါ၊ အဲဒီလောက်ဖြစ်နေပါလျက်နဲ့ သူ ခရီးထွက်သွားတာကို ဘာလို့ မတားနိုင်ခဲ့တာလဲ၊ ပြန်လာအောင်ရော ဘာလို့မကြိုးပမ်းနိုင်ရတာလဲ"

"မင်း ဘာမှမသိဘဲ အဲဒီလိုတွေ မပြောသင့်ဘူး။ မင်းကို ရှင်း လည်းမပြနိုင်သေးတဲ့အတွက် မင်းဘာမှ မသိချင်ပါနဲ့ဦး။ မင်းတာဝန်ကျေဖို့ သာ မင်းကြိုးစားပါ"

သူမက ဘာမှပြန်မပြောဘဲ လေတွေကို တဝရှူလျက် ရှုခင်း လှလှကျင့်ခန်းလုပ်နေသည်။ သူမ တကယ်ကိုမွန်းကျပ်နေပုံပါ။ သူမ မဝတ် ဘူးသော အဝတ်အစားများနှင့် ပြင်ဆင်မှုများ စရိုက်များအတွက် ရင်ဆိုင်





ရမည့်အရာများအတွက် ဝန်လေးနေခြင်းဟာ သူမရဲ့ရိုးသားမှုကြောင့်လို့ သူက တော့ ယုံကြည်ပါသည်။

သူမဘဝရဲ့ချို့တဲ့မှုများကြောင့် တစ်ချိန်ကျမှ အရောင်ပြောင်းလဲ လာမှာပဲ စိုးရိမ်ရ၏။

"မင်း စာချုပ်တွေဖတ်ကြည့်ဦးလေ၊ အခုချိန်မှာ လက်မှတ်ထိုး ထားမှ အဆင်ပြေလိမ့်မယ်ထင်တယ်"

"ငါ့ဘက်က လိုအပ်ချက်တွေရောပါလား"

"အဲဒါက မင်းပြောလေ၊ စာချုပ်ပါတာပဲ နှစ်ဦးနှစ်ဖက် အဆင်ပြေ အောင်ညှိနှိုင်းကြတာပေါ့"

"ရှင့်စာချုပ် ပြပါဦး"

ကားဒက်ရှ်ဘုတ်ထဲက စာချုပ်ကိုယူပြီး သူ ခင်မုန်းလက်ထဲ ထည့် လိုက်သည်။ သူရေးထားသည်က

(၁) ကညာဖြူနေရာ အစားဝင်ရောက်ပေးသည့်အတွက် တစ်လ လျှင် ငွေကျပ်ငါးသိန်း၊ ကိစ္စများချောမွေ့ပြီး ကညာဖြူ ပြန်ရောက်လာပါက နှစ်နှာကြေး ကရုဏာကြေးအဖြစ် ငွေကျပ်သိန်းငါးဆယ် ပေးပါမည်ဟု ကတိ ပြု အာမခံပါသည်။

(၂) ထိုအကြောင်းပါအချက်အလက်အပြင် မခင်မုန်းမှ နောက်ထပ် ဘာအခွင့်အရေးမှ တောင်းဆိုခွင့်မရှိ၊ နှောင့်ယှက်ထိပါးခွင့်မရှိ။ ထိုကိစ္စ အကြောင်းအရာကို တခြားတစ်ယောက်ကိုဖွင့်ပြောလျက် ခြိမ်းခြောက်၍ ငွေကြေးအပေးအယူထပ်လုပ်ခိုင်း၍မရ။

(၃) ထိုကတိတစ်ခုခု ချိုးဖောက်ပါက တရားစွဲဆိုခြင်း ခံရမည်။ တစ်နည်းနည်းဖြင့် အဘွားအား အသိပေးခဲ့လျှင်လည်း အဘွားရဲ့ထိခိုက်မှု အတွက် တရားစွဲခံရမည်။

"ရှင် တရားလွန်တာပဲ လင်းရောင်ထင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

တဖတ်နေတာ ပြီးဆုံးသွားမှန်း မသိလိုက်ဘဲ သူမအော်လိုက်သံကြောင့် သူ လန့်ဖျပ်သွားရသည်။ မျက်မှန်ကို ဆွဲချွတ်လိုက်သော သူမမျက်လုံးများက ဒေါသရောင်လက်နေသည်။

"ဘာတရားလွှန်လို့လဲ ကညာဖြူ"

"ငါက ဘာတွေလုပ်မှာမို့ တရားစွဲခံရမယ်တွေ ဘာတွေရေးထားရတာလဲ၊ ဒီအလုပ်ကို ငွေကြေးအရမ့်သာလုပ်တာ၊ အပျိုလေးတစ်ယောက်အနေနဲ့ ဘယ်လောက်ထိနစ်နာမယ်ထင်လဲ လင်းရောင်ထင်၊ ဆင်းရဲချို့တဲ့တဲ့သူမို့ နင်တို့ချမ်းသာမှုတွေကိုမြင်ရင် လောဘတက်မှာစိုးလို့ အထင်သေးပြီး ငါ့ကိုချုပ်ကိုင်တဲ့သဘောမျိုးလား"

"လူ့စိတ်ဆိုတာ ကာရိုက်တာအဖြင်ပန်းကို ကြည့်တာနဲ့မသိနိုင်ဘူးလေ၊ လူတစ်ယောက်ရဲ့လောဘက ဘယ်နေရာမှာခိုအောင်းနေပြီး ဘယ်လိုအချိန်မှာ ပေါ်လာနိုင်သလဲဆိုတာလည်း ခန့်မှန်းလို့မရဘူး၊ အဲဒီအတွက် စာချုပ်တော့ ခိုင်ခိုင်မာမာလုပ်ထားမှမဟုတ်လား"

"နင် အဲဒါသက်သက်ငါ့ကိုစော်ကားတာပဲ၊ ထားပါ ငွေကြေးအတွက် ဒီအလုပ်က လက်ခံပြီးနေပြီဆိုတော့ ငါ့ဘက်ကလည်း ငါ့အတွက် အကာအကွယ်ဖြစ်လို့ လုပ်ရမှာပေါ့၊ ပေး စာချုပ်အလွတ်ရှိရင်ရေးမယ် လိုက်လျောဖို့ အာမမခံနိုင်ရင်တော့ ဒီအလုပ်ကို မလုပ်ရဲဘဲရှိတယ်"

သူမဘက်က စိတ်ဆိုးသွားနိုင်တာသိပေမယ့် သူ ရေးထားပြီးသားနှင့် ဘောပင်ကိုယူပေးလိုက်သည်။ သူမ ဘာရေးမလဲသိချင်တာမို့ စာချုပ်အလွတ်နှင့်ဘောပင်ကို ယူပေးလိုက်သည်။ သူမက ကားရှေ့ခေါင်းအုံးပေါ်မှာ စိတ်ဆိုးမာန်ဆိုးနှင့် ရေးနေ၏။

ပြီးတော့ သူ့ရှေ့ကို ဖြန့်ပြသည်။ သူမလက်ထဲက စာချုပ် သူ ဆွဲယူကာ ဖြန့်ဖတ်လိုက်၏။





(၁) ငွေကြေးနှင့်မိန်းမအငှားလုပ်ခိုင်းသည်ဆိုသော်လည်း လူကွယ်ရာတွင် ထိကပါးရိကပါး အခွင့်အရေးယူခြင်းမပြုရ။ စကားလုံးအပြုအမူများနှင့်လည်း အခွင့်အရေးမယူရ။

(၂) နှစ်ယောက်အတူရှိချိန်များမှာလည်း သွေးဆောင်ဖြားယောင်းခြင်း၊ လိမ်ညာလှည့်ပတ် မလိမ့်တပတ်လုပ်ခြင်း မပြုရ။ လူ့ရှေ့သူ့ရှေ့မှာလည်း လိုအပ်တာထက်မပိုရ။ အခြေအနေအချိန်အခါအရ လင်မယားလိုဖြစ်အောင်သရုပ်ဆောင်ရမည့်အကြောင်းအရင်းများ ရှိလာလျှင် သရုပ်ဆောင်မှုအတွက် တောင်းပန်ပါသည်ဆိုသောစကား အမြဲတမ်းပြောပေးရမည်။

(၃) အထက်ပါအကြောင်းအရာများ မလိုက်လျောပါက တစ်ခုခုအများအယွင်းအတိမ်းအစောင်းဖြစ်ပါက နစ်နာမှုအတွက် တရားစွဲဆိုခြင်းခံရမည်။

"ဟာ မင်းတရားလွန်လှချည်လား ကညာဖြူ"

"ဘာလွန်တာလဲ"

"သွေးဆောင်ဖြားယောင်းတာတွေ ဘာတွေနဲ့ ငါက မင်းကို ဘာလုပ်မှာမို့လဲ"

"လူ့စိတ်ဆိုတာ အပေါ်ယံကာရိုက်တာကို ကြည့်ရုံသိနိုင်တာမဟုတ်ဘူး၊ အိမ်ထောင်သည်ယောကျ်ားတစ်ယောက်က သူ့မိန်းမနေရာမှာ သရုပ်ဆောင်ပေးရမယ်၊ အပျိုစင်နုနုထွတ်ထွတ်မိန်းကလေးအပေါ် မဖောက်ပြန် မှီးသားနိုင်ပါတယ်လို့ ဘယ်သူက အာမခံမှာလဲ၊ တစ်ခန်းထဲမှာ အတူနေရမယ်၊ တစ်ချိန်လုံးလည်း အတူရှိချင်ရှိနေရမယ်၊ အဲဒီလိုအချိန်မျိုးသွားမှာ နင့်စိတ်ထဲ ဘယ်လိုတွေရှိနေမယ်ဆိုတာ ဘယ်သူသိမှာလဲပြော"

"အဲဒါ မင်း ငါ့ဂုဏ်သိက္ခာ ကိုယ်ကျင့်တရားကိုစော်ကားလိုက်တာပဲ"

"အဲဒါကတော့ နင်ထင်ချင်သလို ထင်နိုင်တယ် လင်းရောင်ထင်၊



www.burmeseclassic.com

www.burmeseclassic.com



ငါက ငွေကြောင့်ဒီအလုပ်လုပ်ပေမယ့် ကာရိုက်တာက သန့်ရှင်းပြီးသား။ အိမ်ထောင်ရှင်ယောကျ်ားက ဘယ်လောက်ပဲချမ်းသာနေနေ၊ ကိုယ်ကျင့်သိက္ခာကိုတော့ အစွန်းထင်းခံမှာမဟုတ်ဘူး''

''မင်းလို မိန်းကလေးကိုရော ဘယ်သူက စိတ်ဝင်စားမှာလဲကွာ။ စဉ်းစားပြီးလည်း ပြောစမ်းပါ''

''ပြောနိုင်ဘူးလေ နင့်မိန်းမပုံစံပြောင်းလိုက်တော့ နင့်မျက်လုံးတွေက တစ်မျိုးဖြစ်သွားတယ်မဟုတ်လား။ တစ်အိပ်ရာထဲအတူအိပ်ခဲ့တဲ့မိန်းမနဲ့လည်း ခွဲနေရတာကြာပြီဆိုတော့ စိတ်တွေက ဖောက်ပြန်ချင်လည်း ဖောက်ပြန်နေမှာပေါ့''

''မင်းကွာ''

သူ့မျက်နှာတည့်တည့်ကြည့်ကာ ဇော်ကားနေမှန်းသိသော်လည်း သူ စိတ်ဆိုးနေလို့လည်း မဖြစ်ပေ။ ဒီထက်ပြီးလည်း အိမ်ပြန်နောက်ကျလို့လည်း မဖြစ်တာမို့

''ငါက ငါ့ကိုယ်ငါ အာမခံနိုင်ပါတယ်၊ ဒီတော့ လက်မှတ်ထိုးမယ် မင်းကရော''

''စိတ်ချပါ ခင်မှန်းတို့က ဆင်းရဲပေမယ့် စာရိတ္တမမွဲဘူး။ အကျင့်စာရိတ္တပျက်ပြားတာတစ်ခုတွေ့ရင် နင် ဆယ်ခါလောက်တရားစွဲလို့ရတယ် သိလား၊ အဟင်း နင့်ဘက်က ဘောင်ကျော်လာရင်လည်း သနားသည်းခံတော် နည်းနည်းလေးမှ ခွင့်လွှတ်လိမ့်မယ်မထင်နဲ့''

''အေး ပြီးရော''

သူ စိတ်ကိုလျှော့ကာ လက်မှတ်ထိုးလိုက်ရသည်။ သူမကလည်း စာချုပ်ကို ဆောင့်အောင့်လက်မှတ်ထိုးကာ သူ့ကိုပြန်ပေး၏။

''ငါ့စာချုပ်ထဲက အချက်အလက်တွေ မလိုက်နာတဲ့နေ့၊ တစ်… လွဲချော်တဲ့နေ့ နင်တရားစွဲခံရမယ်လို့သာ အောက်မေ့၊ ငါက ငွေလိုပေ…





…တဲ့မိန်းမတော့ မဟုတ်ဘူး။ နစ်နာတယ်ဆိုပြီး လျော်ကြေးလောက်နဲ့ …နစ်လိုက်မယ့်မိန်းမမဟုတ်ဘူးနော်''

သူမ ဘာပြောပြော သူ အောင့်သက်သက်နှင့် ငြိမ်နေလိုက်ရ… မဟုတ်လျှင် ဒီကိစ္စက ပြီးပြတ်တော့မှာမဟုတ်။

အသွားကလည်း မျှော်နေလောက်ပြီမို့ အဆင်ပြေပြေလေး ပြန်…တ်သွားမှဖြစ်မည်။ ခင်မှန်းလည်း ပျော့ပျောင်းမလိုနှင့် မာကျောရမည့်…မှာတော့ မာကျောတတ်သူပါပဲလား။

သူ ဘာကြောင့်ပြုံးလိုက်မိမှန်းမသိဘဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"အဘွား"

အိမ်ထဲအဝင်မှာ အံ့အားသင့်မှုများဖြင့် တစ်အိမ်လုံးကို ငေးမော နေသောသူမကို သတိပေးသလို ခါးကိုတို့လိုက်မှ သင်ပေးထားသည့်အတိုင်း အဘွားဟုလှိုက်လှဲစွာ ခေါ်လေ၏။

ဧည့်ခန်းဆိုဖာခုံမှာ ထိုင်စောင့်နေသော အဘွားက ဝမ်းသာအား မျက်ရည်များလည်လျက် လက်ကမ်းကာ ကြိုသည်။

"လာပါဦး လာပါဦး မြေးမလေးရယ်၊ အဘွားကို အဲဒီလောက် တောင် ခွဲထားရသလားကွယ်"

"အဘွားရယ်"

ခင်မုန်းကလည်း အိုက်တင်ကောင်းပါသည်။ မျက်မှန်ကိုချွတ်က စားပွဲပေါ်တင်လျက် မျက်ရည်လေးစမ်းစမ်းဖြင့် အဘွားကိုဖက်သည်။

"မြေးလေး ကညာဖြူလေး နိုင်ငံခြားမှာဘာတွေလုပ်နေတာလဲ မြဒါလီတို့ဆီ စုံစမ်းတော့လည်း အဲဒီမှာမရှိဘူးဆိုတော့ အဘွားတို့ စိတ်ပူနေ တာ"





"ဒေါ်လေးတို့အိမ်မှာနေလို့မဖြစ်တာ အဘွားသိသားနဲ့၊ အဆောင် ငှားနေပြီး အလုပ်တစ်ဖက်နဲ့ သင်တန်းတွေတက်နေတာပါ"

"ဒါဆိုလည်း အဘွားတို့ကို အဆက်အသွယ်လုပ်ပြီး ငွေလှမ်း တောင်းရမှာပေါ့၊ မိသားစုနဲ့ အိမ်ထောင်ရှင်မတစ်ယောက်က အဘွားတို့ ပိုင်ဆိုင်ရသမျှ ပိုင်ဆိုင်ရမှာပဲ"

"အဲဒီလိုတွေ မလုပ်ချင်ပါဘူး အဘွား၊ နိုင်ငံခြားမှာနေလာခဲ့တဲ့ သူပဲ နေစရာလည်း မရှားပါဘူး၊ အလုပ်လည်းမရှားပါဘူး၊ အစစ အရာရာ အဆင်ပြေပါတယ်အဘွားရဲ့"

ခင်မုန်းကတော့ သူ သင်ထားတာထက် အဆင်ပြေပြေ ပြောနိုင် ပြီး မှု(ခ်)ကောင်းလွန်းသည်။ အဘွားလက်ကလေးကို ဆုပ်ကိုင်ကာ တကယ် ကို စိတ်မကောင်းဖြစ်နေသည့်ဟန်ပင်။ ဒါပေမဲ့ ကညာဖြူအစစ်က ဒီလောက် အိုတာများမှာမဟုတ်ပေ။

သူမစိတ်နှင့်သူမကိုယ် ပြန်လာခဲ့လျှင်တောင် အဘွားအပေါ် ဒီ လောက်ထိ နွေးထွေးကြင်နာစွာပြောဆိုဆက်ဆံမှာမဟုတ်ဘူးဆိုတာ သူ သိသည်။ ကညာဖြူမှာ အမြဲတမ်းတည်တင်းပြီး ခက်ထန်လိုက်သည့် မိန်းမ ပဲ။ ခင်မုန်းက အဘွားမျက်ရည်တွေ သူမ လက်ချောင်းလေးတွေဖြင့် ဖွဖွ သုတ်ပေးပြီး

"မျက်ရည်မကျပါနဲ့တော့ အဘွား၊ နောက်ဆို ကညာ ဘယ်မှ ထွက်မသွားတော့ပါဘူး၊ အဘွားအနားမှာပဲနေမှာပါ၊ အဘွားကျန်းမာရေး ကောင်းအောင်နေပါနော်၊ အဘွားကျန်းမာရေးအတွက် ကညာပြုစုစောင့် ရှောက်ပါ့မယ်"

"ကညာလေးရယ် အဘွား ဝမ်းသာလိုက်တာကွယ်၊ အခုလို ထွက်ပြီး ပြန်လာမှ လိမ္မာသွားတာလဲ၊ ကြည့်စမ်းပါဦး ဘာအလုပ်တွေ လုပ်ခဲ့လို့ လက်တွေက ဒီလောက်ကြမ်းသွားရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ခင်မုန်းလက်ဖဝါးလေးတွေကို ပွတ်သပ်ကာ အဘွားပြောတော့ ခင်မုန်းယောင်ယမ်းကာ လက်ကို နောက်ဆုတ်ပြီး မျက်လုံးလေးပြူးသွား၏။ သူလည်း ခင်မုန်း အိုဗာများတာ သတိပေးသည့်အနေဖြင့် မျက်မှောင်ကျုံ့ပြလိုက်သည်။ အခုမှတွေ့သည့်အဘွားကို ဒီလောက်ထိ လှိုက်လှဲပြစရာမလို။

ကညာဖြူသာဆိုရင် အခုလောက်ဆို ပင်ပန်းလာသည်။ အခန်းထဲသွားနားတော့မည်လို့ပြောကာ နေရာက ထထွက်သွားလောက်ပြီမဟုတ်လား။

"အဘွား ဟို ကညာဖြူခရီးပန်းလာတာ နားခိုင်းလိုက်ပါဦးလား"

"အေးပါကွယ် နားခိုင်းရမှာပေါ့၊ ဒါပေမဲ့ မထွေးကို ချက်ပြုတ်ပြင်ဆင်ခိုင်းထားတယ်၊ စားစရာရှိတာ စားသောက်ပြီးမှ တစ်ခါတည်းနားလိုက်ပါလား ကညာလေးနော်"

"ဟုတ်ကဲ့ အဘွား"

"မထွေးရေ ကညာအိတ်တွေ အခန်းထဲထည့်ပေးပါဦးကွယ်"

အဘွားက မထွေးကို လှမ်းခေါ်သည်။ ခင်မုန်းက ပျာပျာသလဲ လက်ကလေးကာ၍

"နေပါစေ အဘွား။ ကညာဘာသာ ယူသွားလိုက်ပါ့မယ်"

အားနာသည့်ပုံစံက ကညာဖြူနှင့် လုံးဝကွဲပြားနေတာမို့ သူ ခင်မုန်း အနားဝင်ထိုင်ကာ မသိမသာ လက်မောင်းကိုဆိတ်၍ သတိပေးလိုက်တော့ ခင်မုန်း တွန့်ခနဲဖြစ်သွားလျက် သူ့ဘက်လှည့်ကာ မျက်စောင်းထိုး၏။

"ဟဲဟဲ ဟို ဒီလိုအဘွားရဲ့ ကညာဖြူက အဘွားအတွက် လက်ဆောင်တွေပေးမလို့ မထွေးကိုမယူခိုင်းတာ"

"သြော် ဟုတ်လား။ မြေးမလေးက ပင်ပန်းတဲ့အလုပ်တွေလုပ်ပြီး အဘွားအတွက် ဘာတွေများဝယ်လာတာလဲကွယ်"





"ဟို ပိတ်စနဲ့ရေမွှေးပါ၊ အဘွားက ရေမွှေးလည်းကြိုက်တယ်မဟုတ်လား"

"မြေးမလေးက အဘွားအကြိုက် သိသေးတာပဲ၊ ဒါပေမဲ့ အရင်ကတော့ အဘွားကို တစ်ခါမှဝယ်မပေးဖူးဘူးနော်"

"အခု ခွဲနေလိုက်ရတော့ အဘွားကို သတိရ အမှတ်ရလို့ပါ အဘွားရယ်"

"ဟုတ်ပါပြီကွယ်၊ ဒီတစ်ခါ ခရီးထွက်သွားတာ ကောင်းတယ်လို့တောင်ပြောရမလား မသိတော့ပါဘူး။ မြေးမလေး တော်တော်ကိုပြောင်းလဲလာတယ်၊ အဘွား ဘယ်လိုကြည်နူးမိတယ်ဆိုတာတောင် မပြောတတ်တော့ဘူး"

"အဟင်း ဟင်း"

"ကညာဖြူ အဘွားကိုပေးလိုက်တော့လေ"

သူ အံကြိတ်လျက် တိုးတိုးသတိပေးရပြန်သည်။ တစ်လမ်းလုံးလည်း ကညာဖြူစရိုက်ပုံစံကို အတန်တန်သတိပေးလာပါလျက်နှင့် အခုချိန်ထိ ကညာဖြူရဲ့မာကျောသောအချိုးပုံစံ မတွေ့ရသေးပေ။

ခင်မုန်း ဒီလောက် ရိုးသားဖြူစင်နေတာ သူ အားမရတော့ပါ။ အဘွား ဒီထက်ပိုပြီး သတိထားမိသွားလျှင် မကောင်းတော့ဘူးမဟုတ်လား။

"ပေးစမ်းပါကွာ၊ ငါလုပ်လိုက်ပါ့မယ်"

ကညာဖြူ ခရီးဆောင်အိတ်ဖွင့်တာ စမ်းတဝါးဝါးမဖွင့်တတ်သလိုဖြစ်နေတာမို့ သူကိုယ်တိုင်ပဲ ထုတ်ပေးလိုက်ရသည်။

အနေအထိုင် အပြုအမူသင်သင့်သလောက် သင်ပေးထားပေမယ့် ဒီလိုခရီးဆောင်အိတ်ဖွင့်ဖို့ အသေးအမွှားကိစ္စလောက်တော့ လုပ်တတ်လိမ့်မည်ထင်တာပေါ့။

"ရော့ အဘွား။ ကညာဖြူက အဘွားအတွက် ဟိုနိုင်ငံကတောင်



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လာတာ၊ ပိတ်စလေးတွေ လှလိုက်တာ၊ ရေမွှေးလည်း အဘွားကြိုက်

အနံ့ပဲ၊ နမ်းကြည့်ဦး''

''ဟယ် ဟုတ်ပါရဲ့၊ အဘွားဒီအနံ့လေးသုံးတာ မြေးမလေး သတိထားမိတယ်ပေါ့၊ ပိတ်စတွေကလည်း အဘွားကြိုက်တဲ့အရောင်ရ ချည်းပဲ၊ အမယ်လေး အဆက်အသွယ်တောင်ဖြတ်ထားတော့ အဘွားတို့ အဘွားတို့ကို မြေးမလေးမေ့သွားပြီလို့ ထင်နေတာ၊ ပြန်တောင်လာပါ မလားလို့ စိုးရိမ်လိုက်ရတာကွယ်''

''ဘာလို့ မလာရမှာလဲ အဘွားရဲ့၊ မိသားစုတွေပဲဥစ္စာ''

''အင်း အဲဒီလိုပြောဖော်ရတာလည်း အဘွား ကျေးဇူးတင်တယ် ကဲ ထမင်းစားကြမယ်လေ၊ မြေးမလေး ဗိုက်ဆာနေရောပေါ့၊ မထွေး ထမင်းပွဲပြင်ပြီးပြီလား''

မထွေးက မီးဖိုခန်းဘက်ကနေ အပြေးထွက်လာကာ မဝံ့မရဲလေး

''ပြင်ပြီးပါပြီ မေမေကြီး၊ မမလေးကြိုက်တာတွေချက်နိုင်းထား ချက်နေတာ အားလုံးပူပူနွေးနွေးပါပဲ''

''ဟုတ်တယ် ကညာလေးရဲ့၊ ကညာလေးက ထမင်းတွေ ဟင် တွေ အေးနေတာမကြိုက်ဘူးမဟုတ်လား၊ ပြန်နွှေးတာမျိုးလည်း မကြို တော့ မထွေးကို ရောက်လာမယ့်အချိန်မှန်းချက်ဆိုပြီး ပြောထားတာ၊ ထ ကလည်း ကညာလေးကြိုက်တဲ့ ပုစွန်ထုပ်ဆီပြန်ရယ် ကြက်သားပေါင်း ဝက်သားနှပ်ရယ်''

''ဟင် ဟင်းတွေကလည်းများလိုက်တာ''

''ကညာဖြူ''

သူ သတိပေးသလို မသိမသာ အံကြိတ်လျက် သူမကိုတံ ဖြင့်တွက်လိုက်သည်။ ကညာဖြူက ဟင်းလေးငါးခွက်တောင် နည်း ဆိုပြီး စားနေရင်းနှင့်ရေခဲသေတ္တာထဲက အသီးအရွက်တွေကြော်ခိုင်း





သေတ္တာချက်ခိုင်း သုတ်ခိုင်း။ အသားချောင်း အသားပြားတွေကြော်ခိုင်းနှင့် ထွေးဆိုတာ နားရသည်မရှိပေ။

ထမင်းကိုတော့ တစ်ဇွန်းနှစ်ဇွန်းစာ အနည်းငယ်သာစားပြီး အေး တ်နေသောထမင်းဆိုလျှင် မထွေးကို ချက်ချင်းပြန်ချက်ခိုင်းတတ်သည်။ ခင်မှန်းကတော့ ထမင်းစားပွဲပေါ်က ဟင်းပွဲတွေကိုမြင်ပြီး တအံ့တသြကြီးနှင့် ထိုင်ခုံမှာတောင် ဝင်မထိုင်ရဲသလိုဖြစ်နေသည်။

သူက အဘွားကို နေရာပေးပြီး သူမကိုဆွဲထိုင်ခိုင်းလိုက်ရ၏။ သူ ထမင်းပန်းကန်ပေါ်မှ ဇွန်းခက်ရင်းရော တူရောတင်ထားတာကို ခင်မှန်း အံ့တသြကြီးဖြစ်နေသည်။ ဖယ်ချရမလို ဒီအတိုင်းပဲ ထားရမလိုနှင့် ဘာ လုပ်ရမှန်းမသိ ဖြစ်နေပုံရသည်။

ဇွန်းခက်ရင်းတို့ တူတို့ရော သူမသုံးတတ်ပါရဲ့လားမသိ၊ ဒါကတော့ အရေးကြီးကိစ္စလည်းမဟုတ်၍ သူ သင်လည်းမပေးမိ၊ ကိုင်တတ်ရဲ့လား လို့လည်း မမေးမိ။

''ကညာလေး မြေးမလေး စားလေ မြေးရဲ့၊ အသားငါးရော အသီးအရွက်ရော အဘွားစုံအောင်လုပ်ခိုင်းထားပါတယ်၊ မြေးလေး ဘာ ထပ်စားချင်သေးလဲ၊ မထွေးကိုလုပ်ခိုင်းလိုက်မယ်လေ''

''တော် တော်ပါပြီ အဘွား၊ ဒါတွေတောင် အရမ်းများနေပါပြီ''

''ဟုတ်ပါပြီ အဆင်ပြေတယ်ဆိုလည်း စားလေ ကညာလေး''

''မှာတ်ကဲ့''

သူမ ထမင်းကို ဘယ်လိုစားရမှန်းမသိပေ။ ပန်းကန်ပြားလှလှလေး ထဲမှာ ထမင်းကပုံစံခွက်လို နည်းနည်းလေးဖြင့် တူရော ဇွန်းခက်ရင်းရော တင်ထားသေးသည်။ ဒါကြီးတွေနှင့် ညှပ်ဆွဲပြီး သူမ မစားတတ်သလို ထမင်းကလည်း သူမအတွက်တော့ တစ်လုတ်စာလောက်ပဲ ရှိလေသည်။

အိမ်မှာဆို စတီးဇလုံထဲမှာ ထမင်းအပြည့်ထည့်ပြီး ငါးပိရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



သမ်း၍ အတို့အမြှုပ်တွေဖြင့် အားရပါးရ စားနေကျပါ။

"စားလေ မြေးမလေးရဲ့ ဘာလုပ်နေတာလဲ"

"ဟုတ် ဟုတ်ကဲ့ အဘွား အဟင်း"

အဘွားကို ဟန်ဆောင်ပြုံးပြနေရပေမယ့် ဆာလောင်နေသော ဗိုက်က ဒီထမင်းလောက်နှင့်တော့ မဖြစ်ပေ။ ဒါကြောင့်မို့ လင်းရောင်ထင် နားနားကပ်ကာ တိုးတိုးလေးဖြင့်

"ငါ ဒီထမင်းနဲ့မဝဘူး၊ ဖွန်းခက်ရင်းတွေ တူတွေနဲ့လည်း မစား တတ်ဘူး"

ဟု ပြောတော့ လင်းရောင်ထင် မျက်ခုံးပင့်တက်သွားလျက် အဘွား မကြားသာအောင်

"အခုတော့ ဒါလေးကို အဆင်ပြေအောင် စားလိုက်၊ နောက် ဆိုင်မှာမင်းကို အဝလိုက်ကျွေးမယ်၊ ဖွန်းခက်ရင်းကို ဖြည်းဖြည်းလေးထိန်း ကိုင်၊ တူနဲ့ဟင်းရွက်ကြော်တွေ ယူမစားတတ်ရင် မစားဘဲနေလိုက်"

"ဖြစ်ပါ့မလား လုံးဝမကိုင်ဖူးဘူး"

"ဖြစ်အောင်လုပ်၊ ငါကိုင်သလိုကြည့်ကိုင်"

"မြေးလေးတို့ ထမင်းမစားဘဲ ဘာတွေပြောနေကြတာလဲကွဲ့"

"ရှင်"

"ဗျာ အဘွား။ ဟို မဟုတ်ပါဘူး။ ကညာက သားကို အဘွား မတည့်တာတွေ ချက်မကျွေးမိုင်းဖို့ သတိပေးနေတာ"

"ဪ ဟုတ်လား။ အေး မြေးမလေးက ဒီတစ်ခါမြင်ရတော့ မြေးနဲ့ပိုရင်းနှီးသလိုပဲ၊ အရင်က ထမင်းဝိုင်းမှာလည်းမပြော၊ ဒီအတိုင်းလည်း ခပ်တင်းတင်း ခပ်ကင်းကင်းနေတော့ အဘွားမှာမြင်ရတာ စိတ်မသက်သာ ဘူး။ အခုတော့ စိတ်ချမ်းသာလိုက်တာကွယ်၊ ကဲ စားပါစားကြ၊ အဘွား အတွက်က မပူနဲ့၊ အဘွားက ငါ့မြေးလေး ပြန်လာတာနဲ့ ကျန်းမာရေး





ကောင်းနေပြီ၊ အရင်နေ့တွေက အဘွားက ထမင်းစားပွဲတောင်ထိုင်တာ မဟုတ်ဘူး"

"ဟုတ်တယ် ကညာရဲ့ အဘွားက မင်းပြန်မလာတော့ဘူးလား လို့တွေးပြီး ထမင်းကောင်းကောင်းစားတာမဟုတ်ဘူး၊ ဆေးတိုက်ဖို့အတွက် မနည်းကိုကျွေးယူရတာ၊ မင်းပြန်လာတော့မှပဲ ထမင်းစားပွဲထိုင်တာ မြင်ရ တော့တယ်"

သူ အဘွားနှင့်စကားရောဖောရော ပြောလိုက်ရသည်။ ခင်မုန်းက ခေါင်းညိတ်ပြုံးပြပြီး ဖွန်းခက်ရင်းကို သူ့လက်ကိုကြည့်၍ ကိုင်၏။ ဝက်သား ဟင်းတစ်တုံးကို အဘွားထဲဦးချပြီး သူမပန်းကန်ထဲ တစ်တုံးထည့်၍ ဖွန်း ခက်ရင်းနှင့်ဖဲ့သည်။

"ချလွမ် ဂွမ်"

"ဟဲ့ ဘာဖြစ်တာလဲ ကညာလေး"

"ဟို ဟို ကညာအိပ်ရေးပျက်လာလို့ အိပ်ငိုက်သွားလို့ပါ အဘွား"

"အဟဲဟဲ ဟုတ်တယ် အဘွားရဲ့၊ လမ်းမှာကတည်းက ကညာ ကပြောနေတာ ပြန်လာရမယ်ဆိုတော့ စိတ်လှုပ်ရှားပြီး သူ အိပ်မပျော်ဖြစ်နေ တာ၊ မြန်မာပြည်ပြန်ရောက်မှ အရမ်းကိုအိပ်ချင်နေတာတဲ့"

ဖွန်းခက်ရင်းကလွတ်ကျပြီး အသားတုံးက အောက်ကပါကေးခင်း ပေါ်ပြုတ်ကျသွားတာမို့ ပါးစပ်ထဲတွေ့ရာကြုံသလို ဖာထေးလိုက်ရသည်။ တော်တော်ကို ဆိုးသည့်ခင်မုန်းပါ။ ဖွန်းခက်ရင်းကို တစ်ခါမှမကိုင်ဘူးလောက် အောင် ချို့တဲ့သည့်ဘဝမှာ နေခဲ့ရတာကို သူ စိတ်မကောင်းဖြစ်သွားမိတာ ထက် အဘွားရှေ့မှာ ဒီလိုဖြစ်သွားရတာ၊ တစ်ခုခုလွဲချော်သွားမှာစိုး၍ သူ ထိတ်လန့်နေခဲ့ရသည်။

ဒါကြောင့်သာ အဘွား သံသယမဝင်အောင် ဖာထေးရခြင်းပါ။

"မတွေးရေ့ ဖွန်းခက်ရင်းတွေ ပြန်ဆေးပေးလိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အစ်ကိုလေး"

မထွေးက ကပျာကယာရေခေါးပေးသည်။ ခင်မုန်းက အရမ်းကို စိတ်ညစ်ညူးနေဟန်ပါ။ အဘွားကတော့ ခပ်ပြုံးပြုံးပင်။

"ကညာလေး အရမ်းအိပ်ချင်ရင် နားချင်နားလေ၊ အိပ်ရာနှီး ထပ်စားချင်စားပေါ့၊ ကိုယ်စားချင်တာ မထွေးကိုလုပ်ခိုင်းလို့ရနေတာပဲ"

"ဟုတ် ဟုတ်ကဲ့ပါ အဘွား"

ပြောသာပြောလိုက်ရသော်လည်း ဗိုက်ကဆာနေတာမို့ ထမင်းတွေ ချည်း ဖွန်းနှင့်ခပ်စားလိုက်သည်။ အဘွားကတော့ ခပ်ပြုံးပြုံးပင်

"ကညာလေး အရမ်းအိပ်ချင်ရင် နားချင်နားလေ၊ အိပ်ရာနှီး ထပ်စားချင်စားပေါ့၊ ကိုယ်စားချင်တာ မထွေးကိုလုပ်ခိုင်းလို့ရနေတာပဲ"

"ဟုတ် ဟုတ်ကဲ့ပါ အဘွား"

ပြောသာပြောလိုက်ရသော်လည်း ဗိုက်က ဆာနေတာမို့ ထမင်း တွေချည်း ဖွန်းနှင့်ခပ်စားလိုက်သည်။ သူမရဲ့လိုအပ်ချက်တွေအတွက် လင်း ရောင်ထင်ကတော့ စိတ်တွေတို ဒေါသတွေဖြစ်နေမှာပါ။

ဒါပေမဲ့လည်း မတတ်နိုင်။ သူမဘဝက ကညာဖြူလို အဆင့်အ တန်း မြင့်မားစွာ သာသာယာယာ နေနိုင်ခဲ့တာမှမဟုတ်ဘဲ။

အလုသမားမဟုတ်သော ဘဝသမားမို့။

■ ■ ■



## အခန်း (၁၃)

"မင်းဘယ်လိုဖြစ်တာလဲကွာ၊ ဒီလောက်တောင် ပုံပျက်ပန်းပျက်"

အခန်းထဲအရောက်မှာပင် စိတ်ထိန်းမနေနိုင်ဘဲ ခင်မုန်းကို အပြစ် ပြောလိုက်မိသည်။ ခင်မုန်းက သူ့ကိုမျက်စောင်းလှည့်ထိုးလျက်

"အံမယ် သူကပဲ အပြစ်ပြောရတယ်ရှိသေး။ အစတည်းက ဒါတွေ ထည်းအရေးကြီးတယ်ဆိုရင် နင်သင်ပေးခဲ့ပါလား"

"ဟ ဒီလောက်တော့ မင်း လုပ်တတ်မယ်ထင်တာပေါ့ကွ၊ ဖွန်း ခက်ရင်းကိုင်တာ၊ ဘယ်လောက်ခက်တာမှတ်လို့"

"နင်တို့လိုမွေးကတည်းက ဖွန်းခက်ရင်းကိုင်စားရတဲ့ အဆင့်အတန်း မျိုးကမှမဟုတ်တာ၊ ဒီလိုစားသောက်နေထိုင်မှုတွေက ငါတို့နဲ့မရင်းနှီးဘူး။ ငါးပိရည်တို့စရာလောက်ပဲ စားဖူးတဲ့သူအတွက် ဒီဟင်းပွဲတွေက နတ်သုဒ္ဓါ ထမျှ တန်ဖိုးကြီးခမ်းနားလို့ အံ့အားသင့်မိတာရော မှားသလား"

သူမဘဝအခြေအနေသိရတာ သနားရမှာလား။ အမှားအယွင်းဖြစ် သွားသည့်အတွက် ဒေါသပဲဖြစ်ရမှာလား မသိပေ။ စိတ်ကိုတော့ အနည်းငယ် လျှော့ချမိကာ

"ဘာပဲဖြစ်ဖြစ် ထိန်းထိန်းသိမ်းသိမ်းတော့ ရှိရမှာပေါ့ကွာ၊ ကပါ



www.burmeseclassic.com

www.burmeseclassic.com



အခုကိစ္စပြီးသွားပြီပဲထားလိုက်ပါတော့၊ နောက်မှစားသောက်ဆိုင်မှာ သေချာ သင်ပေးပါ့မယ်''

''နင်စားသောက်ဆိုင်မှာ သင်ပေးမှာကနောက်မှ၊ အခု ဗိုက်ဆာနေတာ ဘယ်လိုဖြေရှင်းပေးမှာလဲ''

''အဲဒါတော့ အခုချက်ချင်း အပြင်ပြန်ထွက်ဖို့ကတော့ မဖြစ်နိုင်ဘူးလေ၊ ဒီအတိုင်း အောင့်အည်းပြီး''

''မအောင့်အည်းနိုင်ပါဘူး''

''ဘာ''

''ဗိုက်ဆာနေတာ ဘယ်လိုလုပ်အောင့်အည်းနေရမလဲ၊ လမ်းများကတည်းက တစ်ခုခုကျွေးဖို့စဉ်းစားလာတာမဟုတ်ဘူး''

''မင်းကကွာ အငတ်တိုင်းပြည်ကလာတာကျနေတာပဲ၊ နေဦးကွာ ပြီးမှ မီးဖိုခန်းထဲ ဘာမုန့်တွေရှိလဲ ငါသွားကြည့်ပြီး ယူပေးမယ်၊ အခန်းထဲက ရေခဲသေတ္တာထဲမှာတော့ ဘာမှထည့်ထားတာမတွေ့သေးဘူး''

သူက ရေခဲသေတ္တာကိုဖွင့်ကြည့်ပြီး ပြောလိုက်တော့ သူမက ရေခဲသေတ္တာကိုစွေစောင်းကြည့်လျက်

''ဟွန်း သူဌေးတွေကလည်း လာမယ်မှန်းသိရဲ့နဲ့ စားစရာသောက်စရာလေး ဝယ်ထည့်ထားပါတော့လား''

''ကညာဖြူက အဲဒီလိုကြိုဝယ်ပြီး ထည့်ထားတာမျိုးမကြိုက်ဘူး၊ သူ့ရှေ့မှာ ရေစင်အောင်ဆေးပြီး သန့်သန့်ရှင်းရှင်းမှကြိုက်တာ၊ ကိတ်မုန့် ဘာတွေဆိုရင်တော့ ဒိတ်လွန်တာတွေဖြစ်မှာစိုးလို့ သူကိုယ်တိုင်ဝယ်တယ်''

''အမယ်လေး ကြီးကျယ်လွန်းလိုက်တာ၊ သူက ရွှေလင်ပန်းနဲ့ အချင်းဆေးပြီးမွေးလာတာမို့လား''

''တစ်စိတ်လောက်ကို တစ်အိတ်လောက်ပိုပြီး ကြီးကျယ်တာတော့ အမှန်ပဲ၊ ပြီးတော့ ပြောထားရဦးမယ်''





''ဘာလဲ''

''မင်း ဟင်းတွေကိုများများချေးများပါ''

''ဘာ''

''ကညာဖြူက ဟင်းကိုပေါ့တယ်၊ ငန်တယ် အချိုအငန်မထိဘူး၊ အစပ်အဟပ်မတည့်ဘူးဆိုတာမျိုးနဲ့ အရမ်းချေးများတာ၊ ဟင်းခွက်များများ အဆာတတ်တယ်၊ အသီးအရွက် အသားငါးစုံနေမှ ကြိုက်တာ၊ ဟင်းခွက်နည်းနည်း ရေခဲသေတ္တာထဲမှာ အမြဲမပြတ်ထည့်ထားတဲ့ ကြက်ဥချောင်း ဝက်အူချောင်း အသားပြား အဲဒါတွေကို လုပ်နိုင်းတယ်၊ ထမင်းဟင်းတွေအားလုံး နွေးနွေးမှစားတတ်တယ်''

''အဲဒီလို မိန်းမကို နင်ဘယ်လိုများယူခဲ့လဲဟင်''

''ဟင်''

သူမမေးခွန်းကြောင့် သူ အံ့အားသင့်ပြီး ဘာပြောရမှန်းမသိဘဲ ဖြစ်သွားရသည်။ သူမက နာခေါင်းကိုရှုံ့ပြီး ခပ်တည်တည်မေးတာပါ။

သူကတော့ အိမ်တွင်းရေးကိစ္စတွေ သိပ်မပြောချင်။

''မင်းကိုမစပ်စုနဲ့လို့ပြောထားတယ်လေ၊ မင်းလုပ်ရမယ့်အလုပ်ကိုပဲ မင်းလုပ်ပါ''

''သြော် သိပြီ''

''ဘာလဲ''

''ကညာဖြူက အရမ်းချောအရမ်းလှ အရမ်းအဆင့်အတန်းမြင့်တော့ အပြစ်မမြင်အောင်ချစ်ပြီး လက်ထပ်ခဲ့တာ၊ ဟုတ်တယ်မဟုတ်လား။ ဒါတယ်ပဲ လူတွေက ချစ်မိပြီဆိုရင် အဲဒီလူဘာပဲလုပ်လုပ် အပြစ်မမြင်ကြတော့ဘူး။ အခိုးဆုံးအဲဒီလူနောက်မီးပဲလင်းလင်း''

''နင်းဘာတွေလျှောက်ပြောနေတာလဲ၊ အချစ်အကြောင်းသိရအောင် မင်းကကျ ရည်းစားဘယ်နှယောက်ထားခဲ့ဖူးလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ခင်မှုန်း ဘာတွေသဘောကျသွားမှန်းမသိဘဲ ရယ်သည်။ သူမကိုယ်သူမ လက်ညှိုးထိုးပြလျက်

"ဟား ဟား ငါလားရည်းစားထားဖို့လား၊ ရည်းစားထားဖို့အချိန်ကို မရှိတာ၊ အမေနဲ့အမေအတွက် ဘဝအတွက်ရုန်းကန်နေရတာလေ၊ ရည်းစားထားတယ်ဆိုတာ အချိန်တွေပိုနေမှကောင်းတာ၊ သူတို့ချိန်းတဲ့အချိန်သွား၊ ကိုယ်ကတွေ့ချင်တဲ့အခါသွား၊ ရုပ်ရှင်လေးကြည့်၊ ပန်းခြံလေးမှာကြည့်နူး ကုန်တိုက်တွေစင်တာတွေမှာ လျှောက်လည် ဟီးဟီး"

"ဘာ ဟီးဟီးလဲ၊ မင်းကအချိန်မရလို့သာ ရည်းစားမထားခဲ့တာ ထားတော့ထားချင်တဲ့ပုံပဲ၊ ဟုတ်တယ်မဟုတ်လား"

"ဝေးသေး စိတ်ကူးကိုမယဉ်တာ၊ ရည်းစားဘာလုပ်ဖို့လဲ၊ ကိုယ့်လုပ်စာနဲ့ကိုယ်မှ ကိုယ့်မိဘကိုလုပ်ကျွေးထောက်ပံ့ ပြုစုလို့ရသေးတယ်၊ ရည်းစားထား ယောကျ်ားယူလိုက်ရင် ကိုယ့်ဘဝတစ်ခုလုံး သူတို့ကို ပုံအပ်လိုက်ရမှာ၊ ကောင်းကောင်း မကောင်းကောင်း ဒီလင်ကိုပေါင်း၊ ဒီလင်နဲ့ရတဲ့ကလေးတွေကိုမွေး၊ မိန်းကလေးဘဝတစ်သက်လုံး နစ်မွန်းလည်း ဘယ်သူက တာဝန်ယူမှာလဲ၊ ကိုယ့်ဒုက္ခကိုယ်ခံပေတော့ပဲ"

ခင်မှုန်းစကားတွေက အတော်ကိုအလေးအနက်ရှိသည်။ လောကခံကြောင့် ရင့်ကျက်ရသည်ဆိုသော်လည်း တစ်ခါတလေကျ ကလေးဆန်မှုလေးတွေကလည်း အပြစ်ကင်းလွန်း၏။

"ကဲ အဲဒါတွေထားပါ၊ မင်းဗိုက်ဆာတာရော ပျောက်သွားပြီလား"

"ဘာလို့ ပျောက်ရမှာလဲ၊ ဗိုက်ထဲမှာ တဂွီဂွီနဲ့ နင်မကြားဘူးလား"

"ခြော် အေး မီးဖိုခန်းထဲ ဘာရှိလဲ ငါသွားကြည့်လိုက်ဦးမယ်"

သူမကို အခန်းထဲထားခဲ့ကာ သူ အောက်ထပ်ဆင်းလာခဲ့သည်။ အဘွားကတော့ အခန်းထဲဝင်နေလောက်ပြီဖြစ်ပြီး မထွေးက စားသောက်ထားသော ပန်းကန်တွေကို ဆေးကြောသုတ်သင်နေသည်။





"မထွေး"

"ရှင် အစ်ကိုလေး"

"ရေခဲသေတ္တာထဲမှာ သစ်သီးတွေဝယ်ပြီးသားမရှိဘူးလား"

"ရှိပါတယ်"

"ဒီရင် အပေါ်ထပ် ကျွန်တော့်အခန်းထဲက ရေခဲသေတ္တာထဲ ထည့်ပေးစမ်းပါ"

"ဘာလုပ်မလို့လဲ အစ်ကိုလေး၊ မမလေးကတော့ ဝယ်ပြီးသားတွေ စားမှာမဟုတ်ဘူးထင်တယ်နော်"

"ကျ ကျွန်တော် စားမှာပါ"

"ဟင် အစ်ကိုလေးက အသီးအနှံတွေ ဘာတွေ တစ်ခါမှမစားဘူးပါဘူး"

"အခု စားချင်လို့ပေါ့ဗျာ၊ ရှိသလောက်သာထည့်ပေးစမ်းပါ၊ ဟိုဘိတ်ရောမရှိဘူးလား"

"မေမေကြီးအတွက် ဝယ်ထားတာတွေ ရှိပါတယ်"

"ဒီရင် အဲ့ဒါပါ အခန်းထဲထည့်ပေး၊ ကုတ်ဘူးတွေပါ ယူသွားလိုက်နော်၊ ခြော် ကျွန်တော်ပဲယူသွားလိုက်ပါမယ်"

"ရပါတယ် အစ်ကိုလေးရဲ့၊ မထွေး သယ်သွားလိုက်ပါမယ်"

သူ တစ်ခါမှ ဒီလိုမနိုင်းဘူးတာမို့ မထွေးက အံ့ဩလျက်၊ သစ်သီးနှင့်ဘိတ်တွေ ကုတ်ဘူးတွေကို အပေါ်ထပ်ကို မနိုင်မနင်းသယ်သွားပေးသည်။

"အစ်ကိုလေး လက်နှစ်ဖက်နဲ့မနိုင်လို့ အခန်းတံခါးလေး ဖွင့်ပေးပါဦး"

"အေး အေး"

မထွေးနောက်က ပါလာသော သူက အခန်းတံခါးကို တွန်းဖွင့်ပေးလိုက်ရသည်။ မထွေးအခန်းထဲအရောက်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



“ဖြုန်း ဒုန်း ဒုန်း”

“ဟယ်”

“ဟာ”

သစ်သီးတွေရော ကိတ်တွေရော ကုတ်ဘူးတွေရော လက်ချော်ကာ အားလုံး ကော်ဇောခင်းပေါ် ပြုတ်ကျကုန်သည်။ ခင်မုန်းက ပျာပျာသလဲလေးဖြင့် သစ်သီးတွေကို လိုက်ကောက်ပြီး

“ဩော် မနိုင်မနင်းနဲ့ ဘာလို့သယ်လာရတာလဲ၊ နင်ကလည်း နောက်ကနေပါလာတာကို ကူမသယ်ဘူး။ မထွေးကို အဲဒီလိုပဲ ခိုင်းရလား”

“ကညာဖြူ”

တမင်တကာ ပြောင်းပြန်တွေလုပ်နေသလိုဖြစ်နေတာကြောင့် သူလေသံမာမာနှင့် အော်ပစ်လိုက်ရသည်။ မထွေးမမြင်အောင် မျက်စိတစ်ဖက်မှိတ်ပြကာ မထွေးကို အော်ငေါက်ဖို့ သတိပေးရ၏။ သူမက သူပြောထားတာကို သဘောပေါက်သလိုရှိသွားလျက် သစ်သီးတွေကို မကောက်တော့ဘဲ မတ်တတ်ထရပ် ခါးလေးထောက်လျက်

“မထွေး အဲဒါတွေကို ရေစင်အောင် ဆေးပြီးမှ ရေခဲသေတ္တာထဲထည့်နော်”

“ရှင်”

မထွေးက ကညာဖြူ အစစ်အမှန်သာဆိုလျှင် ဒါမျိုးဖြစ်ပါက ရေဆေးဖို့ကောက်ခိုင်းဖို့နေနေသာသာ ချက်ချင်းလွှင့်ပစ်ခိုင်းမှာ သေချာနေတာမို့ အံ့ဩနေပုံရသည်။ သူလည်း ဒီထက်ဘယ်လိုပြောရမှန်းမသိပါ။ ဟန်ဆောင်ပန်ဆောင်နှင့် မျက်နှာထားတင်းတင်း ပြောလိုက်တာတောင် လေသံကတော့' ထင်သလောက်မမာပါ။

မထွေးက သစ်သီးတွေကို ဘေစင်မှာ ရေဆေးကာ ရေခဲသေတ္တာထဲမထည့်မရဲထည့်၍ ကိတ်ထုပ်တွေကို ရေခဲသေတ္တာအပေါ်မှာတင်ရင်း ခင်မုန်း





ဘာအပြစ်ပြောမလဲ တုန်လှုပ်ကြောက်ရွံ့နေရှာသည်။

ခင်မုန်းကတော့ အပြစ်မပြောသည့်အပြင် မထွေးလုပ်ကိုင်နေတာကို စိတ်မကောင်းသလိုကြည့်နေသေး၏။ မထွေး အပြင်ထွက်သွားတော့ ကိတ်မုန့်တွေယူကာ အားရပါးရ ပလုပ်ပလောင်းစားသည်။ သစ်သီးတွေလည်း ခါးနှင့်မလိုးဘဲ ဒီအတိုင်းကိုက်စား၏။

သူကြည့်ရင်းနှင့် စိတ်တော့မကောင်းပေ။ အတော်ကို ဗိုက်ဆာနေသယ့် ဖွန်းခက်ရင်းမကိုင်တတ်တာနှင့် မစားရရှာတာ။ ညနေကျမှ တစ်ဖက်ကည့်ခေါ်ထုတ်သွားပြီး စားသောက်ဆိုင်မှာ ဖွန်းခက်ရင်းကိုင်တတ်အောင် သင်ကျင့်ပေးရမည်။

ဘဝမှာ ဘာလို့များ ဒီလောက်နိမ့်ကျစွာနေခဲ့ရတာလဲ။ လူတန်းစားတွေ ဘာကြောင့်မတူရတာလဲ။ နိမ့်ပါးစွာမွေးဖွားလာသော အသိုက်အဝန်းအထက်တန်းဆန်စွာ အဆင့်အတန်းမြင့်မြင့် မွေးဖွားလာသော အသိုက်အဝန်းတူညီသော စရိုက်နှစ်ခုရဲ့မိန်းကလေးနှစ်ယောက်နှင့် ပတ်သက်ရသောသူ့အတွက် ဘယ်အရာတွေက ခွဲခြားနေလဲဆိုတာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဒီလိုကိုင်စား ကညာဖြူ၊ မင်းကိုင်တာမဟုတ်သေးဘူး၊ ညာဘက် လက်က ဖွန်းကိုကိုင်၊ ခက်ရင်းက ဘယ်ဘက်လက်က အသားတုံး ခက်ရင်းနဲ့ထိုးပြီး ဖိထား ဟုတ်ပြီ၊ ချော်မကျအောင် အားလေးထည့်ဖိ"

"ချွမ် ချွမ်"

အားနှင့်အတင်းဖိလိုက်တာကြောင့် ခက်ရင်းက ပန်းကန်ပြား ထိသွားကာ သံစုံမြည်သွားလေသည်။ သူက စားပွဲပေါ်က ဖွန်းခက်ရင်း ပြန်ကောက်တင်ပေးလိုက်ပြီး

"မင်းကွာ ငါစားပြတာ သေချာကြည့်စမ်းပါ၊ အဲဒီလောက်ပြီး လည်း အားစိုက်စရာမလိုဘူးလေ၊ ခါးလည်းအရမ်းကိုင်းပြီး ကုန်းနေစရာ ဘူး၊ မတ်မတ်လေးထိုင်ပြီး ပဝါလေးကို ပေါင်ပေါ်မှာတင် စမတ်ကျကျလေး စတိုင်ရှိမှ စတားဖြစ်တာတဲ့၊ ကိုယ့်စတိုင်ကို သူများတွေကငေးကြည့် အောင် စတိုင်ရှိရှိနေတတ်ရတယ်၊ မင်းက တုံးကိုတုံးလွန်းတယ်"

"ငါ့ဘဝက အဲဒီလို စတိုင်တွေမလိုင်တွေ လုပ်ရအောင်မှ ခဲ့တာ၊ ထမင်းနပ်မှန်ဖို့ပဲ 'မနည်းရုန်းကန်နေခဲ့ရတယ်"





"ထားပါကွာ အဲဒီဘဝအကြောင်း၊ အခု ငါသင်ပေးနေတဲ့အချိန် တော့ မင်းစိတ်ဝင်တစားရှိစမ်းပါ၊ အရမ်းခက်ခဲပင်ပန်းတဲ့အလုပ်လည်း ဟုတ်ပါဘူး"

"လုပ်နေတာပဲလေ၊ ချက်ချင်းကြီးတော့ ဖြစ်မလား"

"ငါ့ကိုတော့ ရန်တွေ့ကောင်းတယ်နော်၊ မထွေးအပေါ် အဲဒီထက် ထန်ထန်လေး ဆက်ဆံရမှာ၊ မင်းပျော့နေရင်တော့ ကညာဖြူ မဟုတ် ဘူး"

"သူ့မှာ ဘာအပြစ်တွေရှိလို့ မာမာထန်ထန်ဆက်ဆံရမှာလဲ၊ အမှား နေတယ်ဆိုရင်လည်း တစ်မျိုးပေါ့"

"လူတစ်ယောက်အမှားအပြစ်လုပ်မှ ကညာဖြူက အဲဒီလိုဆက်ဆံ ဟုတ်ဘူး၊ ဘယ်အချိန်မဆို ဘယ်သူနဲ့ဖြစ်ဖြစ် တင်းတင်းပြတ်ပြတ် ထန်ထန်နေတတ်တာကိုက သူ့စတိုင်၊ မင်းမနေတတ်လည်း မင်းကို ဖြူအဖြစ် သရုပ်ဆောင်နိုင်းထားတဲ့အတွက် မင်းကညာဖြူစတိုင်အတိုင်း နေရမှာပဲ နားလည်လား၊ မင်းကိုငါ ငွေပေးတယ်ဆိုတာ ကညာဖြူအဖြစ်"

"နားလည်ပါတယ်"

"ဟင်"

သူမ ဖြိမ်သက်စွာခေါင်းလေးငုံ့ပြီး ပြောလိုက်တာကြောင့် သူ ကောင်းတော့ ဖြစ်သွားရသည်။ ခင်မုန်းက ဖွန်းခက်ရင်းကို ပန်းကန် ပေါ် ပြန်တင်ပြီး

"နိမ့်ပါးတဲ့ဘဝမှာနေခဲ့ရတဲ့အတွက် အဲဒီလိုအဆင့်အတန်းရှိရှိ စတိုင် ဆိုတာ ငါ့အတွက် အရမ်းခက်ခဲတဲ့အလုပ်ပါ၊ ငါက ရိုးရိုးသားသား လင်းလင်း ချိုးချိုးနှိမ်နှိမ်ပဲ နေတတ်တယ်၊ ဒါပေမဲ့ နင့်ဆီက ငွေယူ အတွက် ရှိ အတတ်နိုင်ဆုံးတော့ ကြိုးစားနေပါမယ်"

"ငါလည်း ကညာဖြူစရိုက်နဲ့စတိုင်ကို အရမ်းနှစ်သက်နေလို့တော့

www.burmeseclassic.com



မဟုတ်ပါဘူး၊ မင်းဘဝနဲ့ရိုးသားမှုကိုလည်း ငါ နားလည်ပါတယ်၊ ဒါ... အဘွားသံသယဝင်ရင် ငါကြိုးစားထားသမျှ အလကားဖြစ်ပြီ ပြီးတော့ အ... ရဲ့ကျန်းမာရေးနဲ့ အသက်အန္တရာယ်၊ အဲဒါတွေက ငါ့အတွက်ပိုအရေး... တယ်၊ မင်းမလုပ်နိုင်ဘူးဆိုရင်''

''တစ်ခါတလေကျတော့ လုပ်တောင်မလုပ်ချင်ဘူး''

''ဘာ''

''ဒီနေရာက ငါနဲ့လုံးဝမအပ်စပ်ဘူးထင်တယ်''

''အဲဒီလိုဆိုရင် မင်းအစတည်းက ပြောခဲ့ရမှာပေါ့၊ အခု... အဘွားက ကညာဖြူပြန်လာပြီဆိုပြီး ပျော်နေတာ၊ ကျန်းမာရေး... ချက်ချင်းကောင်းလာတယ်၊ ဒါလည်း မင်းအမြင်ပါ''

''သံယောဇဉ်က တိုင်းထွာနေစရာတောင်မလိုပါဘူး၊ အ... ကြီးမားလွန်းတယ်ဆိုတာ သိသာပါတယ်၊ အဘွားကို မြင်မြင်ချင်း ငါ... ချစ်မိပါတယ်၊ အဘွားက အစွဲအလန်း သံယောဇဉ်ကြီးတတ်တဲ့သူမျိုး... လိမ့်မယ်''

''အဲဒါတော့ အမှန်ပဲ၊ မိသားစုနည်းတယ်လေ၊ သားဆိုတာ... ဖေဖေတစ်ယောက်တည်းရှိခဲ့တယ်၊ မြေးကျတော့လည်း ငါတစ်ယော... တည်းပဲ၊ အဲဒါကြောင့် ကညာဖြူအပေါ် ယယ်ယယ်တည်းက သံယော... ပိုခဲ့တာ၊ ဘာပဲဖြစ်ဖြစ်ပါလေ၊ ကညာဖြူနေရာမှာ မလုပ်ချင်ဘူးဆို... တော့ မဆုံးဖြတ်လိုက်ပါနဲ့၊ မင်းလည်း တဖြည်းဖြည်းတော့ ကျင့်သား... မှာပါ၊ အဘွားဘက်ကလည်း ကညာဖြူ နိုင်ငံခြားကပြန်လာတာ လိ... ခြားရှိလာတယ်၊ ပြောင်းလဲလာတယ်လို့ လက်ခံထားတာပဲ၊ ဘယ်... ပျော့ပျောင်းညင်သာပြီး သိတတ်လိမ္မာတာကို ကြိုက်ကြတဲ့သူချ... အဘွားက အပြစ်မမြင်ဘဲ ပိုပြီးချစ်ချင်တောင် ချစ်လာနိုင်ပါတယ်၊ ... ငါ စိုးရိမ်တာက ကညာဖြူမဟုတ်ဘူးလို့ သံသယဝင်သွားမှာ''





ခင်မုန်း တွေတွေငေးငေးလေးတော့ ဖြစ်သွားလေသည်။ ငွေကြေး ...လုပ်နေမှတော့ သူမဆန္ဒကို ဦးစားပေးလို့မဖြစ်ပေ။

အဆင်ပြေအောင်နေနိုင်ဖို့ပဲ သူမ ကြိုးစားရမှာပါ။ အခွင့်သာတုန်း ...တော့ သူမ ထမင်းတွေအားရပါးရ တွယ်ပစ်လိုက်သည်။ မြန်မာထမင်းဟင်း ...စားတာမို့ ငါးပိရည် တို့စရာပါ ချပေးတာမို့ ငါးပိရည်တွေ ထမင်းပန်းကန် ...လောင်းထည့်ပြီး အတို့အမြုပ်တွေ အများကြီးနှင့် စားနေတာကို လင်းရောင် ...င်က တအံ့တဩကြီးကြည့်လျက်

''မင်း ငါးပိရည်တော်တော်ကြိုက်တယ်နော် ခင်မုန်း၊ ကညာဖြူ ...တော့ ငါးပိရည်ကို အနံ့တောင်မခံဘူး၊ အဘွားတစ်ခါတလေ စားချင်လို့ ...ကိုလုပ်ခိုင်းရင်လည်း စားပွဲပေါ်အတင်မခံဘူး၊ အဘွားမှာ ငါးပိရည် ...ချင်ရင် သူ မငြိုငြင်ရအောင် တခြားနေရာမှာ သပ်သပ်စားရတယ်''

''အခု ကညာဖြူနဲ့တူအောင် ငါ့ကိုငါးပိရည်မစားနဲ့လို့ သတိပေးနေ ...လား''

''အဲဒီလို ယူဆမယ်ဆိုလည်းရတယ်၊ အနိမ့်အမြင့် အရမ်းကွာခြား ...တဲ့စရိုက်နှစ်ခုအတွက် သတိထားစေချင်တာပါ၊ မင်းနဲ့ကညာဖြူက လုံးဝ ...ခြားနားလွန်းတယ်။ ညီဖို့အခက်အခဲဆုံးက စိတ်ဓာတ်ပဲ၊ ပြောရရင်တော့ ...စိတ်ဓာတ်ကို ပိုကြိုက်တယ်''

''ရှင်''

''ဪ အဘွားကို စိတ်ချမ်းသာမှုပေးနိုင်မယ်ထင်တယ်လို့၊ ...အဘွားက မိန်းမကောင်းပီသပြီး စိတ်ထားမြင့်မြတ်တယ်၊ ကညာဖြူစရိုက် ...လည်းကြိုက်လို့မဟုတ်ဘူး၊ မြေးသားအရင်းလိုချစ်နေတဲ့အတွက် နားလည် ...တာ''

''နှင်ကရော''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



"စပ်စုတယ်လို့ပြောဦးမလို့လား၊ သိချင်စိတ်ဝေဘာ့များမိတာ အ[illegible] ပဲ၊ ပြောရရင် နင့်စရိုက်က သိပ်ကြီးကျယ်ပုံမပေါ်ဘူးလို့ထင်မိတယ်၊ [illegible] တော့ ကညာဖြူရဲ့စရိုက်ကိုလည်း ကြိုက်မယ်မထင်ဘူးလေ၊ အရမ်း[illegible] ကြီးကျယ်ပြီး မောက်မာမယ့်ပုံမဟုတ်လား"

သူမရဲ့ဝေဖန်မှုအတွက် သူ ပြုံးမိသွားလေသည်။ သူမ ထင်မြင်[illegible] ကမှန်နေသည်မဟုတ်လား။ အမြင်မဟုတ်ဘဲ အကြားနဲ့တင် ကညာဖြူ[illegible] ကို သူမလည်း ခန့်မှန်းမိမှာပေါ့။ သူမကတော့ ဟန်ဆောင်မှုကင်း[illegible] အစားအသောက်တွေစားရင်း ဘေးဘီဝဲယာကိုလည်း လှမ်းကြည့်လိုက်သေး သည်။

"ဟိုလေ ဒီဆိုင်မှာ လာစားတဲ့သူများတယ်နော်၊ ဈေးချိုလို့လား မသိဘူး၊ ငါစားတဲ့ထမင်းတစ်ပိုင်းစာ ဘယ်လောက်ကျလောက်လဲ"

"နှစ်သောင်းခွဲလောက်ပါပဲ"

"ဘာ နှစ်သောင်းခွဲ၊ အမယ်လေး ဒါလေးကိုလေ၊ ဒီလောက်ဈေး ရတယ်"

"ကြက်သားရယ် ဝက်သားရယ် ငါးရယ် အသီးအရွက် ငါးပိရည် တို့စရာ အဲဒီလောက်ကျတာ ဘာဖြစ်လို့လဲ"

"တော်ပြီ တော်ပြီ နောက်တစ်ခါ လာမစားတော့ဘူး၊ ဒီလော[illegible] ဈေးကြီးမှန်းသိရင် တကယ်ကိုလာမစားပါဘူး၊ နှစ်သောင်းခွဲလောက်ဆို[illegible] အိမ်မှာတစ်ပတ်စာ စရိတ်လောက်ရှိတယ်"

"ငါလည်း ကျွေးချင်လို့ လိုက်ကျွေးတာမဟုတ်ပါဘူး၊ ဖွန်းခက်ရင်း ကိုင်တာသင်ဖို့အတွက်ပဲ၊ အခုထော့ အဲဒါမသင်ဘဲ ကောင်းကောင်းဆွဲ[illegible] တယ်၊ နောက်တစ်ခါမလာလို့ ဘယ်ရတော့မလဲ"

"နေ နေပါ နောက်တစ်ခါမလာရအောင် ဒီတစ်ခါတည်းနဲ့ [illegible] အောင်သင်ပါမယ်"





သူ အကုန်အကျများမှာစိုး၍ သူမ ပျာပျာသလဲဖြင့် ဖွန်းခက်ရင်း [illegible]တာ ပြန်ကျင့်သည်။ ပြုတ်ကျလိုက် ချော်ထွက်လိုက်ဖြင့် တော်တော် [illegible]အခေါင်မပြေ။ ဒါပေမဲ့ စေတနာစိတ်လေးရှိနေတာကြောင့် သူမ ကြိုးစား [illegible]ကျင့်နေတာက သနားစရာပင်ကောင်းသေး၏။

အခွင့်အရေးကို ရသလိုမယူတတ်သည့်စိတ်ကလေးကို သူ သတိ [illegible]မိသွားပြန်သည်။

ခင်မှန်းရဲ့စိတ်ကလေး အမြဲတမ်း အဲဒီလိုဖြစ်နေပါစေလို့ပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"မြေးတို့ ပြန်လာကြပြီလား"

"ဟုတ်ကဲ့ အဘွား"

သူတို့အပြင်ထွက်သွားကံတည်းက အဘွားက လည်တဆန့်ဆန့်မျှော်နေခဲ့ဟန်တူသည်။ ခင်မုန်းက အဘွားအတွက် ဝယ်လာသော သင်္ဘော နှင့်ကိတ်တွေကို မဖေ့ွးလက်ထဲ ထည့်ပေးလိုက်ပြီး အဘွားအနားမှာ ဝင် ထိုင်သည်။

"အဘွား ညနေစာ စားပြီးပြီလား။ ဆေးရော သောက်ပြီးပြီလား ဟင်"

"ဘယ်စားရသောက်ရသေးမှာလဲကွယ် မြေးတို့ကိုစောင့်နေတာ ပေါ့"

"သားတို့က ကညာဖြူကို လူကြုံပါးလိုက်တဲ့မိတ်ဆွေက ကျွေး လိုက်လို့ စားခဲ့ကြပြီအဘွားရဲ့၊ အဘွားပဲ စားလိုက်တော့၊ ပြီးရင် ဆေးသောက် မယ်လေ အဘွား"

"အဘွားတစ်ယောက်တည်းဆိုရင်တော့ ထမင်းမစားတော့ဘူး





ကွယ်၊ အဘွား ဟိုတစ်ခါစားရတဲ့ မုန့်ဟင်းခါးလေး စားချင်သား၊ အဲဒါလေး ဝယ်ပေးပါလား မြေး"

"ဗျာ"

"ရှင်"

လင်းရောင်ထင်နှင့် ခင်မုန်း အကြည့်ဆုံသွားကာ ဘာပြောရမှန်း မသိ ဖြစ်သွားကြသည်။ အဘွားက နှစ်ယောက်လုံးကိုကြည့်၍

"ဘာဖြစ်သွားကြတာလဲကွယ့်၊ အဘွားမြေးဝယ်ကျွေးတဲ့ဆိုင်က ဟင်ရာကို အဘွားအရမ်းတို့ ကြိုက်တာ၊ စားဖူးသမျှထဲမှာ အစပ်အဟပ် အညီလို့ အကောင်းဆုံးပဲလို့ ထင်တယ်၊ ဒီအချိန်လောက်ဆိုရလောက်ပြီ မဟုတ်လား မြေး"

"ဟုတ် ဟုတ်ကဲ့"

"မြေး အခုမှရောက်တော့ ပင်ပန်းနေမှာပါပဲ၊ ဒါပေမဲ့ အဘွား စားချင်လွန်းလို့ ဝယ်ပေးပါကွယ် နော်မြေး"

"ဟုတ် ဟုတ်ကဲ့ပါ အဘွား"

ခင်မုန်းကို မျက်စပစ်ပြလိုက်တော့ ခင်မုန်းကလည်း မျက်စပြန် ပစ်ပြသည်။ သွားလိုက်ပါဆိုသည့် သဘောပဲလား။

မဝယ်လို့ကလည်းမဖြစ်၊ ဝယ်ကျွေးပြီးမှ ခင်မုန်းလက်ရာမဟုတ်လျှင် အဘွား နောက်တစ်ခါစားဖို့ ပြောတော့မည်မဟုတ်ပေ။

"သွားလိုက်မယ်နော် အဘွား"

အဘွားကိုပြောပြီး သူ ကားနှင့်ထွက်လာခဲ့လိုက်သည်။ ခင်မုန်းတို့ ဆိုင်ရောက်တော့ ခင်မုန်း မုန့်ဟင်းခါးချက်သည့်နေရာမှာ တခြားအဒေါ်ကြီး တစ်ယောက် ဖြစ်နေသည်။

စားသုံးသူ နည်းသွားသည်ဟုထင်ရပြီး သူလည်း ဝယ်နေကျ အတိုင်းဝယ်ပြီး ပြန်လာခဲ့လိုက်သည်။ သူ အိမ်ပြန်ရောက်တော့ အဘွားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခင်မုန်းက စကားလက်ဆုံကျနေသည်။ ကညာဖြူနှင့်တုန်းကတော့ အဘွားနှင့် ဒီလိုစကားလက်ဆုံကျတာမျိုး တစ်ခါမှမမြင်ဘူးပေ။

"မြေးလေး မထွေးကို တစ်ခါတည်း ထည့်နိုင်းလိုက်ကွယ် အဘွား စားချင်နေပြီ"

"ဟုတ်ကဲ့ အဘွား"

မီးဖိုခန်းဘက်မှာ မထွေးကို မုန့်ဟင်းခါးတွေ ပန်းကန်ထဲထည့်နိုင်း လိုက်၏။ ပြီးမှ ဆေးနှင့်အတူ လင်ပန်းလေးနှင့် သူ ယူလာလိုက်သည်။

"အဘွား စားလို့ရပြီ"

အဘွားရှေ့မှာ သေချာ ချပေးလိုက်သည်။ အဘွားက သေသေ ချာချာမွှေကာ ခပ်စားပြီး မျက်နှာတစ်မျိုးပြောင်းသွား၏။

"ဘယ်လိုဖြစ်တာလဲကွယ်၊ အရင်လက်ရာနဲ့လည်း မတူပါလား အရင်ဆိုင်ကရော ဟုတ်ရဲ့လား"

"ဆိုင်ကတော့ ဟုတ်ပါတယ် အဘွားရဲ့၊ လူတော့ပြောင်းသွား တယ်၊ အရင်မိန်းကလေးမဟုတ်တော့ဘူး။ အခု မုန့်ဟင်းခါးချက်နေတာ နောက်အဒေါ်ကြီး"

"စိတ်ညစ်လိုက်တာကွယ်၊ အရင်ချက်တဲ့မိန်းကလေးက အလုပ် ထွက်သွားတာများလား"

"ဟုတ် ဟုတ်လောက်တယ် အဘွား"

"အင်း အဘွားကြိုက်တဲ့လက်ရာ မစားရတော့ဘူးပေါ့၊ အဘွားက အဲဒီမုန့်ဟင်းခါးလေးစားပြီး ခံတွင်းကောင်းလာတာ မြေးသိတယ်မဟုတ်လား အခု မြေးမလေး ကညာဖြူ ပြန်ရောက်လာလို့သာ အဘွား ထမင်းစားတာ ခံတွင်းလေးကောင်းလို့ စိတ်ပျော်နေတဲ့ဟန်းရှိသေးတယ် ဘယ်လိုလုပ်ရမ လဲ ကွယ်"

အဘွား စိတ်ပျက်လက်ပျက်ဖြစ်သွားတာကြည့်ပြီး ခင်မုန်း စိတ်





မကောင်းဖြစ်သွားမိသည်။ လူကြီးဆိုတာ တစ်ခုခုကို စွဲလမ်းမိလျှင် စိတ်ထိ ခိုက်လွယ်ပြီး ကျန်းမာရေးမကောင်း ဖြစ်တတ်သည်မဟုတ်လား။

"ဟို အဘွားနောက်နေ့ကျရင် ကညာမုန့်ဟင်းခါး ချက်ကျွေးပါ့ မယ်"

"ဟင် ကညာလေးက မုန့်ဟင်းခါးချက်တတ်လို့လားကွဲ့"

"ဟုတ် ဟို နည်းနည်းပါးပါးပေါ့ အဘွားရယ်၊ ဟိုမှာ မြန်မာအစား အစာ စားချင်စိတ်ပေါက်တဲ့အခါ မြန်မာအချင်းချင်း မိတ်ဆွေဖြစ်နေကြတော့ အတူချက်စားကြတာပေါ့"

"ဟုတ်လား အေးပါကွယ်၊ မြေးမလေး နိုင်ငံခြားထွက်သွားတာ အဘွားတော့ ဝမ်းသာရတော့မလိုပါပဲ၊ အတော်ကိုပြောင်းလဲလာတာ"

"ဟိုလေ ဆေးသောက်လို့ရအောင် ထမင်းနည်းနည်းစားလိုက်ပါ ဦးနော် အဘွားကြိုက်တဲ့ဟင်းလေးနဲ့ ကညာ ခွံ့ကျွေးမယ်လေအဘွား"

"ခွံ့ကျွေးမယ် ကညာလေး ခွံ့ကျွေးမှာဆိုရင်တော့ စားရတာပေါ့ ကွယ်၊ အဘွားစားမယ်မြေး"

"ဟုတ်ကဲ့ ခဏစောင့် အဘွား"

ခင်မုန်းက မီးဖိုခန်းဘက်သွား၍ ထမင်းပန်းကန်ထဲ ဟင်းပါထည့်ပုံ ယူကာ အဘွားကိုဖွန်းလေးနှင့် သေသေသပ်သပ် ခွံ့ကျွေးသည်။ အဘွား ကလည်း ပြုံးပြုံးကြီးနှင့် ကျေနပ်စွာ ခင်မုန်းခွံ့ကျွေးသမျှ စားနေ၏။ မြင်နေ ရတာ ကြည်နူးစရာမြင်ကွင်းဆိုပေမယ့် ကညာဖြူတုန်းက အခြေအနေနှင့် အရမ်းကိုကွာခြားနေတာမို့ အဘွား ခွဲခြားသိသွားနိုင်မလား သူ့မှာရင်တထိတ် ထိတ်နှင့်ပါ။

ခင်မုန်း ဒီလိုကြင်နာတတ်တာ စေတနာမေတ္တာထားတတ်တာ သူ့အရမ်းကို အံ့သြမိသည်။ ဘဝမလှခဲ့ပေမယ့် စိတ်ထားလေးလှတာက အဘွားကို ချွဲခက်တွေ့မသွားစေချင်။



www.burmeseclassic.com

"အဘွား စားလို့ကောင်းလားဟင်"

"ကညာလေးလက်နဲ့ခွံ့ကျွေးတာ စားကောင်းတာပေါ့ကွယ်၊ အဘွားတော့ ဒီလိုလေးသာနေခွင့်ရမယ်ဆိုရင် သေပျော်ပြီထင်ပါတယ်"

"အဘွားရယ် အဲဒီလိုကြီး မပြောပါနဲ့ ကညာဝမ်းနည်းရအောင်"

"ဟင် ကညာလေး ဝမ်းနည်းသွားတာလား။ အဲဒါဆို မပြောတော့ပါဘူးကွယ်၊ အဘွားက ကညာလေးအရမ်းကိုပြောင်းလဲနေတာကို ဘယ်လိုကြည်နူးမိမှန်းမသိလို့ပါ၊ အရင်တည်းက အဘွားက အခုလိုမျိုးနေချင်တာ ကညာလေးရဲ့၊ ဒါပေမဲ့ ကညာလေးနေတတ်သလိုနေတာ အဘွားက မငြိုငြင်ရက်ပါဘူး။ ကညာလေးစိတ်ချမ်းသာရင် ပြီးရောမဟုတ်လား။ ဟော အခုတော့ အဘွားမေတ္တာမှန်လို့ ကညာလေး ပြောင်းလဲလာပြီ၊ အဘွား စိတ်ချမ်းသာတာ ပျော်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ အဘွား။ ဟိုလေ ထမင်းစားပြီးပြီဆိုတော့ ဆေးသောက်လိုက်ရအောင်နော် အဘွား"

"အင်း အင်း သောက်မယ်"

ခင်မှုန်းက အဘွားကို ပါးစပ်ထဲထိ တယုတယ ဆေးဝင်အောင်တိုက်၏။ အဘွားက တပြုံးပြုံးဖြင့် ကျေနပ်နေသည်။

"ကဲ မြေးတို့လည်း သွားအိပ်ကြ နားကြတော့လေ၊ မြေးကညာပြန်ရောက်လာပြီဆိုတော့ စက်ရုံအလုပ်ကောင်းကောင်းလုပ်နိုင်တော့မှာပါ၊ အဘွားအနားမှာ ကညာလေးရှိရင်ပြီးပြီ"

"ဟုတ်ပါပြီ အဘွားရယ်၊ ကညာပြန်ရောက်လာတာနဲ့ အဘွားကို မျှားတစ်ခါတည်းအချိုးကို ပြောင်းသွားတော့တာပဲ"

"ဒါပေါ့ကွယ် မိန်းမသားချင်းဆိုတာ တိုင်ပင်ဖော်တိုင်ပင်ဖက်တွဲ ကညာလေးက အဘွားအတွက် အသက်ရှည်ဆေးပဲ၊ အဘွားအတွက် မြစ်ကလေးတွေမွေးပေးဖို့လည်း စဉ်းစားထားကြ"





"အဘွား"

"ရှင်"

သူ ခင်မှုန်းကို အားနာသွားမိတာ အမှန်ပင်။ ခင်မှုန်းက မျက်ပြူးဆန်မှာလေးဖြစ်ပြီး ရှက်အမ်းအမ်းနှင့် မျက်နှာလေးနီနေသည်။ သူအဘွားကို အခန်းထဲထိလိုက်ပို့ပြီး ခင်မှုန်းကိုခေါ်ကာ အပေါ်ထပ်အခန်းကို တက်လာခဲ့သည်။ သန့်ရှင်းသပ်ရပ်မှုနှင့် သစ်လွင်မှုကို နှစ်သက်သောကညာဖြူရဲ့စိတ်ကြိုက်ဖြစ်အောင် မထွေးက ပြင်ဆင်ပေးထား၏။

ခင်မှုန်းပုံစံက နေ့လယ်ကလိုမဟုတ်ဘဲ ညဘက်မှာ သူနှင့်နှစ်ယောက်တွဲအခန်းထဲ ဝင်လိုက်ရတော့ အိုးတိုးအမ်းတမ်း ရှက်ကိုးရှက်ကန်းဖြစ်နေသည်။

"ခင်မှုန်း မင်းခုတင်ပေါ်မှာအိပ်လေ"

"နင် နင်ကရော"

"ငါ့အတွက် ဒရင်းဘက်ရှိတယ်၊ ဒရင်းဘက်ပေါ်မှာ အိပ်မှာ"

ကညာဖြူနှင့်တုန်းကလည်း ဒီလိုပဲ အိပ်ခဲ့တာမို့ သူပြောလိုက်တော့ ခင်မှုန်း ပျာပျာသလဲလေး ဖြစ်သွားကာ

"အို ဘယ်ဟုတ်ပါ့မလဲ၊ ငါ ဒရင်းဘက်ပေါ်မှာ အိပ်ပါ့မယ်၊ နင် မွေ့ရာပေါ်မှာအိပ်လိုက်ပါ၊ ငါက မွေ့ရာပေါ်မှာအိပ်လေ့အိပ်ထလည်း ရှိဖူးတာမဟုတ်ဘူး"

"မဟုတ်တာ အိပ်ဖူးတယ်ရှိအောင် အိပ်ကြည့် သွားသွား"

"ဟင့်အင်း ဟင့်အင်း မအိပ်ဘူး။ တကယ်ပြောတာ စောင်တစ်ထည်နဲ့ခေါင်းအုံးတစ်လုံးတော့ ယူမယ်"

မထွေး ပြင်ဆင်ပေးထားသော မွေ့ရာပေါ်က ခေါင်းအုံးတစ်လုံးနှင့် စောင်တစ်ထည်ယူကာ ခုတင်နှင့်ခပ်လှမ်းလှမ်းနေရာသွားပြီး ကော်ဇောခင်းပေါ် ဒီအတိုင်းလှဲချလိုက်သည်။ စောင်ကိုလည်း သူမတစ်ကိုယ်လုံး လုံခြုံ



www.burmeseclassic.com

www.burmeseclassic.com



အောင် ခေါင်းအထိပါဆွဲခြုံလိုက်၏။

ကညာဖြူနှင့်ကွာခြားသော ဒီအချက်လေးကိုလည်း သူ လေးစားမိပြန်သည်။ ကညာဖြူကတော့ အမြဲတမ်းမွေ့ရာထက်မှာနေရာအပြည့်ယူပြီးသားပါ။ သူမဘေးမှာ သူလာအိပ်မှာစိုးရိမ်သည့်ပုံစံမျိုးဖြင့် ခေါင်းအုံးတစ်လုံးနှင့်စောင်တစ်ထည်ကို ဘေးမှာချထားတတ်သည်။

သူကလည်း မာနနှင့်မို့ သူမဘေးမှာ ဘယ်တော့မှအိပ်ဖို့ စိတ်မကူးခဲ့ပေ။ သူမကလည်း ဒရင်းဘက်ပေါ်မှာ အိပ်သော သူ့ကို ဘယ်တော့မှ အားမနာခဲ့။ ဒီအခြေအနေမျိုးဖြင့် သူနှင့်ကညာဖြူက။

■ ■ ■



## အခန်း (၁၆)

"မင်း ဘာလုပ်နေတာလဲခင်မုန်း၊ မတွေးရော"

"မတွေးကို လိုအပ်တာတွေ ဝယ်ခိုင်းလိုက်တယ်၊ အဘွားနိုးလာ ရင်စားလို့ရအောင် မုန့်ဟင်းခါးချက်မလို့"

စောစီးစွာ အိပ်ရာကထပြီး မီးဖိုခန်းထဲရောက်နေသော ခင်မုန်းကို ကြည့်ကာ သူ စိတ်ပျက်သွားမိတာ အမှန်ပင်။ သူ စိတ်ပျက်လက်ပျက် ခုံတစ်လုံးဆွဲကာ ထိုင်လိုက်ပြီး ကြက်သွန်တွေ ဂျင်းတွေသင်နေသော ခင်မုန်း ကို မျက်မှောင်ကြုတ်ကာ ကြည့်လိုက်ပြီး

"မင်း အဲဒီလိုတွေ လုပ်နေတာ ကညာဖြူနဲ့အလွဲကြီး လွဲနေပြီ ခင်မုန်း။ ကညာဖြူက ဒီလိုအချိန်မှာ အိပ်ကောင်းတုန်းပဲရှိသေးတယ်၊ မနက် ကိုးနာရီ ဆယ်နာရီမှ အိပ်ရာထတာ၊ ဒီမီးဖိုခန်းထဲကို စားချိန်သောက်ချိန် အလွဲရင် အလုပ်လုပ်ဖို့ တစ်ခါမှမဝင်ဖူးဘူး။ အဘွားအတွက် ဒီလိုမျိုး မုန့် ဟင်းခါးတွေ ဘာတွေချက်ပေးဖို့မပြောနဲ့ အပြင်ကနေ ပြန်လာရင်တောင် မုန့်တစ်ခုဝယ်မလာဖူးဘူး"

"အခု အဘွားအရမ်း အာသီသရှိနေတဲ့ မုန့်ဟင်းခါးကို ငါ ချက်



www.burmeseclassic.com

www.burmeseclassic.com



ကျွေးတာ အရမ်းကိုမှားသွားလား လင်းရောင်ထင်၊ ခင်မုန်းလိုမဟုတ်ပေမယ့် ကညာဖြူလို့ထင်ပြီး ငါ့ကိုအရမ်းချစ်နေတဲ့အဘွားအတွက် ငါ့ရဲ့ဖြည့်ဆည်း ပေးချင်တဲ့စေတနာတွေကို ငါဘယ်ချောင်မှာ သွားထိုးထားရမလဲ၊ တစ်ဦး မေတ္တာတစ်ဦးမှာတဲ့၊ မေတ္တာဆိုတာ အပြန်အလှန်တုံ့ပြန်မှုရှိရတဲ့သဘောပဲ ကညာဖြူဘယ်လိုပဲနေခဲ့နေခဲ့ ငါကတော့ အဘွားကို ဥပေက္ခာမပြုနိုင်ဘူး"

"ကျွတ် မင်းစိတ်ကလေးကို ကြိုက်ပါတယ်၊ ငါ လေးလည်းလေး စားမိပါတယ်၊ ဒါပေမဲ့ ဒါဟာလွဲချော်မှုဖြစ်သွားရင် နင် အဘွားအပေါ်ထားတဲ့ စေတနာ မေတ္တာတွေအားလုံး အလကားဖြစ်သွားမှာ ခင်မုန်း"

ခင်မုန်း တွေဝေသွားသော်လည်း ချက်ချင်းပင် ခေါင်းကိုခါရမ်း လိုက်သည်။

"ငါ ကညာဖြူလို အဘွားကို မရက်စက်နိုင်ဘူး၊ ဥပေက္ခာမပြု နိုင်ဘူး လင်းရောင်ထင်၊ မေတ္တာတရားတွေ ပြည့်ဝနေတဲ့အဘွားကို သူစိမ်း တစ်ယောက်လို မဆက်ဆံနိုင်ဘူး၊ အဲဒါဟာ အပြစ်တစ်ခုဖြစ်နေမယ်ဆိုလည်း မတတ်နိုင်တော့ဘူး လင်းရောင်ထင်၊ ငါကတော့ အဲဒီလိုတွေမနေနိုင်ဘူး အမုန်ပဲ"

"အဲဒီလိုဆိုပြီး အဘွားတစ်ခုခုဖြစ်သွားရင် မင်းဘယ်လိုတာဝန် ယူမှာလဲ ခင်မုန်း"

"ကညာဖြူမဟုတ်ဘူးဆိုတာ သိသွားတဲ့နေ့ကျရင် ငါ ဒီအိမ်က ထွက်သွားရမှာမဟုတ်လား၊ ကညာဖြူ ပြန်လာတဲ့နေ့ကျရင်လည်း ဒီမှာနေ ရတော့မှာမှ မဟုတ်တာ၊ အရမ်းကြီးအခက်အခဲ မဖြစ်လောက်ပါဘူး၊ ငါက ဘာမှမသက်ဆိုင်တဲ့ သူစိမ်းတစ်ယောက်ဆိုတာ နားလည်ပါတယ်၊ ဒါပေမဲ့ အတူနေခွင့်ရတဲ့အချိန်လေးမှာတော့ အဘွားကို ပြုစုခွင့်ရသလောက် ပြုစု သွားချင်တယ်၊ ဒါဟာ ဘာကိုမှမက်မောလို့မဟုတ်ဘူးဆိုတာတော့ နင် နားလည်ပေးပါ လင်းရောင်ထင်"





သူမ တည်ငြိမ်စွာပြောနေတာမို့ သူ ဘာမှပြန်မပြောဖြစ်တော့ပါ။ ည်ကို သူမကြိုးစားပမ်းစား ချက်နေတာကိုပဲ ထိုင်ကြည့်နေလိုက်တော့ ည်။ မထွေး ရောက်လာတော့ မထွေးလည်း ခင်မုန်းခိုင်းသမျှ ဝိုင်းကူလုပ် ည်။ ကညာဖြူရှေ့မှာလို မငုံ့မရဲ ကြောက်ကြောက်ရွံ့ရွံ့ ပုံစံမျိုးမဟုတ်တော့ ခင်မုန်းရဲ့ရင်းနှီးစွာ ဆက်ဆံမှုကြောင့် မထွေး စိတ်သက်သာမှုရကာ ရွှင်ရွှင်လေး ဖြစ်နေရှာသည်။

"မထွေး ကျွန်မ ငါးဆီသပ်နေတုန်းကို ပဲကိုကျွဲအောင်ချေနော် ခ်သံပုရာသီးစိတ်လေးတွေ လှီးထား"

"ဟုတ်ကဲ့"

"ငါရော ဘာလုပ်ပေးရဦးမလဲ ကညာဖြူ"

"ဟင် နင်ကလုပ်မလို့လား လုပ်တတ်လို့လား"

"မင်းခိုင်းတာလုပ်ကြည့်မှာပေါ့"

"ဒါဆို နံနံပင်လေးတွေ ရေဆေးပြီး ကပ်ကြေးနဲ့ညှပ်၊ ပန်းကန်ထဲ ည်၊ ကြက်သွန်စားတတ်တဲ့သူစားရအောင် ကြက်သွန်လေးတွေကို ပါးပါး ည်"

"အဲဒါတော့ မဖြစ်ဘူးထင်တယ်"

"ဒါဆို ရေတ်သီးမှုန့်လေးတွေ ပန်းကန်ထဲထည့်"

"ရေတ်သီးမှုန့်က ငါ့ကိုပူကုန်မှာပေါ့ကွ"

"ဒါဆို နင်ဘာလုပ်မှာလဲ ဟိုဟာဆိုလည်း မဟုတ်၊ ဒီဟာဆိုလည်း တ်၊ သွားသွား အားလုံးပြီးမှပဲ ပြန်ဆင်းပြီးလာစားတော့"

"အဟဲ အလကားနောက်တာပါ။ နည်းနည်းပါးပါးတော့ ရပါတယ်"

"ဒါဖြင့်လည်းလုပ်"

သုံးယောက်သား တစ်ယောက်တစ်လက်လို လုပ်လိုက်တော့ မုန့် ဆန်ဆန်ပင် ပြီးသွားလေသည်။ ဟင်းရည်အိုးလည်း ရေကျိုပြီ အဘွား



www.burmeseclassic.com

www.burmeseclassic.com



နီးလာလျှင် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

"ဟင်းရည်အိုး အပေါ်အငန် မြည်းပေးရမလား"

"မြည်းစရာမလိုအောင် လက်စကမှန်ပြီးသား။ အဘွားလာ... စားလို့ရပြီ၊ အပိုတွေမလုပ်နဲ့၊ မထွေးရေ အဘွားကို သွားကြည့်လိုက်...

"ဟုတ်ကဲ့"

"ဟဲ့ ဘာတွေလုပ်နေကြတာလဲ မြေးတို့ရဲ့"

မထွေး မထွက်ရသေးခင် အဘွားက ဝင်လာသည်။ မထွေး... အဘွားကိုတွဲ၍ ထိုင်ခုံမှာထိုင်စေ၏။

"မုန့်ဟင်းရည်နံ့မွှေးနေတာ တခြားအိမ်တွေက ကုသိုလ်... ချက်နေတာလားလို့၊ ဒီမှာလုပ်နေတာပဲ၊ ကညာလေး ချက်နေတာ...

"ဟုတ်ကဲ့ အဘွားက မုန့်ဟင်းခါးစားချင်တယ်ပြောနေ... မနက်စာအဆင်ပြေအောင် ချက်လိုက်တာပါ၊ အားလုံးအဆင်သင့်ဖြစ်...

"အေးအေး ငါ့မြေးမလေးက ချက်ကျွေးတာဆိုတော့လည်း... ရတာပေါ့ကွယ်၊ အဘွားဖို့ထည့်စမ်းပါဦး"

"မုန့်ဖတ်စားမလား ညှပ်ခေါက်ဆွဲစားမလား။ သုပ်ပေးလို့... ရတယ်၊ အဘွား ဘူးသီးကြော် ပဲကပ်ကြော် ဘာနဲ့စားမလဲ၊ အိုးဘဲဥ... ထည့်ထားတယ်"

"တယ်ဟုတ်ပါလားကွဲ့၊ ကညာလေးက အိမ်စားဖို့အဖြစ်လုပ်... တာမဟုတ်ဘဲ စိတ်ပါလက်ပါ စေတနာပါပါလုပ်ထားတာပဲ၊ မုန့်ဖတ်ခဲ... ရည်နဲ့လုပ်ပါကွယ်၊ မန္တလေးပဲကြော်လေးနဲ့ အိုးဘဲဥလေးထည့်၊ သံပုရာ... လေးပါညှစ်ထည့်ပေးနော်"

"ဟုတ်ကဲ့ အဘွား"

"ငါက အကြောကွေးနဲ့ ဟင်းရည်စားမှာနော်၊ နံနံပင်နဲ့ သံ... ညှစ်ထည့်၊ ကြက်သွန်တော့မစားဘူး ပါးစပ်နံမှာစိုးလို့"





"အမယ်လေး ဘာစားစား ပါးစပ်ကနံမှာကနံမှာပဲ၊ ငါတို့ကတော့ ...ထင်ရော ကြက်သွန်ရော ထည့်စားရမှကြိုက်တာ"

ဒီတစ်ခါလည်း ခင်မုန်း အမှားကြီးမှားပြန်သည်။ ကညာဖြူက ...ဆို ကြက်သွန်မစားပေ။ ဟင်းအိုးထဲထည့်ချက်တာတောင် အနံ့ပျောက် ...အောင်ချက်မှရ၏။ အဘွားက ခင်မုန်းထည့်ပေးတာကို စားကြည့်ပြီးနောက်

"ဟယ် ဒီ ဒီအရသာ ဒီလက်ရာ ဟို ဟိုမုန့်ဟင်းခါးဆိုင်က"

"ဘာ ဘာလဲ အဘွား"

"မြေး မြေးဝယ်ပေးတဲ့မုန့်ဟင်းခါးဆိုင်က လက်ရာလေ၊ ကညာ ...လေးချက်တာ တစ်ပုံစံတည်းပဲ၊ ကညာလေးလက်ရာ ဒီလောက်ကောင်းတာ ...သား ဒါပေမဲ့ အရသာမလွဲတူလွန်းတာတော့ အံ့ဩစရာကွယ်၊ ဘယ်လိုဖြစ် ...တာပါလဲ"

ခင်မုန်းကို လင်းရောင်ထင် မျက်ခုံးပင့်ပြကာ သံသယဝင်တော့ ...ယ် ဘယ်လိုလဲဟု ဖမ်းလိုက်သည်။ ခင်မုန်းက ဣန္ဒြေရသောအပြုံးနှင့်

"အဘွားရယ် ကညာလုပ်ကျွေးတဲ့အရသာကို အဘွားကြိုက်တယ် ...ဆိုရင် ကညာ အမြဲမှာမ်းချက်ကျွေးမယ်သိလား၊ ဟိုမှာ မြန်မာအချင်းချင်း ...င်ပေးထားတာ အဘွားရဲ့"

"အေးကွယ် အဘွား၊ ဒီလက်ရာမျိုး မစားရတော့ဘူးထင်တာ၊ ...ညာလေးက ဒီလိုလုပ်တတ်လာတယ်ဆိုတော့ အဘွားကျေးဇူးတင်လိုက် ...ာ မြေးမလေးရယ်၊ မြေးမလေး ဘာလိုအပ်တာရှိလဲ ပြောစမ်း၊ အဘွား ...ယ်ပေးမယ်၊ ငွေရောလိုအပ်လား၊ ဘယ်လောက်လိုချင်လဲ ဘယ်လောက် ...လဲ မြေး"

အဘွားက သံသယဝင်ဖို့နေနေသာသာ ပျော်ရွှင်ကြည်နူးပြီး အဘ... ...ပါ ကြည်လင်တက်ကြွနေသည်။ ခင်မုန်းက ကျေနပ်စွာ သူ့ကိုနှုတ်ခမ်း ...နဲ့ပြုပြီး ✿



www.burmeseclassic.com

www.burmeseclassic.com



"မလိုချင်ပါဘူး အဘွားရယ်၊ ကညာ အဆင်ပြေပါတယ်၊ ဘာမှ မလိုအပ်ပါဘူး အဘွား"

"မြေးလေး အဘွား မီးခံသေတ္တာထဲက ငွေဆယ်သိန်း သွားယူ စမ်းကွယ်၊ ကညာလေးကိုပေးရအောင်"

"ဗျာ အဘွား"

လင်းရောင်ထင် အံ့အားသင့်ကာ မျက်လုံးပြူးသွားသည်။ ငွေဆယ်သိန်းအဘွားပေးမည့်သူက ကညာဖြူအစစ်မှမဟုတ်တာ။ ငွေကြေးနှင့် အလုပ်လုပ်နေသည့် ခင်မုန်းမဟုတ်ပါလား။

ခင်မုန်းလည်း မျက်စိမျက်နှာပျက်နေသည်။ ဒါပေမဲ့ နှုတ်ခမ်းပေါ်က အပြုံးကတော့ ပျောက်မသွားပါ။ လောဘနည်းသည်ဆိုပေမယ့် အဘွား ရက်ရောစွာပေးသည့်ငွေမို့ မယူချင်ဘဲနေပါ့မလား။

"ဟဲ့ မြေးလေး သွားယူပါဆိုကွယ်၊ ပြီးမှ စားချင်သလောက် ဆက်စား။ မြေးလည်းကြိုက်တယ်မဟုတ်လား အဘွား ပျော်လွန်းလို့ပါ"

"ဟုတ် ဟုတ်ကဲ့ အဘွား"

ငွေဆယ်သိန်းဆိုတာ နည်းတာမဟုတ်။ ကညာဖြူကို အဘွားက ဒီလိုမျိုး ခဏခဏပေးနေကျဆိုပေမယ့် ခင်မုန်းရမည့်ငွေက သူပေးသည့် လစာနှစ်လစာပမာဏရှိသည်။ မတတ်သာဘဲ အဘွားအခန်းထဲသွားကာ မီးခံသေတ္တာထဲက ငွေဆယ်သိန်းယူပေးလိုက်ရသည်။

"အဘွား ရော့"

"အဘွားကို မပေးနဲ့၊ ကညာလေးလက်ထဲ ထည့်လိုက်လေကွယ် မြေးလည်း အဘွားပေးနေတာပဲဆိုပြီး ကညာလေးကို သုံးတာစွဲတာ မကန့် သတ်နဲ့နော်၊ မီးခံသေတ္တာသော့ပေးထားလိုက်၊ သူသုံးချင်သလောက် သုံး ပါစေ ကြားလား မြေး"

"ဟုတ် ဟုတ်ကဲ့ အဘွား"





"ကညာလေး နောက်လည်း အဘွားကို ဒီလိုမျိုး ခဏခဏ ချက်ပေးရမယ်နော်၊ လိုတာကို ကညာလေးကိုပေးတဲ့ငွေထဲက စိုက်စရာ မလိုဘူး။ မထွေးကို ဈေးဖိုးအပြည့်အဝ ပေးထားတယ်၊ လိုရင် အဘွားကို မထွေးပြောလိမ့်မယ်"

"ဟုတ်ကဲ့ပါ အဘွား။ ဟင်းတွေစားချင်တယ်ဆိုလည်း ပြောပါ၊ ကညာ နည်းနည်းပါးပါးတော့ ချက်တတ်ပါတယ်"

"အေးပါ အေးပါ ကညာလေးရယ်၊ ကညာလေး အခုလို လိမ္မာ သိတတ်လာတာ အဘွားတော့ ဘယ်လိုပျော်မှန်းမသိဘူးကွယ်၊ လူဆိုတာ ပြောင်းလဲချိန်တန်ရင် ပြောင်းလဲတတ်တယ်ဆိုတာ အမှန်ပဲ၊ အဘွားကို အိုဇာတာကောင်းမယ်လို့ပြောတာ မှန်နေပြီထင်ပါရဲ့"

"အဘွားက ဗေဒင်တွေ ဘာတွေယုံတယ်ပေါ့"

"ယုံတယ် မယုံဘူးတော့မဟုတ်ပါဘူး။ ဝါသနာတော့ နည်းနည်း ပါတယ်၊ ငယ်ငယ်ကဆို ဗေဒင်မေးလိုက်၊ ယတြာချေလိုက် နတ်ကတော် မေးလိုက် ဘိုးတော်ကိုးကွယ်လိုက် အဲဒီအလုပ်လုပ်နေတာ၊ ငယ်ဘဝကတော့ ပျော်စရာပါပဲ၊ ကိုယ်လုပ်ချင်တာလုပ်နေရတော့ ကျေနပ်စရာပေါ့"

"သြော်"

အဖေနှင့်အမေကိုတောင် ပြေးသတိရလိုက်မိသည်။ အမေနှင့် အဖေလည်း အဲဒီလိုတွေလုပ်နေရလျှင် ပျော်ရွှင်ကျေနပ်နေကြတာပင်။ လင်း ရောင်ထင်ဆီက လစာထုတ်ပြီးလျှင်တော့ အမေတို့ကို သွားတွေ့ပြီးပေးရ ဦးမည်။

"ကညာဖြူ ရော့"

"ဟင်"

သူမလက်ထဲငွေထည့်ပေးသော လင်းရောင်ထင် မျက်လုံးများက တစ်မျိုးပါ။ အဘွားပေးခိုင်းလို့သာ ပေးရပေမယ့် လုံးဝပေးချင်ပုံမပေါ်ပေ။

www.burmeseclassic.com



သူမက ကံညာဖြူမှုမဟုတ်တာ။ လစာငွေကြေးနှင့် အလုပ်လုပ်သူမို့ ဘယ် ပေးချင်ပါ့မလဲ။

သူမကိုရော ငွေတွေမြင်ပြီး မက်မောလောဘတက်သွားသည်ဟု ထင်နေသလား။ အဘွားရှေ့မှာ ငြင်းဆန်လို့မဖြစ်တာကြောင့် ယူထားလိုက်ရ ပေမယ့် အချိန်ပိုင်းအတွင်း လင်းရောင်ထင်ရဲ့ အထင်သေးသော မျက်လုံးများ ကို ရင်ဆိုင်ရတာ သူမရင်ထဲ မျက်ရှုနေရလေသည်။

ငါ အဲဒီလိုမိန်းမမဟုတ်ပါဘူး လင်းရောင်ထင်။

■ ■ ■



## အခန်း (၁၇)

“ရော့”

“ဘာလဲ”

ခုတင်ပေါ်ပစ်တင်လိုက်သော အထုပ်ကိုကြည့်၍ လင်းရောင်ထင် နားမလည်နိုင် ဖြစ်သွားရသည်။ ခင်မှန်းမျက်နှာက တည်တင်းအေးစက်နေ၏။

“အဘွားပေးတာ ငြင်းဆန်မရလို့ ယူထားရပေမယ့် ငါလိုချင်လို့ မဟုတ်ဘူး။ ငါ့လစာငွေနဲ့ လက်ခံထားတဲ့အလုပ်၊ အဲဒီအလုပ်ကရတဲ့လစာ ငွေကလွဲပြီး ငါ ဘာမှမမက်မောဘူး။ အဲဒီအချိန်ခဏလေးမှာ နင် ငါ့ကိုကြည့် တဲ့အကြည့်မျိုး ငါ့ကိုနောက်တစ်ခါ မကြည့်မိပါစေနဲ့”

“ဆောရီး ခင်မှန်း။ ငါ အဲဒီလိုမျိုးမဟုတ်ပါဘူး”

“စိန်ကဲ ရွှေကဲ မခတ်တတ်ပေမယ့် ငါ လူကဲတော့ခတ်တတ်ပါ တယ် လင်းရောင်ထင်၊ နောက်ကို နင် အမြဲမှတ်ထား။ ငါက ဆင်းရဲချို့တဲ့ ပေမယ့် စာရိတ္တတော့ ဘယ်တော့မှ မပျက်စီးဘူး၊ အခွင့်အရေးကိုရတိုင်း ယူမယ့်မိန်းမလည်းမဟုတ်ဘူး။ နောက်တစ်ချက် အရေးကြီးဆုံးပြောမယ်၊ ငါ အဘွားကိုပြုစုစောင့်ရှောက်ခြင်းဟာ အခွင့်အရေးလိုချင်လို့ တမင်တကာ ပြီး အိုဗာတွေများပြီး အမှတ်ယူနေတာမဟုတ်ဘူးဆိုတာ နင်သိထားပါ”



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုန်း လေးလေးနက်နက် ပြောနေတာတွေ နားထောင်ပြီး အထင်သေးသလိုကြည့်မိသွားသည့်အတွက် နောင်တရမိသွားလေသည်။ သူမကို မျက်နှာချင်းဆိုင်ဖို့တောင် မဝံ့မရဲလို ဖြစ်သွားမိကာ

"ဆောရီး ခင်မှုန်းရေ၊ ငါ အဲလိုရည်ရွယ်ပြီး ကြည့်မိသွားတာမဟုတ်ပါဘူး၊ အဘွားအပေါ်ထားတဲ့ မင်းရဲ့စေတနာတွေကိုလည်း နားလည်ပါတယ်၊ အဘွားက ကညာဖြူတကယ်ပြောင်းလဲလာတယ်ထင်ပြီး တကယ်မျှော်နေတာ၊ တစ်ခုခုကြောင့် တစ်ချိန်ချိန်မှာ ဒီလိုတွေမျှော်လင့်ထားပြီးမှ ကညာဖြူ မဟုတ်ဘူးဆိုတာသိရင် အဘွားအရမ်းကိုခံစားသွားရလိမ့်မယ်"

"အဲဒီအချိန်ကိုတွေးပြီး ငါက ကညာဖြူနဲ့တူအောင် အဘွားကို နှိပ်စက်နေရမှာလား လင်းရောင်ထင်၊ မိန်းမကြမ်းလူကြမ်းကြီးလုပ်ပြနေရမှာလား"

"ဟို အဲဒီလိုလည်း"

"နင်လုပ်နိုင်းလည်း ငါမလုပ်နိုင်ဘူး။ ကညာဖြူဆီက အဘွားမျှော်လင့်တာလည်း အဲဒီလိုစရိုက်မဟုတ်ဘူးဆိုတာ နင်အသိဆုံးဖြစ်မှာပါ လင်းရောင်ထင်၊ ငါ အခုတမင်တကာလုပ်ယူ ဖန်တီးထားတဲ့ကာရိုက်တာနဲ့ အဘွားကိုဆက်ဆံနေတာမဟုတ်ဘူး လင်းရောင်ထင်၊ အဘွားကို ငါ့မိဘနေရာမှာထားပြီး ကိုယ်ချင်းစာမိလို့ပဲ၊ ငါက ငါ့မိဘကိုပျော်အောင်ထားတယ် ငါ အပင်ပန်းခံပြီး လုပ်ကျွေးပြုစုတယ်၊ သူတို့စိတ်ချမ်းသာဖို့အတွက် ငါ့ဘက်က ပေးဆပ်နိုင်သလောက် ပေးဆပ်တယ်၊ လူကြီးမိဘဆိုတာ သားသမီးလူငယ်တွေ တာဝန်ကျေခဲ့ကြပြီးပြီ၊ သူတို့အပေါ် ငါတို့တာဝန်ပြန်မကျေသင့်ဘူးလား၊ သူတို့သင်ပေးတဲ့ပညာတွေ၊ သူတို့စောင့်ရှောက်မှုတွေနဲ့ လူလားမြောက်လာတဲ့မာန်တွေနဲ့ သူတို့ကို ပြန်နှိပ်စက်ရမှာလား"

"ခင်မှုန်း"

ခင်မှုန်းစကားတွေက သူ့ရင်ဘတ်ကို ထိထိမိမိ ရိုက်ခတ်လေ





သည်။ ဟန်ဆောင်မှုကင်းသည့် သူမစေတနာတွေကို သူစော်ကားမိသလို ဖြစ်သွားခဲ့ပြီလား။ ခင်မှုန်းက ဘဝပေးအခြေအနေကြောင့် သူ့ထက်ပိုပြီး ရင့်ကျက်နေတာဖြစ်မည်။ ငွေထုပ်ကိုင်ကာ သူ ဘာလုပ်ရမှန်းမသိဖြစ်နေပြီး

"ဒီ ဒီငွေတွေ အဘွားက နင့်ကိုပေးတာပဲ၊ နင်ယူလိုက်ပါ ခင်မှုန်း။ ငါလည်း စိတ်ထဲမှာ ဘယ်လိုမှမထားပါဘူး"

"ငါ နင့်ဆီက လစာစား ငွေကြေးနဲ့အလုပ်လုပ်နေတာ၊ ဒီငွေက ငါ့ကိုကညာဖြူအမှတ်နဲ့ပေးတာ၊ ခင်မှုန်းနဲ့ဘယ်လိုမှမသက်ဆိုင်တဲ့ငွေကြေးပါ၊ နောက်ထပ် အဘွားပေးလာခဲ့ရင်လည်း အဘွားရှေ့မှာမငြင်းပေမယ့် နင့်ကိုငါ ပြန်ပေးမှာပါ လင်းရောင်ထင်၊ အဲဒီအတွက် နင် ဘယ်တော့မှ စိုးရိမ်ကြောင့်ကြမှု မဖြစ်နဲ့"

"မ မဖြစ်ပါဘူးဟာ၊ မင်းစိတ်ကို ငါပိုပြီးသိသွားပါပြီ၊ နောက်ဘယ်တော့မှ သံသယနည်းနည်းလေးမှ မဝင်ဘူးဆိုတာလည်း ငါကတိပေးပါတယ်၊ အဘွားကို အခုလိုပဲ ပျော်ရွှင်အောင်ထားပေးပါ၊ ကညာဖြူဆီက မျှော်လင့်တာတွေ မင်းဆီကရလို့ အဘွားစိတ်ချမ်းသာနေတာကိုလည်း ငါ နားလည်ပါပြီ၊ ငါမှားခဲ့တာရှိရင် တောင်းပန်ပါတယ် ခင်မှုန်း"

"ရိုးသားတဲ့သူတွေက အစော်ကားခံရရင် ပိုပြီးနာကျင်တတ်တယ် ဆိုတာ နင်သိထားပါ လင်းရောင်ထင်၊ မပြည့်စုံတဲ့သူတွေက ပိုပြီးအရှက်အကြောက်ကြီးတတ်ကြပါတယ်၊ မပြည့်စုံတဲ့သူတွေက မဟုတ်တာမမှန်တာ လုပ်ဖို့ဝန်လေးတတ်ကြတယ်ဆိုတာလည်း နင်နားလည်ထားပါ၊ ဆင်းရဲတဲ့သူတွေကိုမရိုရိုနိုး မလှစုန်းမျိုးလို့ မထင်လိုက်ပါနဲ့၊ အရမ်းချမ်းသာတဲ့သူတွေ ထက်ဖေ့လာဘနည်းပါတယ်၊ ဘဝကံမကောင်းတဲ့သူတိုင်း စာရိတ္တပျက်နေကြတာမဟုတ်ပါဘူး။ ပင်ကိုစိတ်ရင်းအောက်တန်းကျတယ်ဆိုတာ ချမ်းသာတဲ့သူတွေမှာရော ဆင်းရဲတဲ့သူတွေမှာရော ရှိတတ်ကြတယ်ဆိုပေမယ့် အနှိမ်ခံလူတန်းစားကိုပဲ အထင်သေးဖို့ မကြိုးစားပါနဲ့၊ ငွေကြေးပြည့်စုံချမ်းသာတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတွေမှ ကိုယ်ကျင့်သိက္ခာပြည့်စုံတာလို့ တစ်ဖက်သတ်ထင်မြင်မယ်ဆိုရင် နင်ဟာ အဲဒီလောက်ပဲသိတဲ့ လူတစ်ယောက်ဖြစ်သွားလိမ့်မယ်၊ နင် ငါ့ကို စောင့်ကြည့်ရမယ့်အချိန်က သိပ်မကြာလောက်ပါဘူး လင်းရောင်ထင်၊ အဲဒီအတောအတွင်း ငါ့ကိုအထင်မသေးဖို့ ကြိုးစားပေးပါ"

ပြောပြီး အခန်းထဲကနေ ခင်မုန်း ထွက်သွားခဲ့သည်။ သူ့ရင်ထဲမှာ ဟာတာတာဖြစ်ကာ ကျန်ရစ်ခဲ့၏။ ရင်ထဲက လေးလံမှုတွေဟာ ခင်မုန်းရဲ့ ရင့်ကျက်မှုတွေပိသွားခဲ့လို့ပဲဖြစ်မည်။

အရောင်အဆင်းတိုင်းဟာ သူ့နေရာနှင့်သူ လှပတတ်သည်ဆိုတာ သူ ဘာကြောင့်မေ့လျော့နေခဲ့မိတာလဲ။ ကညာဖြူနှင့်ကွာခြားမှုတွေတိုင်းဟာ ခင်မုန်းရဲ့လှပမှုတွေပဲဖြစ်သည်။ ငြိမ့်ညောင်းသက်ဝင်သော လှုပ်ရှားမှုလေးတစ်ခု သူ့ရင်ထဲစီးဆင်းသွားတာ ဘယ်လိုအကြောင်းအရာများလဲ။

အချစ်ဆိုသောအရာမဟုတ်ပါစေနဲ့လို့ ဆုတောင်းရင်း သူ့ရင်ဟာ လှုပ်လှုပ်ခတ်ခတ်နှင့်။

■ ■ ■



## အခန်း (၁၈)

BURMESE CLASSIC

"နင်တို့သမီးက လင်ရကိန်းရှိတယ်၊ ရှိရုံတင်မဟုတ်ဘူး [illegible] နေပြီ"

"ရှင်"

"ဗျာ"

နတ်ကတော်က အတိအကျပြောနေတာမို့ ဦးဇော်ဝင်းနှင့် [illegible] ခင် အံ့ဩသွားရလေသည်။ ဇေဒင်ဆရာကိုမေးတုန်းကလည်း ထို [illegible] ခုနှစ် သက္ကရာဇ်ပြောလိုက်တာနှင့် အိမ်ထောင်ကျကိန်းရှိသည်။ [illegible] ကျကိုကျလိမ့်မည်ဟု အတိအကျဟော၏။ ဒါပေမဲ့ သမီးက ချစ်သူ [illegible] တောင်မရှိသေးပါဘူးဆိုတော့ ဘာတွေကလွဲချော်နေမှန်း မသိ [illegible]

"ဟို သမီးတော်လေးက အိမ်ထောင်ရက်သားကျဖို့နေနေ [illegible] ချစ်သူရည်းစားတောင် မရှိသေးပါဘူး။ ဘယ်လိုအကြောင်းမျိုးနဲ့ [illegible] ထောင်ရက်သားကျနိုင်ပါသလဲ မိန့်တော်မူပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာအိမ်ထောင်ကျကိန်းရှိတာ ဘယ်လိုပုံစံနဲ့ကျမှာလဲ ဝါ ဘယ်လိုလုပ်သိမှာလဲ၊ သေချာတာတော့ လင်ကောင်းသားကောင်းတော့ ဖြစ်လိမ့်မယ်ဟေ့၊ အဲဒီလိုဖြစ်အောင် ငါစောင့်ရှောက်ပေးမယ်ဆိုရင် ကျေနပ်တယ်မဟုတ်လား"

"စောင့်ရှောက်ပေးပါ ဖေကြီးကျော်ရယ်၊ အဖေတို့ကိုပဲ အားကိုးပြီး နေတာပါ။ အဖေတို့ရင်ငွေ့ကိုခိုလှုံပါတယ်၊ အဖေတို့ကျွေးမှစား၊ အဖေတို့ဆင် လို့ယဉ်၊ အဖေတို့စောင့်ရှောက်မှ အန္တရာယ်ကင်း ဘေးရှင်းတာပါ အဖေ"

"အေး အဲဒီလိုသိထားဖို့ အရေးကြီးတယ်ဟေ့၊ နင်တို့ကို တစ်သက် လုံးစောင့်ရှောက်လာလို့ ဒီလိုနေလာရတာမဟုတ်လား"

"မှန်ပါတယ် အဖေ"

"အေး အခုရော နင်တို့သမီးလေး အိမ်ထောင်ကျကိန်းရှိတယ်ဆို တာ ယုံရဲ့လားဟေ့"

"ယုံ ယုံပါတယ် အဖေ၊ ဒါပေမဲ့ သမီးလေးက လုံးဝအိမ်ထောင် ပြုဖို့ စိတ်ကူးလည်းမရှိဘူး၊ ရည်ရွယ်ထားတဲ့သူကို မရှိပါဘူး"

"ဟေ့ ဘယ်လိုပဲဖြစ်ဖြစ် နင်တို့သမီး အိမ်ထောင်ကျကိုကျလိမ့် မယ်ဟေ့၊ ဒီအဖေကျော်က ကြက်လောင်းသလိုတောင် လောင်းလိုက်ချင် သေးတယ်"

"ယုံပါတယ် ဖေကြီးကျော်ရယ် ယုံပါတယ်"

ဒေါ်ထားခင်နှင့်ဦးဇော်ဝင်း အကြည့်ချင်းဆုံလျက် အံ့အားသင့်နေ ကြသည်။ နတ်ကတော်အိမ်ကအပြန် လမ်းမှာတော့ လင်မယားနှစ်ယောက် လက်ဖက်ရည်ဆိုင်ဝင်ထိုင်ပြီး

"ပေါ့ဆိမ့်နှစ်ခွက်ပေးပါဟေ့"

"ကဲ ကိုဇော်ဝင်း နတ်ကတော်ရော ဗေဒင်ရော သမီးကို အိမ် ထောင်ကျမယ်ချည်းဟောနေတာ၊ ကျွန်မတို့မေးလာတိုင်းလည်း မမှန်ဘူး





ဆိုတာမရှိဘူး၊ သမီးကများ ကျွန်မတို့ကို လိမ်နေသလား"

"သမီးကတော့ ငါတို့အပေါ် မလိမ်ပါဘူးကွာ၊ ချစ်သူရည်းစား ရှိရင် ရှိတယ်ပြောမှာပေါ့၊ အိမ်ထောင်ပြုမယ်ဆိုလည်း ပြုမယ်ပြောမှာပေါ့ကွ၊ ဒီအဖေနဲ့အမေအပေါ် ဘာလျှို့ဝှက်ထားစရာလိုသလဲ"

"ဒါဆို ဗေဒင်ဆရာနဲ့ နတ်ကတော်ဟောတာ မှားနေတာပေါ့"

"ဒါတော့ မသိဘူးလေ၊ ဘယ်ဟာက မှားနေတယ်ဆိုတာ၊ လွဲ တာတော့ တစ်ခုခုတော့လွဲနေတယ်"

"ဟိုလေ ကိုဇော်ဝင်း အခု သမီးလေး မဟုတ်တာတွေ လုပ်နေတာ မဟုတ်လောက်ပါဘူးနော်"

"ဘာမဟုတ်တာလဲ"

"အိုတော် သူဌေးမအဘွားကြီးကိုပြုစုဖို့အတွက် တစ်လငါးသိန်းနဲ့ အလုပ်လုပ်မယ်ဆိုတာလေ၊ သမီးက ဘွဲ့ရလည်းမဟုတ် သူနာပြုလည်း မဟုတ်ဘဲ လစာက အဲဒီလောက်တောင်ရတယ်၊ ကျွန်မတော့ မယုံနိုင်ဘူး၊ ကျွန်မတို့ ပိုပိုလျှံလျှံ သုံးလို့ရအောင်ဆိုပြီး စပွန်ဆာများထားနေလား၊ သူများ အငယ်အနှောင်းများလုပ်နေသလား၊ သူနေတဲ့နေရာလည်း လိပ်စာမပြော တော့ ကျွန်မ စိုးရိမ်မိတယ် ကိုဇော်ဝင်း"

"အဲဒီလိုကြီးတော့ မင်းမပြောပါနဲ့၊ ငါ့သမီးက အဲဒီလိုလုပ်မယ့်သူ တော့မဟုတ်ပါဘူး၊ သူ့ဘာသာ တစ်သက်လုံး ရိုးရိုးသားသား ရှာဖွေကျွေး လာတာပါ"

"ဒါပေမဲ့ မလောက်မငနဲ့လေ၊ သမီးလေးမှာ အအိပ်အနေနည်းပြီး ပင်ပန်းလိုက်တာမပြောပါနဲ့တော့၊ အဲဒီဝိတ်ကို မခံနိုင်လို့များ"

"တော်စမ်းပါကွာ"

ဦးဇော်ဝင်းက အပြောမခံ။ လာချပေးသော လက်ဖက်ရည်ခွက်တို ယူသောက်၍ ဒေါ်ထားခင်အတွက် ရေနွေးငှဲ့ပေး၏။ ဒေါ်ထားခင်ကတော့



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ရော ရေနွေးရော မသောက်နိုင်သေးပေ။ သမီးအတွက်ပဲ စိတ်ပူနေတာကြောင့်

"ကျွန်မတို့ ဘိုးတော်ဆီ သွားမေးကြည့်ကြဦးမလားဟင်၊ ဘိုးတော်က အကြားအမြင်လည်းရနေတာဆိုတော့ နတ်ကတော်တို့ ဗေဒင်တို့ထက် ပိုမှန်ချင်မှန်မှာပေါ့"

"နေစမ်းပါဦးကွာ မဟုတ်တာတွေကြားနေရရင် စိတ်ဆင်းရဲပါတယ် သမီးလာမှ သေချာမေးကြည့်ကြတာပေါ့"

"သမီးက သူမဟုတ်တာလုပ်နေတယ်ဆိုရင် အမှန်အတိုင်းပြောပါ့မလားတော်၊ ဘိုးတော်တွေ ဗေဒင်တွေ နတ်တွေက မှန်တာပြောမှာပေါ့"

"အဲဒါဆို ဘာလုပ်မှာလဲ၊ ငါကတော့ ငါ့သမီးကိုယုံတယ်၊ မိဘတွေကို မတော်တရော်အလုပ်နဲ့တော့ လုပ်ကျွေးမှာမဟုတ်ဘူး"

"ကျွန်မလည်း အဲဒီလိုဖြစ်ပါစေလို့ ဆုတောင်းတာပေါ့ရှင်"

"ကဲပါကွာ သမီးကိစ္စကို အဲဒီလိုမတွေးဘဲနေရအောင်၊ ဥပါဒါန်ကြောင့် ဥပါဒါန်ဖြစ်တာမျိုးလည်း ဖြစ်နေပါဦးမယ်၊ တကယ်တော့ သမီးက ဒီအဖေနဲ့အမေကို စိတ်ဆင်းရဲအောင်လုပ်မယ့်သူမဟုတ်ပါဘူး။ သမီးက အဲဒါကြောင့်လည်း ကြီးပွားချမ်းသာမယ့်ကလေးဖြစ်မှာ"

"အဲဒါကတော့ ဟုတ်ပါတယ်၊ ကိုယ့်သမီးမို့ပြောတာမဟုတ်ဘူး မိဘအပေါ် ပြုစုလုပ်ကိုင်ကျွေးမွေးပြီး ငြိုငြင်မှုမရှိတဲ့ကလေးဆိုတော့ လင်ကောင်းသားကောင်းရပြီး အိမ်ထောင်ရေးကံလည်းကောင်း။ အိုကံလည်းကောင်းမယ့်ကလေးပါ၊ သမီးလေး ကျန်းမာချမ်းသာပါစေ"

မထားခင်ကတော့ သမီးအတွက် စိုးရိမ်စိတ်ပူနေဆဲပင်။ အမြင်ကျဉ်းတယ်ဆိုဆို ခေတ်နှင့်မညီဘူးပဲဆိုဆို သမီးလေး မတော်တရော်ဖြစ်မသွားဖို့တော့ အရေးကြီးသည်။ ဗေဒင်တွေ နတ်တွေက အိမ်ထောင်ကျကိန်းရှိသည်။ အိမ်ထောင်ကျနေသည်ပဲ ပြောနေကြတာမဟုတ်ပါလား။





ဗေဒင်တွေ နတ်တွေကို မမှန်ဘူးလို့လည်း ပြောလို့မရ။ သမီးက ကိုယ့်မျက်စိအောက်မှာပဲ ရှိနေသည်ဆိုလျှင်တော့ တစ်မျိုးပေါ့။

အခုက သမီးက ဘယ်မှာနေပြီး ဘယ်အချိန်ပြန်လာမလဲဆိုတာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"နင် နောက်လှည့်မကြည့်နဲ့နော်၊ ဟိုဘက်လှည့်နေ၊ ဘက်ခ်မှန်ထဲကနေလည်း မကြည့်နဲ့"

"ကျွတ် မင်းဘာသာ ကြိုက်သလိုလုပ်၊ ကားအောက်ဆင်းပေးမယ်"

လင်းရောင်ထင် စိတ်မရှည်စွာနှင့် ကားပေါ်ကဆင်းကာ လမ်းဘေး ဝဲယာကိုပဲ ကြည့်နေလိုက်သည်။ ခင်မုန်း တကယ့်အရှုပ်ထုပ်ပါ။

လစာငွေကို သူမအမေအိမ် သွားပေးမည့်အရေး ရိုးယဉ်နွမ်းဖတ်သော အဝတ်အစားတွေ ကားပေါ်ယူလာလျက် လဲဝတ်နေသည်။ အဘွား ရှေ့မှာ ကညာဖြူလိုအဝတ်အပြတ် လည်ပတ်ကို ခေတ်ဆန်သောအဝတ်အစားများ ဝတ်ပြရသလို၊ သူမ မိဘတွေဆီမှာ ဝတ်သွားလို့မသင့်တော်တာကြောင့်တဲ့။

ဗီနပ်ကလည်း လမ်းဘေးစတိုးဆိုင်ကနေ စလစ်ပါတစ်ရံ ဝင်ဝယ်လာခဲ့ရသည်။ အိမ်ကပြင်ဆင်လာသော မိတ်ကပ်နှုတ်ခမ်းနီတွေကိုလည်း ဖျက်နေ၏။ သူမ မိဘတွေဒီလောက်တောင် ရိုးသားကြသလား။ ဒါနှင့်





ဆက်သက်လျှင် သူမ ကိုယ်တိုင်လည်း တုံးတုံးအအပါ။

ဒေါက်ဖိနပ်အစီးကျင့်ရင်း ခဏခဏချော်လဲခဲ့သူ မဟုတ်လား။

"ကဲ ပြီးပြီလား ခင်မုန်း"

ကားတံခါးဖွင့်တက်ကာ မေးလိုက်တော့ သူမက စပ်ဖြဲဖြဲမျက်နှာ ပြုံးနှင့်

"အဝတ်အစားကလဲပြီးပါပြီ၊ ခုနက ဝယ်လာတဲ့ဖိနပ်လေးက နင့်ခုံနောက်ခန်းမှာထင်တယ် လှမ်းပေးပါဦး"

"မင်းတကယ်ရှုပ်တာပဲ ခင်မုန်းရာ၊ ဒီအဝတ်အစားတွေဝတ်ပြီး ဒေါက်ဖိနပ်စီးသွား ငါ့သမီးလေး ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံနေရတယ်ဆိုပြီး မင်းမိဘတွေ ဝမ်းမသာကြဘူးလား၊ ငါသာဆို အဲဒီလိုဖြစ်မှာ"

"လင်းရောင်ထင် နင်က ကိုယ့်ခြံကိုယ်ဝင်းနဲ့ ချမ်းသာပြည့်စုံတဲ့ နေရာမှာပဲနေလာတာ၊ အခြေခံလူတန်းစား ပတ်ဝန်းကျင်မှာ ဘယ်လိုနေထိုင်မှု ဆင်ခြင်ပြီးနေရတယ်ဆိုတာ နင် နားမလည်ဘူး၊ နင်တို့အသိုက်အဝန်း အတွက် လင်ငယ်နေနေ မယားငယ်နေနေ ကဲ့ရဲ့မယ့်သူမရှိ လက်ညှိုး အပုပ်ချမယ့်သူမရှိပေမယ့် ရပ်ကွက်ငယ်လေးမှာ တစ်အိမ်နဲ့တစ်အိမ် မြင်နေရတဲ့ ငါတို့အတွက်ကျတော့ အများသေးသေးလေးလုပ်တောင် ချိုပြီး ကဲ့ရဲ့မယ့်သူ လက်ညှိုးထိုးမယ့်သူ အပုပ်ချမယ့်သူချည်း"

"မင်းပြောတာတွေနဲ့ ဒီအဝတ်အစားတွေ မိတ်ကပ်တွေ ဒေါက်ဖိနပ် ဘာဆိုင်လို့လဲ"

"ဩော် ငါတို့နေတဲ့ရပ်ကွက်က ဘယ်သူ့သားသမီးက ဘာလုပ် တယ်၊ အဝတ်အစားသစ်သစ်လွှင်လွှင် ခေတ်မီမီဝတ်လာပြီဆိုရင် ဒီကောင် မ စပွန်ဆာရှာပြီး အငယ်အနှောင်းဖြစ်ပြီလို့ ထင်ကြတာ"

"ဘာ အဲဒီလောက်ပဲ အမြင်ကျဉ်းရသလားကွာ၊ ကိုယ့်အစွမ်းအစနဲ့ ကောင်းကောင်းမွန်မွန် အဆင်ပြေပြေနေလို့မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုနေလို့ရလောက်အောင် ငါတို့ရပ်ကွက်ထဲမှာ ပညာ လူချမ်းသာလုပ်ငန်းရှင်ဆိုတာ မရှိဘူးလေ၊ အိမ်ငှားနေကြ၊ တစ်နေ့လုပ် တစ်နေ့စား ချို့ချို့တဲ့တဲ့တွေချည်းပဲ၊ ဒီလိုဝတ်နိုင်စားနိုင်တဲ့သူကတော့ သူ အငယ်အနှောင်းလုပ်လိုက်တဲ့သူတို့ စပွန်ဆာရှာတဲ့သူ၊ မကောင်းတာလုပ် တဲ့သူ၊ အဲဒီလိုလူတွေရှိတယ်၊ အဲဒါကြောင့် ငါ့အိမ်ကို အဲဒီလိုပုံစံမျိုးနဲ့ သွားရင် အဲဒီလိုမြင်ကြလိမ့်မယ်၊ အဲဒါဆိုရင် အမေတို့စိတ်ဆင်းရဲကြ

"မဆိုင်တာကွာ"

သူကပဲ အမြင်ကျဉ်းနေလား မပြောတတ်တော့ပါ။ နိမ့်ကျ ရပ်ကွက်လေးက လူတစ်ယောက်ရဲ့ဂုဏ်သိက္ခာကို ဘာနဲ့တိုင်းတွာ တာလဲ။

ဒါမျိုးကို ရှက်ရကြောက်ရမှန်းသိသည့် ခင်မုန်း စိတ်ဓါတ် ပဲ လေးစားရတော့မည်လား။ တကယ်တော့ ဒါမျိုးက ရှက်သင့်ကြောက် သည့်အရာပါပဲ။

"ကဲ ခင်မုန်း မင်းက ဒါတွေချွတ်ပြီး ငါ့ကားပေါ်မှာထားခဲ့ ငါကစက်ရုံသွားရင် ဒါတွေသယ်သွားရမယ်၊ အပြန်ကျတော့ မင်း ဘယ် လုပ်မှာလဲ"

"နင်လာကြိုပေးပေါ့၊ ကားပေါ်မှာ ဒါတွေပြန်ဝတ်လိုက်ရင် တာပဲ"

"မင်းက ဘယ်အချိန်ပြန်မှာမို့လဲ၊ ငါက စက်ရုံမှာမီတင်ရှိသေး အလုပ်သမားတွေကဆန္ဒပြဖို့လုပ်နေလို့ ဘယ်လိုတွေညှိနှိုင်းရဦးမလဲ မသိ

"သုံးထောင့်ခြောက်ရာတိုးတောင်းတဲ့ကိစ္စလား၊ နင်တို့သူဌေး က ဦးနှောက်ပိုကောင်းပါတယ်၊ အစိုးရက မဖြစ်မနေပေးရမယ်လို့ ဥပ လည်းသတ်မှတ်လိုက်ရော အိုတီချိန်တွေလျှော့ပစ်လိုက်တယ်၊ ကြေးဘာကြေးညာကြေးတွေ ဖြတ်ပစ်လိုက်တယ်၊ အလုပ်ချိန်ထဲမှာ





ခိုင်းတယ်၊ အလုပ်သမားဝန်ထမ်းတွေ အရင့်လစာတောင်မရတော့တဲ့ ဘယ် လောက်နစ်နာသွားလဲ"

"ငါတို့လည်း အဲဒီလိုမလုပ်လို့ မရလို့ပေါ့၊ အဓိကက လျှပ်စစ်မီး နဲ့ အခွန်အခတွေကြောင့်ပဲ အခွန်အခက သူများနိုင်ငံတွေထက်များတယ်၊ လျှပ်စစ်မီးက အပြည့်အဝမရဘူး၊ ဝန်ထမ်းလုပ်ခလစာတွေက နည်းတယ် ဆိုပေမယ့် အဲဒါတွေက ဒုက္ခပေးနေတော့ ဝန်ထမ်းတွေအပေါ် ဖိရသလို ဖြစ်နေတယ် စိတ်တော့မကောင်းပါဘူး"

"စိတ်မကောင်းရင် နင်တို့အကျိုးအမြတ် လျှော့ယူပြီး သူတို့အ တွက်တွေးပေးပေါ့"

"ငါတို့လည်း အကျိုးအမြတ်တွေ အများကြီးကျန်နေတာမဟုတ် ပါဘူး ဖိုဘက်က ပိတ်လိပ်တွေ၊ စက်ပစ္စည်းတွေ ဝင်လာရင်လည်း အခွန် ဆောင်ရတယ်၊ ဒီကပစ္စည်းတွေထွက်တော့လည်း အခွန်ဆောင်ရတယ်၊ ကြားထဲလမ်းကြောင်းတွေက ဘာဆိုတာနဲ့ ပြီးတော့ ဘာအတွက်ညာ အတွက်က အလှူငွေထည့်ရ တကယ်တော့ လုပ်ငန်းကလည်းပတ်ရုံအဆင် ပြေရုံလောက်ပါပဲ"

"ဒါပေမဲ့ နင်တို့မှာ တိုက်တစ်လုံးပြီးတစ်လုံးဝယ် ကားတစ်စီးပြီး တစ်စီး ဝယ်နိုင်တယ်၊ လုပ်ငန်းတစ်ခုပြီးတစ်ခု ထူထောင်နိုင်တယ်မဟုတ် လား တကယ်နစ်နာရတာက ဝန်ထမ်းအလုပ်သမားတွေပါ၊ ကုန်ဈေးနှုန်းက ကြီးလို့ရတဲ့အထဲ လစာငွေနဲ့ မလောက်ဘဲ အကြွေးတင်ကြတယ်၊ ငွေရှာရ ခက်တဲ့မကောင်းတဲ့လမ်းကြောင်းပေါ်ရောက်သွားကြတယ်၊ တခြားနိုင်ငံကို လစာငွေကောင်းတယ်ဆိုလို့ ကူးပြောင်းသွားကြတယ်၊ တာဝန်ယူတဲ့သူမရှိ လို့ ဘဝပျက်ပြီး ပြန်လာကြတဲ့သူတွေလည်း အများကြီးပဲ၊ ငါတို့လို လူတန်း စားတွေအတွက်က ကိုယ့်နိုင်ငံမှာနေတော့လည်း မလုံခြုံ၊ သူများနိုင်ငံသွား တော့လည်း မလုံခြုံ၊ ဘယ်သူ့ကို အဖေခေါ်ပြီး ဘယ်သူ့ကိုးကွယ်ရတော့ရ

www.burmeseclassic.com

www.burmeseclassic.com



မှန်းမသိဘူး''

''ခြောက်''

ခင်မှန်း ဒီလိုရင့်ကျက်သည့်စကားတွေ ပြောပြီဆိုလျှင် သူ ပိုင်ရှေ့ သွားရစမြဲပါ။ သူ သေချာမသိသည့်အကြောင်းအရာတွေပဲမဟုတ်ပါလား

မိဘတွေဆုံးပါးသွားသည့်အတွက် ကျောင်းမပြီးခင်တည်းက စော လုပ်ငန်းကို လေ့လာရင်း စီးပွားရေးလောကထဲရောက်ခဲ့ရသည်။ ပညာရေး တစ်ဖက်နှင့် စီးပွားရေးလုပ်ခဲ့ရတာမို့ ပတ်ဝန်းကျင်နှင့်လူတွေအကြောင်း သိ နားမလည်ခဲ့ပါ။ ချစ်သူထားဖို့အချိန်မရဘဲ ကညာဖြူနှင့်လည်း အိမ်ထောင်ပြု ခဲ့ရသည်။ ဒါကြောင့် ခင်မှန်းနှင့်တွေ့ချိန်မှာ ခင်မှန်းစကားတွေနားထောင်ပြီး သူ မသိတာတွေ အများကြီးရှိပါသေးလားဟုဆိုတာ သိလာခဲ့ခြင်းဖြစ်သည်

သူက မွေးကတည်းက ပြည့်စုံစွာနေလာခဲ့ရသူမို့ အခြေခံလူတန်း စားတို့ရဲ့ဘဝကို နားမလည်ခဲ့တာလည်း ဖြစ်နိုင်သည်။

''ခင်မှန်း ငါ မင်းအိမ်အထိ လိုက်ပို့ရမှာလား''

''ဟင့်အင်း နင်လိုက်မပို့နဲ့၊ ဒီနားကနေ တက္ကစီငှားသွားမယ် အပြန်လည်း ဒီနားကနေပဲကြိုနေ''

''ဘာဖြစ်လို့လဲ အိမ်အထိလိုက်ပို့တော့''

''နင့်ကို ငါ့စပွန်ဆာလို့ ထင်သွားမှာစိုးလို့ပေါ့ဟဲ့၊ ငါ ဒီလောက် ဝတ်စားပြီး ဆံပင်အရောင်ဆိုးထားတာတော့ အပြောခံရလွတ်ဦးမှာမဟုတ်ဘူး အမေတို့မေးရင်လည်း ဖြေရှင်းရဦးမယ်၊ အနေကျဉ်းလို့ အမြင်ကျဉ်းတယ် တာထက် တခြားအလုပ်ကြီးအကိုင်ကြီးလုပ်စရာလည်းမရှိတော့ သူများ မေးငေါ့ချိန်ပိုရတယ်ပဲပြောရမလား၊ အတင်းပြောဖို့အချိန်တွေ ပိုနေတယ် ပြောရမလား မသိပါဘူး၊ ပတ်ဝန်းကျင်ကို အရမ်းကြီးဂရုမစိုက်တတ်ပေမယ့် ကိုယ့်ကိုယ်ကိုယ် ထိန်းထိန်းသိမ်းသိမ်းနေတာ ပိုကောင်းတာပေါ့''

''ငါက မကောင်းတဲ့ကောင်ကြီးကျနေတာပဲ''





''ငါ့ကိုမကောင်းတာလုပ်စားတယ် ထင်မှာပဲစိုးတာပါ၊ အမေတို့က နှမ်းရိမ်ကြီးတတ်ကြတယ်လေ၊ သူဌေးမအဘွားကြီးကို ပြုစုရမယ့်အလုပ်လို့ ပြောတာတောင် လစာကောင်းလို့ ဟုတ်မှဟုတ်ရဲ့လား၊ တခြားဘာလုပ်လဲ၊ အိမ်ဖော်များဖြစ်နေမလား သံသယဝင်နေတာ၊ နင့်အိမ်အထိ ကားနဲ့လိုက်ပို့ ရင်တော့ သေချာပြီ ဟိုလိုထင်မှာ''

သူမစကားကို သူ ရယ်ချင်ချင်ဖြစ်သွားမိသည်။ ခင်မှန်းက စကား ပြောလည်ဝယ်လွန်းတာကြောင့် ရိုးလွန်းလို့ အ,သည်လို့လည်း ပြောမရပါ။ ကိုယ်ကျင့်တရားကို ထိန်းသိမ်းသင့်သည့်အရာလို့ ထင်မှတ်ထားသည့်အတွက် သူတာပဲ တလေးတစား ဂုဏ်ယူပေးရတော့မည်ထင်သည်။

''ကဲ မင်းသွားလေ၊ ငါ တက္ကစီငှားပေးလိုက်မယ်၊ မင်းမိဘတွေ ကို လစာငွေအကုန်ပေးခဲ့မှာဆိုရင် လမ်းမှာတက္ကစီဖိုးနဲ့သုံးဖို့စွဲဖို့လေး ယူသွား ဦးပေါ့၊ ငါးသောင်းပေးလိုက်မယ် အဆင်ပြေလား''

''အဲဒီလောက်မလိုပါဘူး အမေတို့ဆီက အပြန်တက္ကစီဖိုးတောင်း သာခဲ့လည်း ဖြစ်ပါတယ် မပေးလိုက်ပါနဲ့''

''မင်း အဲဒီလောက်ကြီးတော့ စည်းမရှောင်ပါနဲ့ကွာ၊ ဒီလောက် ငွေလေးပေးလိုက်ရလို့လည်း မင်းကိုငါ အထင်သေးမသွားပါဘူး''

''ဆင်းရဲတဲ့သူတွေက ငွေကြေးနဲ့ပတ်သက်ပြီး ပိုပြီးအထင်သေးခံရ မှာ ကြောက်တတ်ကြတယ်၊ သွားပြီ လင်းရောင်ထင် ပြန်လာရင် ဖုန်းဆက် မယ်၊ အဘွားတစ်မျိုးထင်သွားမှာစိုးလို့ လာကြိုပေးရင်ပဲရပြီ၊ အခုတောင် ကိုယ့်ကားကိုမောင်းမသွားလို့ဆိုပြီး ပြောနေတာ''

''ဟုတ်တယ် အပြန်ကျရင် မင်းကို ကားမောင်းသင်ပေးမယ်၊ လိုင်စင်လည်း လျှောက်ထားတာပေါ့''

''နင့်စက်ရုံကိစ္စတွေနဲ့ ဖြစ်ပါ့မလား''

''ဖြစ်အောင်လုပ်ရမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရော"

ပြောပြီး ကားပေါ်ကဆင်းသွားသော ခင်မှုန်းရဲ့အလှအပက ကညာဖြူနှင့်ကွဲပြားသွား၍ အေးချမ်းသောအလှဟုပင် တင်စားရမလိုဖြစ်နေသည်။ ကညာဖြူကတော့ အမြဲတမ်း အတိုအပြတ် လည်ဟိုက်များနှင့် မျက်နှာမှာ မိတ်ကပ်ဆိုလည်း အမျက်မခံပါ။ အချိန်တိုင်း ခြေသည်းလက်သည်းအမျက်မခံဘဲ အလှပြင်ဆိုင်မှာ နှစ်ရက်တစ်ခါလောက် အလှအပပြင် ပိုက်ဆံဖြုန်းတတ်သည်။

ခင်မှုန်းကျတော့ လိုအပ်လို့လုပ်ခိုင်းတာတောင် ပိုက်ဆံတွေအများကြီးအကုန်အကျများသည်ဆိုပြီး မလုပ်ချင်။ သူများပိုက်ဆံနှင့်တောင် ဒီလိုတွေးတတ်သည်ဆိုတော့ အခွင့်အရေးမယူတတ်သည့် သူမစိတ်ကလေးက လေးစားစရာပါ။

သူမမှာ လေးစားစရာအချက်တွေ များနေခြင်းဟာ သူ့အတွက် ရင်ထဲမှာသိုသိပ်ခြင်းတွေနှင့်။

■ ■ ■



## အခန်း (၂၀)

သူမ စီးလာသော တက္ကစီကား ဝင်လာတာကို ရပ်ကွက်ထဲက လူတွေ ဟိုလူထွက်ကြည့် ဒီလူထွက်ကြည့်ဖြင့် အံ့အားသင့်နေကြသည်။ အိမ်ရှေ့ရောက်တော့ အဖေနှင့်အမေက သူမမှန်းမသိဘဲ အံ့အားတသင့် ထွက်ကြည့်၏။ သူမတို့နေရသည်က တက္ကစီတောင်ဝင်ရခက်ခဲသည့်နေရာ ကျဉ်းလေးမဟုတ်ပါလား။

"အဖေ အမေ"

"ဟယ် သမီးလေးတော့ ကိုဇော်ဝင်း"

သူမ အိမ်ထဲဝင်သွားသည့်အချိန်မှာ အဖေရော အမေရော ပျော်နေကြသည်။ သူမက အဖေ့နားဝင်ထိုင်ကာ လွယ်လာသည့်စလင်းဘတ်အိတ်လေးကို ချလိုက်သည်။ အဖေက စူးစမ်းစွာသောအကြည့်များဖြင့်

"သမီး တက္ကစီတွေ ဘာတွေငှားလာတယ်၊ လူတွေအကြည့်က တစ်မျိုးဖြစ်အောင်ကွယ်"

"ခင်မှုန်းလာရတဲ့နေရာက ဝေးလို့ပါ အဖေရယ်၊ လိုင်းကားနဲ့လာရအောင်လည်း အဆင်မပြေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ထားပါတော့ သမီးဆံပင်တွေဘာလို့ အရောင်ဆိုးတာလဲ သမီး၊ ဒီရပ်ကွက်ထဲမှာ ဆံပင်အရောင်ဆိုးတဲ့မိန်းကလေးဆိုရင် ဘယ်လို ထင်မြင်ကြတယ်ဆိုတာ သမီးလည်းသိသားနဲ့"

"အိမ်ရှင်ရဲ့အမျိုးထဲက အလှပြင်ဆိုင်ရှိလို့ သူတို့က လုပ်ပေးလို့ပါ ဒါကြောင့်ပါဆိုပြီး တစ်အိမ်တက်ဆင်းတော့ လိုက်ရှင်းမပြနိုင်ဘူး အမေ အဲဒီလို ထင်မြင်တာတွေ အကုန်လိုက်ဂရုစိုက်နေရင် လုပ်ကိုင်စားသောက် စရာ ရှားပါးသွားလိမ့်မယ်"

"သမီး ဘာလုပ်တယ်ဆိုတာ အမေတို့ကိုတော့ အမှန်အတိုင်း ပြောဖို့လိုလိမ့်မယ်"

"ခင်မုန်းပြောပြီးပြီလေ၊ အဘွားကို ပြုစုစောင့်ရှောက်တဲ့အလုပ် လုပ်နေပါတယ်ဆိုမှ၊ အမေတို့က ခင်မုန်းကို ဘာဖြစ်လို့ မယုံသင်္ကာမေးနေ ရတာလဲ"

"နတ်ကတော်ရော ဗေဒင်ရော သမီးကိုအိမ်ထောင်ကျကိန်းရှိတယ် အိမ်ထောင်ကျနေပြီလို့ပဲ ပြောနေကြလို့ပေါ့ကွယ်"

"ရှင်"

အမေတို့ကတော့ ဗေဒင်တွေ နတ်တွေမေးပြီး ဒီအလုပ်ပဲလုပ်နေ ကြသည်ထင်သည်။ တကယ်တော့ ဗေဒင်တွေ နတ်တွေက မမှန်တာမဟုတ် အတုအယောင်ဆိုသော်လည်း အိမ်ထောင်ကျသည်နှင့် ဘာမှမထူးဘူးမဟုတ် ပါလား။ ဒါပေမဲ့ ဒီလိုပါလို့ ဖြေရှင်းပြောလည်း အမေတို့နားလည်လက်ခံမှာ မှမဟုတ်တာ။

သူမလုပ်တာ ရိုးသားစွာငွေရှာခြင်းဆိုတာ အမေတို့သိအောင် ပြောဖို့ကခက်သည်။ ဒါလည်း သူမကိုချစ်လို့သာ စိုးရိမ်ကြမှာပဲမဟုတ်လား။

"ဟို အချိန်အခါကျလို့ ဟောတာတော့ ဖြစ်မှာပေါ့ အမေ၊ ဒါပေမဲ့ ခင်မုန်းမှာ ရည်းစားမရှိသေးလို့ အဲဒီအတွက်တော့ မစိုးရိမ်ပါနဲ့"





"အမေတို့က သမီးအိမ်ထောင်ကျမှာ မစိုးရိမ်ပါဘူး၊ ကျရင်လည်း ယင်ကောင်းသားကောင်းဖြစ်မှာ၊ ကတော်ဆယ်ပါးတစ်ပါးအဝင်လို့လည်း ပြော ကြတယ်၊ ဒါပေမဲ့ သမီးချစ်သူရည်းစားတောင်မရှိဘူးဆိုတော့ ဘယ်လိုလူ မျိုးကများ ဘယ်လိုပုံစံနဲ့ယူလိုက်မလဲဆိုတာတော့ စိတ်ပူတယ် သမီး"

"ကဲ စိတ်မပူပါနဲ့ဆိုအမေရယ်၊ ဒီမှာ ခင်မုန်းလစာရလာတယ်၊ ငါးသိန်းပါ အမေတို့ကို လာကန်တော့တာ"

"အင်း ငါးသိန်း ပြောတဲ့အတိုင်းတော့ ရသား၊ အရင်သမီး ပင်ပင် ပန်းပန်းလုပ်ပြီး ရှာရတဲ့သုံးလစာနီးပါးလောက်ရှိတယ်၊ အခု သမီးလုပ်ရတာ သက်သောင့်သက်သာရော ရှိရဲ့လား သမီး"

"သက်သာပါတယ် အမေ၊ ကျန်းမာရေးမကောင်းတဲ့အဘွားက လည်း ဆိုးဆိုးဝါးဝါးကြီးမဟုတ်ပါဘူး၊ သူ့ဘာသာ သွားနိုင်လာနိုင် စားနိုင် သောက်နိုင်ပါတယ်၊ အချိန်မှန်ဆေးတိုက်ပေးရုံလောက်ပါပဲ"

"အေးပါကွယ် သမီးက သက်သာတယ် အဆင်ပြေနေတယ်ဆို တော့ အမေတို့လည်း ဘာပြောရမှန်းမသိတော့ပါဘူး၊ ဒါပေမဲ့ ဒီလောက်ငွေနဲ့ ဒီအလုပ်ကလေးက ဟုတ်မှဟုတ်ရဲ့လားလို့"

"ထားခင် ငါ့သမီးကို ငါယုံတယ်လို့ ပြောထားတယ်နော်၊ သမီးက ဘယ်အချိန်တုန်းက မိဘတွေကိုမဟုတ်တာနဲ့လုပ်ကျွေးမွေးလို့လဲ တစ်ခုပဲ ရှိတယ် သမီး၊ အဖေတို့က သမီးရိုးသားစွာ ရှာဖွေကျွေးတဲ့ထမင်းကိုပဲစားချင် တယ်ဆိုတာ သမီးသိထားပါ၊ ပြီးတော့ ဟော့ဟော့ရမ်းရမ်းမနေပါနဲ့ ဒီရပ်ကွက် လေးက အမြင်ကျဉ်းတယ်ဆိုပေမယ့် အဖေတို့ကိုယ်တိုင်လည်း အမြင်မကျယ် ဘူးပဲပြောရမှာပဲ၊ သမီးက သူဌေးအိမ်မှာနေရလို့ အလိုက်အထိုက် ဝတ်စား ဆင်ယဉ်ပြုမူနေထိုင်ရတယ်ဆိုပေမယ့် အဖေတို့အမြင်မှာ တစ်မျိုးဖြစ်နေတယ်၊ အဖေ သမီးလေးကို ရိုးသားစွာပဲလှစေချင်တယ်ပြောတာ"

ခင်မုန်း သက်ပြင်းတွေချလိုက်မိရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ခင်မှန်း နားလည်ပါတယ်အဖေ၊ ဟိုပတ်ဝန်းကျင်ကို ရောက်တော့ သူတို့အဆင့်အတန်းနဲ့ညီတဲ့ပုံစံမျိုး အလိုက်အထိုက်နေရတာမို့ပါ၊ သူ့ဌေးအိမ်မှာ စုတ်စုတ်ပြတ်ပြတ် ညစ်ညစ်ပတ်ပတ်တော့ နေလို့မရဘူးလေ၊ သူတို့က ခင်မှန်းကိုချစ်ကြတဲ့အတွက် ဝတ်စားပြင်ဆင်မှုတွေလုပ်ပေးကြတယ်၊ ဒီကပတ်ဝန်းကျင်နဲ့သဟဇာတမဖြစ်ပေမယ့် ကိုယ့်မိသားစု စားဝတ်နေရေးအတွက် အလုပ်လုပ်ရမှာမို့ သိပ်တော့ဂရုစိုက်နေလို့မဖြစ်တော့ဘူး၊ အဖေတို့ကို ကတိပေးနိုင်တာကတော့ ခင်မှန်း မရှိုးသားတာ ဘာမှမလုပ်ပါဘူး"

ဦးဇော်ဝင်း ခေါင်းတညိတ်ညိတ်ဖြစ်သွားပြီးမှ

"အေးပါ သမီး၊ အဖေသာ နဂိုလိုကျန်းမာရေးကောင်းမယ်ဆိုရင် အဖေက အဖေ့သမီးလေးကို အိမ်ထဲကအိမ်ပြင်မထွက်ခိုင်းဘဲ မိုင်းကောင်းကျောက်ဖိ လူမမြင်အောင်ထားချင်တာ၊ ဒါအဖေ့မေတ္တာပါ၊ အခုလို သမီးလေးက သိတတ်နားလည်စွာနဲ့ လုပ်ကိုင်ကျွေးမွေးပြုစုစောင့်ရှောက်နေတော့ အဖေတို့ပီတိဖြစ်ပါတယ်၊ ကြည်နူးပါတယ်၊ ဒါပေမဲ့ သမီးကအပြင်အလုပ်ထွက်လုပ်တဲ့အချိန်မှာ ဗေဒင်တွေ နတ်တွေမေးလိုက်တော့လည်း တိုက်တိုက်ဆိုင်ဆိုင် အိမ်ထောင်ရက်သားကျကိန်းရှိတယ်လို့ ဟောကြတယ်၊ အဲဒီလို မှတောင်မဟုတ်ဘဲ ကျနေပြီလို့လည်း ပြောကြတယ်"

"အမေတို့ကလည်း အစတည်းက ဗေဒင်တွေနတ်တွေ ယုံကြည်လာတာဆိုတော့ သူတို့ဟောတာမမှန်ဘူးလို့ မပြောနိုင်ဘူးမဟုတ်လား၊ အဲဒီလိုဆိုပြန်တော့လည်း သမီးက ချစ်သူရည်းစားတောင်မရှိပါဘူးဆိုတော့ သမီးလေး ဘာတွေလုပ်နေလဲ စိုးရိမ်မိတာပေါ့၊ ဟော အခု သမီးပြန်လာတော့လည်း ဆံပင်အရောင်တွေကဆိုး၊ ခြေသည်းလက်သည်းတွေဆိုး ဖိနပ်နဲ့ အကျီအဝတ်အစားက အရမ်းကြီးမပြောင်းလဲပေမယ့် အမေတို့မျက်လုံးထဲမှာတော့ ဘာကဘယ်လိုမှန်းမသိဘဲ တော်တော်ကိုပြောင်းလဲသွားသလိုပဲ"





"အဟင်္ကေး ဟင်း"

အဖေနှင့်အမေစကားတွေ နားထောင်ပြီး သူမ ရယ်ပဲရယ်ချင်နေမိတော့သည်။ သူမအတွက် စိုးရိမ်တာနှင့် ဗေဒင်တွေနတ်တွေလျှောက်မေးပြီး ဝေခွဲမရဖြစ်နေကြတာ ရယ်စရာပင်ကောင်းနေတော့၏။

တကယ်တော့လည်း ယောကျ်ားတစ်ယောက်နှင့် တစ်ခန်းထဲနေရတာ အိမ်ထောင်ကျတာနှင့်ဘာထူးလို့လဲ။

"သမီးက ဘာရယ်တာလဲ"

"ဩော် ဘာမှမဟုတ်ပါဘူး အဖေနဲ့အမေကိုပြောသားပဲ၊ အဲဒါတွေမေးမြန်းပြီး အခွဲအလမ်းမထားပါနဲ့၊ လူတိုင်းမသိနိုင်တဲ့အကြောင်းအရာတွေ သူတို့သိကြတယ်ဆိုပေမယ့်လည်း၊ အလုံးစုံတော့လည်းမသိနိုင်ပါဘူး၊ ကိုယ်လုပ်တဲ့အပြုအမူအပေါ်မှာ ကံတရားဆိုတာကလည်း ပြောင်းလဲတတ်တာပဲလေ၊ အဖေနဲ့အမေ ဘုရားတရားပဲလုပ်ပါလို့ ဖိအားတော့မပေးချင်ပါဘူး၊ ကိုယ်လုပ်တဲ့ကုသိုလ်တွေ အမျှအတန်းဝေ မေတ္တာပို့ရင် သူတို့ပိုပြီး အေးချမ်းရတာပေါ့"

"အမေတို့က ဘယ်ဟာကိုမှ မမေ့ပါဘူးကွယ်၊ ဒါပေမဲ့ အမေတို့ ဝါသနာကြီးတာလည်း သမီးသိသားနဲ့၊ နည်းနည်းလေးဘာလေးပဲဖြစ်ဖြစ်မေးမြန်းပြီး ယတြာချေလိုက်ရမှ စိတ်ထဲမှာပေါ့သွားတာ"

"ကဲ ဟုတ်ပါပြီ အမေရယ်၊ အမေတို့လုပ်ချင်တာသာလုပ်ပါ၊ အခု ခင်မှန်းဗိုက်ဆာတယ် အမေ၊ ဘာဟင်းချက်တာရှိလဲ"

"ငါးပိရည်တို့စရာနဲ့ ငါးဖင်ရိုင်းအိုးကပ်လေးကို ပင်စိမ်းလေးအုပ်ချက်ထားတယ်၊ သမီးစားမယ်ဆို အမေခူးပေးမယ်လေ"

"နေပါစေ အမေ၊ ခင်မှန်းဘာသာစားပါမယ်၊ အဖေတို့ရော စားပြီးပြီလား"

"ခုနလေးပဲ ပြီးတယ် သမီးရဲ့စားစား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မီးဖိုချောင်ဘက်သွားကာ စတီးဇလုံထဲ ထမင်းတွေထည့်၍ ငါးပိရည်လောင်းချ အတို့တွေထည့် ငါးအိုးကပ်ကိုပုံပြီး အမေတို့ရှေ့ပြန်လာကာ အားရပါးရ ပလုပ်ပလောင်းစားပစ်လိုက်သည်။

အဖေနှင့်အမေက မျက်လုံးပြူးမျက်ဆန်ပြူးကြည့်လျက်

"ဟဲ့ ဟဲ့ သမီး လည်နင်နေပါဦးမယ် သမီးရယ်"

"ရေခပ်ပေးလိုက်လေ ထားခင်ရဲ့"

အမေက သောက်ရေအိုးထဲကနေ ရေတစ်ခွက် အမြန်ခပ်ပေးသည်။ သူမအတွက်တော့ ဒီလိုထမင်းဟင်းမျိုး အားရပါးရမစားရတာကြာပြီမို့ လည်နင်ဖို့ပင် သတိမရမိ။

"ရေ ရေသောက်လိုက်ဦးလေ သမီး"

"ရပါတယ် ရတယ် အမေ"

"သမီးရယ် ဟိုမှာထမင်းငတ်လာလို့ စားနေတဲ့အတိုင်းပဲကွယ်၊ ဟိုမှာ ကောင်းကောင်းမစားရဘူးလား သမီး"

"ဟိုက အကောင်းစားထမင်းဟင်းတွေ အသားတွေ ငါးတွေကျွေးတာ အမေရဲ့၊ ခင်မုန်းက ဒီလိုထမင်း ဒီလိုငါးပိရည်ကို လက်နဲ့အားရပါးရစားချင်တာ၊ ဟိုမှာက ဖွန်းခက်ရင်းနဲ့ဟန်ဆောင်ပန်ဆောင် လုပ်စားနေရတာလေ"

"အမယ်လေး ငါ့သမီးလေး စား စား သနားလိုက်တာကွယ်"

အမေ့အိမ်မှာတော့ ဟန်ဆောင်မှုကင်းကင်းဖြင့် ထမင်းကို အားရပါးရလွတ်လွတ်လပ်လပ် စားလို့ရသည်။ လင်းရောင်ထင်တို့အိမ်မှာလည်း အဘွားရဲ့မေတ္တာများကြောင့် အေးချမ်းစွာနေလို့ရသည်ဆိုပေမယ့် ကညာဖြူ အဖြစ်နှင့်ဟန်ဆောင်နေရသည်က မွန်းကျပ်မှုတွေနှင့် ဖိစီးမှုများတာကတော့ အမှန်ပင်။





ဒါပေမဲ့ သူမ အဘွားကိုချစ်သည်။ အဘွားက ချမ်းသာပြည့်စုံသော်လည်း မာန်မာနကင်းပြီး မောက်မာမှုလည်းမရှိပေ။

ကညာဖြူအပေါ်ထားသည့် မေတ္တာများက အနှိုင်းမဲ့ဖြစ်သလောက် သူမကို ခင်မုန်းဆိုသည့်မိန်းကလေးမှန်း အဘွားသိသွားခဲ့လျှင် ဘာတွေဖြစ်မှာပါလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဟာ ခင်မုန်းရာ မင်းလက်က ငါးပိရည်စော်နံလိုက်တာ၊ အိမ်က နေ လက်ဆေးမလာဘူးလား"

"အဲဒီအနံ့လေးကို ရှူချင်လို့ တမင်လက်ကိုပြောင်အောင်ဆေး မလာခဲ့တာ"

"ဘာ"

ကားထဲဝင်ထိုင်လိုက်ကတည်းက အနံ့က သိသိသာသာထွက်နေတာမို့ လင်းရောင်ထင် ပို၍ဒေါသဖြစ်သွားမိသည်။ သူမအိမ်ကထွက်လာပြီဆိုပြီး ဖုန်းဆက်လိုက်ကတည်းက မိနစ်အနည်းငယ်စောပြီး သူ ဒီနေရာကို ကြိုရောက်နေခဲ့တာပါ။ သူမ တက္ကစီပေါ်ကဆင်းပြီး သူ့ကားပေါ်တက်လာကတည်းက ငါးပိရည်နံ့ကဲ တထောင်းထောင်းပင်။

"မင်းကွာ ဒီပုံစံ ဒီအနံ့နဲ့ အဘွားရှေ့ကို ဘယ်လိုသွားမှာလဲ အလုပြင်ဆိုင်မှာ အရှေ့ခံ့ချုတ်မှုရတော့မယ်"

"နင်ကလည်း အကဲပိုလိုက်တာ၊ အိမ်ကိုပြန်တဲ့နေ့ပဲ ဒီအနံ့ကို ရှူရတာ ဒီထမင်း ဒီဟင်းမျိုးစားချင်လို့ အိပ်မက်တောင်မက်နေရတာ"





"အဲဒီလောက်စားချင်နေလည်း အိမ်မှာပဲစားရောပေါ့၊ ဒီလောက် တောင်အငမ်းမရ လက်တောင်စင်အောင်မဆေးခဲ့ဘူးဆိုတော့ အံ့ဩစရာပဲ"

"လူတိုင်းတောင့်တမှုဆိုတာရှိတတ်ကြပေမယ့် တောင့်တမှုတော့ မတူကြဘူး။ နင်တို့အိမ်မှာ ထမင်းကောင်းဟင်းကောင်းစားနေရပေမယ့် ဒီနေ့ အမေ့အိမ်က ငါးပိရည်နဲ့စားခဲ့ရသလောက် မတင်းတိမ်တာ အမှန်ပဲ၊ ငွေ ကြေးအရ အလုပ်လုပ်နေရလို့သာ သည်းခံနေရတာ"

အခြေအနေခြင်းမတူလို့ အကြိုက်ချင်းမတူတာ၊ သူကပဲမှားသွား ခဲ့ပြီလား။ သူမအပေါ် လိုက်လျောချင်သည့်စေတနာတွေ ဘာကြောင့်မှန်း တော့မသိပါ။

"ကဲ ဘာပြောပြော အလှပြင်ဆိုင်သွားမှတော့ဖြစ်မယ်၊ အဝတ် အစားက ကားပေါ်မှာတင်လဲလို့ အဆင်ပြေပေမယ့် မိတ်ကပ်တွေ ဆံပင်တွေ ကတော့ ပြန်ပြင်ရဦးမယ်"

"နင်ကလေ ပိုက်ဆံကုန်အောင် အရမ်းလုပ်တယ်၊ ဘာဖြစ်လဲ မျက်နှာမှာမိတ်ကပ်မပါတော့ အလှပြင်ဆိုင်သွားလိုက်ရင် ပိုက်ဆံလေးငါး သောင်း တစ်သိန်းက ခဏလေးရယ်"

"ကညာဖြူဆို တစ်ပတ်ကို လေးငါးသိန်းဖိုးလောက် အလှပြင်တာ၊ အဝတ်အစား အသုံးအဆောင်ဆိုတာ နှစ်ပတ်တစ်ခါ သုံးပတ်တစ်ခါ ဆယ် သိန်းအထက်ဖိုးလောက်သုံးတယ်၊ အဘွားပေးရင်ပေး မပေးလည်း တောင်း သုံးတယ်၊ ငါ့မီးခံသေတ္တာထဲကလည်း ဘယ်လောက်ယူတယ်ဆိုတာ မပြော ဘဲ ယူသုံးတယ်၊ ငွေဆိုတာကို တန်ဖိုးထားရမှန်းမသိဘူး"

"သူက ချမ်းသာပြည့်စုံတဲ့နေရာက လာတဲ့သူပဲ၊ သူကကောင်း တယ်လို့ပဲပြောရမှာ၊ နင်က အဲဒါတွေကို အပြစ်မြင်နေတာလား"

သူ မဖြေမိ၊ ကွယ်ရာမှာပြောလို့ အတင်းဖြစ်သွားမှာတော့ မလို လားပေ၊ သူ အလှပြင်ဆိုင်ကိုမောင်းလာခဲ့ပြီး တာဝန်ယူနေကျ အခြောက်မ



www.burmeseclassic.com

www.burmeseclassic.com



ကို အစ်လိုက်သည်။ ထိုအခြောက်မက အထာသိနေပြီးသားမို့ ခင်မှန်းကို ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံးရှိုင်းပေးလိမ့်မည်။

ထိုအလုပြင်ခန်းကပြန်ထွက်လာပြီးချိန်မှာတော့ သူမကို ကားမောင်းသင်ပေးဖို့ ဆုံးဖြတ်လိုက်၏။

"ကဲ မင်းကားမောင်းသင်ရမယ် ခင်မှန်း၊ မင်းအပြင်ထွက်တိုင်း ငါ့ကားနဲ့ပဲလိုက်နေမယ်ဆိုရင် မင်းကားမမောင်းတတ်တာ အဘွားသိသွားလိမ့်မယ်၊ ပြီးတော့ အဘွားက မင်းကိုကားမောင်းပြီး အပြင်လိုက်ပို့ခိုင်းရင် ဘယ်လိုလုပ်မှာလဲ"

ခင်မှန်း မဖြေတတ်။ သူမခေါင်းလေးကို ခပ်နာနာလေးခေါက်ပစ်လိုက်ပြီး

"မှတ်ထား ဟိုမှာနေရင်းနဲ့ ကားအက်ဆီးဒင့်ဖြစ်ခဲ့လို့ ကားမောင်းရမှာကြောက်နေလို့ပါလို့"

"နင့်ခေါင်းက ကုလီကူမာ အလိမ်အညာတွေတော့ ထွက်သားပဲ"

"အဘွားအတွက်စေတနာမှသားတွေပါ၊ မင်းသာ မလွှတ်မကျွတ်တွေမဖြစ်စေနဲ့၊ အဲဒီလိုပြောရင်တောင် အဘွားက ယုံချင်မှယုံမှာ၊ ဘာဖြစ်လို့လဲဆိုတော့ ကညာဖြူက တစ်ခါမှ အက်ဆီးဒင့်မဖြစ်ဘူးလောက်အောင် ကားမောင်းကျွမ်းတယ်၊ မင်းကားမမောင်းတတ်ခင်တော့ အဲဒီလိုပြောရတော့မှာပဲ"

"လည်သလိုလုပ်ကြတာပေါ့လေ၊ အဘွားအတွက် စေတနာမှသားပဲ ဟုတ်တယ်မဟုတ်လား"

ခင်မှန်းက ပြောင်ချော်ချော်လေး ပြောလိုက်၍ သူ ရယ်ဖြစ်သွားလေသည်။ ကားမောင်းသင်ရမည့်နေရာရောက်တော့ ခင်မှန်းနှင့်သူ နေရာချင်းလဲထိုင်လိုက်သည်။

"အခု ကားတွေက အော်တိုဂီယာတွေ မောင်းတတ်လွယ်ပါတယ်၊





တ်ရဲဖို့ပဲအရေးကြီးတယ်"

"ဒွေတောင် ဘယ်လိုကိုင်ရမှန်းမသိဘူး"

"စတီယာရင်လို့ပြော ရင်ဘတ်ကြီးနဲ့ ကပ်မထားနဲ့၊ စတိုင်လေးနဲ့ ကြွရွရွလေးကိုင်၊ ကြောက်အားလန့်အားနဲ့ ဖွတ်အတင်းကြီး ဆုပ်ကိုင်ထား ရှေ့ကိုဘေးကိုမကြည့်ရင် အကုန်တိုးတိုက်ကုန်မှာပေါ့၊ ဒီလိုကိုင် အင်း တ်ပြီ အာမဟုတ်သေးဘူး၊ လက်က ဒီမှာလည်း တင်ထားလေ၊ ရှောင်ဖို့ မ်းဖို့ဆိုရင် အမြဲသတိရှိနေရမယ်"

"ဟူး ခွေးဖောတွေတောင်ပျံနေပြီ၊ အသက်ရှောရှူမိရဲ့လားမသိ ဒုက္ခပါပဲ"

"စိတ်ကိုတင်းမထားပါနဲ့ဆိုကွာ ဒီလိုလေး"

"အိုး"

စတီယာရင်ကို ထိန်းကိုင်ပေးဖို့ပြင်လိုက်စဉ်မှာ စိုးရိမ်မှုများနေသော မှန်းကိုယ်လေးက သူ့ရင်ထဲ မှီကပ်ကျလာသည်။ မျက်နှာချင်းလည်း လုထိခင်ဖြစ်သွားတာမို့ နှစ်ယောက်သား ရင်ခုန်သံတွေမြန်သွားကာ ကား သတိလက်လွှတ်သွားတာကြောင့် ကားက ပရမ်းပတာ ရမ်းခါသွားသည်။

"ကား ကားမှောက်တော့မယ် အမယ်လေး လင်း လင်းရောင် င် လုပ် လုပ်ပါဦး"

"ဘာ ဘာမှမဖြစ်ပါဘူးကွာ"

ဘာမှမဖြစ်ပါဘူးဆိုပြီး စတီယာရင်ကိုထိန်းကိုင်လိုက်မှ သူမလက် ကို ဖိဆုပ်ကိုင်ထားသလို ဖြစ်သွားရသည်။ ဒါပေမဲ့ လက်ကိုလွှတ်လို့ ဖြစ်ပါ။ သူမလက်ကို ထိမိမှာစိုး၍ လွှတ်လိုက်လျှင် ကားက တစ်ခါရမ်းခါ သွားပေလိမ့်မည်။

သူမလည်း ရှက်ရွံ့ထူပူနေလောက်ပေမယ့် ကားတစ်ခုခုဖြစ်သွားမှာ ၍ မျက်လုံးပြူးကာ ဒီအတိုင်း ငြိမ်သက်၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ကားမှောက်သွားမှာစိုးလို့"

လမ်းဘေးမှာ ဘရိတ်အုပ်ကာ ကားကိုရပ်လိုက်ပြီးမှ သူလည်… အိုးတိုးအမ်းတမ်းဖြင့် တောင်းပန်လိုက်ရသည်။ ခင်မုန်းက အသက်ကို မှန်… ရှူရှိုက်ရင်း မျက်လုံးကိုစုံမှိတ်ထားသည်။

"ခင်မုန်း"

သူမ နဖူးလေးကို ပုတ်ကာခေါ်လိုက်မှ မျက်လုံးလေးဖွင့်ကြ… ၏။ သူမ ကတုန်ယင်နေစွာဖြင့်ပင်

"တော်ပြီ ကားမောင်းမသင်တော့ဘူး"

"မင်း အဲဒီလိုကြောက်နေရင် ဘယ်လိုလုပ် ကားမောင်းတတ်… လဲ၊ ဒီလောက်ကြောက်ပြီးသွားရင် နောက်ဒီလိုမကြောက်ရအောင် သတိထား… လိုက်ရုံရင်ဖြစ်တာပဲ"

"ဟင့်အင်း ငါတို့က ကားဝယ်စီးနိုင်တဲ့အခြေအနေမျိုးလည်း… မဟုတ်ပါဘူး။ ကားမောင်းသင်ထားလည်း အလကားပဲ၊ အဘွားနဲ့ကိုစွလည်း… ခုန နင်ပြောသလို ဖြေရှင်းလိုက်ရင်ရမှာပါ"

"မဟုတ်သေးဘူး ခင်မုန်း၊ မင်းရဲ့ကံကို ဘာလို့ အဲဒီလိုတွေး… တာလဲ၊ မင်းကားဝယ်စီးနိုင်တဲ့ဘဝမျိုး မရောက်ဘူးလို့ ဘယ်သူပြောနိုင်… ခင်မုန်းဟင်၊ ကားမောင်းမသင်ရဲတာတစ်ခုတည်းနဲ့ မင်းစိတ်ကို အဲဒီ… လျှော့ပစ်လို့မဖြစ်ဘူးလေ၊ လူဆိုတာ မလုပ်ဘူးတာကိုလုပ်ဖို့ အခွင့်အ… ရလာရင် ခွန်အားလေးစိုက်ပြီး ကြိုးစားကြည့်ရမှာပေါ့ မဟုတ်ဘူးလား"

"ဟို အဲဒီလို"

"မင်းက ဒီထက်ခက်ခဲပင်ပန်းတာတွေကိုတောင် ရုန်းကန်နိုင်… သူပဲ၊ ကားမောင်းသင်တာက ကြောက်စိတ်တစ်ခုကိုဖျောက်လိုက်ထ… အဆင်ပြေပြီ"

"နင်က ငါနဲ့ မရင်းနှီးတဲ့အလုပ်ကို ဖွတ်အတင်းတိုက်တွန်းနေ…





ဲ"

"စေတနာပါ ခင်မုန်း၊ နိမ့်ကျချို့တဲ့တဲ့ မင်းဘဝကို အဆင့်အတန်း မြှင့်မြှင့် မြင်ချင်လို့ပါ"

"ဟင်"

သူ့ရင်ထဲက လှိုက်လှဲမှုတွေပါသွားသလားမသိပေ။ သူ၏ရိုးဝေ လွန်းသော မျက်ဝန်းတွေကြောင့် သူမအံ့အားသင့်သွားခဲ့ပြီး မျက်နှာလေး ထွေ့သွားလေသည်။ ခုနက အထိအတွေ့မှာ သူတောင်ရင်ခုန်နေတာမို့ သူမ လည်း ခံစားမှုတစ်ခုခုတော့ ဖြစ်သွားမှာပါ။

"ခင်မုန်း ဒီနေ့တော့ ဒီလောက်နဲ့ပြန်ကြရအောင်လေ၊ နောက်နေ့မှ တစ်ခါဆက်သင်တာပေါ့၊ မသင်လို့တော့ မရဘူးနော်၊ နောက်ဆို ခင်မုန်းက တိုက်နဲ့ကားနဲ့နေနိုင်တဲ့သူ မဖြစ်ဘူးလို့ပြောနိုင်မလား"

"ငါ အရမ်းကြီး ဘာမှမျှော်လင့်မထားပါဘူး။ ဒါပေမဲ့ နင့်ကိုကျေးဇူး တင်ပါတယ်၊ ငါ ဒီကနေ ထွက်သွားရပြီဆိုရင်တောင် နင်သင်ပေးထားတဲ့ အရာတွေက အဆင့်အတန်းတစ်ခုအဖြစ်တော့ တွေးလို့ရတယ် မဟုတ်လား"

"အဲဒီလိုတွေးရင် ကားမောင်းသင်ဖြစ်အောင်သင်ပါ ခင်မုန်း"

ခင်မုန်း ခေါင်းလေးညိတ်သည်။ သူ ကျေနပ်စွာပြုံးမိသွားရ၏။

သူ ခင်မုန်းအပေါ် စိတ်တွေဘာကြောင့် ညွတ်နူးလာရသလဲဆိုတာ တွေးလို့မရပါ။ သူမရဲ့ဖြူစင်ရိုးသား ပွင့်လင်းသောစိတ်လေးကြောင့်လား။

နက်ရှိုင်းသောရင်ဘတ်တစ်နေရာမှာ ကညာဖြူမဟုတ်သော ခင်မုန်းက။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"မထွေး ဒါကိုအနံ့မထွက်အောင် ဘယ်လိုလုပ်ရမလဲဟင်၊ ဘယ်တံခါးတွေကို ပိတ်ရမလဲ"

ငါးပိရည်နံ့က ပွက်ကတည်းက ကြိုင်လှိုင်နေအောင်မွှေးနေတော့ အဘွားသိမှာစိုးရိမ်ပြီး သူမမှာ ပျာယာခတ်နေရသည်။ အရမ်းကိုစားချင်လွန်း၍ မထွေး ဈေးသွားတာ ဝယ်ဖြစ်အောင်ဝယ်ခဲ့ဖို့ မှာလိုက်တာပါ။

မထွေးက ကညာဖြူအမှတ်နှင့် ငါးပိရည်မှာတာကို အံ့ဩတကြီးတွေဖြစ်နေခဲ့သည်။ အရင်က အဘွားစားချင်သော ငါးပိရည်ကို စားပွဲပေါ်တောင် အတင်မခံဘူးလို့ လင်းရောင်ထင် ပြောပြခဲ့ဖူးတာပဲမဟုတ်လား။

"အပြင်တံခါးတွေပိတ်ပိတ် မီးဖိုခန်းတံခါးပိတ်စိတ် ငါးပိရည်နံ့ကတော့ တခြားဟင်းအိုးတွေနဲ့မတူဘဲ အနံ့နည်းနည်းတော့ထွက်မှာပဲ မမလေး ဘာဖြစ်လို့လဲဟင်"

"ဩော် အဘွားသိမှာစိုးလို့ပေါ့"

"အဘွားက ငါးပိရည်ကြိုက်တာပဲ၊ မမလေးရဲ့ ဘာမှမပြောလောက်ပါဘူး။ ဒါပေမဲ့ မမလေးက အရင်က ငါးပိရည်ဆိုရင် အနံ့တောင်မခံနိုင်လို့ အံ့တော့အံ့ဩလိမ့်မယ်ထင်တယ်"





"အဲဒါပြောတာပေါ့၊ အဘွားသိလို့မဖြစ်ပါဘူးလို့ ဘယ်လိုလုပ်မလဲတင်၊ ရေမကျလို့မကျက်ရင်လည်း ငါးပိရည်က စားလို့မကောင်းဘူး၊ အနံ့ကလည်းဖွတ်ကိုထွက်နေတာပဲ"

"ဒီလိုလုပ်ပါ"

"ဘယ်လိုလုပ်ရမလဲ"

မထွေး ဘာပြောမလဲလို့ အားကိုးတကြီးလေး နားထောင်လိုက်သည်။ မထွေးက ခပ်တိုးတိုးလေးသံဖြင့်

"ဒီတစ်ခါသိသွားတော့ နောက်တစ်ခါ စားလို့ရတာပေါ့၊ အခုသိအောင်လုပ်လိုက်ရင် နောက်လည်း နှိုးစားနေရမှာ"

"အဲဒါတော့လည်း ဟုတ်သားနော်၊ ဒါ နင်အကြံပေးတာနော် မထွေး၊ ကဲ ဒါဆို အတို့တွေပြုတ်ဖို့လုပ်၊ စိမ်းစိမ်းလေးတွေဖြစ်နေအောင် ရေပွက်ပွက်ဆူထဲ ဆားလေးတစ်ပွင့်လောက်ထည့်လိုက်နော်၊ အသီးအရွက်တွေလည်း ရေစင်အောင်ဆေးဦး"

နားလည်တတ်ကျွမ်းပြီးသား လူတစ်ယောက်လိုပြောနေတာကြောင့် မထွေး အံ့ဩတကြီးဖြစ်ရင်း ခိုင်းတာလည်းလုပ်နေသည်။ ခင်မှုန်းက သူမလုပ်နိုင် လုပ်တတ်သလောက် မထွေးကို ကူညီညာလုပ်သည်။

အရင်က ကညာဖြူနှင့်မတူတာကို မထွေး မယုံနိုင်အောင် ဖြစ်နေခြင်းပင်။

"ဟဲ့ မထွေးရေ ငါးပိရည်နံ့တွေထွက်လို့ တခြားအိမ်ကလားညည်းလုပ်နေတာလား၊ ကညာလေးမကြိုက်ဘူးနော်၊ ဟင် ကညာလေးလည်း မီးဖိုခန်းထဲရောက်နေတာလား"

. အခုမှ အဘွားမြင်သွားပြီး ကညာဖြူကိုကြည့်ကာ အဘွား အံ့အားသင့်နေစွာဖြင့်

"မြေးမလေး မထွေးက တစ်ခါတလေ နားမလည်ဘူးကွဲ့၊ ကညာ



www.burmeseclassic.com

ငါးပိရည်မကြိုက်တာ မေ့နေလားမသိပါဘူးကွယ် ဟိုလေ''

''က ကညာလုပ်နိုင်းတာပါ''

''ဟင် ကညာလေးက ငါးပိရည်ကို''

''ဟုတ်ကဲ့ ဟိုမှာအခန်းငှားနေလိုက်တော့ မြန်မာမိသားစုတွေနဲ့ အတူနေတာ သူတို့ကျွေးတာနဲ့ စားတတ်သွားတာလေ၊ စားကြည့်တော့လည်း မဆိုးပါဘူး၊ အဲဒါ အခု အမှတ်ရတာနဲ့ မထွေးကို ဝယ်နိုင်းပြီး လုပ်နိုင်းတာပါ''

''ဩော် အေးပါကွယ်၊ အဘွားလည်း စားချင်တာနဲ့ အတော်ပါပဲ စားပွဲပေါ်အတင်မခံ ဒီလိုမီးဖိုခန်းထဲမှာ ကျိုလို့ အနံ့ထွက်ရင် ဆူပူသောင်း ကြမ်းတတ်တဲ့ မြေးမလေးက ဒီလိုလုပ်နိုင်းတော့ အဘွား အတော်တော့ အံ့ဩမိသားကွဲ့၊ ဒါပေမဲ့ မြေးမလေးစားတော့ အဘွားလည်းစားရတာပေါ့ ဟင်း ဟင်း''

အဘွားက မယုံနိုင်အောင်အံ့ဩသလိုဖြစ်နေပေမယ့် သဘောကျ နေသလိုပါ။ ငါးပိရည်ပန်းကန်ကိုကြည့် အတို့အမြုပ်ပန်းကန်ကိုကြည့်လျက်

''အင်း ဖွယ်ဖွယ်ရာရာပါပဲလား အဘွားငယ်တဝကိုတောင် ပြန် အမှတ်ရမိတယ်၊ အဘွားတို့အဖေက ငါးပိရည်အတို့သိပ်ကြိုက်တာကွဲ့၊ အဲဒါ မပါရင် ထမင်းမစားဘူး၊ ငွေကြေးချို့တဲ့ အဆင်မပြေလို့ ကိန်းခမ်းမကြီးတာ တော့မဟုတ်ဘူး၊ အဘွားတို့အဖေငယ်ငယ်က တောမှာနယ်မှာ လူဆိုးလူပေ တဲ့၊ ထန်းရည်သောက် ကြက်တိုက် ဖဲရိုက် ရပ်ကျော်ရွာကျော်ပေါ့၊ နောက် တော့ အမေနဲ့အိမ်ထောင်ကျတယ်၊ အဲဒီတော့ ကိုယ့်မိန်းမကိုယ် တင့်တောင့် တင့်တယ်ထားချင်တဲ့စိတ်ကလေး ပြောင်းသွားပြီး အလုပ်တွေလုပ်တယ်''

''ဩော်''

''အဘွားကိုမွေးလာတဲ့အခါကျတော့လည်း ငါ့သမီးလေး သူများ ကလေးတွေထက်သာစေရမယ်၊ ပညာတတ်အောင်သင်ပေးမယ်၊ ချမ်းသာ အောင်ထားမယ်၊ အဲဒီလို မေတ္တာစိတ်တွေနဲ့ အလုပ်ကိုနေ့မအားညမအား





ကြိုးကြိုးစားစားလုပ်တယ်၊ နောက်အဘွား ဆယ်တန်းအောင်တဲ့အချိန်မှာ ရွာအောင်းအောင်းလေးလည်းဖြစ်ပြီဆိုတော့ မြို့ကိုပြောင်းလာတယ်၊ မြို့မှာ ဆားကပဲတွေ ဆန်တွေ အဝယ်ဒိုင်လုပ်ရင်းနဲ့ အဆင်ပြေလာတော့ ပွဲရုံ ဆောင်လိုက်တယ်၊ နောက်အဘွားအိမ်ထောင်ကျတော့လည်း ခွဲမထုတ်ဘူး၊ သမီးကိုချစ်တော့ သမက်ကို ဒီပညာတွေသင်ပေးပြီး ဦးစီးနိုင်းခဲ့တယ်''

''အဘွားအဖေက တော်လိုက်တာနော် အဘွား၊ အဘွားလည်း ကံကောင်းတာပေါ့''

''ဒီလိုပဲ မိဘကောင်းနဲ့တွေ့တဲ့ သားသမီးတွေက ကံကောင်းကြ တာချည်းပါပဲ၊ ကိုယ်တိုင်ကံဆိုးအောင်နေချင်တဲ့သားသမီးဆိုတာလည်း ရှိ သေးတာပေါ့ကွယ်၊ အဘွားအိမ်ထောင်ဘက်ကလည်း ယောက်ျားကောင်း နဲ့တွေ့တော့ တော်ရှာပါတယ်၊ ယောက္ခမပွဲရုံကို သေချာဦးစီးပြီး စည်းစနစ်နဲ့ လုပ်တယ်၊ တခြားစီးပွားရေးလည်း လက်လှမ်းမီသလောက် လေ့လာတယ်၊ အခုမြေး လင်းရောင်ထင်လုပ်နေတဲ့ စက်ရုံက သူ့အဖေရှယ်ယာဝင်ထူထောင် ခဲ့တာပေါ့၊ ပွဲရုံကတော့ မြေးအဖေဆုံးပြီးတည်းက ပျက်သွားတယ်ပြောရမှာ ပေါ့၊ လုပ်မယ့်သူကမရှိဘူးလေ၊ မြေးအမေကလည်း ရောဂါနဲ့သိပ်မကြာဘူး ဆုံးတာကိုး၊ မြေးကလည်း သူ့အဖေမဆုံးခင် ကျောင်းမပြီးခင်တည်းက စက်ရုံဘက်ပဲလေ့လာပြီး ဝါသနာပါတာဆိုတော့ ပွဲရုံကိုရောင်းဝစ်လိုက်ရတာ တဲ့ မထွေး ငါ့ရေလေးပေးစမ်းပါဦး''

အဘွားက ရှေးဟောင်းနှောင်းဖြစ်တွေပြောပြရင်း မောလာဟန်ဖြင့် ရေတောင်းသောက်သည်။ ခင်မုန်းက ကပျာကသီပင် ရေခဲသေတ္တာထဲက သိပ်မအေးသောရေကို အဘွားအတွက် အလိုက်တသိထည့်ပေးလိုက်၏။ အဘွားမျက်လုံးတွေကတော့ ကညာဖြူ တစ်ခါမှ ဒီလိုလုပ်မပေးဘူး၍ အံ့ဩ နိုင်တွေနှင့်ပါ။ ဒါပေမဲ့ အရင်က အကြောင်းတွေကိုပဲ စိတ်အားထက်သန်နေ တာ



www.burmeseclassic.com

www.burmeseclassic.com



"အဘွားက မိဘကံကောင်းသလို အိမ်ထောင်ရေးကံလည်း ကောင်းတယ်ပြောရမှာပဲ၊ အဘွားအဖေက အနေမှန်တော့ အဘွားယောက်ျား လည်း ခြေလှမ်းမမှားရဲဘူးပေါ့၊ ပြောရရင် သားသမီးရတာလည်း ကံကောင်း ပါတယ်၊ သားလေးတစ်ယောက်ပဲမွေးတယ်၊ ဆိုးဆိုးမိုက်မိုက် ပေပေတေတေ မရှိခဲ့ဘူးလေ၊ အခုမြေးလေးလိုပေါ့၊ အသောက်အစားလည်းမရှိ မိန်းမရှုပ်ရှုပ် ခြင်းလည်းမရှိ"

"ဒါဆို အဘွားက မြေးရတာလည်း ကံကောင်းတာပေါ့အဘွားရဲ့"

ခင်မှန်း ဒီလိုထောက်ခံလိုက်တော့ အဘွား သဘောကျသွားပြီး

"ဒါပေါ့ကွယ် အဲဒီလိုဖြစ်ဖို့ဆိုတာက မေတ္တာထားတတ်ဖို့တော့ လိုတယ် ကညာလေးရဲ့၊ မိဘက သားသမီးအပေါ်မှာ သားသမီးက မိဘ အပေါ်မှာ မေတ္တာမပျက် စေတနာမပျက်ရင် အကုန်အလုံးမေတ္တာရေ ပြန်ခံစားရမှာပဲ၊ အခုခေတ်ယောက်ျားတွေ အဘွားကြားရသိရသလောက် ကတော့ တော်တော်ကိုရင်လေးစရာပါပဲ"

"ဘာဖြစ်လို့လဲ အဘွား"

"ဪ သားသမီးတွေအပေါ် မေတ္တာစစ်မေတ္တာမှန်မထားကြဘူး လေ၊ သားသမီးလေးတွေကို ကျောင်းထားပေးရဦးမယ်၊ ရှင်ပြုပေးရဦးမယ် သူများသားသမီးတွေနဲ့တန်းတူထားနိုင်အောင် ကြိုးစားရမယ်ဆိုတဲ့ ရည်ရွယ် ချက် ရည်မှန်းချက်တွေမရှိကြဘူး၊ ငါ့မိဘတွေတုန်းကလည်း ငါတို့ဒီလိုထား ခဲ့တာပဲ၊ ဒီလိုနေခဲ့ရတာပဲ၊ သူတို့လည်း အရွယ်ရောက်ရင် ဒီလိုပဲကြီးလာ လိမ့်မယ်၊ ပညာတတ်မှမဟုတ်ဘူး လုပ်စရာအလုပ်တွေ တစ်ပုံကြီး၊ ဆိုက် ကားနင်းမလား ပန်းရံလုပ်မလား လက်သမားလုပ်မလား၊ ကုန်ထမ်းမလား စက်ရုံအလုပ်ရုံတွေမှာ အောက်ခြေဝန်ထမ်းလုပ်မလား ရပါတယ်ဆိုပြီး သား သမီးရဲ့အနာဂတ်ကို ပေါ့ပေါ့တန်တန်ပဲထားတတ်ကြတယ်"

"ဒါက မပြည့်စုံတဲ့လူတန်းစားအနေနဲ့ ဒီထက်ပိုပြီး ရည်မှန်းချက်





မျှော်လင့်ချက်ထားလို့မရတာကြောင့် ဖြစ်မှာပေါ့ အဘွား"

"မြေးရယ် လူဆိုတာ ရည်မှန်းလိုက်ရင် ပန်းတိုင်မရောက်တောင် သူနဲ့တန်ရာ အထိုက်အလျောက် အောင်မြင်မှုဆိုတာတော့ ရှိနိုင်ပါတယ်၊ အဘွားတစ်ခုပြောကြည့်မယ်နော်၊ ဆိုက်ကားသမားတိုင်း ပန်းရံလက်သမား တိုင်း ဆင်းရဲမွဲတွေနေကြသလား"

"ဟို မဟုတ် အဲ အဆင်ပြေတဲ့သူတွေတော့ ရှိမှာပါ"

ခင်မှန်းမှာ ဒီလိုဝန်းကျင်မှာနေခဲ့သူမို့ သိသင့်သလောက် သိပေမယ့် အဘွားတစ်မျိုးထင်သွားမှာစိုး၍ စကားကိုထိန်းပြောရသည်။ အဘွားကတော့ ရေးဟောင်းနှောင်းဖြစ်နှင့် ဒီလိုစကားတွေအများကြီး ပြောခွင့်ရတာကို ကျေနပ် နေသလိုဖြင့်

"ရှိတာပေါ့ ကညာလေးရယ်၊ အဲဒီလိုရှိတဲ့သူတွေကလည်း မေတ္တာ အရင်းခံစိတ်မှန်လို့ရယ် အနာဂတ်အတွက် တွေးတတ်တာရယ်ကြောင့်ပေါ့၊ ခုနက အဘွားပြောတဲ့သူမျိုးတွေက ဘယ်တော့မှ အဆင်မပြေတဲ့သူမျိုးတွေ ပဲ၊ အနာဂတ်အတွက်မတွေး၊ ပန်းတိုင်လည်းမရှိ၊ သားသမီးဆိုက မျှော်ကိုး ရအောင်လည်း သူတို့က ဘာတာဝန်မှမကျေမှတော့ မျှော်လင့်လို့ရော ရပါ ဦးမလား၊ လူဆိုတာ အမြဲတမ်း တစ်သက်လုံး ဒီအသက်ဒီအရွယ်ပဲရှိမှာ မဟုတ်ဘူး၊ အသက်တဖြည်းဖြည်းကြီးရင့်လာမယ် အိုမင်းလာမယ်၊ နာလာ မယ်၊ ဝဋ်နာကံနာရောဂါဝေဒနာတွေ ခံစားလာရမယ်၊ ငယ်စဉ်တည်းက အဲဒီအချိန်တွေအတွက် စုဆောင်းမှုမရှိရင် ဘယ်လိုလုပ်မလဲ"

"ဟုတ်တာပေါ့နော် အဘွား၊ အဲဒီလို အသက်ကြီးလာတဲ့အခါ အရိပ်ခိုဖို့ သားသမီးတွေအပေါ် တာဝန်ကျေကျေပြုစုပျိုးထောင်ရေလောင်း ပေါင်းသင်ပေးရမှာပေါ့၊ လိမ္မာရေးခြားရှိအောင် ဆုံးမသွန်သင်ရမယ်၊ သူတို့ လမ်းမှားမရောက်အောင် မိဘက လမ်းမှန်အောင်နေသင့်တယ်၊ အဆင်မပြေ တာတွေ ညည်းညူမနေဘဲ ရုန်းကန်ကြိုးစားသင့်တယ်၊ မိဘက သားသမီး



www.burmeseclassic.com

www.burmeseclassic.com



အပေါ်တာဝန်ကျေမှ သားသမီးကလည်း မိဘအပေါ်တာဝန်ကျေဖို့ကို မျှော်လင့်လို့ရမှာ''

''ကညာလေးစကားတွေက မှန်လိုက်တဲ့ ရင့်ကျက်လိုက်တာကွယ်၊ ဒါလည်း ဟိုမှာ မြန်မာမိသားစုတွေနဲ့တွေ့လာလို့ သိလာတဲ့အသိလား''

''ရှင် ဟုတ် ဟုတ်ကဲ့အဘွား''

''အေးပါကွယ် အဘွားကတော့ ကညာလေး အခုလိုပြောင်းလဲလာတာ အရမ်းကိုဝမ်းသာတယ်၊ အရင်ကမိဘတွေဆုံးပြီး အဒေါ်မိသားစုအိမ်မှာနေခဲ့ရတော့ အဖိနှိပ်ခံနေရတာနဲ့ စိတ်ဆတ်နေတဲ့သဘောဖြစ်မယ်ဆိုတာ အဘွားနားလည်ပါတယ်၊ ဒါကြောင့်လည်း အဘွားက မေတ္တာမပျက်ခဲ့တာပေါ့၊ ကညာလေး ဒီလောက်ရင့်ကျက်လာပြီဆိုရင်တော့ ကလေးယူဖို့ စဉ်းစားတော့ကွယ်''

''ရှင်''

''သားသမီးလေးတွေမွေးလာရင် ကညာလေးတို့က မိဘနေရာကနေ ဘယ်လိုတာဝန်တွေကျေမလဲ၊ ပြုစုပျိုးထောင်မလဲ အဘွားစောင့်ကြည့်သွားချင်သေးတယ်၊ လိုအပ်တာတွေ အဘွားက ထိန်းကျောင်းပေးသွားချင်သေးတယ်၊ ဒီအဘွားဆန္ဒကို အမြန်ဆုံးဖြည့်ပေးကြပါကွယ်နော် ကညာ''

''ဟုတ် ဟုတ်ကဲ့ပါ အဘွား''

ခင်မုန်း ရှက်ရွံ့ထူပူကာ မျက်နှာလေးနီမြန်းသွားသည်။ သူမက အပျိုစင်လေးမဟုတ်ပါလား။ ငွေကြေးအရသာ ဒီအလုပ်ကြီးကို လုပ်နေရပေမယ့် ယောကျ်ားလေးတစ်ယောက်နှင့် တစ်ခန်းထဲအတူနေရတာ သူမအတွက် မလုံခြုံသလို ခံစားရပြီး ပူလောင်မွန်းကျပ်နေရတာပါ။

ဒါပေမဲ့ လင်းရောင်ထင်က ယောကျ်ားပီသစွာ အခွင့်အရေးမယူတဲ့သူ့ဘာသာထိန်းထိန်းသိမ်းသိမ်း နေတတ်တာကြောင့် သူမ အသက်ရှူချောင်





ပါသေးသည်။

''ကညာလေး''

''ရှင် ရှင်အဘွား''

''ကလေးယူခိုင်းတာ ဘာလို့ ဒီလောက်တွေးသွားတာလဲကွယ်''

''မ မဟုတ်ပါဘူး အဘွား''

''မဟုတ်ရင်လည်း အဲဒါကို စဉ်းစားထားနော်၊ အဘွားနောက်တစ်ခါမေးရင် ကညာ့မှာကိုယ်ဝန်ရှိနေပါပြီအဘွားဆိုတဲ့အသံကို ကြားချင်တယ်နော်၊ ကဲ စကားပြောလို့ကလည်း ကောင်းတယ်၊ အဘွားပြောတဲ့စကားကို နားထောင်ပေးတာလည်း ကျေးဇူးတင်တယ်၊ အခုကတော့ ငါးပိရည်နံ့လေးကြောင့် အဘွားဗိုက်ဆာနေပြီကွယ် စားကြရအောင်''

''ဟုတ်ကဲ့ပါ အဘွား၊ ထမင်းပွဲပြင်လိုက်ပါမယ်''

ခင်မုန်းက မထွေးကို ကူညီပြီး ထမင်းပွဲပြင်ပေးလိုက်သည်။ အဘွားက ခင်မုန်းကို အကဲခတ်ကြည့်နေ၏။ ကညာဖြူမလုပ်ဘူးသောအလုပ်တွေမို့ အဘွား သံသယဝင်နိုင်ပေမယ့် အဘွားကိုချစ်စိတ် လေးစားစိတ်များဖြင့် ဟန်ဆောင်မနေချင်ဘဲ ပြုစုလုပ်ကိုင်ပေးချင်နေမိသည်။

''အဘွား စားလို့ရပြီ၊ ဟိုလေ အဘွား ဖွန်းခက်ရင်းနဲ့စားမလို့လားဟင်၊ ငါးပိရည်က လက်နဲ့အားရပါးရစားမှကောင်းတာ အဘွားရဲ့''

''အင်း အဲဒါတော့ ဟုတ်တယ်၊ အဘွားအဖေလည်း ဖလုံကြီးနဲ့ထည့်ပြီး အဲဒီလိုစားတာ၊ အဘွားလည်း ငယ်ငယ်က အဲဒီလိုစားခဲ့တာပဲကွဲ့၊ ကညာလေးကရော အဲဒီလို စားမလို့လား''

''ဟုတ်ကဲ့ အဘွား''

''ဟင် အေး အဲဒါဆို အဘွားလည်း အဲဒီလိုစားမှာပေါ့ကွယ်၊ အတို့အမြုပ်တွေကို မြုပ်လိုက်သင်လိုက်နဲ့ အဲဒီလိုစားချင်တာ၊ ကိုယ့်ကိုယ်ကိုယ်တောင် အသက်ငယ်သလိုခံစားရလိမ့်မယ်''



www.burmeseclassic.com

www.burmeseclassic.com



"အဘွားလက်ဆေးဖို့"

ခင်မုန်းက သွက်လက်စွာနှင့်ပင် အဘွားအတွက် လက်ဆေးဖလုံ ချပေးလိုက်သည်။ ဒါမှ သူမလည်း လက်နှင့်စားလို့ရမည်မဟုတ်လား။

"အဘွား စား"

အဘွားအတွက် ငါးပိရည်ဦးချပေးပြီး သူမပန်းကန်ထဲ လေးငါးဖွန်း ခပ်ထည့်ပစ်လိုက်သည်။ အဘွားအတွက် ပေါက်မန်းဖြူ ခွေးတောက်ရွက် ကန်စွန်းရွက် သရက်သီး အတို့တွေထည့်ပေးပြီး သူမပန်းကန်ထဲလည်း တစ်ပြုံတစ်မကြီးထည့်ကာ တို့ပစ်လိုက်သည်။ ထမင်းက ဖလုံနှင့်မဟုတ်အဲ့ ပန်းကန်ပြားနှင့်မို့ ခဏခဏထည့်နေရတာ အဆင်မပြေပါ။ မထွေးက ဘေးကနေ ယပ်ခတ်ပေးပြီး ခင်မုန်းစားတာကို သွားရည်တွေကျကာ အားကျနေသည်။

"အဘွား စားလို့ကောင်းလားဟင်"

ခင်မုန်း ပလုပ်ပလောင်းသံနှင့် မေးတာကို အဘွားကလည်း ပလုပ်ပလောင်းသံနှင့်

"ကောင်းတယ် ကညာ၊ အဘွားက အဲဒီလို စားချင်တာ၊ ခံတွင်းတွေ့လိုက်တာကွယ်၊ တခြားဟင်းတွေတောင်မလိုဘူး။ ဟင် ဟင်းကလည်း ကြက်သားနဲ့ချဉ်ရည်ဟင်းတစ်ခွက်ထဲပါလား။ ကညာလေးက ဟင်းခွက်နည်းနည်းနဲ့ မစားတတ်ဘူးဆိုတာ မသိဘူးလား မထွေး။ ပုစွန်ထုပ်တို့ ဝက်သားနပ်တို့ အသားချောင်းကြော်နဲ့ အစိမ်းကြော်တွေလုပ်ပေးလိုက်ဦးလေ၊ အဲဒါနဲ့ မရရင် ဟိုတယ်က သူစားချင်တာတွေ မှာပေးလိုက်ပါလား"

"မမလေးက ဒါနဲ့ပဲစားမယ်ဆိုလို့ ဒါပဲလုပ်ပေးထားရတာပါ မေမေ ကြီး"

"ဟင် ဟုတ်လို့လား ကညာလေးက ညနေစာဆိုမစားတော့ဘူး။ မနက်စာနဲ့နေ့လည်စာကို သေချာလုပ်ပေးရတာလေ"

"အခုနောက်ပိုင်း မမလေးက ညနေစာအမြဲတမ်းစားပါတယ် မေမေ





ကြီး။ ဟင်းလည်းရွေးမများပါဘူး။ ရှိတဲ့ဟင်းနဲ့ ထမင်းကိုများများစားပါတယ်"

"ဟုတ်လား ကညာလေး"

"ဟုတ် ဟုတ်ကဲ့ အဘွား"

"ဒါဆို ရင်သွေးလေးရှိလို့များလား။ ရင်သွေးလွယ်ထားရပြီဆိုရင် စိတ်ကအစ အပြောင်းအလဲဖြစ်တတ်တယ်၊ နေမှုထိုင်မှု စားမှုသောက်မှုအစ ပေါ့၊ ပြောရရင် မိခင်စိတ်ရဲ့နူးညံ့တဲ့အပြောင်းအလဲပေါ့ကွယ်၊ အဘွားကတော့ အရမ်းကို စိတ်ချမ်းသာမိတယ်၊ ငါ့ကိုအိုက်ကောင်းမယ်လို့ ဗေဒင်တွေ နတ်တွေဟောတာများမှန်နေပြီလားပေါ့"

"အဟင်း ဟင်း ဟုတ်မှာပါ အဘွား"

ရောယောင်ကာ ပြောလိုက်ရပြီး ဗေဒင်နတ်ကတော် ဘိုးတော် ဝါသနာပါသော အဖေနှင့်အမေကိုတောင် သတိရမိသည်။ အဘွားနှင့်ဝါသနာ တူနေကြသည်မဟုတ်လား။ အဘွားက ထမင်းကိုမြိန်ရေယှက်ရေစားနေရင်း က

"အင်း ထမင်းကလည်းစားလို့ကောင်းလိုက်တာကွယ်၊ နောက်လည်း အဲဒီလိုလုပ်နော် ကညာလေး"

"ဟုတ်ကဲ့ အဘွားကြိုက်တယ်ဆို လုပ်ကျွေးပါ့မယ်အဘွား။ ဒါပေမဲ့ ရောဂါနဲ့မတည့်မှာတော့ စိုးရတယ်"

"ဆေးလည်းအစာ အစာလည်းဆေးတဲ့၊ အစားကြောင့်ဖြစ်တဲ့ရောဂါထက် စိတ်ကြောင့်ဖြစ်တဲ့ရောဂါကမှ ချက်ချင်းတောင်သေချင်သေနိုင်တာ တဲ့၊ ကညာလေးမလာခင်တုန်းက အဘွားဘာမှလည်းမစားနိုင်ဘူး။ သေချင် သေပစေဆိုပြီး ဆေးလည်းသောက်ချင်စိတ်မရှိဘူး"

"ကညာကို အဲဒီလောက်တောင်ချစ်တာလား အဘွား"

"စိတ်အစွဲအလမ်းနဲ့ မျှော်လင့်ချက်လို့ပဲပြောရမလား။ ကလေးလေး ဘဝတည်းက မြေးမအရင်းလေးလို ချစ်ခဲ့ရပြီး အရွယ်ရောက်တော့ မြေးလေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့လက်ထပ်ပေးဖို့ရည်ရွယ်ခဲ့တယ်၊ လက်ထပ်ပေးပြီးရင် သားသမီးလေးတွေ မွေးနိုင်းမယ်၊ အဘွားပိုင်ဆိုင်သမျှတွေက မြေးတွေမြစ်တွေအတွက်ပဲလေ တခြားသူစိမ်းတစ်ယောက်ကို ဘယ်ပေးနိုင်ပါ့မလဲ''

''ဟုတ် ဟုတ်ကဲ့ အဘွား''

ဝမ်းနည်းသလိုလိုဖြစ်သွားမိတာ ဘာကြောင့်မှန်းမသိပါ။

အဘွားရဲ့ပိုင်ဆိုင်မှုတွေ မက်မောလို့မဟုတ်ပေမယ့် အဘွားမေတ္တာတွေက ကညာဖြူတစ်ယောက်တည်းအတွက်ဆိုတာကြောင့်ပါ။

တောင့်တမှုဆိုတာနှင့်လည်း သူမကမထိုက်တန်ပါ။ အယောင်ဆောင်သူစိမ်းတစ်ယောက် မဟုတ်ပါလား။

လင်းရောင်ထင် နင်နဲ့ငါက ဘာမှသက်ဆိုင်မှုမရှိတာကြောင့်။

■ ■ ■



## အခန်း (၂၃)

''မင်းကတော့ လုပ်ချလိုက်ပြန်ပြီ ခင်မှန်းရာ၊ မင်းကိုအဘွားက နည်းနည်းမှ သံသယမဝင်ဘူးလား''

''အဟင်း မှိုင်နာပါ အားလုံးအိုကေ''

''အခုနေ သံသယဝင်ရင် ကညာဖြူ ပြန်ရောက်မလာခင် မင်း ထွက်သွားရတော့မှာ၊ အဘွားလည်း မင်းကိုကညာဖြူအမှတ်နဲ့ ချစ်ခဲ့တာတွေအတွက် ထိနိုက်ခံစားပြီး ရောဂါရသွားမှာအမှန်ပဲ၊ အဘွားကိုမင်း ဘာဖြစ်စေချင်နေတာလဲ''

''ဘာဖြစ်စေချင်ရမှာလဲ အဘွားကဖြင့် သူစားချင်တာစား၊ သူပြောတဲ့စကားတွေနားထောင်ပေးလို့ပျော်လို့၊ တစ်သက်လုံး ဒီလိုသာနေရရင် သူ သေမှာတောင်မဟုတ်ဘူးတဲ့''

''အဲဒါ မင်းကို ကညာဖြူထင်နေလို့ ကြည်နူးပီတိဖြစ်နေတာလေ၊ ကညာဖြူမဟုတ်ဘူးဆိုတာသိရင် ဘာတွေဘယ်လိုဖြစ်သွားမယ်ဆိုတာ''

''မတတ်နိုင်တော့ဘူး လင်းရောင်ထင်၊ အဘွားနဲ့ကွဲကွဲပြာပြား တင်းတင်းပြတ်ပြတ်နေဖို့ ဘယ်လိုမှကြိုးစားလို့မရဘူး၊ ငါလုပ်သမျှ အဘွား



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်နေတယ် ပျော်နေတယ်၊ အဲဒါနဲ့တင် ငါလုပ်နေတာ မမှားဘူးလို့ ထင်တယ်၊ အဘွားကို ငါ နှိပ်စက်နေတာမှမဟုတ်တာ၊ အဘွားလန်းဆန်းနုပျိုပြီး ကျန်းမာရေးကောင်းလာတာ နင်မတွေ့ဘူးလား''

အဲဒါတော့ သူ မငြင်းနိုင်ပေ။ အဘွားက အရမ်းကို လန်းဆန်းနုပျိုပြီး ကျန်းမာရေးကောင်းလာတာ အမှန်ပင်။ ကညာလေး မြေးမလေးဆိုပြီး ပါးစပ်ဖျားကမချနိုင်အောင် ချစ်လိုက်တာလည်းတုန်လို့။

ကညာဖြူတုန်းကတော့ အဘွားနှင့်သိပ်ပြီး ရင်းနှီးစွာမနေတာကြောင့် ခင်မှန်းလောက် ပတ်သက်စပ်ယှက်တာမျိုး မရှိပေ။ အဘွားက ဘယ်လောက်ပဲချစ်ချစ် ကညာဖြူက အထာကြီးနှင့် မာရေကျောရေ မဟုတ်လား။ ခင်မှန်းနှင့်အဘွား ဒီလိုမျိုးရင်းနှီးပတ်သက်ပြီး စိတ်ချမ်းသာပျော်ရွှင်နေတာကို သူလည်း တကယ်ကြည်နူးမိပါသည်။

ဒါကြောင့်လည်း ကညာဖြူ လုံးဝ-တစ်သက်လုံးပြန်မလာပါစေနှင့်ဟုတောင် အခုတလော ဆုတောင်းနေမိ၏။ အရင်က ကညာဖြူပြန်မလာလို့ အဘွားစုံစမ်းခိုင်းတာကို သူ စုံစမ်းပါတယ်လို့ အဘွားကိုပြောခဲ့ပေမယ့် တကယ်တော့ ကညာဖြူအကြောင်း သူ လုံးဝစုံစမ်းခဲ့တာမဟုတ်ပေ။

စိတ်လိုလက်ရ စိတ်ပါလက်ပါလည်း မရှိတာကြောင့် သူမ သွားချင်ရာသွား ပြန်လာချင်မှပြန်လာ ဂရုစိုက်စရာမလိုဘူးဟုပဲ အောက်မေ့ခဲ့သည်။ အခုတော့ ကညာဖြူ ပြန်လာမှာကို စိုးရိမ်ပြီး သူမဘာတွေလုပ်နေလဲ၊ ပြန်မလာတော့ဘူးလား၊ ပြန်လာဦးမှာလား သေချာစုံစမ်းကြည့်မှဖြစ်တော့မည် ထင်သည်။

''ဟိတ်လူ လင်းရောင်ထင် ဘာတွေတွေးနေလို့ ဒီလောက်ငေးသွားတာလဲ''

''ဩော် အင်း ဘာရယ်မဟုတ်ပါဘူး၊ အဘွားနဲ့မင်း အခုလို အဆင်ပြေနေတာကောင်းပါတယ်၊ ငါလည်း စိတ်ချမ်းသာမိတယ်၊ ဒါပေမဲ့





ကညာဖြူပြန်လာရင်တော့ အရမ်းကိုကွဲပြားမှာပဲ၊ ကညာဖြူက အရင်စရိုက်ကို ဖျောက်ဖျက်ပြီး ပြန်လာမှာမဟုတ်ဘူးလေ၊ အခုနေမှာ မင်းက ကညာဖြူပုံစံမျိုးနဲ့ ပြောင်းလဲလာတာကို အဘွားက ဝမ်းသာအားရကျေနပ်နေပေမယ့် တကယ် ကညာဖြူပြန်ရောက်လာရင် မင်းလိုမျိုး အဘွားစိတ်ချမ်းသာဖို့မလား အချိုးမျိုးတွေပြီး ငါ စိုးရိမ်မိတယ် ခင်မှန်း၊ အမှန်အတိုင်းပြောရရင် ကညာဖြူပြန်လာမှာ ငါကြောက်နေမိတယ်''

''ဟင်''

''ဘာကြောင့်လဲလို့ မင်းသိချင်နေမှာပဲ၊ မင်းမစပ်စုခင် ငါလည်းပြောပြချင်ပါတယ်၊ ကညာဖြူကို ငါချစ်မြတ်နိုးလို့ လက်ထပ်ခဲ့တာမဟုတ်ဘူး''

''ရှင်''

''ဟုတ်တယ် အဘွားဆန္ဒနဲ့အဘွားဖွတ်အတင်း လက်ထပ်ပေးစားတာ၊ ကညာဖြူကလည်း ငါ့ကိုချစ်လို့လက်ထပ်ခဲ့တာမဟုတ်ဘူး၊ အဘွားဆီကတဲ့မက်လုံးတွေကြောင့်ရယ်၊ သူ့အဒေါ်တွေရဲ့ဆန္ဒရယ်ကြောင့် လက်မထပ်ချင်ဘဲ ငါ့ကိုလက်ထပ်ခဲ့တာ၊ အဲဒါကြောင့်လည်း ခြောက်လလောက် ပေါင်းသင်းခဲ့တာတောင် လင်မယားအရာမမြောက်ခဲ့ကြတာပဲ''

''ဘာ''

ခင်မှန်း အံ့သြပြီးရင်း အံ့သြနေရသည်။ လင်းရောင်ထင်က ရင်ဖွင့်နေခြင်းလား။ သူမကို အမှန်အတိုင်းတွေသိစေချင်၍ ပြောပြနေခြင်းလား။ ဘာနံပါကို မှီရပ်နေသော လင်းရောင်ထင် မျက်ဝန်းများက ညှိုးရီအုံ့ဆိုင်းနေပါသည်။ သက်ပြင်းတို့တိုးသဲ့စွာထွက်လာလျက်

''အချစ်မပါတဲ့အိမ်ထောင်ရေးမို့ အေးစက်တာထက် စရိုက်မတူလို့ ခိုက်ရန်ဖြစ်ရက်ခဲ့တယ်ဆိုရင် ပိုမှန်လိမ့်မယ်၊ ဒါပေမဲ့ အဘွားစိတ်ဆင်းရဲမှာစိုးလို့ ငါ အတတ်နိုင်ဆုံး သည်းခံလိုက်လျောပြီး နေခဲ့ပါတယ်၊ အဘွားကလည်း သူစိမ်းဆန်ပေမယ့် အရမ်းကိုချစ်ပေးခဲ့ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့တောင် သူ ဘာလို့ထွက်သွားရတာလဲ"

"အဲဒါ မသိဘူး။ ပထမတစ်ခေါက်သွားမယ်လုပ်တော့ အဘွားက ဖွတ်တားတာနဲ့ သူ နေလိုက်သေးတယ်၊ ငါနဲ့ဟန်းနီးမွန်းသဘောမျိုးသွား ချင်သွားဆိုတာနဲ့ နေလိုက်တာ၊ နောက်တော့ သူမရှိတော့ဘူး ဖွတ်ထွက် သွားတယ်။ ပြီးတော့ အဆက်အသွယ်မလုပ်ဘူး။ အဘွားက သူ့အဒေါ်တွေဆီ စုံစမ်းကြည့်တော့လည်း သူတို့ဆီရောက်မလာဘူးတဲ့၊ ငါ့ကိုစုံစမ်းခိုင်းတာတော့ စုံစမ်းတယ် သတင်းမရဘူးပေါ့၊ နောက်တော့ မင်းနဲ့တွေ့ပြီး ကညာဖြူနဲ့ တူတာနဲ့ ပြန်လာတော့မယ် ဘာညာ အဘွားကိုလိမ်ခဲ့တယ်"

"တကယ်ကို မစုံစမ်းခဲ့တာလား"

"အင်း ဘာအတွက်စုံစမ်းနေရမှာလဲ၊ သူ ပြန်လာချင်တဲ့အချိန်လာ မလာချင်လည်းနေပေါ့၊ သူရှိခြင်း မရှိခြင်းက ငါ့အတွက် အရေးမပါဘူး အခု အဘွားအတွက်လည်း မင်းရှိနေတဲ့အတွက် ပြည့်စုံပြီ အဆင်ပြေပြီလို့ ထင်တယ်"

"ငါက တစ်သက်လုံး ဒီအလုပ်လုပ်မယ် ထင်လို့လား"

"ဘာ"

ခင်မုန်းက စကားပြောလျှင် အားမနာတတ်ပါ။ သူ တစ်ချက်အံ့ အားသင့်ပြီးမှ မချိတရိပြုံးလိုက်မိကာ

"ကညာဖြူတစ်သက်လုံး ပြန်မလာဘူးလို့ရော မင်းထင်လား ခင်မုန်း အဘွားသူ့ကိုပေးမှာကမ်းမှာတွေက မက်လောက်စရာပါ၊ လူတိုင်း မင်းလိုလောဘမရှိကြတာမဟုတ်ဘူး၊ အဲဒီအတွက် ကညာဖြူပြန်လာ လာလိမ့်မယ်"

"ဒါဆို"

"သူပြန်လာတဲ့အထိတော့ မင်းနေပေးပါ ခင်မုန်း၊ အဘွား မင်းကိုလိုအပ်နေတယ်ဆိုတာ မင်းသိတယ်မဟုတ်လား။ မင်း ဘာတွေ





ဘဝ်လုပ် အဘွားပျော်နေတယ်၊ ကညာဖြူဆီက မျှော်လင့်ထားတာတွေ မင်းဆီကရနေတဲ့အတွက် အဘွား စိတ်ချမ်းသာနေတာမြင်ရတော့ ငါလည်း စိတ်ချမ်းသာမိတယ်၊ ပြောရရင် ခင်မုန်း"

"ရှင်"

ငါလည်းမင်းကိုလိုအပ်ပါတယ်လို့ ပြောမထွက်။ အခွင့်အရေးယူမိ သလိုဖြစ်မှာစိုးမိသလို သူဟာ ကညာဖြူနှင့်လင်မယားလိုမနေခဲ့ပေမယ့် လက် ထပ်ပြီးသား အိမ်ထောင်သည်တစ်ယောက်မို့ ခင်မုန်းလိုအပျိုစင်တစ်ယောက် နှင့် သူက မထိုက်တန်ပါ။

"ဟိုလေ ခင်မုန်း အပြန်မင်းကားမောင်း ငါဘေးက ထိုင်စီးမယ်"

"ဟင် နင်သေမှာမကြောက်ဘူးလား၊ ငါကားမောင်းမကျွမ်းသေး ဘူးလေ"

"မင်းကိုယုံကြည်ပါတယ်၊ မင်းကားမောင်းတတ်နေပြီဆိုတာ ငါသိ တယ်၊ လမ်းတွေတော့ ငါပြပါ့မယ်၊ တစ်ခုတော့ရှိတယ်နော် သေမယ်ဆို မင်းနဲ့ငါ နှစ်ယောက်အတူတူသေရမှာ"

"အဟင်း နှစ်ယောက်အတူတော့ မသေရဲပါဘူး။ နောင်ဘဝရေ စက်အထုံတွေပါနေဦးမယ်"

သူ အရွှန်းဖောက်လိုက်သည့်အချိန်မှာ ခင်မုန်းကလည်း ပြန်ပြီး အရွှန်းဖောက်သည်။ သူ့အတွက် ခင်မုန်းနှင့်ကျမှ ရယ်စရာလေးတွေတွေ့ခဲ့ ရတာပါ။ သူက ခင်မုန်းလက်ထဲ ကားသော့ထည့်လိုက်သည်။ ခင်မုန်းက ကားသော့လေးကို နမ်းရှုံ့ပြီး

"ဒီကားလေး ဘာမှမဖြစ်ပါစေနဲ့၊ ကားက တန်ဖိုးကြီးလွန်းလို့ပါ၊ ခင်ရောင်ထင်လည်း ဘာမှမဖြစ်ပါစေနဲ့၊ အဘွားအတွက် တန်ဖိုးကြီးတဲ့သူ တစ်ယောက်ဖြစ်နေလို့ပါ၊ ခင်မုန်းလည်း ဘာမှမဖြစ်ပါရစေနဲ့ အဖေနဲ့အမေကို ထိန်ကိုင်တွေးမယ့်သူ မရှိမှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ဆုတောင်းစကားလေး ပွင့်လင်းရိုးသားကာ ချစ်စရာကောင်းလေသည်။ သူမကားပေါ်တက်ထိုင်လိုက်သည့်အချိန်မှာ သူလည်း ကားတံခါးဖွင့်၍ တက်ထိုင်လိုက်ပြီး ကူရှင်ကိုမှီ၍ မျက်လုံးကိုမှိတ်ထားလိုက်သည်။

"လင်းရောင်ထင်"

"ဘာလဲ"

"မျက်လုံးဘာလို့မှိတ်ထားတာလဲ၊ ဘယ်လမ်းကနေ ဘယ်လမ်းကိုမောင်းရမယ်ဆိုတာ ပြောဦးလေ"

"မင်းမောင်းချင်တဲ့နေရာမောင်းကွာ ရောက်ချင်တဲ့နေရာရောက်"

"ဘာဖြစ်တာလဲ အဲဒီလိုနဲ့ အချိန်တွေကြာရင် အဘွားကမျှော်နေဦးမယ်"

"မင်းက ငါးပိရည်နဲ့ထမင်းစားဖို့အတွက် အိမ်ကိုအမြန်ရောက်ချင်နေတာမဟုတ်လား"

"အဟင်း မတွေးကိုလုပ်နိုင်းခဲ့တယ်၊ အဘွားက စားချင်တယ်လို့လေ၊ ဖွန်းခက်ရင်းနဲ့စားနေကျအဘွားက လက်နဲ့ငါးပိရည်ကို နယ်စားတာ အရမ်းချစ်စရာကောင်းတာပဲ"

"ခင်မှုန်း မင်းမှာအဘွားကို အရမ်းချစ်ကိုင်နိုင်တဲ့ပါဝါတွေရှိတယ် ငါ့ကို ကညာဖြူနဲ့ပေးစားလိုက်ရင် အရာရာစိတ်ချရပြီလို့ထင်တဲ့ အဘွား ကညာဖြူနဲ့လက်ထပ်ပြီးကတည်းက စိတ်ဆင်းရဲမှုတွေ စိတ်ဖိစီးမှုတွေရခဲ့တာ ငါသိတယ်၊ ဒါပေမဲ့ တစ်ဦးတစ်ယောက်ဆီမှာ ကိုယ်လိုချင်တာတွေရချင်မှရတာ၊ အခက်ခဲဆုံးက မေတ္တာတရားနဲ့ စေတနာပဲ၊ အဲဒါတွေ မင်းဆီက အဘွားရနေတော့ သံသယဝင်ဖို့တောင် တွေဝေနေတာဖြစ်လိမ့်မယ် ခင်မှုန်း အဘွားက အရမ်းညံ့တဲ့သူမဟုတ်ပါဘူး၊ မင်းဆီကရနေတဲ့မေတ္တာကြောင့်သာ အချစ်တွေ ပျော်ရွှင်မှုတွေ လန်းဆန်းမှုတွေနဲ့ ဖုံးလွှမ်းသွားခဲ့တာ"

"ငါလည်း အဘွားကို တကယ်ကိုချစ်ပါတယ် လင်းရောင်ထင်





ဒါဟာ ငွေကြေးနဲ့မဆိုင်တဲ့ ငါ့ရဲ့သစ္စာတရားပါ၊ တစ်ခါတလေ ငွေကြေးနဲ့ အလုပ်လုပ်နေတာကိုမေ့ပြီး ငါ့အဘွားအရင်းတစ်ယောက်လို ခံစားပြီး ငါပျော်နေမိတယ်၊ အကြောင်းရေစက်ရှိရင် သူ့ဘာသာဆုံလာတာမဟုတ်လား။ ဒါဟာ ခဏတာ တိုက်ဆိုင်မှုလည်းမဟုတ်ဘူး၊ အနေကြာလေ သံယောဇဉ်များလေဆိုတော့ ငါ ဘယ်လိုလုပ်ရမှန်းမသိတော့ဘူး၊ လင်းရောင်ထင်"

သူမ စိတ်ညစ်ညူးသွားတာ အဘွားကို သံယောဇဉ်ဖြစ်လာတာကြောင့်ဖြစ်မည်။ လူဆိုတာ အနေရင်းနှီးလာကြရင် ဒီလိုပဲဖြစ်မှာမဟုတ်လား။ ကညာဖြူကတော့ အနေဝေးလို့ သံယောဇဉ်ဝေးခဲ့တာပဲဖြစ်မည်။

ကညာဖြူ ဘာတွေလုပ်နေလဲဆိုတာ သေချာသိဖို့တော့လိုအပ်သာပြီထင်၏။ စတိုင်အနည်းငယ်ကျလာပြီဖြစ်သော ခင်မှုန်း ကားမောင်းနေတာကို သူ ခပ်ငေးငေးလေးကြည့်ကာ လိုက်လာခဲ့သည်။

ရုပ်ကသာ ခင်မှုန်းနှင့်ကွဲပြားပြီး ကညာဖြူပုံစံဒီဇိုင်းနှင့်တူလာပြီဆိုပေမယ့် စိတ်ဓာတ်လေးကတော့ ခင်မှုန်းဘဝကလို ရိုးသားဖြူစင်နေဆဲပင်။

ထိုအလုပ်တရားတွေက သူ့ရင်ကို စိုးမိုးနေပြီဆိုတာတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဘိုးတော် သခ်အိမ်ကို အဘွားကိုလိုက်ပို့ပေးပါလားကွယ်"

"ရှင်"

"အဘွား မေးစရာလေးရှိလို့ပါကွယ်၊ ကညာလေး ဘာကြော
ကိုယ်ဝန်မရသေးတာလဲ၊ ဘာတွေလိုအပ်လဲ၊ ဘာတွေလုပ်ရမလဲသိရအော
လို့ပါ"

"ဟို အ အဘွားရယ် အချိန်တန်ရင် သူ့ဘာသာရလာမှာ
ကြာလို့မှမရရင် အထူးကုဆရာဝန်တွေနဲ့တိုင်ပင်လို့ ရပါတယ်"

"အဘွားလည်း အပြင်မထွက်ရတာကြာလို့ ထွက်ချင်လို့ပါကွယ်
ကညာလေး နိုင်ငံခြားထွက်မသွားခင်က အဘွားခေါ်တာလည်း လိုက်
ဘူး။ အခုကညာလေး အဘွားကိုအရမ်းချစ်ပြီး ပြောင်းလဲလာပြီမဟုတ်လား
အဘွားကို လိုက်ပို့ပါကွယ်နော်"

သူမ ဘာပြောရတော့မည်မသိပေ။ ကားမောင်းပြီး လိုက်ပို့
အဆင်ပြေပေမယ့် ဘိုးတော်က မှန်တာတွေဟောလိုက်လျှင် မခက်ပေ
လား။





"ကညာလေး အဘွားအဝတ်အစားလဲလိုက်မယ်နော်၊ ကညာလေးလည်း အဝတ်အစားလဲချင်လဲလေကွယ်၊ အပြန်ကျ စားသောက်ဆိုင်မှာ ကညာလေးစားချင်တာ အဘွားဝယ်ကျွေးပါ့မယ်၊ လိုချင်တဲ့အဝတ်အစား အသုံးအဆောင်လည်း အဘွားဝယ်ပေးပါ့မယ်နော် ကညာလေး"

"ဟုတ် ဟုတ်ကဲ့ပါ အဘွား"

အဘွား ဒီလောက်လိုက်လျောနေမှတော့ သူမ လိုက်မပို့လို့လည်း မကောင်းတော့ပေ။ အဘွားအဝတ်အစားလဲချိန်မှာ သူမလည်း အဝတ်အစား လဲဝတ်လိုက်ရသည်။ ဒီအိမ်ကထွက်လျှင် ကညာဖြူနှင့်ပိုတူအောင် အတို အပြတ် အဝတ်အစားကို ဝတ်ဖြစ်ကာ နေကာရှုံးမျက်မှန်အမည်းကြီးကိုလည်း တပ်ဖြစ်အောင်တပ်ရသည်။

"ကညာလေး ပြီးပြီလား"

"ဟုတ် ဟုတ်ကဲ့ အဘွား"

အဘွား အဝတ်အစားလဲပြီး ထွက်လာပုံက ချောမောလှပခံ့ညားလို့ ပင်။ အဘွားခါးကို ခင်မှုန်း သွားဖက်လိုက်ကာ

"အဘွားက အပြင်ထွက်မယ်ဆိုတော့ ပြင်လိုက်ဆင်လိုက်တာ ပိုပြီးတောင် ချောလာတယ်"

"ကညာလေးလည်း ချောတာပါပဲကွယ်၊ မထွေးရေ အိမ်ကိုကရု စိုက်ဦးဟေ့ ငါတို့သွားပြီ"

"ဟုတ်ကဲ့ မေမေကြီး"

အဘွားနှင့်အတူ ခင်မှုန်း ကားကိုမောင်းထွက်လာခဲ့သည်။ လမ်းတွေ ကိုမကျွမ်းကျင်သေးပေမယ့် ကားကိုတော့ သူမ ကျွမ်းကျင်စွာမောင်းတတ် နေပြီဖြစ်သည်။

"အဘွား လမ်းတွေတော့ပြောပြဦး။ ဘယ်ကနေမောင်းရမယ်ဆို တာ အဘွားသွားမယ့် ဘိုးတော်အိမ်ကို ကညာသိတာမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ် အဘွားအိမ်ထဲက အိမ်ပြင်မထွက်တာကြောင့် ပတ်ဝန်းကျင်အခြေအနေတွေတောင် အတော်ပြောင်းလဲသွားသလိုပဲ၊ အရင်က ကညာလေးနဲ့ အခုလိုအပြင်ထွက် ကားတစ်စီးနဲ့လျှောက်သွား၊ စားချင်တာတွေစား၊ ဝယ်ချင်တာတွေဝယ်၊ စကားတွေပြောချင်တာတွေပြောကြနဲ့ အဲဒီလိုနေချင်ခဲ့တာ၊ အရင်ကတော့ သွားချင်တာလည်းခေါ်မရ လိုက်ခဲ့ပါဆိုလည်းမလိုက်၊ ဝယ်ပေးပါမယ်ဆိုလည်း ပိုက်ဆံပဲတောင်း၊ စကားစမြည်ပြောမယ်ကြံရင် နားငြီးသလိုနဲ့ ထထွက်သွားဆိုတော့ အဘွားအတော်လေး စိတ်ညစ်ခဲ့သေးတာ၊ အခုတော့ အဘွားဆန္ဒတွေပြည့်ဝရပြီကွယ်၊ အရမ်းကို စိတ်ချမ်းသာပြီးပျော်တာပဲ"

"နောက်လည်း အဘွားသွားချင်တဲ့နေရာရှိရင် ပြောပါ၊ ကညာ လိုက်ပို့ပါမယ်"

"အင်းပါကွယ် ကညာလေး ဟိုဘက်လမ်းချိုးပြီးလို့ သုံးအိမ် လောက်ကျော်ရင် ရောက်ပြီနော်၊ အဲဒီဘိုးတော်သခ်ဆိုတာ အရမ်းမှန်တာ ကွဲ့၊ သမာဓိအားကောင်းတယ်ပြောရမလား အဓိဋ္ဌာန်ပုတီးစိတ်တော့ သူ့ ပေါက်နေတာပေါ့၊ သူ ဘာဖြစ်မယ်ဟောလိုက်ရင် သုံးပုံပုံ နှစ်ပုံလောက် တော့ မှန်တာချည်းပဲ၊ အနည်းအကျဉ်း အလွဲအချော်ဆိုတာမျိုးလေးတော့ ရှိတာပေါ့"

"ဟုတ်ကဲ့ အဘွား"

"ဟိုအိမ်ပဲ ဟိုအိမ်ရှေ့ရပ်လိုက်တော့ ကညာ၊ ဧည့်သည်တွေများ နေမလားမသိဘူး၊ ဆေးဆရာလည်းလုပ် အဟောအပြောလေးကလည်း ကောင်းတော့ ဧည့်သည်အလာများတယ်ကွဲ့၊ တစ်ယောက်နှစ်ယောက် လောက်ပဲ စောင့်ရရင်တော့ ကိစ္စမရှိပါဘူး"

ခြံဝင်းရှေ့မှာ ကားရပ်ပြီး သူမနှင့်အဘွားတို့ ဘိုးတော်အိမ်ထဲသို့ ဝင်ခဲ့ကြသည်။ အိမ်ပေါ်အတက်မှာ ဟောသံပြောသံကြားရပြီး ဖိနပ်ချွတ်ထား





တာတွေလည်းမြင်ရတာမို့ ဧည့်သည်ရှိနေသည်ဆိုတာ သေချာသွားသည်။

"ဟင် အဖေနဲ့အမေ"

ဘိုးတော်ရှေ့မှာ မေးမြန်းနေတာက အဖေနှင့်အမေဖြစ်နေတာ ကြောင့် ခပ်မှန်း လန့်ဖျပ်သွားရသည်။ မျက်မှန်ကို မျက်နှာပေါ် သေချာဆွဲ အုပ်ရင်း စကပ်အတိုလေးနှင့် ထိုင်ရမလိုထရမလိုဖြစ်နေမိသည်။

"ကညာလေး ထိုင်လေကွယ်"

"ဟုတ် ဟုတ်ကဲ့ အဘွား"

သူမ အဘွားနောက်နားမှာ လုံလုံခြုံခြုံဖြစ်အောင် ပုဆစ်တုတ်လေး ထိုင်လျက် ဟိုဟိုဒီဒီ ဘယ်မှမကြည့်ဘဲ ဝပ်ဝပ်လေးနေနေရသည်။ ဘိုးတော် က အမေတို့မေးမြန်းတာကို အာရုံခံလျက်

"သမီးတော်ကြီး သမီးတော်လေးက အိမ်ထောင်ကျကိန်းရှိတာ အမှန်ပဲ၊ အိမ်ထောင်ကျနေပြီလို့တောင် ပြောလို့ရတယ်ကွဲ့၊ အခုရော အိမ် မှာရှိသလား"

"မ မရှိပါဘူးရှင်၊ အပြင်မှာအလုပ်ထွက်လုပ်နေပါတယ် အဲ အဲဒီ မှာများ"

"ဘယ်အရပ်လဲဟေ့"

"မ မသိပါဘူး ဘိုးတော်ရယ်၊ သူအလုပ်လုပ်တဲ့နေရာ သမီးတော် ကြီးတို့ မသိပါဘူး"

"ဒါဆိုမြောက်စူးစူးအရပ်မှာ ရှိလိမ့်မယ်ဟေ့ အဲဒီမှာ သူ့ကြင်ယာ ဘက် ရှိကိုရှိရမယ်"

"မိန့်ပါဦးဘုရား၊ သမီးလေးက သူ့မှာချစ်သူရည်းစားမရှိဘူးလို့ ပြောပါတယ်၊ အဲဒီလို ချစ်သူရည်းစားမရှိဘဲ အိမ်ထောင်ကျနိုင်တယ်ဆိုတော့ နေတော်တချော် ဟိုလိုဒီလိုများ"

အမေ ထိတ်ထိတ်ပျာပျာဖြစ်နေတာကို ဘိုးတော် အာရုံခံပြီး



www.burmeseclassic.com

www.burmeseclassic.com



လက်ကာပြသည်။ အဖေကလည်း ဘိုးတော်ပြောမှာကို အာရုံစိုက်နေ၏ သူမမှာတော့ ရင်တွေပန်းတွေတုန်နေရသည်။ အဘွားက ဘိုးတော်ဘယ် လောက်တော်သည်ဆိုတာ သူမဘက်ကိုလှည့်၍ ကြွားချင်ပုံဖြင့် မျက်ခုံးဖင့် ပြ၏။

"အဲဒီလိုတော့ မဖြစ်နိုင်ဘူး သမီးတော်ကြီး၊ လူကောင်းသူကောင်း နဲ့တွေ့ပြီး ကြီးပွားချမ်းသာမယ့်လက္ခဏာမျိုးပဲ၊ ဇာတာကောင်းချိန်လို့လည်း ပြောလို့ရတယ်၊ အချိန်အခါ နက္ခတ်ကောင်းချိန်လို့လည်း ပြောလို့ရတယ် စိုးရိမ်စရာမရှိဘူးဟေ့၊ သမီးတော်ကြီးတို့တောင် သူ့အထောက်အပံ့ အရိ အခိုနဲ့ ပြောင်းလဲသွားနိုင်တယ်ဟေ့"

"ဟုတ် ဟုတ်ကဲ့ပါ ဘိုးတော်ရယ်၊ သမီးတော်ကြီးတို့လည်း ဒီသမီးလေးပဲ မှီခိုနေရတာဆိုတော့ စိုးရိမ်မိလို့ပါ"

"စိုးရိမ်ဖို့မလိုဘူးလို့ ပြောပြီးပြီလေ"

"ဟုတ် ဟုတ်ကဲ့ပါ"

"အချိန်အခါတော့ စောင့်ရဦးမယ်၊ အဖျက်အဆီး အရမ်းများတယ် ဒီကြားထဲမှာ သောကများပြီး စိတ်ဆင်းရဲစရာတွေကြုံရလိမ့်ဦးမယ်"

"ဘယ်လိုများလဲ ဘိုးတော်ရယ်၊ သမီးလေးကိုတော့ စိတ်ဆင်းရဲ စရာတွေတော့ မကြုံစေချင်ပါဘူး၊ သမီးလေးက သမီးတော်ကြီးတို့လင်မယား အတွက် ပင်ပန်းရလွန်းလို့ သနားလို့ပါ"

"ဒီအိမ်မှာ သာသနာပွဲတစ်ပွဲအပ်၊ ဗိုလ်တစ်ထောင်ဘုရားမှာ သာသနာပွဲတစ်ပွဲထိုး၊ အပ်တယ်ထိုးတယ်ဆိုတာ ရန်ကိုပြန်ပြီးတဲ့ပြန်တဲ့ သဘော၊ အကာအကွယ်ယူတဲ့သဘောပဲ အားလုံးအပ်ပြီးစောင့်ရှောက်နိုင် တဲ့သဘောပဲ၊ သမီးတော်ကြီးတို့ လုပ်နိုင်ပါ့မလား"

"လုပ်နိုင်ပါတယ် လုပ်ပါ့မယ်ဘုရား"

"အေး ကောင်းကျိုးလိုရာဆန္ဒပြည့်ဝကြပါစေ"





ဘိုးတော်က တစ်ယောက်ပြီးသွားသည့်အတွက် ဘုရားစင်နှင့် သာသနာပွဲတွေဘက်လှည့်ကာ ရှိခိုးဦးခိုက်သည်။ အဖေနှင့်အမေက သာ သနာပွဲအတွက် ပိုက်ဆံပေးဖို့ နောက်ကိုလှည့်လာပြီး သူမကိုမြင်သွားဟန် တူ၏။ လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လက်တို့၍ သူမကို သေချာအကဲခတ်ကြည့်နေကြသည်။ သူမမှာ မျက်မှန်ကို ဟိုလို လုပ်လိုက် ဒီလိုလုပ်လိုက်ဖြင့် မနေတတ်မထိုင်တတ်ဘဲ အမေတို့နှင့်မျက်နှာ ချင်းမဆိုင်မိအောင် ကြိုးစားနေရ၏။

"သ သမီး ခင်မုန်းများလား ကိုဇော်ဝင်း၊ ဒီလိုအဝတ်အစားနဲ့ မျက်မှန်နဲ့ဖယ်လိုက်ရင် ဒီ ဒီမျက်နှာက"

"မဟုတ်လောက်ပါဘူးကွ၊ သမီးက ဒီလိုအဝတ်အစားမျိုး ဝတ်မှ မဝတ်ရဲတာ၊ ဒါပေမဲ့ တူသလိုလိုပဲ"

အဖေနှင့်အမေစကားကြောင့် သူမ ပိုပြီးစိတ်လှုပ်ရှားကာ ချွေးပျံ လာသည်။ အဘွားက နောက်ကိုလှည့်၍

"ကညာလေး ရှေ့ကိုတိုးလေကွဲ့၊ အဘွားတို့အလှည့်ရောက်ပြီ"

"ဟုတ် ဟုတ်ကဲ့အဘွား"

အမေနှင့်အဖေ မမြင်သာအောင် အဘွားကိုကွယ်ကာ ရှေ့တိုးထိုင် လိုက်ရ၏။ အမေက ဘိုးတော်ကို သာသနာပွဲဖိုးငွေကန်တော့ပြီး ပြန်ဖို့ပြင် နေသော်လည်း သူမကိုတော့ မျက်လုံးကမလွှဲသေးပေ။ အဖေကလည်း နောက်လှည့်ကြည့်နေတာမို့ အဖေနှင့်အမေ တစ်ယောက်နှင့်တစ်ယောက် ပင်တိုက်ကြတော့ သူမရယ်ချင်ချင် ဖြစ်သွားမိသည်။

"ကဲ မယ်တော်ကြီးက ဘာသိချင်တာလဲ ဘယ်လိုအကျိုးအ ကြောင်းနဲ့ ရောက်လာတာလဲ"

"ဒီလိုပါ ဘိုးတော်၊ ဒါ သမီးတော်ကြီးရဲ့မြေးချွေးမလေးပါ၊ ကညာ ဖြူတဲ့ အကြောင်းကတော့ မြေးချွေးမလေးကိုယ်ဝန်မရသေးလို့ပါ၊ ဘာတွေများ



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်နေလဲ ဘာတွေလုပ်ရင် ရနိုင်မလဲသိချင်လို့ပါ ဘိုးတော်''

''အင်း အာရုံခံကြည့်လိုက်ဦးမယ်၊ မယ်တော်ကြီး ခဏစောင့်''

ကညာဖြူဆိုသည့်နာမည်နှင့် အဘွားရဲ့မြေးချွေးမလေးဆိုတာကြောင့် အဖေနှင့်အမေ ယုံကြည်ရမလို မယုံကြည်ရမလို သံသယမကင်းတကင်းဖြစ်လျက် ခေါင်းကုတ်ကာ ပြန်သွားကြသည်။ အခုမှ သူမ သက်ပြင်းချနိုင်တော့၏။

ဒါပေမဲ့ သူမ ရင်မအေးနိုင်သေးပါ။ ဘိုးတော်က အဘွားကို ဘယ်လိုတွေဟောပြောဦးမည်မသိပေ။

''မယ်တော်ကြီးရဲ့မြေးက အိမ်ထောင်နှစ်ဆက်ပြုထားတာလား''

''ရှင် မဟုတ်ပါဘူး ဒီမြေးချွေးမ ကညာဖြူလေးတစ်ယောက်တည်းပဲ လက်ထပ်ထားတာပါ''

''မြေးက ဘာနေ့သားလဲ''

''ဗုဒ္ဓဟူးသားပါ''

''ပြောနေတာကတော့ ဗုဒ္ဓဟူးသားဆိုရင် အိမ်ထောင်နှစ်ဆက်အတိအကျပဲ၊ ချစ်သူရည်းစားရှိခဲ့တယ်ဆိုရင်လည်း ကျိန်းကျေနိုင်တယ်၊ အိမ်ထောင်ကျပြီးမှ ချစ်သူရည်းစားတွေ့တာမျိုးဆိုလည်း ကျိန်းကျေတယ်''

''အဲ အဲဒီလို မဖြစ်နိုင်ပါဘူး ဘိုးတော်ရယ်၊ မြေးလေးက အရင်ကလည်း ချစ်သူရည်းစားမရှိဖူးပါဘူး။ အခု ကညာလေးနဲ့လက်ထပ်ပြီးနောက်ပိုင်းလည်း ချစ်သူရည်းစားရော အိမ်ထောင်ရောရှိစရာအကြောင်းမရှိပါဘူး အဘွားကို စိတ်ဆင်းရဲအောင်လုပ်မယ့်ကလေးမျိုး မဟုတ်ပါဘူး ဘိုးတော်''

''ဒါက ဒီမှာမြင်တာ ကြားတာကိုပြောနေတာ၊ ဘာကြောင့်ဆိုတာတော့ ရှင်းပြရဖို့ခက်နေတယ်၊ ဒီကလေး အိမ်ထောင်ကျတာတော့ ကံမကောင်းခဲ့ဘူးမဟုတ်လား''

''ဟို မ မဟုတ်ပါဘူး''





အဘွားက ခင်မှန်းကို ကညာဖြူမှတ်နေတာမို့ အားနာသလိုလှည့်ကြည့်ကာ ပြောသည်။ သူမက ဘာမှမဖြစ်သလို ဘိုးတော်ပြောတာနားထောင်ဖို့ တိုးတိုးကပ်၍ သတိပေးလိုက်သည်။

ဘိုးတော်က သူမကိုအကဲခတ်ကြည့်လျက်

''ဒီသမီးလေးက မြေးချွေးမလေးနော်''

''ဟုတ်ပါတယ် ဘိုးတော်''

''အမျိုးသမီးကောင်းလေးပါပဲ၊ အိမ်ထောင်ကျတာ ဘယ်လောက်ရှိသွားပြီလဲကွဲ့''

''ဟို''

''တစ်နှစ်ပါ ဘိုးတော်''

သူမဖြေဖို့ တွေဝေနေဆဲမှာ အဘွားကဝင်ပြီးဖြေပေးသည်။ ဘိုးတော်က မျက်စိကိုစုံမှိတ်ထားပြီး ခဏနေမှဖွင့်လိုက်ကာ

''အိမ်ထောင်ကျရင် အိမ်ထောင်ရေးကံကောင်းရမယ့်ဇာတာရှင်၊ လင်သားရဲ့ချစ်မြတ်နိုးခြင်းခံရမယ့်သူမျိုးဖြစ်ပါလျက်နဲ့ ဘယ်လိုကြောင့်ယောကျာ်းလေးက အိမ်ထောင်ကျတာ ကံမကောင်းဘူး၊ အိမ်ထောင်နှစ်ဆက်တို့ဆိုတာ ပေါ်လာရတာလဲ''

မိန်းကလေး နှစ်ယောက်ဆိုပေမယ့် ရုပ်ကတူနေသည့်အတွက် ပြောသည်ဟောသည့်သူတွေ ဇဝေဇဝါတွေ ဝါးတားတားတွေဖြစ်နေကြရတာဖြစ်မည်။ သူမကတော့ ကညာဖြူမဟုတ်တာကြောင့် စိတ်ထဲဘယ်လိုမှမခံစားရပေမယ့် အဘွားကတော့ သူမကိုအားနာနေပုံရပြီး မျက်စိမျက်နှာပျက်ကာ စိတ်မသက်မသာဖြစ်နေသည်။ သူမက အဘွားလက်ကလေးကို ဆုပ်ကိုင်ပြီး

''အဘွား စိတ်ထဲဘာမှမထားနဲ့၊ စိတ်မကောင်းလည်းမဖြစ်နဲ့၊ အမြဲတမ်းမှန်နေပေမယ့် တစ်ခါတလေ အမှားအယွင်းဆိုတာ ရှိတတ်တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ပြန်လာရအောင်နော် အဘွား"

သူမ တီးတိုးလေးပြောလိုက်မှ စိတ်သက်သာသွားပုံရပြီး ဘိုးတော်ကို စာအိတ်လေးနှင့် ထည့်ထားသော ပိုက်ဆံကိုကန်တော့ကာ

"သမီးတော်တို့ချိန်းထားတဲ့ကိစ္စလေးတွေရှိလို့ ခွင့်ပြုပါဦး ဘိုးတော် နောက်မှတစ်ခေါက်ထပ်လာပါ့မယ်"

"ကိုယ်ဝန်မရတာ သိချင်လို့ဆို ဆက်ပြီးအာရုံခံကြည့်ပေးပါမယ် နေပါဦးလား မယ်တော်ကြီး"

"ဟို နောက်မှပဲ လာပါမယ်နော်၊ အခု အရေးကြီးကိစ္စလေးရှိနေလို့ပါ"

"ဩော် ဟုတ်ပါပြီ၊ တစ်ခုတော့ ပြောလိုက်ဦးမယ် ဒီမိန်းကလေးရဲ့ကြန်အင်လက္ခဏာကြည့်ရတာ သူ့လင်သားအတွက်ပါရမီဖြည့်ဘက် ဇနီးမယားကောင်းတစ်ယောက်ဖြစ်လိမ့်မယ်၊ ရင်သွေးရတနာလည်း အများကြီးမွေးပေးနိုင်လိမ့်မယ် သမီးတော်လေး ဟုတ်တယ်မဟုတ်လား"

"ရှင် ဟုတ် ဟုတ်ကဲ့ လာ အဘွား သွားရအောင်"

ဘိုးတော်ပြောသည့်စကားကို အဘွားနားမလည်နိုင်ဖြစ်ပြီး ထပ်မေးချင်သေးပေမယ့် ခင်မုန်း ဆွဲခေါ်နေတာကြောင့် အဘွားလိုက်လာရသည်။ ကားပေါ်ရောက်မှ

"ဒီဘိုးတော်လည်း ဒီတစ်ခေါက် ဘာတွေဟောမှန်းမသိတော့ပါဘူး။ အသက်ကြီးလာလို့ ကယောင်ကတမ်းတွေဖြစ်လာတာ ထင်ပါရဲ့ သူ့ကိုစောင့်ရှောက်တဲ့သူတွေများ ပြောင်းသွားပြီထင်ပါရဲ့"

"ဘာဖြစ်လို့လဲ အဘွားရဲ့"

"ဩော် မြေးလေးကို အိမ်ထောင်နှစ်ဆက် ဒါမှမဟုတ် ချစ်သူရည်းစားထပ်တွေ့မယ်လေး ဘာလေးနဲ့၊ အခု ကညာလေးကျတော့ လင်သားအတွက် ဇနီးမယားကောင်း ပါရမီဖြည့်ဘက်ကောင်းဖြစ်မယ့်သူတဲ့





ကလေးတွေလည်း အများကြီးမွေးဦးမယ်ပြောလိုက်သေးတယ်၊ အဘွားက ဝမ်းသာရမှာလား ဝမ်းနည်းရမှာလား"

"ဟင်း ဟင်း"

"ကိုယ့်မြေးကို အဲဒီလိုပြောတာ မခံနိုင်ပါဘူး၊ ကညာကိုဟောလိုက်တာတော့ အဘွားသဘောကျပါတယ်"

"ဒီလိုပါပဲ အဘွားရယ်၊ သူတို့လည်း အစောင့်အရှောက်ကောင်းတဲ့အချိန် သမာဓိအားကောင်းတဲ့အချိန်တော့ ပြောတာဟောတာ မှန်ချင်မှန်မှာပေါ့၊ ကျန်တဲ့အချိန်တော့ လူရဲ့ရုပ်ဆင်းအင်္ဂါကိုပဲကြည့်ပြီး ရမ်းသမ်းပြောတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့ အဘွားရယ် စိတ်ထဲမထားပါနဲ့"

"ကညာလေးက မြေးလေးကို အဲဒီလိုဟောလိုက်တာ စိတ်မဆိုးသို့တော်သေးတာပေါ့ကွယ်၊ ကညာလေးရှေ့မှာ အဲဒီလိုဟောလိုက်တော့ အဘွားဖြင့် အရမ်းကိုအားနာသွားတာ"

"ရပါတယ် အဘွားရယ်၊ ကညာ နားလည်ပါတယ်"

"အေးပါကွယ် အဲဒီသဘောထားကြီးပြီး နားလည်မှုရှိတာ အဘွားကျေးဇူးတင်ပါတယ်၊ ကဲ အဘွားတို့ကုန်တိုက်သွားမယ်၊ စားသောက်ဆိုင်သွားမယ်၊ စားချင်တာစားမယ် ဝယ်ချင်တာတွေဝယ်မယ်၊ ကညာလေးကြိုက်တာသာလက်ညှိုးထိုး ဟုတ်ပြီလား"

အဘွားဆန္ဒအတိုင်း ကုန်တိုက်ကိုသွားကာ သူမတို့အဝတ်အစားအသုံးအဆောင်တွေဝယ်ကြသည်။ သူမ မလိုချင်ပါဘူးလို့ပြောလို့ ငြင်းလို့သည်းမရ။ စားသောက်ဆိုင်မှာ ဝင်စားတော့လည်း အဘွားက ရက်ရက်ရောရောပင်။

ဒီလောက်ကောင်းသည့်အဘွားအပေါ် ကညာဖြူ ဘာကြောင့်များဒီလိုလုပ်သွားရက်ရတာလဲ။ လင်းရောင်ထင်လည်း ဆိုးသွမ်းသည့်ယောက်ျားထဲမှာ မပါပါ။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားပီသ တည်ကြည်ခံ့ညားချောမောပြီး ဥစ္စာနေလည်း ပြည့်ဝကာ အရည်အချင်းလည်းပြည့်စုံသည့် ယောကျ်ားတစ်ယောက်မင်း ဘာတွေကများ အပြစ်ဖြစ်နေလို့ ဒီလူတွေကို ထားသွားရက်ရတာလဲ။ ဒီ လူတွေထက်ကောင်းတဲ့သူကို တွေ့လို့များလား။ ဒါမှမဟုတ်။

သူမ ဘာတွေ တွေးနေမိမှန်းမသိပေ။ ကညာဖြူသာ ပြန်မလာ လျှင် အဘွားတို့နှင့် သူမ ကြာကြာနေနိုင်ပေလိမ့်မည်။ ဒါပေမဲ့ သူမက သူစိမ်းတစ်ယောက်ပါ။

ဘာဆိုဘာမှမသက်ဆိုင်သော။

■ ■ ■



## အခန်း (၂၅)

"အဲဒါဘာတွေလဲ"

ခုတင်ပေါ်မှာ အဝတ်အစားအသုံးအဆောင် ပါကင်အိတ်လက်ဆွဲ အိတ်တွေ တွေ့တာကြောင့် လင်းရောင်ထင် မေးလိုက်ခြင်းဖြစ်သည်။ ကညာ ဖြူက ဘာမှမက်မောလိုဟန်မရှိဘဲ

"အဲဒါ ကုန်တိုက်ကနေ အဘွားဝယ်ပေးတာ"

"ဝယ်ပေးတာဆိုလည်း ယူလေ၊ ဘာလို့ခုတင်ပေါ်စုပုံတင်ထားတာ လဲ"

"ဒါ ခင်မှန်းအတွက်မှမဟုတ်တာ၊ ကညာဖြူအတွက်ပဲ၊ ကညာဖြူ ဗီရိုထဲထည့်ဖို့ နင့်ကိုပြဖို့ထားတာ"

"မဟုတ်တာ မင်းကိုဝယ်ပေးတာ မင်းပဲဝတ်ရမှာပေါ့၊ မင်းဝတ်တာ မြင်ရင် အဘွားကပျော်နေဦးမှာ"

"ကညာဖြူ ပြန်မလာခင်တော့ ဝတ်သင့်တာကို ဝတ်မှာပါ၊ ဒါပေမဲ့ အဘွားက ဒီလိုတန်ဖိုးကြီးတာတွေဝယ်ပေးလို့ ငါပျော်နေမယ်ထင်မှာစိုးလို့ပါ၊ ဒါက မပြည့်စုံချို့တဲ့ပေမယ့် ဘယ်အရာကိုမှ မမက်မောဘူးဆိုတာ နင်သိစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်''

''ငါဘာပြောနေလို့လဲ ခင်မုန်း။ မင်းစိတ်ကို ငါသိပါတယ်၊ ကညာဖြူသာဆို အဘွားနဲ့ဘိုးတော်အိမ်လည်း လိုက်မှာမဟုတ်ဘူး။ ကုန်တိုက်ဆိုင်တို့လည်း အတူသွားမှာမဟုတ်ဘူး။ အဘွားဆီကငွေတောင်းပြီး ဒါမျိုးတွေကို သူ့စိတ်ကြိုက်ဝယ်မှာ၊ အခု အဘွားပျော်နေတာ ငါဘယ်လောက်စိတ်ချမ်းသာရလဲ၊ အဲဒီအတွက် မင်း ဒါတွေရတာ တန်တယ် ခင်မုန်း''

သူ စိတ်ရင်းအမှန်နှင့်ပြောလိုက်ခြင်းဖြစ်သည်။ ခင်မုန်း လောဘမရှိတာ မက်မောမှုမရှိတာ သူ သိနေလို့ပါ။ အဘွားနှင့်သူ့ကို စိတ်ချမ်းသာမှု ပျော်ရွှင်မှုတွေပေးစွမ်းနိုင်သူလည်း ဖြစ်သည်။

ခင်မုန်းက အဝတ်အစားတွေကို ကညာဖြူ ဗီရိုထဲမှာ အစီအစဉ်ထည့်ပြီး အလှပြင်ပစ္စည်းတွေကိုတော့ မှန်တင်ခုံပေါ်မှာတင်ထားသည်။ ထိုင်မှာပဲ တံခါးခေါက်သံနှင့်အတူ

''ဒေါက် ဒေါက် မြေးလေး ကညာလေး''

''ဟင် အဘွား ဘာဖြစ်လို့လဲ၊ သားတို့ကို တွေ့ချင်တယ်ဆိုရင် မထွေးကိုခေါ်ခိုင်းလိုက်ရောပေါ့ အဘွားရယ်၊ လှေကားထစ်ကို တက်ရဆင်းရတာ လွယ်တာမဟုတ်ဘူး''

''ဩော် အဘွားက မြေးတို့ကိုတွေ့ချင်လို့ပါကွယ်၊ ကညာလေး အဘွားဆီကိုလာပါဦး''

ခင်မုန်းက အဘွားအနားကိုသွားကာ အဘွားခါးကိုဖက်သည်။ အဘွားက ရတနာဘူးလေးကို ခင်မုန်းလက်ထဲ ဆုပ်ကိုင်ထည့်ပေးပြီး

''အဘွားအရင်ကပေးထားတဲ့ ရတနာပစ္စည်းတွေရော ရှိတယ်မဟုတ်လား ဘာလို့မဝတ်တာလဲ ကညာလေး''

''ရှင်''





''ရှိတာပေါ့ အဘွားရဲ့ ကညာက ရတနာပစ္စည်းတွေသိမ်းထားပြီး ဖန်စီပစ္စည်းတွေပဲ အမျိုးမျိုးဝတ်တတ်တာ အဘွားသိသားနဲ့''

''ဩော် ဟုတ်ပါပြီ၊ ဒါကတော့ စိန်လည်ဆွဲလေး ကညာရဲ့ ဆယ်တန်းအောင်သွားရတဲ့အခါဝတ်ပေါ့၊ အဘွား အိမ်ထောင်ကျပြီး မြေးရဲ့အဘိုးဆီကဆုံးဝယ်ပေးတဲ့ပစ္စည်းပေါ့၊ အဲဒီခေတ်ကတောင် အရည်အသွေးကောင်းလို့ သိန်းသုံးဆယ်လောက်တန်တယ်၊ အခုဆို သိန်းတစ်ရာနီးပါးလောက်တန်သွားမယ်၊ ကညာလေးက မြေးလေးရဲ့ရင်သွေးလေးတွေကို မွေးပေးမယ့်သူဆိုတော့ အဘွားတန်ဖိုးထားရတဲ့ပစ္စည်းကို အမြတ်တနိုးတန်ဖိုးထားပြီးပေးတာ''

''ဟင် က ကညာမလိုချင်ပါဘူး အဘွား။ ဒီလောက်တန်ဖိုးကြီးတာကြီး ကညာမလိုချင်ဘူး''

''ဘာလို့ မလိုချင်ရမှာလဲ၊ အဘွားပေးတာ ယူရမှာပေါ့၊ ဘိုးတော်က ဟောလိုက်တယ်မဟုတ်လား၊ မြေးလေးအတွက် ပါရမီဖြည့်ဘက်ကောင်းနဲ့ ယှဉ်သူကောင်းဖြစ်ပြီး သားသမီးရတနာလေးတွေ အများကြီးမွေးပေးမယ့်သူတဲ့ အဘွားပျော်လွန်း စိတ်ချမ်းသာလွန်းလို့ပါကွယ်၊ အဘွားက သေမယ့်နေ့လည်းသေပျော်ပြီ၊ အဲဒီအတွက် မသေခင် ကညာလေးကိုပေးသင့်တာတွေ ပေးရမှာပေါ့''

''ဟင့်အင်း အဘွား''

''ကညာ အဘွားပေးတာ ယူထားလိုက်လေ၊ မင်း အဲဒီလိုငြင်းနေရင် အဘွားစိတ်မကောင်းဖြစ်မှာပေါ့ ယူလိုက်ပါ ကညာ''

လင်းရောင်ထင်က မျက်စိမှိတ်မေးငေါ့ကာ ဆက်မငြင်းဖို့ သတိပေးသည်။ ခင်မုန်း ခြေတွေလက်တွေတုန်ယင်လောက်အောင် စိတ်လှုပ်ရှားနေမိ၏ ခင်မုန်းဆိုသော သူမကို တကယ်ပေးတာမဟုတ်မှန်းသိပါလျက်နှင့် လက်မခံဝံ့လောက်အောင် ခံစားရတာပါ။ အဘွားက ပြုံးပျော်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



"အရင်ကဆို ပေးသမျှမငြင်းဘဲယူတဲ့ ကညာလေးက အခု ဘယ်လိုဖြစ်ရတာလဲ၊ အဘွားဖြင့် အံ့ဩလိုက်တာ၊ ကောင်းပါတယ် အဲဒီငွေမလိုချင်လေ အဘွားက ပေးချင်လေပေါ့၊ ရင်သွေးလေးတွေသာ အမြန်မွေး အဘွားက ကညာလေးအတွက်စီစဉ်ထားတာတွေအားလုံး လွှဲပြောင်းပေးမှာ သိလား ကညာ၊ ဘိုးတော်ဆီလည်း နောက်တစ်ခေါက်ပြန်သွားမယ်၊ ဆရာဝန်တွေနဲ့လည်း ဆေးစစ်ကြည့်ရမယ်နော်"

"ဟုတ် ဟုတ်ကဲ့ပါ အဘွား"

"ကဲ ဒါဆို စောစောအနားယူကြ၊ အဘွားလည်းအိပ်တော့မယ်"

"ဟို အဘွားကို ကညာဆေးတိုက်ပါ့မယ်"

"ညဆေးကသောက်စရာမလိုတော့ဘူးလေ ကညာရဲ့၊ ဆရာဝန်ကြီးက အဘွားကျန်းမာရေးကောင်းလာလို့ဆိုပြီး ဆေးတွေလျှော့သောက်ခိုင်းထားတာ၊ အဲဒါကညာလေး ကျေးဇူးကြောင့်ပေါ့"

"အဘွားကို ငါလိုက်ပို့လိုက်ပါမယ် ခင်မှန်း"

အဘွားကိုတွဲ၍ အောက်ထပ်အဘွားအခန်းထိ လင်းရောင်ထင် လိုက်ပို့လိုက်သည်။ အပေါ်ထပ်အခန်းထဲ ပြန်တက်လာတော့ ခင်မှန်း ရတနာဘူးလေးကိုကိုင်၍ ဒီအတိုင်းမတ်တပ်ရပ်နေဆဲဖြစ်၏။

"ခင်မှန်း"

"ရှေ့ ယူ ယူပါ"

"ဘာလဲ"

"ရတနာဘူးလေ၊ ငါမယူဘူး၊ ငါ့ကိုပေးတာလည်းမဟုတ်ဘူး ကညာဖြူကိုပေးတာမှန်းလည်း သိပါတယ်၊ ဒါ ဒါပေမဲ့ ငါယူမထားချင်ဘူး နင်ပဲသိမ်းထားပါ"

"မင်းမယူဘူး သိမ်းမထားချင်ဘူးဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ အဘွားကိုငြင်းလို့တော့ မဖြစ်ဘူးလေ"





"အဘွားက ဒီလောက်ကောင်းပြီး ရက်ရောတာတောင် ကညာဖြူက ဘာကြောင့်ဒီမှာမနေနိုင်ဘဲ ထွက်သွားရတာလဲ၊ ငါ အရမ်းကိုအံ့ဩမိတာပဲ လင်းရောင်ထင်ရယ်"

"ငါလည်း တွေးမိပါတယ်၊ ဒီထက်ဘာတွေခင်တွယ်မက်မောစရာတွေများ ရှိလို့လဲလို့ပေါ့၊ အဲဒါကြောင့် ငါ စုံစမ်းကြည့်နေတယ်၊ နီးစပ်ရာတစ်ယောက်နဲ့ အဆက်အသွယ်ရဖို့ ကြိုးစားနေတယ်၊ သူက ဘယ်လိုပုန်းလို့ ဒီလောက်အဆက်အသွယ် ပြတ်သွားတယ်မသိဘူး၊ တစ်ခုခုအကြောင်းအရင်းတော့ ရှိမှာပဲ"

"ဘာပဲဖြစ်ဖြစ်ပါ ကညာဖြူ ပြန်တော့လာမှာပဲမဟုတ်လား၊ ဒီလောက်ပြည့်စုံပြီး ကောင်းတဲ့အိမ်ကို သူ ပြန်မလာဘဲနေမှာမဟုတ်ဘူး"

"အင်း အဲဒါကတော့ သေချာပေါက်ပါပဲ"

ပြောပြီး လင်းရောင်ထင်ဆီက သက်ပြင်းချသံများလွင့်ပျံလာခဲ့သည်။ ခင်မှန်းဆီက ရတနာဘူးလေးကိုယူကာ သူ့ အံ့ဆွဲထဲမှာ အလွယ်တကူထည့်ထားလိုက်ပြီး ခုတင်ပေါ်မှာ မှောက်လျားထိုးပစ်လှဲလိုက်၏။ ခင်မှန်းက သူမနေရာ ဒရင်းဘက်လေးမှာထိုင်ရင်း တီဗီဖွင့်ကာ အာရုံပြောင်းလိုက်၏။

အခန်းထဲမှာ နှစ်ယောက်ရှိသော အချိန်များက တခြားအချိန်များထက် စကားနည်းကာ တိတ်ဆိတ်တာတော့ အမှန်ပင်။ လင်းရောင်ထင်သည်း သူ လုပ်စရာရှိတာလုပ်သလို သူမလည်း အိပ်ချိန်လောက်သာ အခန်းထဲဝင်ဖြစ်၏။

ဒါတောင် အဘွားအမြင်မလွဲစေချင်လို့ရယ်ပါ။ လင်းရောင်ထင်နှင့် အခန်းထဲအတူရှိနေချိန်တွေမှာ ဘယ်လိုခံစားရမှန်းမသိသော ခံစားချက်တွေ ဝင်လာတတ်တာကြောင့် သူမစိတ်ကိုသူမ ထိန်းချုပ်မှုဖြစ်မည်။

ဘယ်သောအခါမှ မပတ်သက်သင့်သော ဆုံဆည်းမှုကို။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"လင်းရောင်ထင်"

"ဟင်"

အသံက ဘယ်ကနေလာလိုက်မှန်းမသိ။ စက်ရုံကနေအပြန်မှာ အိမ်အတွက် သစ်သီးနှင့်ကိတ်တွေ ကုန်တိုက်မှာဝင်ဝယ်တာပါ။ ကုန်တိုက်ထဲမှာ သူ့ကိုဒီလိုခေါ်ဖို့ဆိုတာ အသိအကျွမ်း ရင်းနှီးသူတစ်ယောက်သာ ဖြစ်လိမ့်မည်။

ဒါပေမဲ့ အသံက ခပ်ဝေးဝေးကလာတာမို့ ဘယ်သူဆိုတာ ခန့်မှန်းလို့မရ။ သစ်သီးတန်း အချိုရည်တန်း မုန့်တန်း ဘယ်ကနေခေါ်လိုက်တာလဲ

"လင်းရောင်ထင်"

"ဟင် က ကညာဖြူ"

"ငါ့ကိုမြင်တာ ဘာလို့ဒီလောက်လန့်သွားတာလဲ၊ ဘာလဲ ငါ မြန်မာပြည်ပြန်မရောက်လောက်သေးဘူးထင်လို့လား"

"မဟုတ် ဟို မဟုတ်ဘူး။ ဟုတ်တယ်"

"ဘာဖြစ်နေတာလဲ ဒီလောက်သွေးပျက်နေတာ နင်အိမ်မှာ ငါနဲ့တူတဲ့မိန်းကလေးကိုခေါ်ထားလို့လား"





"ဘာ"

"ငါသိထားလို့ နင် အံ့ဩသွားလား။ ငါ ဒီကိုပြန်ရောက်တာ နှစ်ရက်ရှိပြီ၊ ငါဒီကိုပြန်မရောက်ခင်တည်းက ဒီကအကြောင်းကိုစုံစမ်းခဲ့တာ၊ အဲဒီတစ်ယောက်ရှိလို့ ငါဝင်ရခက်လို့ အိမ်ကိုပြန်မလာသေးတာမဟုတ်ဘူးနော်၊ ငါ့ကိစ္စလေးတွေမပြတ်သေးလို့ ဟိုတယ်မှာနေနေတာ၊ အခုတော့ နင်နဲ့တစ်ခါတည်း ပြန်လိုက်ရကောင်းမလား"

"မဖြစ်ဘူး ဟို မဖြစ်ဘူး ကညာဖြူ"

"ဘာလို့မဖြစ်တာလဲ ငါ့အိမ်ငါပြန်တာ"

"တစ်နေရာမှာ အေးအေးဆေးဆေး စကားပြောမှဖြစ်မယ် ကညာဖြူ မင်းကိုစွမ်းရင် သွားရအောင်"

"ဘာလို့"

"မင်းကိုအလွယ်တကူ ဖြေရှင်းမပြနိုင်ဘူး ကညာဖြူ လာပါ"

ကညာဖြူလက်ကိုဆွဲကာ ကားပေါ်တင်ခေါ်ခဲ့သည်။ လူရှင်းသော စားသောက်ဆိုင်ကိုရောက်မှ ကားကိုရပ်လိုက်၏။ စားပွဲဝိုင်းတစ်ဝိုင်းမှာ နေရာယူပြီးသည့်အချိန်မှာတော့ ကညာဖြူက ခြေချင်းချိတ်ထိုင်ကာ မထီမဲ့မြင် မီနူးကြည့်ပြီး သူမစားချင်တာတွေမှာသည်။

"မင်းဘယ်တွေသွားပြီး ဘာတွေလုပ်နေတာလဲ ကညာဖြူ မင်းအခေါ်အိမ်မှာလည်း မင်းနေတာမဟုတ်ဘူး"

"အဲဒီအိမ်မှာ ငါနဲ့တူတဲ့မိန်းကလေး ဘာကြောင့်ရောက်နေတာလဲ ဆိုတဲ့မေးခွန်းကို ငါအရင်မေးလို့မရဘူးလား"

"အဲဒီအကြောင်းအရင်းက မင်းထွက်သွားပြီးမှဖြစ်တာ၊ မင်းသာ အချိန်အကြာကြီး အဆက်အသွယ်ဖြတ် ထွက်မသွားဘူးဆိုရင် ခင်မုန်း အိမ်ကိုရောက်လာစရာအကြောင်းမရှိဘူး"

"အလဟဿတော့ ထွက်မသွားဘူးလေ၊ ငါ့မှာလည်း အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ပေါ့၊ နင်က ငါ့မှာဘာအကြောင်းရှိတယ်ဆိုတာ စိတ်ဝင်စားလို့လား"

"စိတ်မဝင်စားပါဘူး နင် ဘယ်သွားသွား ဘာလုပ်လုပ် ဘယ်လောက်ကြာကြာ ဒါပေမဲ့ မင်းကိုအရမ်းချစ်တဲ့အဘွားကိုတော့ အဆက်အသွယ်ဖြတ်တောက်လောက်အောင် ဥပေက္ခာမပြုသင့်ဘူး၊ အဘွားက မင်းပြန်မလာလို့ ရောဂါရပြီး ကျန်းမာရေးထိခိုက်သွားတဲ့အတွက် မင်းနဲ့ရုပ်ချင်းဆင်တဲ့ ခင်မုန်းကို အဘွားအသက်ကယ်ဖို့ ခေါ်လိုက်ရတာ"

"ဒီလောက်ထိ မလိုအပ်ဘူးထင်ပါတယ်၊ အဘွားက ငါ့ကိုသတိရုံနဲ့ သူ့ကိုယ်သူ သတ်မသေလောက်ပါဘူး၊ နင်နဲ့အဲဒီမိန်းကလေးကသာ တခြားပတ်သက်မှုမျိုးရှိခဲ့လို့ ဒီလိုအလွယ်တကူ အိမ်ကိုလိုက်လာတာရှိမှာပေါ့"

"မင်း အဲဒီလိုမပြောနဲ့ ကညာဖြူ၊ ခင်မုန်းက မင်းထင်သလို ခပ်လွယ်လွယ်မိန်းကလေးမျိုးမဟုတ်ဘူး၊ အဘွားကို စေတနာ မေတ္တာအပြည့်နဲ့စောင့်ရှောက်နေတာ၊ အဘွားက မင်းပြန်လာတယ်လို့ထင်ပြီး ခင်မုန်း ပြုစုစောင့်ရှောက်ပေးလို့ အခု ပျော်ရွှင်စိတ်ချမ်းသာနေတာ ကညာဖြူ"

"ဒါဆို ငါ အခုပြန်ရောက်လာပြီ၊ အဲဒီ ခင်မုန်းဆိုတဲ့မိန်းကလေးကို သူ့နေရာမှန် ပြန်ပို့လိုက်တော့"

"ဟား"

သူ တကယ်ကို အသက်ရှူလို့မဝအောင် လေးလံသွားရပါသည်။ ခင်မုန်းကို ပြန်မလွှတ်နိုင်ပါ။ ပြန်မလွှတ်ချင်ပါ။ ခင်မုန်းရောက်လာကတည်းက အိမ်မှာ ပျော်ရွှင်မှု စိတ်ချမ်းသာမှုဆိုတာတွေကို ခံစားရတာ မဟုတ်ပါလား။

အဘွားအတွက် ကညာဖြူအစစ်မဟုတ်သော ခင်မုန်းက လိုအပ်သလို သူ့အတွက်လည်း လိုအပ်နေပါသည်။ ကညာဖြူ ပြန်ရောက်လာတာ သူ ဝမ်းမသာနိုင်ပေ။

"လင်းရောင်ထင် နင်က ခင်မုန်းကို ပြန်ခိုင်းတာ ဘာလို့ဒီလောက်တောင် တွေဝေသွားတာလဲ၊ ဘာလဲ ပြန်မပို့ရက်လောက်အောင် သံယောဇဉ်





ဖြစ်နေလို့လား။ နင်နဲ့ငါက တရားဝင်လက်ထပ်ထားတာနော်၊ နင် အိမ်ထောင်ရေးဖောက်ပြန်ဖို့ စဉ်းစားထားတယ်ဆိုရင်"

"ကညာဖြူ မင်းမဟုတ်တာတွေ လျှောက်ပြောမနေနဲ့ ငါ အဘွားစိတ်ဆင်းရဲမယ့်အလုပ်မျိုး ဘယ်တော့မှလုပ်မှာမဟုတ်ဘူး"

"အဘွားဆန္ဒကြောင့် လက်ထပ်ခဲ့တယ်ဆိုတာ သိစေချင်လို့ ထပ်ပြောတာလား"

"မင်းလည်း မင်းအဒေါ်ဆန္ဒနဲ့ အဘွားကြောင့် လက်ထပ်ခဲ့တယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ ငါ ဘယ်တော့မှ အိမ်ထောင်ရေးဖောက်ပြန်မှာမဟုတ်ဘူး။ အဘွားဆန္ဒကိုဆန့်ကျင်တဲ့အလုပ်မျိုး ဘယ်တော့မှလုပ်မှာမဟုတ်ဘူး"

"အဲဒါ သေချာတယ်ဆိုရင် ခင်မုန်းကို အခုချက်ချင်း နှင်ထုတ်လိုက်၊ ငါ အိမ်ပြန်လာတော့မယ်"

"အခုချက်ချင်းဆိုတာတော့ မဖြစ်ဘူး ကညာဖြူ၊ အဘွားက ခင်မုန်းကို မင်းအဖြစ်နဲ့လက်ခံထားတာ၊ ခင်မုန်းကို မင်းမဟုတ်ဘူးဆိုတာ သိသွားလို့မဖြစ်ဘူး"

"ငါက ဘယ်လောက်စောင့်ရမှာလဲ"

"တစ်ရက် တစ်ရက်နှစ်ရက်ပါ၊ မင်းထွက်သွားတာ ငါးလကျော်ခြောက်လလောက်တောင်ရှိတာ၊ မင်းဒီလောက်တော့ စောင့်သင့်ပါတယ်"

"ကောင်းပြီလေ ငါ့ဘက်ကအပြစ်ရှိသွားတာပဲ၊ ဒီလောက်တော့ စောင့်ရမှာပေါ့"

ပြောပြီး ကညာဖြူ လာချပေးသော အစားအသောက်တွေကို စားနေသည်။ သူ့ရင်ထဲမှာတော့ ခင်မုန်းကို ပြန်လွှတ်လိုက်ရတော့မှာ အလုံးကြီးဆို့နေသလို ခံစားနေရသည်။

အဘွားရော ဒီအပြောင်းအလဲမှာ ခံနိုင်ရည်ရှိပါ့မလား ပေါ့ပေါ့

www.burmeseclassic.com



လွှယ်လွှယ်ပြောနေသော ကညာဖြူက အခုင်စရိုက် ကာရိုက်တာတွေပြောင်းလဲသေးပုံမပေါ်။

တစ်ခါမှ ဒီလိုခံစားချက်တွေ မပြင်းထန်ဘူးပါ။ ကိုယ့်ကိုယ်ကိုယ်ဘာကောင်မှန်းမသိသော ဝေဒနာက။

■ ■ ■



## အခန်း (၂၇)

"ကညာဖြူ ပြန်ရောက်လာပြီ၊ မင်းပြန်ရတော့မယ် ခင်မုန်း"

"ဟင် ဘာ"

ကြားလိုက်ပါရဲ့နဲ့ အလန့်တကြားလို အာမေဋိတ်သံထွက်သွားခဲ့ခြင်းဖြစ်သည်။ လင်းရောင် မျက်လုံးများက ခံစားမှုတစ်ခုကြောင့် နီရဲနေသလိုရှိကာ မပြောချင်ဘဲ ပြောလိုက်ရဟန်တူသည်။

"ညနေက ကုန်တိုက်မှာတွေ့တာ၊ မြန်မာပြည်ပြန်ရောက်နေတာနှစ်ရက်တောင်ရှိပြီတဲ့၊ မင်းဒီအိမ်မှာရှိနေတာလည်း သူ သိနေတယ်"

"ဟင် သူက ဘယ်လိုသိတာလဲ"

"သူက အလည်အပတ်ဆိုပြီးထွက်သွားတာ၊ နည်းနည်းကြာသွားတော့ ဒီအိမ်ကအကြောင်း စုံစမ်းချင်စုံစမ်းမှာပေါ့"

"အဲဒါနဲ့"

"သူ ပြန်ရောက်လာပြီ၊ မင်းကို နှင်ထုတ်လိုက်တဲ့"

စကားလုံးအသုံးအနှုန်းကို ဆတ်ခနဲ ဒေါသဖြစ်သွားလျက်

"နှင်ထုတ်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောခဲ့ပါတယ်၊ အဘွားကြောင့် မင်းကိုခေါ်ထားရတယ်ဆိုတာ သူ အခုထိနားလည်မှုရှိသေးပုံမပေါ်ဘူး။ အဘွားက မင်းနဲ့နေရတာကိုပျော်နေတာ"

"ကညာဖြူအစစ်ကိုပဲ ဘယ်လိုပုံစံမျိုးနဲ့ဖြစ်ဖြစ် အဘွားချစ်မှာပါ။ ခင်မုန်းကိုမှ အဘွားမသိဘဲ"

"ဒါပေမဲ့ ငါသိတယ် ခင်မုန်း။ မင်းနဲ့ကျမှ အဘွားရဲ့တောင့်တမှုတွေ ပြည့်သွားတယ်ဆိုတာ"

"ငါ ငါ အခုပြန်ရတော့မှာလား"

"တစ် တစ်ရက်နှစ်ရက်လောက်နေဖို့ ကညာဖြူကို ငါပြောခဲ့တယ်"

"ဘာလုပ်ဖို့လဲ၊ သူ့အိမ်ကိုသူပြန်လာချင်မှာပေါ့"

"မင်းကို ဒီမှာရှိစေချင်သေးလို့ပါ ခင်မုန်း"

"ဟင်"

အက်ရှရှနှင့်တုန်ယင်စွာ ပြောလိုက်တာကြောင့် အံ့အားသင့်သလိုဖြစ်သွားရပေမယ့် နီရွှေရီဝေနေသော လင်းရောင်ထင်မျက်လုံးများကို ရင်မဆိုင်ချင်တာကြောင့် ခန်းဆီးပြတင်းပေါက်ကိုဖွင့်၍ အပြင်ကိုငေးကြည့်နေလိုက်သည်။

"ငါနဲ့အဘွားကို မင်းမမေ့လိုက်ပါနဲ့နော် ခင်မုန်း"

"သတိရနေပြီး ငါကဘာလုပ်ရမှာလဲ လင်းရောင်ထင်"

သူ့မေးခွန်းက ထိရောက်သည်။ သူကရော ဒီလိုပြောဖို့ အခွင့်အရေးရှိလို့လား။ ဘာကြောင့်ပြောမိလိုက်တာလဲ ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားမိလိုက်ပေ။ ဒါပေမဲ့ ဒီလိုလေး ပြောလိုက်ရတာကို ကျေနပ်သည်။

"ငါနဲ့အဘွားကို မင်းမမေ့ဘူးဆိုတာ ငါသိပါတယ် ခင်မုန်း။ မင်း သံယောဇဉ် မင်းရဲ့မေတ္တာတွေကို ငါတို့အပြည့်အဝ ရခဲ့ခံစားရတာပဲ၊ ဟန်ဆောင်မှုတွေမဟုတ်ခဲ့တဲ့အတွက် မင်းမမေ့သလို ငါတို့လည်း သတိရနေမှာပါ





ခင်မုန်း"

"အ အဘွားကို ဂရုစိုက်ပါ လင်းရောင်ထင်"

"ခင်မုန်း"

"အဘွားကို ငါ့အဘွားရင်းတစ်ယောက်လို ငါတကယ်ချစ်တာပါ၊ အဘွားလိုအပ်တာတွေ ငါအားလုံးလုပ်ပေးသွားချင်ပါတယ်၊ အဘွားဖြစ်ချင်တာတွေ ဖြစ်ခွင့်ရအောင် ငါဖြည့်ဆည်းပေးချင်တယ် ဒါပေမဲ့"

"ကညာဖြူ ပြန်ရောက်လာတာ မြန်တယ်လို့ပြောရမှာလား၊ ငါတို့တွေ သံယောဇဉ်တွယ်လောက်အောင် ဘာလို့ ဒီလောက်ကြာကြာနေခဲ့တာလဲလို့ အပြစ်တင်ရမှာလား မသိတော့ပါဘူး။ အမှန်အတိုင်း ဝန်ခံရရင် ကညာဖြူပြန်ရောက်လာတာ ငါမပျော်ဘူး။ မင်းထွက်သွားရမှာကို ငါဝမ်းနည်းနေမိတယ် ခင်မုန်းရယ်"

"လင်းရောင်ထင်ရယ်"

လို့ သူမနှုတ်သိမ့်ဖို့ အင်အားမရှိပါ။ သူမကိုယ်တိုင် အားအင်တွေမဲ့လျက် ဘယ်လိုဝေဒနာပါလို့ ထုတ်ဖော်ဝန်ခံဖို့ခက်နေရသည်။ အိမ်ထွေထောင်ရှင်တစ်ယောက်အပေါ် သူမဘာကြောင့် ယိမ်းယိုင်ရမှာလဲ။ အတူမနေလို့ လင်မယားအရာမမြောက်လည်း သူတို့ချင်းက လူသိရှင်ကြားလက်ထပ်ထားကြသူတွေမဟုတ်ပါလား။ ထိုအတွေးနှင့်တောင် သူမကိုယ်သူမ စက်ဆုပ်ရွံရှာသွားမိလေသည်။

"ငါ မနက်ကျရင် အဘွားနဲ့နှင့်ကို မုန့်ဟင်းခါးချက်ကျွေးခဲ့မယ် လင်းရောင်ထင်"

"ဟင်"

"အမှတ်တရပေါ့ဟယ်၊ ငါချက်ကျွေးတာတွေကို အဘွား မြိန်ရေယှက်ရေစားရင် ငါအရမ်းသဘောကျတာ၊ လူကြီးသူမပြောတဲ့ ရှေးဟောင်းနှောင်းဖြစ်အကြောင်းလေးတွေကိုလည်း နားထောင်ချင်တယ်၊ တမြိုင်မြိုင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ငယ်ကအကြောင်းတွေပြောနေတာ ချစ်စရာကောင်းတယ်မဟုတ်လား''

''ခင်မုန်းရယ် နင်က အဲဒီလိုဆိုပေမယ့် ကညာဖြူကတော့ အဲဒီလို ဟုတ်မှာမဟုတ်ဘူး။ ဆန့်ကျင်ဘက်ဖြစ်နေတဲ့အပြောင်းအလဲမှာ အဘွား ဘယ်လိုနေမလဲဆိုတာ ငါစိုးရိမ်တယ်''

''အဘွားက ကညာဖြူကိုချစ်တဲ့သူပဲ၊ ကညာဖြူဆိုးတာ အရင် တည်းက ခံနိုင်ခဲ့တဲ့သူဆိုတော့ ငါနဲ့ဆုံဆည်းခဲ့ရတဲ့အချိန်တွေကို မေ့မေ့ပျောက် ပျောက်ပဲ ဖြစ်သွားပါလိမ့်မယ်''

''ငါကတော့ မေ့နိုင်မယ်မထင်ဘူး''

''လင်းရောင်ထင်''

''ငါတကယ်ပြောတာ ခင်မုန်း၊ လူတွေက မေတ္တာ စေတနာအစစ် အမှန်ပဲလိုချင်ကြတယ်ဆိုရင် အဲဒီအထဲမှာ ငါပါပါတယ်၊ မင်းဆီက လူသား ဆန်တဲ့မေတ္တာတရားတွေကို ငါတစ်သက်လုံး ပိုင်ဆိုင်သွားချင်တယ်လို့ ဝန်ခံ ပါရစေ ဒါပေမဲ့''

''နင်က အိမ်ထောင်သည်တစ်ယောက်ပါ လင်းရောင်ထင်''

''အဲဒီစည်းကို ထိန်းသိမ်းထားသင့်တယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ တစ်သက်လုံးပြောခွင့်မကြုံတော့မှာစိုးလို့ ငါပြောလိုက်မိတာပါ၊ အဘွား ဆန္ဒကြောင့် လက်ထပ်ခဲ့ရတဲ့မိန်းမအပေါ်မှာ လင်မယားအရာမမြောက်အောင် ထိန်းသိမ်းနိုင်တယ်ဆိုပေမယ့်လည်း အဘွားအတွက်နဲ့ တစ်သက်လုံးသစ္စာ ရှိပေးရလိမ့်မယ်ထင်တယ်''

''လင်းရောင်ထင်ရယ်''

နားထဲမှာ နားထောင်နိုင်စွမ်းမရှိပေ။ အစတည်းက ကညာဖြူနှင့် ပတ်သက်ပြီး ဘယ်လိုနာကျင်မှုတွေရှိနေသည်ဆိုတာ သိနေခဲ့သည်မဟုတ် လား။ ဒီလိုပြည့်စုံချမ်းသာသည့်သူတွေမှာ ဒီလိုအခက်အခဲ အကျပ်အတည်း တွေရှိနေလိမ့်မည်ဟု မထင်မိပေ။





''ငါတို့ဝေးကြရတာ အဓိပ္ပာယ်ရှိပါတယ် လင်းရောင်ထင်၊ အစ တည်းက ပတ်သက်သင့်လို့ ပတ်သက်ခဲ့ကြတာမှမဟုတ်တာ၊ ငွေရေးကြေး ရေးနဲ့ အလုပ်လုပ်ခဲ့ကြတာပဲမဟုတ်လား။ သံယောဇဉ်ဆိုတာလည်း အချိန် ကာလလောက်နဲ့ အမြစ်မတွယ်သေးတာကြောင့် ကြာရင်မေ့ပျောက်သွားမှာပါ၊ အဘွားအတွက်ပဲဖြစ်ဖြစ် ဘာအတွက်ပဲဖြစ်ဖြစ် နင့်အိမ်ထောင်ရေးကို အဆင် ပြေအောင် နိုင်မြဲအောင်ကြိုးစားပါ၊ ကံကြမ္မာဆိုတာ လူတစ်ယောက်အတွက် ဘာဖြစ်သင့်တယ်ဆိုတာ ဖန်တီးပြီးသားပါ၊ ခင်မုန်းဆိုတဲ့ငါ့ကိုလည်း သူ့ဘဝနဲ့ သူနေဖို့ သတ်မှတ်ပြီးသားပါ''

''ငါတို့မြေးအဘွားကို သတိရနေမယ်ဆိုတဲ့စကားလေးတော့ ပြော သွားပေးပါဟာ''

ဒီရင်ကို မနာနာအောင်ပြောနေတာလားလို့ မေးလိုက်ချင်သည်။ အချစ်ဆိုတာ မခံစားဘူး၊ ယောကျ်ားလေးဆို ယင်ဖိုတောင်မသမ်းဘူးသေး သည့် ဒီရင်မှာအစွန်းအထင်း အမာရွတ်ကျန်အောင် လင်းရောင်ထင် ဘာ ကြောင့်လုပ်နေရတာလဲ။ သူမ ပြတင်းပေါက်မှ ခွာကာ ခရင်းဘတ်မှာလှဲ၍ မျက်လုံးကိုစုံမှိတ်ပစ်လိုက်သည်။ အရာအားလုံးကို မေ့ပျောက်နိုင်သရွေ့ မေ့ပျောက်ထားလိုက်ချင်သည်။

ဘာလို့များ ဒီလိုကိစ္စတွေ ကြုံလာရတာလဲ။ အရာအားလုံးဟာ မှောင်မိုက်နေသလို ခံစားရသည်။ ဘဝဟာ ဘာလို့များ ဒီလောက်နံ့ချာရ တာလဲမသိပေ။

နင့်ကိုငါ မချစ်သင့်ဘူး လင်းရောင်ထင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"မုန့်ဟင်းခါးဟင်းရည်နံ့လေးက မွှေးနေတာပဲ၊ မြေးမလေး ကညာ မုန့်ဟင်းခါးချက်နေတာလားကွဲ့"

အဘွားက မီးဖိုခန်းထဲဝင်လာကာ မေးသည်။ ခင်မှန်းက စားပွဲ ပေါ်မှာအားလုံးပြင်ဆင်နေရင်းက အားအင်မဲ့သောအပြုံးများဖြင့်

"အဘွားစားချင်နေမလားလို့ ချက်လိုက်တာ အဘွား၊ ဒီနေ့ သေချာကိုရှယ်ချက်ထားတာ"

"စားမှာပေါ့ ကညာလေးရယ်၊ အဘွားအကြိုက်ဆုံးက မုန့်ဟင်းခါး ထမင်းကလွဲရင် အဘွားစားချင်တာ မုန့်ဟင်းခါးပဲ၊ ဘယ်နချိန် ဘယ်နခါ ကျွေးကျွေး အဘွားကတော့ စားမှာပဲ၊ ဒါပေမဲ့ မြေးဝယ်ပေးတဲ့ဟိုဆိုင်က မုန့်ဟင်းခါးနဲ့ ကညာလေးချက်တဲ့မုန့်ဟင်းခါးလက်ရာပဲ ကြိုက်တယ်၊ အဘွား က ကြိုက်တယ်ဆိုတိုင်းမစားဘူး၊ လက်ရာတော့ ရွေးတယ်ကွဲ့. ကဲ စားလို့ ရပြီလား၊ အဘွားစားချင်နေပြီ"

"ရပြီအဘွား ရပြီ၊ ကညာပြင်ပေးပါ့မယ်"

အဘွားအတွက် အဘွားကြိုက်သော အိုးဘဲဥ ဘူးသီးကြော် နံနံပင်နှင့် သံပုရာသီးစိတ်လေးညှစ်ထည့်ကာ ပြင်ပေးလိုက်သည်။





"မြေးလေးရော ကညာ၊ မနိုးသေးဘူးလား"

"ဟုတ် ဟုတ်ကဲ့အဘွား၊ သူ မနိုးသေးလို့ ဆင်းမလာသေးတာ ထင်တယ်"

"ဟုတ်လား အရင်ဒီအချိန်ဆို နိုးနေပါပြီ၊ ညက စက်ရုံအလုပ် ကိစ္စတွေကြောင့် အိပ်ရာဝင်နောက်ကျသွားတာထင်တယ်၊ ဟုတ်လား က ညာ"

"ဟုတ် ဟုတ်ကဲ့အဘွား"

"အင်း လုပ်ငန်းကိုင်ငန်း စီးပွားရေးတွေလည်း အရင်လိုလုပ်မ ကောင်းတော့ပါဘူး၊ အခွန်အခကြေးငွေတွေ လျှပ်စစ်မီးမလုံလောက်တာတွေ ပြီးတော့ တစ်ခါဆန္ဒပြလို့ ကိုယ့်ဘက်ကလစာတိုးပေးလည်း ကုန်ဈေးနှုန်းက ထပ်တက်၊ တက်တော့ရတဲ့ငွေနဲ့ မလုံလောက်တော့ ဆန္ဒတွေထပ်ပြတောင်း၊ လစာကတိုးတော့မယ်ဆိုရင် ကုန်ဈေးနှုန်းကအရင်တက်နေတော့ လက်လုပ် လက်စား၊ တစ်နေ့ဝင်ငွေနဲ့တစ်နေ့လောက်အောင် စားနေရတဲ့သူတွေ ပိုပြီး ဒုက္ခရောက်တာပေါ့"

"ဟုတ်ကဲ့ အဘွား"

"အဘွားငယ်ငယ်က မပြည့်စုံတဲ့အချိန်တွေလည်း ရင်ဆိုင်ခဲ့ရဖူး တော့ ကိုယ်ချင်းစာပါတယ်ကွယ်၊ အဲဒီလိုဘဝက ရုန်းထွက်ဖို့ တော်တော် မလွယ်တာ၊ အဘွားတို့အဖေက တော်တော်ကြံ့ကြံ့ခံ ရင်ဆိုင်ပြီးကြိုးစားခဲ့ လို့သာ ဒီလိုဘဝနဲ့နေနိုင်တာလေ၊ အဆင်မပြေပါဘူးကွာ၊ လုပ်သလောက် လည်းမဖြစ်ပါဘူးဆိုပြီး စိတ်ဓာတ်ကျ စိတ်လျှော့၊ ဖြစ်သလိုကြုံသလိုနေ သောက်စားလောင်းကစားလုပ်တဲ့သူတွေအတွက်တော့ အဲဒီဘဝက ဘယ် ပြောင်းလဲတော့မှာလဲ"

"ဟုတ်ကဲ့ အဘွား"

"ဘဝပဲဖြစ်ဖြစ် မိဘကလည်း သားသမီး မြေးမြစ်နောင်ရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



သားသမီးတွေကလည်း မိဘအတွက်ဆိုပြီး မေတ္တာတွေနဲ့ ကြိုးစားရှန်း... ရှင်သန်ကြမယ်ဆိုရင်တော့ လောကဓံကို ခံနိုင်ကြမှာပါ''

''ဟုတ်ကဲ့''

''ကညာလေး''

''ရှင် အဘွား''

''မြေးမလေး ဒီနေ့ မျက်နှာလည်းမရွှင် စကားလည်းနည်းလှချည်လားကွယ်၊ ဘာဖြစ်လို့လဲ ကညာ နေမကောင်းဘူးလား။ ဟို ကိုယ်ဝန်မှာ ရှိချင်နေလို့လား''

''မ မဟုတ်ပါဘူး အဘွား ဘာမှမဖြစ်ပါဘူး''

ဒီအိမ်ကြီးက ထွက်သွားပြီး ဒီအိမ်ကလူတွေနှင့် ဝေးရတော့မည့် သူမ ဝမ်းနည်းဆို့နင့်ကာ စကားသံတွေတိတ်ဆိတ်နေခဲ့တာပါ။ မနက်စော ဟင်းချည်ထချက်ကတည်းက နောက်ဆုံးအနေနှင့်ပါလားဆိုသည့်အတွေး သူမ မျက်ရည်ကျနေခဲ့မိသည်။

အချိန်ကြာကြာအတူနေလျှင် သံယောဇဉ်ကြီးမားမိမှာစိုး၍ မြန်မြန် ထွက်ခွာခွင့်ရချင်နေသော သူမ စိတ်များက ဒီလောက်အချိန်တိုအတွင်း နှင့်သီးလေးနက်စွာ ခံစားရလိမ့်မည်ဟု မထင်မိပေ။

''ဩြော် မြေးလေး လာ အဘွားက မြေးဆင်းမလာသေးလို့ နေတာ''

လင်းရောင်ထင် ဝင်လာသည်နှင့် အဘွား ပျာပျာသလဲ ဖြစ်သွားသည်။ လင်းရောင်ထင်က ခုံဆွဲယူထိုင်ကာ ခင်မှုန်းမျက်နှာ တစ်ချက်ကြည့်သည်။

''ငါ့အတွက် မုန့်ဟင်းခါးတစ်ပွဲနဲ့ မုန့်ဖတ်သုပ်တစ်ပွဲလုပ်ပေး''

''ဟင် မြေးလေးက နှစ်မျိုးတောင်စားမလို့လား''

''သူ့လက်ရာက တစ်ခါနဲ့တစ်ခါ စားရဖို့က လွယ်တာမဟုတ်...





လေ''

''ဩြော် မြေးလေးစားချင်တဲ့အချိန်တိုင်း ကညာလေးကလုပ်ပေး မှာပေါ့ကွယ်၊ ဘာတွေများစိုးရိမ်နေတာလဲ''

''ဟို ဒီလိုပါပဲ ခဏခဏဆိုတော့ သူ ပင်ပန်းမှာစိုးလို့ပါ''

''အမယ်လေး သူ့မိန်းမကို ရင်သွေးတောင်မလွယ်ရသေးဘူး စိုးရိမ်နေတတ်လိုက်တာ၊ ရင်သွေးလွယ်ရရင် ဘယ်လောက်များဂရုစိုက်လိုက် မလဲ၊ အဘွားကတော့ မြစ်ကလေးချီချင်ပြီကွယ်၊ မြေးတို့ဆရာဝန်နဲ့တိုင်ပင် ပြီး ဆေးစစ်ကြည့်ကြဦးလေ၊ ဘိုးတော်သခင်ဆီကိုလည်း နောက်တစ်ခေါက် သွားရဦးမယ်၊ အဲဒါလေးကို အရေးတယူဂရုတစိုက်လေး လုပ်ကြည့်စမ်း ပါဦးကွယ်''

''ဟုတ် ဟုတ်ကဲ့ပါ အဘွား''

''လင်းရောင်ထင် ရပြီ''

လင်းရောင်ထင်ရှေ့ကို မုန့်ပန်းကန်များတိုးပေးလိုက်ပြီး သူမလည်း ထိုင်စားလိုက်သည်။ မထွေးအတွက်ပါ ထည့်ပေးထားပြီးသားမို့

''မထွေးလည်း ထိုင်စားလိုက်တော့လေ၊ မနက်စောကတည်းက ပင်ပန်းနေတာ''

''ဟုတ်သားပဲ မထွေး၊ ကညာလေးက အရင်လို မခွဲခြားဘဲ သဘောကောင်းနေတာ လာထိုင်စား မထွေး''

''ဟုတ် ဟုတ်ကဲ့ မမကြီး''

မထွေး မဝံ့မရဲလေး ဝင်ထိုင်ကာ ခင်မှုန်းကို မယုံမရဲလေးကြည့်ပြီးမှ ထိုင်စားသည်။ အဘွားက ပြုံးပြုံးကြီးနှင့်

''အိမ်အကူဆိုတာ မိသားစုစားဖို့သောက်ဖို့ ချက်ပြုတ်လုပ်ကိုင် ပေးနေတဲ့အတွက် မိသားစုဝင်ပဲကွဲ့၊ အခုလို ကညာလေးအဆင့်အတန်း မခွဲခြားတော့ ကညာလေးအရမ်းကို လူ့သားဆန်လာတယ်လို့ထင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အရင်ကဆို မထွေးကို စိတ်တိုင်းမကျဝိုင်း ပြောဆိုလုပ်ကိုင်နေတော့ မထွေးကိုအားနာပြီး အဘွားအရမ်းကိုစိတ်ဆင်းရဲခဲ့တာ၊ အခုတော့ အဘွားစိတ်ချမ်းသာတယ်၊ စား မထွေး ညည်းမမလေးရင်သွေးရရင်တော့ ပြုစုရမယ်နော်''

''ဟုတ်ကဲ့ပါ မေမေကြီး။ မမလေးမှာလေ အရမ်းကိုသဘောကောင်းလာတယ်နော်၊ မထွေးကိုလည်း အလုပ်တွေကူလုပ်တယ် ဆူလည်းမဆူတော့ဘူး''

''အေး အဲဒါကြောင့် ညည်းမမလေးကို ဂရုစိုက်လို့ပြောတာပေါ့ ကွဲ့''

''ဟုတ်ကဲ့ပါ မေမေကြီးရဲ့၊ အခုတလော မထွေးအလုပ်လုပ်ရတာ အရမ်းကိုစိတ်ချမ်းသာတာပါ၊ အရင်ကဆို မထွေးအလုပ်ထွက်ဖို့တောင် စဉ်းစားနေတာ၊ မေမေကြီးကိုသနားတာနဲ့ပဲ မထွက်ဖြစ်တာ''

မထွေးမှာလည်း ခံစားချက်တွေရှိခဲ့တာပဲလို့ တွေးလိုက်မိသည်။ ကညာဖြူ ပြန်ရောက်လာပြီဆိုတော့ အရင်လိုစိတ်မျိုးနဲ့သာဆိုလျှင် အဘွား ပြန်စိတ်ဆင်းရဲကြဦးမည်ထင်သည်။ သူမတွေးရင်းနှင့် စိတ်မထိန်းနိုင်တော့ မျက်ရည်တွေပင် ရစ်ဝိုင်းလာရ၏။ အဘွားက အကဲခတ်မိသလိုနှင့်

''မြေးရော ကညာလေးရော ဒီနေ့တစ်မျိုးပဲကွယ်၊ မြေးတို့ စိတ်ဖြစ်စကားများထားကြတာလား''

''ဟင် မဟုတ်ပါဘူး အဘွား။ ဘာမှမဖြစ်ကြပါဘူး''

''ကညာလေး အဘွားကိုပြောစမ်းကွယ်၊ ကညာလေး ဘာတွေ စိတ်ဆင်းရဲစရာရှိနေလဲ၊ အဘွား ဘာလုပ်ပေးရမလဲ''

''တာ ဘာမှမလုပ်ပေးရပါဘူး၊ ရပါတယ် အဘွား''

''မြေးနဲ့စကားမများကြတာရော သေချာရဲ့လား''

''သေချာပါတယ် အဘွား''





''အဘွားကလေ မြေးနဲ့ကညာလေး အရင်လို တင်းတင်းမာမာ ဆက်ဆံရေးမျိုးမဟုတ်ဘဲ ခေါ်ခေါ်ပြောပြော နွေးနွေးထွေးထွေးလေးရှိလို့ ရင်သွေးလေးရဖို့ကို မျှော်လင့်နေတာ၊ မြင်ရတာ စိတ်ထဲလည်း ကြည်နူးတယ်၊ ဘာလို့ ဒီနေ့ကျမှ စကားနည်းပြီး မျက်နှာမကောင်းဖြစ်နေကြတာလဲ''

''ဟိုလေ အဘွား နေ့လည်စာ ဘာစားချင်လဲဟင်၊ ငါးပိရည်ကျို စားဦးမလား''

''ဟင် ကောင်းတာပေါ့ ကညာရဲ့၊ နေ့တိုင်းချည်းဆို ကညာလေး စိတ်ပျက်မလားလို့ အဘွားမပြောတာ၊ အဘွားကတော့ ငါးပိရည်ပါရင် အမင်းပိုဝင်တာပေါ့ကွယ်''

''အဲဒါဆို နေ့လည်စာအတွက် ငါးပိရည်တစ်ခွက်ပိုလုပ်လိုက်မယ်နော် အဘွား''

''အေးအေး ကညာလေး။ မုန့်ဟင်းခါးကလည်းစားကောင်းနဲ့ ဒီနေ့တော့ သွေးကျဆေးလေးသောက်ထားဦးမှ''

''ကညာ အခုဆေးသွားယူလိုက်ရမလား အဘွား''

''နေပါဦးကွယ် ပြီးမှ အဘွားဖြည်းဖြည်းသောက်မှာပေါ့''

လင်းရောင်ထင်က အသုပ်တွေ မုန့်ဟင်းခါးတွေ ခေါင်းငုံ့စားနေရင်းက

''သားလည်း ဒီနေ့စက်ရုံမသွားတော့ဘူး အဘွား''

''ဟင် ဘာဖြစ်လို့လဲ မြေးလေး''

''ဘာမှမဟုတ်ပါဘူး သားနားချင်လို့ပါ''

''ဪ စက်ရုံကဖြစ်ရင် နားပေါ့ကွယ်၊ ကိုယ့်အလုပ်ပဲ ဘယ်သူက ဘာပြောမှာလဲ''

''ဟုတ်ကဲ့ အဘွား''

သူ့စိတ်ထဲ ခင်မှန်းနှင့်အတူနေခွင့်ရသလောက်နေချင်လို့ပါ။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဘယ်တော့မှ ဒီလိုအခွင့်အရေးရှိတော့မှာမဟုတ်ပေ။ မုန့်ပွဲတွေစားပြီး တော့ မထွေးကို ကူညီကာ ခင်မုန်းက အားလုံးသိမ်းဆည်းရှင်းလင်းပေးသည်။ အဘွားက ကျေနပ်နေသောအပြုံးဖြင့် ညည်းခန်းဘက်ထွက်သွား၏။

"ကညာ မင်းတို့ဘာလုပ်မှာလဲ၊ ငါလည်း ကူလုပ်မယ်လေ"

"နေပါစေ နင်က အဘွားနဲ့သွားစကားပြောပါ"

"ဟင့်အင်း ဒီထဲမှာပဲ တစ်ခုခုလုပ်ပေးပါမယ်"

"ဟိုတစ်ခါလို ဘာမှမလုပ်တတ်ဘဲ ယောင်ဝါးဝါးနဲ့လား"

"မဟုတ်ပါဘူး ငါလုပ်တတ်မယ့်ဟာနိုင်းပေါ့"

"ဒါဆို ကြက်သွန်ဖြူနွှာ"

"အင်း အဲဒါတော့ လုပ်တတ်ပါတယ်"

တစ်ခန်းထဲမှာဖြစ်နေပေမယ့် အသံတွေကတော့ တိတ်ဆိတ်နေသည်။ ဝေးရတော့မည်ဆိုသည့်အတွေး၊ ဒီနေ့က နောက်ဆုံးတွေ့ရမည့်ညသောအသိများကြောင့် သိုသိပ်စွာမျက်ရည်ဝဲနေမိကြ၏။ ညနေဘက်ကစပြီး ခင်မုန်းကို အပြင်လိုက်ပို့ကာ အပြန်မှာ ကညာဖြူကိုပြန်ခေါ်လာရတော့မည်။

"ခင်မုန်း မင်းဘာလုပ်နေတာလဲ"

ခင်မုန်း မီးဖိုခန်းထဲကနေ အပြင်ထွက်သွားလို့ သူ လိုက်လာတာပါ။ အဘွားကညည်းခန်းထဲမှာမရှိဘဲ အပြင်ရောက်နေဟန်တူသည်။ ခင်မုန်းက အဘွားအခန်းရဲ့အပြင်ဘက်မှာ ကျုံ့ကျုံ့လေးထိုင်ကာ အခန်းထဲမှာရှိနေသည့် အဘွားကို မှန်းဆကာဦးချကန်တော့နေ၏။

ခင်မုန်း ပခုံးလေးကို ဆွဲထူကာ မေးလိုက်တော့ ခင်မုန်းမျက်ရည် လေးဝဲလျက် ညည်းခန်းဘက်ကိုထွက်သွား၏။ သူနောက်ကလိုက်လာလျှင်

"ဘာဖြစ်တာလဲ ခင်မုန်း၊ အဘွားအခန်းထဲဝင်တာလည်း မဟုတ်ဘူး"

"ငါမသွားခင် အဘွားကိုကန်တော့ချင်လို့ပါ လင်းရောင်ထင်ရယ်





ဒီအောင်ကန်တော့ရင် ဘာဖြစ်လို့လဲဆိုတာမျိုးနဲ့ သံသယဝင်သွားမယ် မဟုတ်လား"

"ခင်မုန်းရယ် မင်းဒီအတိုင်းကြီး ပစ်စလက်ခတ်ထွက်မသွားရက် ဘူးမဟုတ်လား။ ငါ့ရင်ထဲလည်း ဘယ်လိုမှ မနေသာဘူး ခင်မုန်း၊ မင်းကို သွားပါနဲ့လို့ဆွဲထားလို့လည်း မဖြစ်နဲ့ ငါတကယ်ကို"

"မတွေးပါနဲ့ ငါ့အတွက်မတွေးပါနဲ့၊ ငါဒီကထွက်သွားလိုက်တာနဲ့ ဘာမှမဆိုင်တော့တဲ့သူစိမ်းတွေပါ၊ အကျိုးအကြောင်းရှိလို့ ခဏတာလေး ဆက်သက်ခဲ့ရတာ"

"အဲဒီခဏတာပတ်သက်မှုက တစ်သက်လုံးမမေ့နိုင်တော့မယ့် အမှတ်တရတွေပါ၊ မင်းက ငါတို့မြေးအဘွားနှစ်ယောက်လုံးကို ပျော်ရွှင်မှုတွေ ငြိမ်းချမ်းသာမှုတွေ ပေးနိုင်ခဲ့တယ်၊ ငါ့ကိုချစ်တတ်လာအောင်"

"လင်းရောင်ထင် အိမ်ထောင်သည်တစ်ယောက် မပြောသင့်တဲ့ စကားကို မပြောပါနဲ့၊ ငါ့ကိုစော်ကားသလိုဖြစ်နေပြီ"

"ဆောရီးပါ ခင်မုန်း၊ ဒါပေမဲ့ ငါ့ရင်ထဲမှာ ဘယ်လိုမှထိန်းချုပ်လို့ မရဘူးဟာ၊ အချစ်ဆိုတာကို မင်းနဲ့တွေ့မှ ခံစားဖူးတာပါ၊ ကျိန်ပြောဝံ့ပါတယ်၊ အရာရာတွေက ဆန်းကြယ်လွန်းလို့ ဘယ်လိုတွေးရမှန်းတောင် မသိတော့ဘူး"

"တွေးလို့မရတာကို မတွေးပါနဲ့၊ လက်တွေ့ကိုပဲ ယောကျ်ားကောင်းပီသစွာ သစ္စာရှိစွာနဲ့ ရင်ဆိုင်လိုက်ပါ၊ နင် ဒီလောက်သွေးပျက်နေရင် အဘွား ဘယ်လိုလုပ်မလဲ၊ အဘွားက နင့်ကိုအမှီပြုပြီး ကညာဖြူကို ဘယ်လောက်တောင်ချစ်တယ်ဆိုတာ နင်သိပါတယ်၊ တခြားမိန်းကလေးကို ဘယ်လိုနည်းနဲ့မှ ကညာဖြူနေရာမှာ အစားထိုးချစ်မှာမဟုတ်ဘူး၊ လောကမှာ ဖြစ်သင့် ဖြစ်သင့်တဲ့အရာဆိုတာတွေ ရှိတယ်၊ နင်ရောငါရောက အသိတရားရှိတဲ့သူတွေပါ၊ ကိုယ်ကျင့်တရားနဲ့ ဆင်ခြင်တုံတရားတွေရှိကြတဲ့ယယ်၊



www.burmeseclassic.com

အဲဒီအတွက် ကိုယ့်စိတ်ကိုယ်ထိန်းချုပ်နိုင်ကြရမှာပေါ့ဟာ မဟုတ်ဘူးလား"

လင်းရောင်ထင် လေးလံစွာခေါင်းညိတ် မချိတရိပြုံးသည်။

"တစ်ခါတလေကျတော့လည်း အဲဒီကိုယ်ကျင့်တရားတွေ ဆင်ခြင်တုံတရားတွေ ဂုဏ်သိက္ခာတွေမရှိတဲ့သူတစ်ယောက် ဖြစ်ချင်တယ်၊ ကိုယ်လုပ်ချင်တာကိုယ်လုပ်၊ ကိုယ်ဖြစ်ချင်တာဖြစ်အောင်လုပ်ပစ်လိုက်တာမျိုးပေါ့ ထိန်းသိမ်းဆင်ခြင်ရတာ အရမ်းကိုပင်ပန်းတယ်၊ ဒါပေမဲ့ ခင်မုန်း မင်းက အဲဒါမျိုးကို မကြိုက်ဘူးမဟုတ်လား"

"ဟုတ်တယ် နင့်ကိုယောက်ျားပီသလို့ မိန်းကလေးတစ်ယောက်နဲ့ တစ်ခန်းထဲအတူနေတာတောင် အခွင့်အရေးမယူတတ်တဲ့စိတ်နဲ့တောင် မပြစ်မှားတတ်လို့ ငါ အထင်ကြီးလေးစားမိတာ၊ ယောက်ျားတွေဆိုတာ ဆိတ်ကွယ်ရာမရှိ အမှားအယွင်းနဲ့နေတတ်ကြတယ်မဟုတ်လား၊ လူဆိုတာ အတိုင်း လူမဟုတ်ကြပါဘူး၊ တိရစ္ဆာန်စိတ်နဲ့လူလို့ အမည်ခံနေကြတဲ့သူတွေက များတယ်၊ ငါကတော့ လူကလူလိုကျင့်ကြံနေထိုင်ပြီး လူစစ်စစ်ဖြစ်ဖို့ ကြိုးစားရတာ မလွယ်ဘူးလို့ထင်တာပဲ၊ အဲဒီထဲကလူနဲ့တူတဲ့သူကို လေးစားမိတယ်"

"မင်းစိတ်ကိုလည်း ငါလေးစားမိပါတယ် ခင်မုန်း၊ အခုခေတ်ကြီးမှာ တချို့သောမိန်းကလေးအများစုက အိမ်ထောင်သည်ဖြစ်ဖြစ် ကလေးတစ်နှစ်ယောက်အဖေဖြစ်ဖြစ် ကြိုက်ရမှာဝန်မလေးဘူး၊ ကိုယ့်မှာလင်သားရှိရှိ သားသမီးရှိရှိ အိမ်ထောင်ရေးဖောက်ပြန်ရမှာဝန်မလေးဘဲ မင်းပြောသလို တိရစ္ဆာန်စိတ်တွေဝင်နေကြတာ၊ အပျော်အပါးမက်ပြီး ကိုယ်ကျင့်သိက္ခာဆိုတာ ဘာမှန်းမသိကြတော့ဘဲ မိဘကိုမိဘမှန်းမသိ သားသမီးကို သားသမီးမှန်းမသိဖြစ်နေကြတာ၊ မင်းကတော့ အရမ်းကိုတန်ဖိုးရှိတဲ့မိန်းကလေး ခင်မုန်း၊ ဒီတန်ဖိုးတွေက ငါ့ရင်ကိုလှုပ်ခတ်စေတာပါ၊ ဒါပေမဲ့လည်း မင်းကို ငါတန်ဖိုးထားဖို့ အခွင့်အရေးမရှိတော့ပါဘူး ခင်မုန်းရယ်"





ရင်မှာဒဏ်ရာအဖြစ် ကျန်ရစ်နေစေမည့်စကားတွေပါ။ သူမလည်း လင်းရောင်ထင်ကို ကိုယ်ကျင့်တရားတွေ ဆင်ခြင်တုံတရားတွေ ဂုဏ်သိက္ခာတွေကိုထည့်မတွေးဘဲ မိုက်ရူးရဲဆန်ဆန်နေလိုက်ဖို့ စိတ်ကူးလိုက်ချင်သည်။

ဒါပေမဲ့ လူဆိုတာ မလုပ်သင့်တာကို မလုပ်မိအောင်နေရမှာပဲ မဟုတ်လား။ လူဖြစ်ရခက်ခဲတဲ့ ဒီဘဝမှာ လူနဲ့တူအောင်တော့ နေရမှာမဟုတ်လား။ နင့်စကားတွေကြောင့် ဒီရင်မှာနာကျင်ရတာ အချစ်ကြောင့်များလား လင်းရောင်ထင်ရယ်။ ငါတို့ဘဝတွေက ပေါင်းစပ်ဖို့အစတည်းက စည်းတွေခြားခဲ့ပြီးသားပါ။ သူမ လင်းရောင်ထင်ကို မျက်နှာလွှဲလိုက်သည်။

မပြတ်သားလျှင် ဝေဒနာတွေ ပိုပြင်းထန်မှာစိုးလို့ပါ။ နေရစ်ခဲ့တော့လို့ မထားရက်ခဲ့ပေမယ့် ပတ်သက်စရာအကြောင်းအရင်းတွေမှ မရှိတော့တာ။ နင်လွမ်းသလောက်တော့ ငါလည်းလွမ်းတတ်ပါတယ် လင်းရောင်ထင်၊ ဒါပေမဲ့ အဲဒီအလွမ်းတွေက တရားမဝင်ဘူးလေ။

ဘောင်မဝင်အလွမ်းတွေနဲ့ ဒီရင်မှာကျွမ်းသည်။ သက်ဆိုင်သူမှ မဟုတ်တာ။ ခပ်စိမ်းစိမ်းလေး ကြေကွဲရုံပေါ့ လင်းရောင်ထင်ရယ်။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၉)

"သမီးပြန်လာပြီ အမေတို့ကို လစာလာအပ်တာလား သမီး"

"မဟုတ်ဘူး အမေ အပြီးပြန်လာတာ"

"ဟင်"

"ဘယ်လိုဖြစ်လို့လဲ သမီး"

အဖေရော အမေရော အံ့အားသင့်စွာမေးကြသည်။ သူမက ငွေငါးသိန်းတစ်အုပ်နှင့် သိန်းငါးဆယ်တစ်ထုပ်ကို အမေတို့ရှေ့ချပေးလိုက်၏။

"ခင်မှန်းရလာတဲ့ငွေပါ။ လစာအတွက်က ငါးသိန်း၊ အဘွားကျန်းမာရေးကောင်းသွားတဲ့အတွက်က သိန်းငါးဆယ်ပေးလိုက်ပါတယ်"

"ဒီလောက်လေးငါးလအချိန်လေးနဲ့ ဒီလောက်ငွေတွေပေးလိုက်တာလား ဟုတ်ရောဟုတ်ရဲ့လား သမီးရယ်"

"အစတည်းက ခင်မှန်း စာချုပ်စာတမ်းနဲ့အလုပ်ဝင်ခဲ့တာပါ။ သူတို့ ဒီလောက်ပေးထားမယ်ပြောလို့ပေးလိုက်တာပါအမေ"

အဖေတို့ ငွေထုပ်ကိုမယူရဲသေး။ မဝံ့မရဲဖြင့် သူမမျက်နှာကို အကဲခတ်၍





"သူတို့က နှင်ထုတ်လိုက်တာများလား သမီးမျက်နှာက ဘယ်လိုဖြစ်နေတာလဲ"

"ဘာမှမဟုတ်ပါဘူး အမေ၊ သူတို့နှင်ထုတ်လိုက်တာလည်း မဟုတ်ပါဘူး"

"ဒါဆို သမီးဘာဖြစ်နေတာလဲ"

"ပြုစုခဲ့ရတဲ့အဘွားအတွက် စိတ်မကောင်းဖြစ်မိလို့ပါ အမေ"

"ဩော် လက်ပွန်းတတီးနေခဲ့ရတော့ သံယောဇဉ်ဖြစ်မှာပေါ့၊ ဒါပေမဲ့ အလုပ်လုပ်တာပဲကွယ် သိပ်တော့မခံစားပါနဲ့"

"အလုပ်လုပ်တိုင်း သံယောဇဉ်မထားရဘူးတော့ ဘယ်ဟုတ်မလဲ သားခင်ရဲ့၊ အနီးကပ်ပြုစုစောင့်ရှောက်ရတယ်ဆိုတော့လည်း သံယောဇဉ်တော့ရှိမှာပေါ့၊ ဒါနဲ့ လူတူမရှား နာမည်တူမရှားပြောကြတာ မှန်မယ်ထင်တယ် သမီးရဲ့ အခုသမီးရဲ့ဆံပင်ပုံစံနဲ့ မိန်းကလေးကို အဖေတို့ ဟိုရက်က ဘိုးတော်အိမ်သွားတွေ့ခဲ့ကြတယ်ကွဲ့"

"ဟုတ်သား သမီးကိုပြောဖို့ အမေမေ့နေတာ အဲဒီမိန်းကလေးက လေ မျက်မှန်နဲ့အတိုအပြတ်ဝတ်တာကလွဲရင် သမီးနဲ့တော်တော်တူတာ၊ ဒါပေမဲ့ သူကတော့ သူဌေးစတိုင်ပေါ့ကွယ်၊ အတူလာတဲ့အဘွားကြီးကလည်း တော်တော်ချမ်းသာမယ့်ပုံပဲ၊ ဘာတဲ့ အဲဒီကလေးမလေးကို အဘွားကြီးခေါ်လိုက်တာ အဲ ကညာဖြူဆိုလားပဲ"

တခြားအချိန်ဆို အမေတို့ပြောတာနားထောင်ပြီး သူမ ပြုံးမိမလား မသိပေမယ့် အခုတော့ သူမ ပြုံးရယ်ချင်စိတ်မရှိပေ။

"ခင်မှန်းနားလိုက်ဦးမယ် အမေ၊ ငွေတွေက ခင်မှန်းလုပ်အားခငွေပါ၊ အမေတို့လိုတာသုံးပါ၊ ပိုရင်အမေတို့နာမည်နဲ့ပဲ ဘဏ်မှာထည့်ထားလိုက်ပါ"

"သမီးလည်းသုံးလေ သမီးရယ်၊ ဒီလောက်အများကြီး အမေတို့



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ရမှာလဲ''

''ကုသိုလ်ဒါနလေးလုပ်ပေါ့ အမေ။ မရှိလို့ချို့တဲ့လို့ ဝေမျှစားနေရလို့ ပေါပေါများများ ပိုပိုလျှံလျှံမလှူခဲ့ရဘူးမဟုတ်လား။ မရှိလို့မလှူ မလှူလို့ မရှိမဖြစ်ရအောင် ရှိတုန်းလေးလှူလိုက်ပါ၊ ငွေတွေကုန်ရင်လည်း ကုန်သွားပါစေ၊ နောက်ထပ် ဒီလိုအခွင့်အရေးမျိုးဆိုတာ ထပ်ရှိတော့မှာမဟုတ်ဘူး အမေတို့နောက်ဘဝအတွက် ကုသိုလ်ဒါနလုပ်ပြီး သယ်သွားလိုက်ပါ အမေ''

ပြောပြီး အိမ်ခန်းဘက် သူမထလာခဲ့လိုက်သည်။ နောက်ထပ် ဒီလိုအခွင့်အရေးမရှိတော့ဘူးဆိုတာ အမှန်ပဲမဟုတ်လား။ သူမ ဒီငွေတွေကို မမက်မောပါ။ လူတစ်ယောက်ရဲ့စေတနာမေတ္တာဆိုတာ ငွေကြေးနှင့် တိုင်းတာလို့မရဘူးမဟုတ်လား။

ဒါပေမဲ့ အမေနှင့်အဖေကို စောင့်ရှောက်ဖို့လိုတာကြောင့် မယူလို့မဖြစ်တာကြောင့် ယူခဲ့ရသည်။ တကယ်ဆို အဘွားနှင့်လင်းရောင်ထင်ရဲ့ မေတ္တာတွေရခဲ့ပြီမို့ ဒီငွေတွေကို လုံးဝမယူချင်ခဲ့ပေ။

အခုအိမ်ပြန်ရောက်လာကာ သူမဘဝက အရင်ကနှင့်မတူတော့သလိုပင်။ အချစ်တွေ မေတ္တာတွေကြောင့် တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်းတွေဝေပြီး ဘာမှမလုပ်ချင်မကိုင်ချင် ဖြစ်နေရသည်။

ဒီဘဝမှာ ဆုံဆည်းဖို့လည်းမဖြစ်တော့ပါဘဲနှင့်။

■ ■ ■



အခန်း (၃၀)

''ဒါတွေက ဘာလုပ်ထားတာလဲ၊ ဟင်းခွက်လေး ဒီလောက်နဲ့ ဘယ်လိုစားမလဲပြော၊ ငါးပိရည်နဲ့ကလည်း ဆိုးလိုက်တာ၊ ဒါတွေသွားသွန်ပစ်လိုက်စမ်း''

''ဟင်''

အပြောင်းအလဲမြန်လွန်းတာကြောင့် မထွေး အံ့ဩသွားကာ ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ စားပွဲပေါ်က တခြားရှင်းစရာရှိတာရှင်းပြီး ငါးပိရည်ကို မသွန်ရက်ဘဲဖြစ်နေသည်။

''မထွေး ငါပြောတာမကြားဘူးလား။ ငါးပိရည်ခွက်ကိုသွန်လိုက်လို့''

''ဟို ဘယ် ဘယ်လိုဖြစ်တာလဲ မမလေးရယ်၊ မနက်ကမှ မေမေကြီးအတွက်ဆိုပြီး မမလေးကိုယ်တိုင် လုပ်ပေးထားတာလေ၊ မမလေးလည်း ငါးပိရည်ကျိုတဲ့နေ့ဆို ထမင်းတွေအများကြီးစားတာမဟုတ်လား''

''နင်ငါ့ကို ဘာတွေလျှာရှည်နေတာလဲ မထွေး။ ငါက သွန်ဆိုသွန် မှောက်ဆိုမှောက် နာခံရမှာ နင့်ဝတ္တရားမဟုတ်လား၊ ခိုင်းတဲ့အတိုင်းမလုပ်ရင် လက်ပါလာမယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်ကဲ့ပါ မမလေး"

မထွေး ကြောက်ကြောက်ရွံ့ရွံ့နှင့် အမှိုက်ပုံးထဲ ငါးပိရည်တွေ သွန်ပစ်လိုက်ရသည်။ ထိုအချိန်မှာ အဘွားက မီးဖိုခန်းထဲဝင်လာပြီး

"ဟော ကညာလေးတောင် ထမင်းစားဖို့ရောက်နေပြီလား အဘွားလည်း နေ့လယ်က ငါးပိရည်လေးနဲ့စားတာ ထမင်းစားကောင်းလွန်းလို့ အခုလည်း ဗိုက်ဆာလာတာနဲ့ ထွက်လာတာ၊ မထွေးရေ ထမင်းပွဲပြင်တော့ကွယ်"

"ဟုတ် ဟုတ်ကဲ့ အဘွား"

အဘွားအတွက် မထွေး ထမင်းပွဲပြင်ပေးသည်။ ဟင်းကတော့ ဆိတ်ကလီစာတစ်ခွက်နှင့် ဘူးသီးကြက်သားအရည်သောက်တစ်ခွက်သာ ရှိသည်။ အဘွားက ဟင်းခွက်တွေကိုကြည့်၍

"နေ့လယ်က ငါးပိရည်တွေအများကြီး ကျန်ပါသေးတယ်ကွဲ့ ဘယ်ရောက်သွားလဲ မထွေး"

"ဟို ဟို"

"ကညာ သွန်ခိုင်းလိုက်တာ အဘွား၊ အနံ့မခံနိုင်လို့"

"ဟင် နေ့လည်ကတောင် ကညာလေး အားရပါးရ စားနေသေးတယ်၊ ဘယ်လိုဖြစ်လို့လဲ ကညာလေး"

"မသိဘူး အဘွား၊ အခု ကညာအနံ့မခံနိုင်ဘူး ဖြစ်နေတယ်"

"ဒါဆို သေချာပြီ ကိုယ်ကြိုက်တဲ့အစားအစာတွေ အနံ့မခံနိုင်တာ ပျို့အန်တာတွေဖြစ်လာပြီဆိုရင် ကိုယ်ဝန်ရှိလို့ ဝမ်းကြီးနာစွဲတာလို့ပြောကြတယ်ကွဲ့၊ ကိုယ်ဝန်ရှိလားမရှိလား စမ်းသပ်စစ်ဆေးကြည့်ပါဦးလား"

"အို မဖြစ်နိုင်ပါဘူး၊ ကညာ အစတည်းက ငါးပိရည်နံ့ဆို ကြိုက်လည်းမကြိုက်ဘူး၊ အနံ့လည်းမခံနိုင်ဘူး"

"ဟင်"





အဘွားအံ့အားသင့်သွားတာကို ကညာဖြူ ဂရုမစိုက်။ မထွေးကို မျက်လုံးလေးပြူး မျက်နှာကြောတင်းတင်းနှင့် စိုက်ကြည့်ကာ

"နောက်ဘယ်တော့မှ ငါးပိရည်မကျိုနဲ့ မထွေး၊ ငါ ထမင်းစားရင်လည်း ဟင်းခွက်နည်းတာမျိုးမဖြစ်စေနဲ့၊ အခု ရေခဲသေတ္တာထဲမှာ အသားချောင်းနဲ့ အသီးအရွက်တွေရှိတယ်မဟုတ်လား၊ အဲဒါကြော်လိုက်၊ ပြီးရင် ငါးသေတ္တာလည်းသုပ်၊ နောက်နေ့ ဒီပုံစံမျိုး မမြင်ချင်ဘူးနော် ပြောတာကို မှတ်ထား"

"ဟုတ်၊ ဟုတ်ကဲ့"

မထွေးလည်း မျက်လုံးပြူးကလယ်လေးနှင့် အံ့ဩကာ ပျာပျာသလဲလုပ်စရာရှိတာလုပ်နေရသည်။ အဘွားက အကောင်းမြင်စိတ်နှင့် ကိုယ်ဝန်ရှိလို့ စိတ်ပြန်ဆတ်လာသည်ထင်နေသော်လည်း ဟိုအရင်အပြုအမူတွေပြန်ပေါ်လာ၍ အံ့ဩနေမိလေသည်။

လတ်တလော ချက်ချင်းကြီး ပြောင်းလဲသွားစရာအကြောင်းမရှိဘူးလို့ ထင်နေတာပါ။ ဒါကို မီးဖိုခန်းပေါက်ဝကနေ အစအဆုံး မြင်တွေ့နေရသော လင်းရောင်ထင်က စိတ်ထဲဘဝင်မကျကာ ကညာဖြူလက်ကိုဆွဲကာ အပြင်ခေါ်ထုတ်လာခဲ့သည်။

"လာ ကညာဖြူ မင်းနဲ့စကားပြောစရာရှိတာ"

"ဖယ်စမ်းပါ နင် ငါ့လက်ကိုမကိုင်ပါနဲ့"

"မင်းလက်ကို ကိုင်ချင်လို့ ကိုင်တာမဟုတ်ဘူး ကညာဖြူ၊ မင်းကို ပြောစရာရှိလို့ ခေါ်ထုတ်လာတာ"

"နင်က ဘာပြောမှာလဲ၊ အရေးတယူ"

"အရေးတယူပြောမှဖြစ်မယ့်စကားရှိလို့ပေါ့ ကညာဖြူ၊ မင်း အဲဒီလိုတွေလုပ်လို့ မဖြစ်ဘူး"

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း သောင်းကြမ်းနေတာလေ၊ အရင်ကပုံစံမျိုးတွေ လာမချိုးနဲ့တော့ ကညာဖြူ၊ မင်းမရှိခင်အချိန်လေးမှာ ခင်မုန်းကြောင့် အရာရာက ပြောင်းလဲသွားတယ်၊ ခင်မုန်းရဲ့နားလည်မှု နွေးထွေးမှု မေတ္တာစေတနာတွေကြောင့် အဘွားရော ငါရော မထွေးရော ပျော်ရွှင်ရတယ် စိတ်ချမ်းသာရတယ် မင်းလိုအော်ဟစ်သောင်းကြမ်း မာန်မာနထက် မောက်မာနေတာမဟုတ်တဲ့အတွက် အားလုံးစိတ်သက်သာကြည်နူးရတယ်"

"အဲဒါကညာဖြူစတိုင်မှမဟုတ်တာ၊ ငါက ဘာလုပ်ရမှာလဲ၊ ငါက နဂိုတည်းက ဒီအတိုင်းနေခဲ့တာ၊ နင်မသိဘူးလား လင်းရောင်ထင်၊ ငါ့မှာ ဟန်ဆောင်မှုတွေမရှိဘူး၊ ကိုယ်စားချင်တာစားမယ် ကိုယ်နေချင်သလိုနေမယ် လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းပဲ"

"လူနဲ့တူအောင်နေတတ်ဖို့လည်း လိုသေးတယ် ကညာဖြူ"

"ဘာ"

"မင်းနားကြားမလွဲလောက်ပါဘူး၊ အရင်တုန်းက မင်းကိုဘာမှ မပြောခဲ့တာ အဘွားစိတ်ချမ်းသာဖို့အတွက်၊ အေး အခုလည်း အဘွားစိတ်ချမ်းသာဖို့အတွက်ပဲ ခင်မုန်းလို မေတ္တာတွေအပြည့်အဝမပေးနိုင်တောင် ဥပေက္ခာပြု ကလန်ကဆန်လုပ်ဖို့မစဉ်းစားပါနဲ့"

"ဩော် နင်က ဟိုမိန်းမနဲ့ငါ့ကို ခိုင်းနှိုင်းပြောနေတာပေါ့၊ ငါက သူ့လိုအောက်တန်းစားမဟုတ်တဲ့အတွက် နင်တို့မြေးအဘွားကို အောက်ကျ နောက်ကျခံပြီးတော့ နေမှာမဟုတ်ဘူး လင်းရောင်ထင်၊ ငါ့ဒီဗိုင်း ငါ့ကာမှိုက် တာနဲ့ ငါနေချင်သလိုနေမှာ"

"အဲဒါဆိုရင်တော့ မင်းရဲ့အရင်စရိုက်တွေကို ငါလက်မခံနိုင်ဘူး ကညာဖြူ"

"နင်က ခင်မုန်းဆိုတဲ့မိန်းကလေးရဲ့အကျင့်စရိုက်တွေကို နှစ်သက် သွားလို့လား"





"လူဆိုတာ မကောင်းတာ ကောင်းတာ ခွဲခြားတတ်တာပဲကွ၊ ကောင်းတာကိုပဲ ကြိုက်တာ မှားသလား"

ကညာဖြူ နှုတ်ခမ်းကိုမဲ့၍ ပခုံးကိုလှုပ်ကာ မခိုးမခန့်ဖြင့်ရယ်သည်။

"ဟင်း ဟင်း လင်းရောင်ထင် လင်းရောင်ထင် ခဏတာလေး တတ်သက်လိုက်ရတဲ့ခင်မုန်းကို ငြိတွယ်သွားပြီပဲ"

"အဲဒီစကားလုံးက ညစ်ပတ်ပါတယ် ကညာဖြူ၊ သူက နူးညံ့တဲ့ မေတ္တာတွေပေးတတ်လို့ ငါတို့မြေးအဘွားတောင့်တတတ်သွားတာ"

"ငါကတော့ မပေးတတ်ဘူး၊ နင်တို့သူ့မှသူ လိုအပ်နေတာဆို ရင်တော့ အဲဒီခင်မုန်းကို ပြန်ခေါ်လိုက်လေ"

"ဘာ"

"ဒါပေမဲ့ အဲဒီမေတ္တာတရားတွေ ပေးသွားတဲ့သူက ငါဆိုတဲ့ ကညာဖြူမဟုတ်ဘူး၊ ခင်မုန်းပါဆိုတာတော့ အဘွားကို နင်ပြောပြရလိမ့်မယ်"

"ကညာဖြူ မင်း ဒီ ဒီကိစ္စအဘွားသိလို့မဖြစ်ဘူးနော်၊ အဘွားက မင်းကိုဘယ်လောက်တောင် ချစ်လိုက်သလဲ၊ ခင်မုန်းကိုလည်း မင်းအမှတ်နဲ့ အရမ်းကိုချစ်ခဲ့တာ၊ နူးညံ့သိမ်မွေ့မှုတွေကို နိုင်ငံခြားကပြန်လာမှ အတော် လေးပြောင်းလဲလာတာဆိုပြီး ဝမ်းသာပြီးပျော်နေခဲ့တာ ကညာဖြူ၊ မင်းအနေနဲ့ လည်း အဘွားမေတ္တာတွေထောက်ထားပြီး ခင်မုန်းလောက်မဟုတ်တောင် အတော်အသင့် ပြောင်းလဲသင့်တယ်လို့ထင်တယ်"

"ငါ့ကိုအဲဒီအောက်တန်းစားနဲ့ မခိုင်းနှိုင်းနဲ့လို့ပြောပြီးပြီနော်၊ ခင်မုန်း က ကညာဖြူမဟုတ်သလို ကညာဖြူကလည်း ခင်မုန်းဘယ်တော့မှ ဖြစ် လာမှာမဟုတ်ဘူး၊ နင်တို့ဘာသာ ဘာတွေရှုပ်ထားမှန်းမသိဘဲနဲ့ ငါ့ကိုတော့ လာမမွှေနဲ့"

ဘယ်လိုမှ ဖျောင်းဖျမရသော ကညာဖြူရဲ့အကျင့်စရိုက်ကို စိတ် ပျက်စိတ်ကုန်သွားမိသည်။ အရင်ကဆို ဒီလိုပဋိပက္ခဖြစ်လျှင် မျက်နှာချင်း ဆိုင်တော့ဘဲ သူ အပြင်ထွက်သွားလိုက်မိမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အဘွားအတွက် မျက်နှာချင်းဆိုင် မညှိလို့မရပေ။ အဘွားရဲ့မျှော်လင့်ချက်တွေ မပျောက်ဆုံးစေချင်ပါ။

"မြေ့ရတဲ့အကြောင်းအရင်းက မင်းကြောင့်ဆိုတာ မင်းအသိဆုံးပေါ့ ကညာဖြူ။ မင်းက ဘာအဆက်အသွယ်မှမလုပ်၊ ဘယ်အချိန်ပြန်ရောက် မယ်ဆိုတာမပြောဘဲ ထွက်သွားခဲ့တယ်၊ မင်းပြန်မလာလို့ အဘွားက မစား နိုင်မသောက်နိုင် ရောဂါတွေရ ကျန်းမာရေးထိခိုက်ခဲ့တယ်၊ အဘွားကိုဆုံးရှုံး မခံနိုင်လို့ ခင်မုန်းကို ငါအစားထိုးခဲ့ရတာ"

"ဒီအပြောင်းအလဲမှာ နင်တို့ယိမ်းယိုင်သွားအောင် ခင်မုန်းက ဖြား ယောင်းနိုင်ခဲ့တာတော့ အံ့သြစရာပဲ၊ အဟင်း ငါပြန်မလာပါစေနဲ့လို့တောင် ဆုတောင်းနေခဲ့မလား၊ မသိနိုင်ဘူး၊ ဟုတ်ရဲ့လား၊ လင်းရောင်ထင်"

"မေတ္တာဆိုတာ ရောင်ပြန်ဟပ်တတ်ပါတယ် ကညာဖြူ။ ထင်း တော့ မင်းကိုတောင်းဆိုပါရစေ၊ အဘွားနဲ့လိုက်လျောညီထွေလေးတော့ နေပေးပါ။ အရမ်းဆန့်ကျင်တာမျိုးနဲ့ အဘွား စိတ်ဆင်းရဲအောင်မလုပ်ပါနဲ့ ငါ မင်းကိုအလေးအနက်တောင်းဆိုခြင်းပါ"

သူ ပြောသင့်သလောက်ပြောပြီး အရင်ထွက်လာခဲ့သည်။ ခင်မုန်း ထွက်သွားတာ တစ်ညပင်မပြည့်သေးပါ။ ညနေက ခင်မုန်းကိုခေါ်ထွက်သွား ပြီး ကညာဖြူကိုပြန်ခေါ်လာခဲ့ရခြင်းဖြစ်သည်။ အဘွားက အခန်းထဲမှာ။ ခင်မုန်း ဘာဝတ်ထွက်သွားပြီး ကညာဖြူ ဘယ်လိုအဝတ်အစားနှင့် ပြန်ရောက် လာသည်ဆိုတာ အဘွား သတိမထားမိလိုက်ပေ။

ကံ့ဘဟမှုဟာ အချိန်ကာလ ခဏလေးသာရှိသေးတာမို့ ညနေစာ စားချိန်၊ ကညာဖြူပြသနာရှာတော့ အဘွားရော မထွေးရော အံ့သြနေ ကြတာဖြစ်သည်။ သူလည်း ကညာဖြူပြန်ရောက်လာကတည်းက စိတ်မချမ်း ချမ်းမကာင်သလိုပါပဲ။

အချိန်တိုင်း ခင်မုန်းကိုပဲ သတိရနေတော့တာမို့။

■ ■ ■



## အခန်း (၃၁)

"သမီး ဒါကဘယ်လဲ"

ရေမိုးချိုး အဝတ်အစားလဲကာ အပြင်ထွက်ဖို့ပြင်နေသော ခင်မုန်း ကို အမေက မေးလိုက်ခြင်းဖြစ်သည်။ ခင်မုန်းက အမေနှင့်အဖေနား ဝင် ထိုင်ကာ

"ခင်မုန်း မုန့်ဟင်းခါးဆိုင်မှာ ပြန်လုပ်ဖို့သွားပြောမလို့ အမေ"

"နားနားနေနေ နေပါဦးလား သမီးရယ်၊ ငွေရေးကြေးရေးလည်း အဆင်ပြေနေသေးတာပဲ"

"အိမ်မှာနေရတာလည်း အလကား ပျင်းနေလို့ပါ၊ စက်ရုံမှာတော့ အလုပ်မရောင်းချင်သေးဘူး၊ ညဘက်တော့ မုန့်ဟင်းခါးပြန်ချက်ဖို့ ပြောကြည့် မယ် အမေ"

"အဲဒီဆိုင်က လူခေါ်ပြီးသားရှိနေမှာကို သမီးကိုအလုပ်ခန့်ပါ့မလား ကွယ်"

"ဆိုင်ရှင်က အချိန်မရွေးလာခဲ့ဖို့ ပြောထားပါတယ်၊ နောက်လူကို ခင်ပေးခဲ့ပေမယ့် အဆင်မပြေလို့ဆိုင်နာမည်တောင် ပျက်တယ်တဲ့၊ ခင်မုန်း သွားလိုက်ရင် လက်ခံမှာပါ အမေ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် သမီးမျက်နှာလေးက မလန်းလို့ နေမကောင်းဘူးလား ထင်နေတာ၊ အေးအေးဆေးဆေး အနားယူချင်သေးတာပေါ့"

"အလုပ်လုပ်နေတော့ အဘွားတို့ကို သတိရတဲ့အချိန် နည်းသွားတာပေါ့ အမေရယ်"

"သမီးရယ် သံယောဇဉ်ကြီးလိုက်တာကွယ်၊ အဲဒီအိမ်က သမီးအပေါ် အရမ်းကောင်းခဲ့လို့ပဲဖြစ်မယ်၊ တော်ရုံနဲ့ဒီလောက် သံယောဇဉ်ကြီးမှာလား။ ဒါနဲ့တောင် နေကောင်းပြီဆိုတာနဲ့ ပြန်လွှတ်လိုက်တော့ အမေ နည်းနည်းအံ့ဩမိတယ်ကွယ်"

ဘာကြောင့်ပါဆိုတာ သူမ ပြောပြလို့တော့မဖြစ်ပေ။ အကြောင်းအရင်းက အဘွားတစ်ယောက်တည်းမှမဟုတ်တာ။ လင်းရောင်ထင်ဆိုသည့်ယောကျ်ားက သူမရင်ဘတ်တစ်နေရာမှာ ခိုတွယ်ကာ လိုက်ပါလာခဲ့သည်မဟုတ်လား။

"သူတို့မှာလည်း သူတို့အကြောင်းတော့ ရှိမှာပေါ့ အမေရယ် တစ်လငါးသိန်းဆိုတဲ့အားကလည်း နည်းတာမှမဟုတ်တာ"

"သူဌေးတွေက ငွေရေးကြေးရေးကြောင့်တော့ မဟုတ်လောက်ပါဘူး။ ငွေကြောင့်ဆို ငွေသိန်းငါးဆယ်ကြီးကို ဘယ်လိုပဲစာချုပ်နဲ့ဖြစ်ဖြစ် ပေးလွှတ်ပါ့မလား သမီး"

အဖေ့စကားက လေးနက်သောအတွေးနှင့်ဖြစ်သည်။ အမေလည်း ခေါင်းတရမ်းရမ်းနှင့်ပင်

"အကြောင်းတစ်ခုခုဟာ ငွေကြောင့်မဟုတ်ရင် လူမှုရေးပတ်သက်မှုတွေကြောင့်လား၊ အမေတို့ကတော့ သမီးတမှိုင်မှိုင်ဖြစ်နေလို့ အမျိုးမျိုး တွေးနေမိတာပါ၊ အကြောင်းဆိုတာတော့ ရှိမှာပေါ့လေ၊ သမီးဆန္ဒနဲ့သာ လုပ်ပါ၊ အမေတို့က သမီးဘာလုပ်လုပ် အပြစ်မြင်မှာမဟုတ်ဘူး"

"အဖေတို့အတွက် သမီးလုပ်ပေးနိုင်သလောက် လုပ်ပေး





သလောက်လုပ်ပေးပြီးပြီ၊ အမြဲတမ်းလည်း သာမှခေါ်နေရတာပါ၊ နောက်ဆော့ သမီးဘာလုပ်ချင်တာလဲ အဖေတို့အားပေးမယ် လိုက်လျောမယ် သမီး"

"ကျေးဇူးတင်ပါတယ် အဖေ"

ပြောပြီးမျက်နှာမကောင်းစွာနှင့် ခင်မုန်း အပြင်ထွက်သွားသည်။ ခါထားခင်က သမီးသွားရာလိုက်ကြည့်ပြီးမှ

"သမီးတစ်ခုခုတော့ တစ်ခုခုပဲ ကိုဖော်ဝင်း၊ အိမ်ပြန်ရောက်လာကတည်းက မျက်နှာမလန်းဘူး၊ စကားပြောလည်း နည်းသွားသလိုပဲ၊ ဟိုအိမ်ကလူတွေကို သံယောဇဉ်ဖြစ်လို့ သတိရရုံဆိုတော်ပါသေးတယ်၊ မေဒင်တွေ ဆတ်တွေ ဘိုးတော်တွေဟောသလိုဆိုရင် အိမ်ထောင်ပဲကျပြီးသလိုလိုဆိုတော့ ဆိုးဆိုးဝါးဝါးဖြစ်မှာတော့ စိုးရိမ်တယ်"

"မင်းကလည်း တစ်ခါလာလည်း ဒါပဲတွေးတော့တာပဲ၊ ငါလည်း ဆေဒင်တွေ နတ်တွေယုံပါတယ်၊ ဒါပေမဲ့ သမီးက မဟုတ်တာလုပ်မှာမဟုတ်ဘူးလို့ပြောထားတယ်မဟုတ်လား၊ အခု အိမ်ပြန်ရောက်လာပြီ၊ ဒီကြားထဲ ချစ်သူရည်းစားတွေ့ပြီး လက်ထပ်ချင်လည်း လက်ထပ်မှာပေါ့၊ ငါ့သမီးကို ဟိုဟိုဒီဒီတော့ မတွေးနဲ့ကွာ ငါမကြိုက်ဘူး"

"ကျွန်မလည်း ပြောချင်လို့ပြောနေတာ မဟုတ်ပါဘူးရှင်၊ သမီးအတွက်စိုးရိမ်လို့ပေါ့၊ အိမ်ထောင်မကျစေချင်တာလည်း မဟုတ်ဘူး၊ ဟောသမျှပြောသမျှကလည်း လူကောင်းသူကောင်းနဲ့ပဲတွေ့မယ်ဆိုတော့ စိတ်အေးရာ သိပ်ဆင်းရဲတယ်မဟုတ်ပါဘူး"

"အဲဒါဆိုလည်း ဘာမှပြောမနေနဲ့၊ သမီးက အလှူအတန်းဘာသိလိဒါနလုပ်စေချင်တာ၊ ဘုန်းကြီးကျောင်းသွားပြီး လှူစရာရှိတာ လှူရအောင်"

"ဟုတ်ကဲ့ပါ ကိုဖော်ဝင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



မတင်မကျစိတ်များနှင့်ပင် သမီးအတွက် လင်မယားနှစ်ယောက်သား စိတ်ပူနေကြဆဲဖြစ်သည်။ ဒါပေမဲ့ သမီးကိုလည်း ယုံကြည်နေကြဆဲဖြစ်သည်။

ခင်မုန်းကတော့ အဘွားနှင့်လင်းရောင်ထင်ကိုသာ သတိရအောင်မေ့လျှက်။

■ ■ ■



## အခန်း (၃၂)

"ကညာလေးရော မထွေး"

"ရှင်မေမေကြီး မနိုးသေးဘူးထင်တယ်၊ ဆင်းမလာသေးဘူး အဘွား"

"ဟင် ဘယ်လိုဖြစ်တာလဲ၊ အရင်နေ့တွေက မီးဖိုခန်းထဲရောက်ပြီး မနက်စာစီစဉ်ပြီးနေပါပြီ၊ ညည်းကိုလည်း ကူညီပေးတယ်လေ"

"ဟုတ်တယ် အဘွား၊ အခုတစ်ရက်နှစ်ရက်အတွင်း အရင်တုန်းကပုံ ပြန်ဖြစ်သွားပြီလို့ထင်မိတယ်၊ မထွေးကိုဆက်ဆံတာလည်း အဲဒီလိုပဲ နှိုင်ခြားထွက်မသွားခင်ကအတိုင်းပဲ၊ ဆူတယ် ဆဲတယ် ပြောတယ်ဆိုတယ်၊ တိုကပြန်လာပြီး သုံးလေးလလောက် တော်တော်ကိုအခြေအနေကောင်းနေရင်းက ဒီတစ်ရက်နှစ်ရက်အတွင်း ဘယ်လိုဖြစ်သွားတာလဲဟင် မေမေကြီး"

ဒေါ်မြကြာနွယ် မထွေးတတ်အောင် ခေါင်းတရမ်းရမ်းဖြစ်သွားလေသည်။

"ငါလည်း တစ်မျိုးတော့ဖြစ်နေတယ် မထွေး၊ လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းက အဲဒီလောက်အပြောင်းအလဲမြန်တာ အံ့ဩမိတယ်၊ အရင်သုံးလေးလကတော့ တော်တော်ကို စိတ်ချမ်းသာပြီးပျော်နေခဲ့တာ၊ ငါနဲ့စကားတွေပြောလိုက်ဈေးဝယ်ထွက်လိုက် မုန့်ဟင်းခါးချက်ကျွေး၊ ဟိုဟာဒီဟာလုပ်ကျွေး ငါးပိရည်ကျိုကျွေး၊ ဆေးသောက်ဖို့ကအစ ဂရုတစိုက်နဲ့၊ ငါသေပျော်ပါပြီလို့တောင် တွေးခဲ့မိသေးတယ်"

"မထွေးလည်း တော်တော်ကိုအံ့ဩတာ အဘွားရယ်၊ အဲဒီရက်တွေမှာ မထွေးကို ကူလုပ်တာလည်းအဟုတ်၊ အဆင့်အတန်းမခွဲခြားဘူး ပြောဆိုဆက်ဆံတာလည်း ညင်ညင်သာသာပဲ၊ မထွေးဖြင့်လေ ပျော်လွန်းလို့ ငါဘယ်တော့မှအလုပ်မထွက်တော့ဘူးလို့တောင် ဆုံးဖြတ်ချက်ချထားတာ"

"ဟဲ့ မထွေး ညည်းကအခုအလုပ်ထွက်ချင်နေပြီလား"

"မမကြီးရယ် သူ ဒီလိုချည်းဆက်ဆံမယ်ဆိုရင်တော့ မမကြီးတို့ကိုအားနာပေမယ့် မထွေး အလုပ်ထွက်ချင်လည်း ထွက်ဖြစ်မှာပါ၊ ဒီခေတ်ကြီးမှာ ဘယ်အိမ်ဖော်ပဲဖြစ်ဖြစ် ဒီလိုနှိမ့်ချခံရတာမျိုး မရှိတော့ပါဘူး၊ အနေမတတ် အစားမတတ်လို့ အပြောအဆိုခံရတာဆို တစ်မျိုးပေါ့၊ အခုက အပြစ်ရှာပြီးနိုင်း၊ အပြစ်ရှာပြီးပြောဆိုနေသလို ဖြစ်နေတယ်"

"ဒါတော့လည်း ဟုတ်ပေမယ့် သည်းခံပါဦး မထွေးရယ်၊ ငါတို့မှာလည်း တစ်ယောက်ပြောင်းလို့ နောက်အိမ်အကူတစ်ယောက်ရှာရတာလွယ်တာမဟုတ်ပါဘူး၊ အဘွားနဲ့မြေးလေးမျက်နှာကိုကြည့်ပါ၊ ကညာလေးလည်း ကိုယ်ဝန်ရှိလို့ စိတ်ပြန်ပြောင်းသွားတာဖြစ်မှာပါ၊ သည်းခံပေးပါနော် မထွေးနော်"

"ဟုတ် ဟုတ်ကဲ့ မမကြီးရယ် ဒါပေမဲ့"

"မထွေး မနက်စာ ဘာစီစဉ်ထားလဲ"

"ဟင်"

ကညာဖြူ လေသံမာမာနှင့်ပြောရင်း ဝင်လာတာမို့ မထွေး ကြောင်





တောင်တောင်လေးဖြစ်သွားရသည်။

"ဟိုလေ မမလေး မမလေးက မနက်စာဆို မမကြီးတို့အတွက် မုန့်ဟင်းခါးတို့ အသုပ်တို့စီစဉ်ပေးနေကျဆိုတော့ မထွေး ဘာမှမလုပ်ထားမိဘူး၊ မမကြီးက မမလေးချက်တဲ့မုန့်ဟင်းခါးကို အရမ်းကြိုက်တာ၊ အခုလည်းခံတွင်းတောင်းနေတော့"

"မုန့်ဟင်းခါး အဟင်း အဲဒါမျိုးတွေ ငါဘယ်အချိန်က စားဖူးချက်ဖူးလို့လဲ၊ အခုချက်ချင်း ငါ့အတွက် စားသောက်ဆိုင်ကနေ ဆီချက်တို့ ရှမ်းခေါက်ဆွဲတို့ ကြက်သားပလာတာတို့သွားဝယ်၊ ငါစားလို့အဆင်ပြေတာကို စားမယ်၊ မြန်မြန်ပြန်လာနော်၊ ပြန်ရောက်လို့ ပွဲပြင်ပြီးမှ ငါ့ကိုလာခေါ်"

"ဟုတ် ဟုတ်ကဲ့"

ပြောပြီး ကညာဖြူက အဘွားကိုတောင် ဂရုမစိုက်ဘဲ အမြင်ပြန်ထွက်သွားသည်။ အခန်းအဝမှာ လင်းရောင်ထင်နှင့် ဆုံပြီး လင်းရောင်ထင်က မီးဖိုခန်းထဲဝင်လာ၏။ အဘွားက မျက်ခုံးတွေပင့်လျက်

"ဘယ်လိုလဲမြေး ကညာလေးက အရင်စိတ်မျိုး ပြန်ပေါက်သွားတာ ဘာဖြစ်လို့လဲ၊ အခု သုံးလေးလကတောင် အတော်ကြီးကောင်းနေသေးတာ၊ အခုဒီတစ်ရက်နှစ်ရက်အတွင်း အခြေအနေက တော်တော်ကြီးကိုဆိုးတယ်၊ နိုင်ငံခြားမသွားခင်က ကညာဖြူပုံစံလုံးလုံးဖြစ်သွားပြီ"

"သားလည်း မပြောတတ်တော့ပါဘူး အဘွားရယ်၊ သူ ဘာကြောင့် ပြောင်းလဲသွားတယ်ဆိုတာ"

လင်းရောင်ထင် မယုတ်မလွန်ပဲ ပြောလိုက်ရသည်။ ကညာဖြူနှင့်က ညှိနှိုင်းလို့မရနိုင်ဘူးမဟုတ်လား။ ဒါတောင် အဆင်ပြေအောင်နေပေးဖို့ သူတောင်းဆိုထားခဲ့တာပါ။ အဘွားက သူ့မျက်နှာကိုကြည့်ပြီး

"မြေးလေးအပေါ်ဆက်ဆံတာလည်း အရင်ပုံစံအတိုင်းပဲလား မြေးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်ကဲ့"

"ဒါဆို ဘာကမှားနေတာလဲ၊ လူတစ်ယောက်တည်းနဲ့ကောင်းလိုက်မကောင်းလိုက် ချက်ချင်းကြီးပြောင်းလဲစရာမှမရှိတာ၊ အဘွားကတော့ ကွယ် သုံးလေးလလောက် သူကောင်းနေတာကို အရမ်းကိုစိတ်ချမ်းသာနေတာ၊ အဲဒီလိုနေပါလားလို့ပြောကြည့်ရမယ်"

"မ မပြောနဲ့ အဘွား။ လူ့စိတ်ဆိုတာ အမြဲတမ်းကောင်းနိုင်တာမှ မဟုတ်တာ"

"မြေးလေး"

"ဗျာ အဘွား"

"ကညာလေး ကိုယ်ဝန်များရှိနေလား။ ဆရာဝန်နဲ့စစ်ဆေးကြည့်လိုက်ပါလား မြေးရယ် ဟင်"

"မ မဟုတ်လောက်ပါဘူးအဘွားရယ် သူနဲ့သားနဲ့က"

သူရှေ့ဆက်ပြောမထွက်ပါ။ အမှန်တရားတွေသာသိသွားလျှင် အဘွားစိတ်ဆင်းရဲကာ ရောဂါရသွားပေလိမ့်မည်။ အဘွားက သူ့ရဲ့မတင်မကျ စကားအတွက် မကျေနပ်သလိုဖြစ်ကာ

"ကညာလေးနဲ့ မြေးနဲ့က ဘာဖြစ်လို့လဲ မြေး။ လင်မယားပဲကွယ် ကိုယ်ဝန်ရှိတာဆန်းသလား။ ကိုယ်ဝန်ရှိလို့သာ သူ့စိတ်ကဒီလောက်အပြောင်းအလဲ မြန်နေတာပေါ့၊ နူးညံ့တဲ့စိတ်ကလေးနဲ့ လှချင်ပချင်တဲ့စိတ်ကလေးရှိတဲ့ မိန်းကလေးမွေးမှာ၊ စိတ်ရော ရုပ်ရော်ကြမ်းလာရင်တော့ ယောကျာ်းလေးမွေး တတ်တယ်တဲ့၊ ကညာလေးက ကြမ်းလိုက်နုလိုက်နဲ့ဆိုတော့ ယောကျာ်း လေးတစ်ယောက် မိန်းကလေးတစ်ယောက် အမွှာလေးတောင်မွေးမလား မသိဘူးကွဲ့"

"အဘွားရယ်"

အဘွားကို သူဘာယ်လိုပြောရမှန်းပင် မသိတော့ပေ။ ကညာဖြူ





ကို အပြစ်မမြင်ရက်အောင် ချစ်ပြီး ဖြေတွေးနေသော အဘွားကို သူ သနားလွန်းလှသည်။

"အဘွား"

"အေး မြေးလေး"

"စိတ်ထဲမှာ အရမ်းလေးလေးနက်နက်ကြီးမတွေးဘဲ အဘွား ကျန်းမာရေးကောင်းအောင် ကြိုးစားပါ၊ ကညာဖြူနဲ့ပတ်သက်ပြီးလည်း စိတ်ထဲ မထားဘဲ ပေါ့ပေါ့လေးပဲနေပါ၊ သူ့ကိုတော့ သူ့စိတ်နဲ့သူ့ကိုယ် နေချင်သလို နေပါစေ"

"အဘွားကတော့ သုံးလေးလလောက် ကောင်းမွန်ပြီး ကြင်နာတတ်တဲ့ကညာဖြူကို ပြန်လိုချင်တယ် မြေး၊ အနေနီးရင်းနှီးပြီး သံယောဇဉ် လည်းဖြစ်မိတယ်၊ မုန့်ဟင်းခါးချက်တာ အရမ်းကောင်းတဲ့ ကညာဖြူက အခု မုန့်ဟင်းခါးမကြိုက်ဘူးလို့ပြောလိုက်တာ အဘွား နားမလည်နိုင်ဘူး၊ အခု မြေးဝယ်ကျွေးတဲ့ဟိုဆိုင်က မုန့်ဟင်းခါးကိုပဲ ကောင်းကောင်း မကောင်း ကောင်း စားရတော့မယ်ထင်တယ်၊ ထမင်းလည်းစားချင်စိတ်မရှိတော့ပါဘူး၊ ညကျရင် အဘွားကို ဟိုဆိုင်ကမုန့်ဟင်းခါးပဲ ဝယ်ကျွေးပါကွယ် နော် မြေး"

"ဗျာ ဟုတ် ဟုတ်ကဲ့ပါ အဘွား"

ထိုဆိုင်မှာ ခင်မှုန်း အလုပ်မှပြန်လုပ်ပုံမလား။ ငွေတွေအများကြီး ပါသွားတာမို့ ခင်မုန်းအလုပ်တွေပြန်လုပ်သေးမှာမဟုတ်ပေ။

ဒါဆို ထိုဆိုင်ကမုန့်ဟင်းခါးလက်ရာကောင်းကောင်း မကောင်း ကောင်း အဘွားကိုဝယ်ကျွေးရမှာပေါ့။ ဒါမှလည်း အဘွား အာသာပြေမှာ ပေါ့။ ကညာဖြူ ပြန်ရောက်ကတည်းက အဘွား ထမင်းစားပျက်တော့မှာ မဟုတ်လား။

ခင်မုန်းရေ ၁တိရတယ်။ လွမ်းလည်းလွမ်းတယ်။

အရာရာကိုပြောင်းလဲလို့ရမယ်ဆိုရင် ကညာဖြူနဲ့ပတ်သက်ခဲ့သမျှ



www.burmeseclassic.com

www.burmeseclassic.com



အချိန်တိုင်းကို မြေမြှုပ်သင်္ဂြိုလ်ပစ်ပြီး မင်းနဲ့ဆုံဆည်းဖြစ်တဲ့အချိန်လေးကို ချန်ထားလိုက်ချင်တယ်။

ဒီဘဝမှာ ဆုံဆည်းလို့မရတော့ပေမယ့် နောင်ဘဝတွေအတွက်တော့ မျှော်လင့်ခွင့်ရချင်သေးတယ် ခင်မုန်းရယ်။

■ ■ ■



## အခန်း (၃၃)

"ခင်မုန်း"

"ဟင် လင်းရောင်ထင်"

မုန့်ဟင်းခါးရောင်းသည့်နေရာမှာ ခင်မုန်းရှိနေလိမ့်မည်ဟု မထင်မိ။ ကားပေါ်ကဆင်းလိုက်ကတည်းက ခင်မုန်းမျက်နှာလေးကို တွေ့လိုက်ရတာပါ။

သူ ဝမ်းသာအားရနှင့် ဣန္ဒြေမရပင် ကားပေါ်ကပြေးဆင်းလာခဲ့မိသည်။ သူ့ရင်ထဲလည်း တလှုပ်လှုပ်ခုန်လှုပ်နေမိ၏။ ကညာဖြူနှင့်တုန်းက သူ တစ်ခါမှဒီလိုတွေ မခံစားဘူးပါ။

"ခင် ခင်မုန်း"

"နင် ဒီကို ဘာလာလုပ်တာလဲ လင်းရောင်ထင်"

"အဘွားက မုန့်ဟင်းခါးစားချင်တယ်ဆိုလို့ လာဝယ်တာ၊ မင်း မင်းဒီဆိုင်မှာရှိနေလိမ့်မယ်လို့ မထင်မိဘူး။ ငွေတွေလည်း ပါသွားတာဆိုတော့ သက်သောင့်သက်သာနေဦးမယ်ထင်တာ"

"အိမ်မှာ အဲဒီလိုနေနေရင် နင်နဲ့အဘွားကို အချိန်တိုင်းသတိရနေမှာစိုးလို့ ငါ အလုပ်လုပ်တာ လင်းရောင်ထင်"

"ဟင် ခင်မုန်း"



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားသော်လည်း သံယောဇဉ်တွေ မပျောက်ပျက်သေးပါလား လို့ လေးစားသွားမိလေသည်။ ခင်မုန်းပါးပြင်လေးပေါ်မှာ မိတ်ကပ်တွေမရှိတော့တဲ့ သနပ်ခါးပါးကွက်လေး ထင်းထင်းရှင်းရှင်းလေး ရှိနေတာ ချစ်စရာပါ။ ခင်မုန်းက ဟင်းရည်အိုးကို ယောက်မနှင့်မွှေလျက်

''ငါ အသွားကိုအရမ်းသတိရတယ်၊ ကညာဖြူပြန်ရောက်လာတာ အဆင်ပြေပါ့မလားလို့လည်း စိုးရိမ်တယ်''

''မပြောဘူး အသွားစိတ်ဆင်းရဲနေတယ်၊ ကညာဖြူက အရင်က စရိုက်ကိုမပြောင်းဘူးလေ၊ အသွားကော့ မွှင်းကိုခင်မုန်းမုန်းမသိပေမယ့် မင်း သုံးလေးလလောက်နေသွားတဲ့အချိန်ကိုပဲ တမ်းတနေတယ်၊ မထွေးကလည်း ပြန်ချင်နေပြီး ကညာဖြူလိုမိန်းကလေးနဲ့ ဘယ်သူနေချင်မှာလဲ''

''နင်က အသွားကို ဂရုစိုက်ပေးပါဟာ''

''စိုက်ပါတယ် စိတ်ကြောင့်ဖြစ်တဲ့ရောဂါဆိုတော့ ဘယ်သူမှ ကု ပေးလို့မရဘူးလေ''

''ကညာဖြူက ဘာကြောင့်ပြန်လာတာတဲ့လဲ''

''ဟင် မသိဘူး။ ဘာကြောင့်ပြန်လာတာလဲဆိုတာ ငါမေးမကြည့် မိဘူး''

''ပြန်ထွက်သွားဦးမှာတဲ့လား''

''ဟင် အဲဒါလည်း ငါမမေးမိဘူး''

''အသွားအပေါ်ရော နင့်အပေါ်ရော ကြင်နာရမှန်း ဂရုစိုက်ရမှန်း မသိတဲ့ကညာဖြူက ဒီအိမ်မှာ ဖွဲ့ဖွဲ့မြဲမြဲနေမှာတဲ့လား။ ပြီးတော့ အသွားဆန္ဒ ပြည့်ရင် အသွားစိတ်ချမ်းသာမှာပဲလို့ ထင်ပြီး ကညာဖြူကို နင်လက်ထပ် ခဲ့တာဆို''

''ဪ အင်း''

''ဒါဆို အသွားစိတ်ဆင်းရဲနေရတယ်ဆိုရင် နင်ဘယ်လိုလုပ်မှာလဲ





နင်တို့အိမ်ထောင်ရေးကိစ္စကို သွေးခွဲနေတာမဟုတ်ဘူးနော်၊ အသွားအတွက် ဆိုရင် နင့်မိန်းမဖြစ်တဲ့ ကညာဖြူကို နင်ပြောသင့်တာ ပြောရမှာပေါ့ လင်း ရောင်ထင်''

''ငါပြောတဲ့စကားကို သူမှအရေးမစိုက်တာ၊ မင်းနေခဲ့တဲ့အချိန်က အသွားစိတ်ချမ်းသာရတယ်ဆိုတာလည်း ပြောပြတယ်''

''အဲဒီတော့''

''အဲဒီအချိန်က ကညာဖြူမဟုတ်ဘူး။ ခင်မုန်းဆိုတာ အသွားသိ အောင်ပြောပြလိုက်ပေါ့တဲ့''

''ဟင် ဘာ''

အကြောက်အရွံ့မရှိပြောရဲတာ တကယ်မေတ္တာမရှိလို့ဆိုတာ သိ သာနေသည်။ တကယ်ကို မေတ္တာပေးနေသည့်သူတွေအပေါ် အနည်းငယ်မျှ နည်းမှုပေးလိုက်တော့ ဘာဖြစ်မှာမို့လဲ။

''လင်းရောင်ထင် အဲဒါနဲ့ပဲ နင် ဘာမှမပြောဘဲ ငြိမ်နေလိုက်တာ ပေါ့''

''အသွားသိလို့မဖြစ်တဲ့ကိစ္စလေ၊ သူက ပြောချင်ပြောပစ်မှာ ယုံရ တာမဟုတ်ဘူး။ အသွားသိသွားရင် ဖြစ်လာနိုင်တဲ့အကျိုးဆက်တွေကို ငါ ဘယ်လိုဖြေရှင်းရမလဲ ခင်မုန်း''

''သူ ဟိုကိုဘာသွားလုပ်တယ်၊ ဘယ်လိုနေခဲ့တယ် ဘာကြောင့် ပြန်လာတယ်ဆိုတာရော စုံစမ်းပြီးပြီလား''

''အတိအကျ သိရမယ့်နေရာကနေတော့ စုံစမ်းထားတာပဲ၊ အခုထိ အကြောင်းပြန်မပြောသေးဘူး။ သူကလည်း အလုပ်တစ်ဖက်နဲ့လေ၊ သူ့ အပေါင်းအသင်းကနေတစ်ဆင့် စုံစမ်းရမှာ၊ ငါက ကညာဖြူပြန်ရောက်လာတာ နဲ့ အဲဒီကိစ္စသိပ်မလောဘဲနေလိုက်တာ''

''စုံတော့ စုံစမ်းကြည့်ဦးလေ၊ မိန်းမတစ်ယောက် သွားချင်တာ



www.burmeseclassic.com

www.burmeseclassic.com



သွား ပြန်လာချင်လာ ခွင့်ပြုထားရင် နောက်တစ်ခါ ဒီထက်ပိုပြီး လုပ်ချင်တာ လုပ်သွားမှာပေါ့၊ သူ အဲဒီလိုသွားတိုင်း အဘွားရောဂါဖြစ်နေမယ်ဆိုရင် ဘယ်ဟုတ်ပါ့မလဲ''

''အင်း''

ခင်မုန်းပြောမှ သူ လေးနက်စွာတွေးမိသွားသည်။ ဒီလိုကိစ္စတော့ နောက်ထပ်အဖြစ်မခံနိုင်တော့ပါ။ ဒီလိုသွားချင်တိုင်းသွား လာချင်တိုင်းလာ နေလျှင် မိန်းမကောင်းဘယ်ဟုတ်ပါတော့မလဲ။

''ဒီကိစ္စတော့ အလေးအနက်မပြောလို့ မဖြစ်တာ ငါသိပါတယ် စုံစမ်းစရာရှိတာလည်း ဆက်စုံစမ်းမှုဖြစ်မယ်၊ အဘွားအတွက် ပြန်စဉ်းစားရမယ့် ကိစ္စမို့ပဲ ခင်မုန်း''

• ''ဟင်''

''ငါ မင်းကိုသတိရနေတယ်''

''ဘာ''

''မင်းထွက်သွားပြီးတည်းက ငါ တစ်မိနစ်လေးတောင် မေ့လို့မ သေးဘူးလို့ပြောတာ''

''လင်းရောင်ထင် နင် ဒါတွေမပြောသင့်''

''အဘွားလည်း မင်းကိုသတိရနေတာပါ၊ ခင်မုန်းမုန်းမသိတဲ့နေ့လည်း ပေါ့၊ အဲဒီတစ်ချိန်က ကညာဖြူဟာ မေတ္တာတွေနွေးထွေးမှုတွေပေးတယ် တယ်ဆိုပြီးတော့ပေါ့၊ အခုကညာဖြူ ပြန်ဆိုးလာတာလည်း ကိုယ်ဝန်ရှိ ဖြစ်မှာလို့ ဖြေတွေးနေသေးတယ်''

''ဒီလောက်ကောင်းတဲ့သူတွေကို စော်ကားနေတာ သူ ကံကြီးထိုက် တော့မှာပဲ''

''ဒါပေမဲ့ အဘွား တော်တော်လေးတော့ စိတ်ပျက်နေတယ် ခင်မုန်းက ကညာဖြူနေရာမှာ ခဏဝင်ပြီး မေတ္တာတွေပေးသွားတော့ အ





ကညာဖြူနဲ့ခွဲခြားသွားတတ်သွားတာပေါ့၊ အဘွားကို ငါအရမ်းသနားနေမိ တယ် ခင်မုန်းရယ်၊ ဘယ်လိုလုပ်ရမှန်း မသိတော့ပါဘူး''

လင်းရောင်ထင် သက်ပြင်းချသံများက သူမကိုပါမွန်းကျပ်စေပါ သည်။ မုန့်ပွဲမှာသမျှ ပြင်ထည့်ပေးနေရင်းက လင်းရောင်ထင်စိတ်ပြောင်းသွား စေချင်၍

''နင် မုန့်ဟင်းခါးစားဦးမှာလား လင်းရောင်ထင်''

''မင်းလက်ရာကို စားချင်တာပေါ့ ခင်မုန်းရယ်၊ ဒါပေမဲ့ ဆိုင်မှာ စားတော့ပါဘူး၊ အဘွားနဲ့ပဲ အတူတူစားလိုက်ပါတော့မယ်၊ အဘွားတစ် ယောက်တည်း ပျင်းနေမှာစိုးလို့''

''ကောင်းပါတယ် ထည့်လိုက်တော့မယ်နော်''

''ငါ့ကိုပြန်စေချင်နေပြီလား ခင်မုန်း''

''ငါ့ကို နှောင်ဖွဲ့တဲ့စကားတွေနဲ့ ယိမ်းယိုင်အောင်မလုပ်ပါနဲ့ လင်း ရောင်ထင်၊ အတွေ့အကြုံမရှိလို့ ငါခံနိုင်ရည်လည်းမရှိပါဘူး၊ ဒါပေမဲ့ ဘာပဲ ဖြစ်ဖြစ် နင်ကအိမ်ထောင်သည်တစ်ယောက်ပါ၊ ပြီးတော့ နင်အဲဒီလိုတွေ လုပ်နေတာတွေဟာ အိမ်ထောင်ရေးဖောက်ပြန်ဖို့ အစပျိုးနေတာမဟုတ်လား''

''ခင်မုန်း အဲဒီလိုကြီးတော့ ငါ့ကိုမစွပ်စွဲပါနဲ့ဟာ၊ ငါ့ရဲ့လက်ထပ်မှု ဟာ စာရွက်တစ်ရွက်ပေါ်က လက်မှတ်တစ်ခုပဲရှိပါတယ်၊ ကိုယ်နှုတ်စိတ် အားလုံးဟာ ဘာမှအိမ်ထောင်မကျသေးတဲ့လူပျိုလူလွတ်တစ်ယောက်ပါပဲ''

''အဲဒါ နင်တစ်ယောက်တည်းသိတဲ့ကိစ္စလေ၊ ပတ်ဝန်းကျင်ရော အဘွားရော ကျန်တဲ့လူတွေအားလုံးရောက နင်နဲ့ကညာဖြူလက်ထပ်ပြီးလို့ အိမ်ထောင်သည်တစ်ယောက်လို့ပဲ သိထားကြတာ၊ ငါ ကံငါးပါးလုံချင်တယ်''

''ငါ မင်းကိုမကျူးလွန်နိုင်ပါဘူး ခင်မုန်း၊ ဒါပေမဲ့ ငါလွတ်မြောက် တဲ့တစ်နေ့မှာတော့ နင် ငါ့ကိုလက်ခံဖို့စဉ်းစားပေးပါခင်မုန်းရယ်နော်၊ အဲဒီအခါ ကျရင် ငါ့ကို ခွင့်လွှတ်... ဒီအခု လေးတော့ ငါစိတ်ချမ်းသာအောင် ခေါင်းညိတ်ပေးပါ''



www.burmeseclassic.com

www.burmeseclassic.com



ခင်မုန်း စိတ်လွတ်ကာ ခေါင်းညိတ်မိသွားခဲ့သည်ထင်သည်။ ထည့်ပေးလိုက်သော မုန့်ဟင်းခါးတွေယူ၍ လင်းရောင်ထင် ကျေနပ်သောအပြုံးများနှင့် ထွက်သွားလေသည်။

"အစ်ကို အစ်ကို မုန့်ဟင်းခါးဖိုးပေးရဦးမယ်"

"ဪ အေး ညီလေးမေ့သွားလို့ကွာ ဆောရီးပဲ"

သူမလည်း ပြုံးမိလိုက်လေသည်။ ထိုအပြုံးသည် နူးညံ့သိမ်မွေ့သောနှလုံးသားဆီမှ ယိုစိမ့်လာခဲ့သောအချစ်ရဲ့အစွယ်အပွားလေးတွေ ဖြစ်နိုင်သည်။ ဒါပေမဲ့ သူမခေါင်းကိုရမ်းလိုက်မိ၏။

ဖောက်ပြန်မှုရဲ့အစပျိုးခြင်းမျိုး လက်မခံနိုင်။ သူပြောသလို သူလွတ်မြောက်ခဲ့သည့်တစ်နေ့ရာမှာဆိုလျှင်ရော။

ဟင့်အင်း နင်လွတ်မြောက်လာပါစေလို့တော့ ငါဆုမတောင်းချင်ပါဘူး လင်းရောင်ထင်ရယ်။

■ ■ ■



## အခန်း (၃၄)

"အဘွား စားလေ"

မထွေးကို မုန့်ပွဲတွေပြင်ခိုင်း၍ အဘွားကို ယုံကြည်စွာနှင့်ကျွေးလိုက်သည်။ ခင်မုန်းရဲ့လက်ရာမို့ အဘွားကြိုက်မှာမလွဲဘူးမဟုတ်လား။ အဘွားကတော့ ခင်မုန်းကိုလွမ်းမောစွာနှင့်ပင် မြိန်ရေယှက်ရေ ခပ်စားလိုက်သည်။

"အမယ်လေး ဒါ ဒါဟိုလက်ရာ က ကညာလေးလက်ရာ ဟိုခေါင်ကအရင် ဝယ်စားတဲ့လက်ရာ"

"အဘွား ဟို"

"မြေးလေးရော ခံစားမိလား မြေးလေးရော အရသာကိုခံစားမိလား"

"ဟုတ် ဟုတ်ကဲ့ အဘွား"

"ကောင်းလိုက်တာ ဘယ်လိုဖြစ်လို့လက်ရာက တစ်ထပ်တည်းတစ်ပုံစံတည်းတူရတာလဲ၊ အဲဒီဆိုင်မှာ အရင်ကောင်မလေးပြန်ရောက်လာလို့လက်ရာကောင်း ပြန်စားရတာတော့ ထားပါ၊ ကညာလေး ချက်ကျွေးတာနဲ့ ဘာကြောင့်ဒီလောက်တောင် တူရတာလဲ၊ ဒါပေမဲ့ အခု ကညာလေးကကျွ



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း မုန့်ဟင်းခါးလုံးဝမကြိုက်ဘူး။ မထွေးကို ဟိုနေ့ကပြောတာ မုန့်ဟင်းခါးကို ငါဘယ်ချိန်တုန်းက စားဖူးချင်ဖူးလို့လဲတဲ့ မြေးလေး"

"ဗျာ အဘွား"

"အဘွားတို့ ဘာတွေလွဲနေလဲ၊ မဟုတ်သေးဘူး။ အဘွားမသိတာ ဘာတွေရှိနေလဲ၊ အဘွားမသိအောင် မြေးဘာတွေလုပ်ထားလဲ"

"ဟို အ အဘွား"

"လွဲနေတာက မသိမသာမဟုတ်ဘူး။ လူတစ်ယောက်ရဲ့အာရုံ မှုက မကွဲပြားတာကို ခွဲခြားနိုင်တဲ့အသိတော့ ရှိကြတာပဲလေ"

"ဟို 'အဲဒါက"

"ဒီအိမ်ကို ကညာဖြူမဟုတ်ဘဲ ဘယ်သူရောက်လာသေးသလဲ မြေး"

အဘွားက အတိအကျမေးနေပြီ။ သူ အမှန်အတိုင်းဖြေရမှာလား အမှန်အတိုင်းအသိပေးချင်သော်လည်း အဘွား စိတ်ထိခိုက်သွားမှာစိုးရိမ်မိ သည်။ အဘွားမျက်နှာက တည်ငြိမ်နေခဲ့ပြီး

"အဘွားမသိစေချင်လို့ လျှို့ဝှက်ထားတာတစ်ခုခုရှိနေတယ်မဟုတ် လား မြေး။ အဘွား အမှန်အတိုင်းသိချင်တယ်"

"အ အဘွားကျန်းမာရေးတစ် တစ်ခုခုဖြစ်သွားမှာစိုးရိမ်လို့ သားက"

"ဟင့်အင်း အဘွားဘာမှမဖြစ်ပါဘူး။ အဘွားအတွက်မစိုးရိမ်ဘဲ ပြောပြပါ၊ တစ်ခုခုခံစားမိနေရဲ့နဲ့ မသိရမှ အဘွားစိတ်ထိခိုက်ရလိမ့်မယ်"

"ဟုတ် ဟုတ်ကဲ့ ဒီလိုပါ အဘွား",

ပြောဖို့အတော်လေး အားယူရသည်။ အဘွားအတွက်ပဲ စိုးရိမ်နေ တာကြောင့်ပါ။ ဒါပေမဲ့ အဘွားက လေးလေးနက်နက် နားစွင့်နေတာမို့

"ကညာဖြူ ပြန်မလာလို့ အဘွား မစားနိုင်မသောက်နိုင်ရော ရနေတဲ့အချိန်မှာ ကညာဖြူနဲ့ဆင်တဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ခဲ့တယ်





အဘွား။ အဲဒီမိန်းကလေးက လက်ဖက်ရည်ဆိုင်မှာ မုန့်ဟင်းခါးချက်တဲ့ မိန်းကလေးပါ"

"ဒါဆို ဒီအိမ်ကိုရောက်လာတာ"

"သူ့နာမည်က ခင်မုန်းတဲ့၊ သူ့ကို ကညာဖြူနဲ့တူအောင် ပြင်ဆင် ပုံစံပေးပြီး ဒီအိမ်ကိုခေါ်လာခဲ့တာ၊ အပေါ်ယံကိုသာ ပုံစံပေးလို့ရပေမယ့် သူ့စိတ်ကိုတော့ ပုံစံပေးလို့မရဘူး အဘွား၊ ကညာဖြူက ဒီလိုကျင့်ကြံနေ ထိုင်ပါတယ်၊ သူ့ကာရိုက်တာက ဒီဇိုင်းကဒီလိုပါ၊ ဒါကြောင့်အဘွား သံသယ မဝင်အောင် အဲဒီလိုနေပေးပါလို့ ပြောပေမယ့် သူ အဲဒီလိုမနေခဲ့ဘူး အဘွား။ အဘွားကိုရော သားကိုရော ပျော်ရွှင်မှု စိတ်ချမ်းသာမှုတွေပေးခဲ့တာ ခင်မုန်း ပါ"

"ခြော်"

အဘွားစကားမပြောနိုင်အောင် ဆွံ့အသွားလေသည်။ ဒါပေမဲ့ တစ်ခုခုကို သတိရသွားဟန်ဖြင့်

"ဒါဆို အဘွားငွေဆယ်သိန်းပေးမိတာ ရတနာပ ဗွည်းပေးမိတာ အဲဒီခင်မုန်းဆိုတဲ့မိန်းကလေးပေါ့၊ ဒါဆို သူ သူယူသွားပြီပေါ့"

"မယူသွားပါဘူး အဘွား။ အဘွား သူ့ကိုပေးတဲ့နေ့ကတည်းက သားကိုသူ ပြန်ပေးတာပါ၊ အဘွားပေးတာက သူ့ကိုမဟုတ်ဘူး၊ ကညာဖြူ ကိုပေးတာ သူနဲ့မဆိုင်ဘူးတဲ့၊ ခင်မုန်းက ဆင်းရဲပေမယ့် လောဘလည်းမရှိ မက်မောမှုလည်းမရှိ၊ လိုချင်ရမ္မက်ဆိုတာမျိုးလည်းမရှိ၊ အရမ်းကို ရိုးသားဖြူ စင်ပါတယ်"

"ဒီ ဒီလိုလား ဒါကြောင့် အဘွားတို့ကို အချိန်တိုလေးအတွင်းမှာ မေတ္တာတွေ အပြည့်အဝပေးနိုင်ခဲ့တာပဲ၊ ကညာဖြူဆိုရင် ဒီလောက်ထိ မပြောင်းလဲလောက်ပါဘူးလို့ ထင်တော့ထင်သားပဲ၊ အဲဒီသုံးလေးလမှာ တကယ်ကို စိတ်ချမ်းသာပြီးပျော်ရွှင်ခဲ့ရတယ်၊ ဘိုးတော်အိမ်သွား ကန်တော့



www.burmeseclassic.com

www.burmeseclassic.com



တွေသွား။ သူ့ကိုဝယ်ပေးတော့လည်း အားနာမှုတွေနဲ့ဖွတ်တားရှာတယ်

"အဘွားဝယ်ပေးသမျှတွေအားလုံး ထားခဲ့ပါတယ် အဘွား။ သူ ဘာဆိုဘာမှ ယူမသွားပါဘူး"

"အတော်ကို လူသားဆန်ပြီး လောဘနည်းတဲ့ကလေးပါလား ကွယ်"

အဘွားမျက်ရည်ဝဲလျက် ဆို့နင့်စွာပြောသည်။ ကညာဖြူမဟုတ် မှန်းသိလျက်နှင့် အဘွားစိတ်ထိခိုက်သွားတာဘဲ စိတ်သက်သာရာရသေး သည်။ မှန့်ဟင်းခါးပန်းကန်များကို ဘေးနားဖယ်၍ အဘွားလက်ကလေး ဆုပ်ကိုင်ပြီး

"အဘွား သား ခင်မုန်းကိုခေါ်ချင်လို့ ခေါ်ခဲ့တာမဟုတ်ပါဘူး ကညာဖြူက ဘယ်အချိန်ပြန်လာမယ်မှန်းမသိဘဲနဲ့ အဘွားကတသသနဲ့ ရောဂါဖြစ်နေတော့ အဘွားကိုအဆုံးရှုံးမခံနိုင်တဲ့စိတ်နဲ့"

"အဘွား နားလည်ပါတယ်မြေးရယ်၊ ဘာပဲဖြစ်ဖြစ် အဲဒီကလေး လေးက တကယ်ကိုစိတ်ချမ်းသာပျော်ရွှင်ခဲ့ရပါတယ်၊ အရမ်းကိုမေတ္တာတွေ ပေးတတ်ခဲ့တဲ့ကလေးပါ၊ မြေးလေးအတွက် အဲဒီလိုမိန်းကလေးမျိုးနဲ့ အိမ် ထောင်ဘက်ရွေးချယ်ပေးသင့်တာ"

"အဘွား"

"ကညာဖြူကို ငယ်သံယောဇဉ်လေးနဲ့ ချစ်တဲ့စိတ်ကြောင့် မြေး လက်ထပ်ပေးခဲ့မိတာ အဘွားမှားသွားတယ် မြေးရယ်၊ လူကြီးသူမကို ရိုသေ လေးစားရမှန်းမသိ၊ ကြီးသူကိုရိုသေ ရွယ်တူကိုလေးစား ငယ်သူကိုသနား နိမ့်ကျသူကို ငဲ့ညာရမှန်းမသိတဲ့သူဟာ လူပီသတဲ့သူမဟုတ်ဘူး မြေး။ အ ညကိုးနာရီကျော် ဆယ်နာရီရှိတာတောင် ကညာဖြူ အိမ်ပြန်မလာသေးဘူး မဟုတ်လား။ ဒါ မိန်းမကောင်းတွေ အိမ်ပြန်ချိန်မှမဟုတ်တာ၊ ခင်မုန်းနေခဲ့တဲ့ အချိန်တွေက အဲဒီလိုမျိုး အိမ်ပြင်ကိုနေ့ရောညရော မထွက်ခဲ့ဘူး။ တကယ်





အဲဒီအချိန်တည်းက ကညာဖြူမဟုတ်လောက်ဘူးလို့ အဘွား သတိထား မိခဲ့ရမှာ"

"ဒါကို ဟို"

"အဘွားနားလည်သွားပြီ မြေး၊ မြေးပြောတယ်မဟုတ်လား၊ အပေါ်ယံကိုပဲ ကညာဖြူနဲ့တူအောင်ပြောင်းလဲလို့ရပေမယ့် စိတ်ကိုတူအောင် ဘယ်လိုမှ ပုံစံဖော်လို့မရဘူးဆိုတာလေ၊ ခင်မုန်းက နဂိုစိတ်ရင်းလှလို့ကောင်း လို့ပေါ့၊ ထားပါတော့ မြေးလေးအခု ဘာလုပ်မလဲ"

"ဗျာ ဘာကိုပြောတာလဲ အဘွား"

"ကညာဖြူမှာလည်း ကိုယ်ဝန်ရှိနေလားမသိဘူးဆိုတော့ မြေး လည်း ဆုံးဖြတ်ရခက်နေမှာပေါ့၊ မကောင်းမှန်းသိပေမယ့်လည်း ကိုယ် လက် ထပ်ပြီးသားမိန်းကလေးအပေါ်တော့ သစ္စာမဲ့လို့မရဘူး၊ ဒီလိုပဲ တစ်သက်လုံး သည်းခံသွားဖို့ပဲရှိတော့တယ်"

လင်းရောင်ထင် ခေါင်းကိုခါရမ်းလိုက်သည်။ အဘွားမျက်နှာလေး ကိုလည်း တောင်းပန်တိုးလျှိုးသလို ကြည့်နေရင်းနှင့်

"အခုမှတော့ သား အမှန်အတိုင်းပဲ ဝန်ခံပါရစေ အဘွား"

"ဟင် ဘာကိုလဲမြေးလေး"

"ဒီနေ့အချိန်ထိ သားနဲ့ကညာဖြူ လင်မယားအရာမမြောက်သေး ပါဘူး အဘွား"

"ဟင် ဒါက ဘယ်လိုဖြစ်တာလဲကွယ်"

"သူ့လက်ခံမှုမရှိဘဲနဲ့ သားမှာလည်း မာနရှိတာပဲ အဘွား။ မင်္ဂလာ ဦးညကတည်းက သူက အဲဒီကိစ္စကို ခါးခါးသီးသီးငြင်းဆန်ခဲ့တယ်၊ အဲဒီ ကတည်းက သားတို့အိပ်ရာခွဲအိပ်ခဲ့ကြတာပါ"

"ဆိုးလိုက်တာကွယ် ဆိုးလိုက်တာ၊ အဘွားကတော့ သူ့စရိုက် တွေ တစ်နေ့နေ့ပြောင်းလဲလာမှာပဲလို့တွေးပြီး မေတ္တာမပျက်သည်းခံလာခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



မြေးအပေါ်ဆက်ဆံတာ တင်းမာအေးစက်ပေမယ့် ရင်သွေးလေးရလာရင် ဖခင်နေရာကမို့ ပျော့ပျောင်းလာမှာပဲလို့ စိတ်ဖြေခဲ့တယ်၊ အခုတော့ မျှော်လင့်ထားသမျှတော့ အားလုံးအလကားဖြစ်ပြီပေါ့''

အဘွား ငိုသံပါနှင့်ပြောသည့်အခါမှာ သူ စိတ်မကောင်းဖြစ်သွားရလေသည်၊ ဒါပေမဲ့ အဘွားမျက်ရည်မကျပါ။ စိတ်ကိုတင်းထားတာမျိုးလည်း မဟုတ်ဘဲ စိတ်လျှော့လိုက်သလို သက်ပြင်းချသံသဲ့သဲ့ဖြင့်

''ခင်မုန်းဆိုတဲ့ကလေးမလေးကို အဘွားတွေ့ချင်လိုက်တာကွယ်''

''သူလည်း မိဘတွေအတွက် ရုန်းကန်နေရတာပါ၊ တစ်နေ့နေ့တော့ တွေ့လို့ရအောင် သားစီစဉ်ပေးပါ့မယ်''

''အေးပါကွယ် ချမ်းသာခြင်း ဆင်းရဲခြင်းက အဆင့်အတန်းမဟုတ်ဘူး၊ ပညာတတ်ခြင်းမတတ်ခြင်းကလည်း ဂုဏ်သိက္ခာမဟုတ်ဘူး၊ စိတ်ဓာတ်နဲ့ကိုယ်ကျင့်တရားမြင့်မြတ်မှသာ ဂုဏ်သိက္ခာနဲ့ အဆင့်အတန်းပဲ၊ ခင်မုန်းက ဂုဏ်သိက္ခာနဲ့အဆင့်အတန်းရှိတဲ့မိန်းကလေးပါ၊ ဒီလိုမိန်းကလေးကသာ မြေးအတွက် အိမ်ထောင်ဘက်ကောင်း အဖော်မွန်ကောင်းဖြစ်သင့်တာ''

သူ ဘာမှမပြောဖြစ်တော့။ ဒီမိန်းကလေးကို သူချစ်နေမိပြီဆိုတာတော့ အဘွားကိုဝန်ခံလို့မဖြစ်ပေ။ ဘာပဲဖြစ်ဖြစ် ကညာဖြူက သူလက်ထပ်ထားသည့်မိန်းကလေးမဟုတ်ပါလား။ ဒါကြောင့် အိမ်ထောင်ရှင်တစ်ယောက်အနေနှင့် အိမ်ထောင်ရေးဖောက်ပြန်တာမျိုး အဘွားကြိုက်မှာမဟုတ်။

ဒီဘဝမှာ ဒီလောက်ပဲဆိုရင်လည်း ငါ့ရင်ထဲမှာတော့ မင်းအတွက်အချစ်တွေရှိနေပါတယ် ခင်မုန်းရယ်၊ အချစ်တွေ ရင်ထဲအပြည့်ပါပဲ။

■ ■ ■



## အခန်း (၃၅)

''ဘာ ဘာပြောတယ် ဖေယျ၊ မင်း မင်းပြောတာ တကယ်လား။ အဲဒီနိုင်ငံမှာ ကညာဖြူ ယောကျ်ားနဲ့ကလေးရှိတယ်ဆိုတာ''

ဖေယျ ဖုန်းနှင့်ဆက်ပြောလာတာကို သူ မယုံနိုင်လွန်း၍ သေချာအောင်ထပ်မေးလိုက်ခြင်း ဖြစ်သည်။ စက်ရုံကိုသွားနေဆဲမို့ ကားကို လမ်းဘေးမှာထိုးရပ်လိုက်ရသည်။ လိမ်ညာလှည့်ပတ်ခံလိုက်ရလေခြင်းလို့ ယူကျုံးမရစိတ်များနှင့် အသားတွေတောင် တဆတ်ဆတ်တုန်နေမိ၏။ ဖေယျဘက်က အသံတိတ်နေတာမို့

''ဖေယျ မင်းသေသေချာချာရော စုံစမ်းထားတာ ဟုတ်ရဲ့လား''

''သေသေချာချာကို စုံစမ်းထားတာပါကွာ၊ မြန်မာနိုင်ငံကို မင်းနဲ့လက်ထပ်ဖို့ ပြန်သွားကတည်းက ကိုယ်ဝန်ပါသွားတာဖြစ်မယ်၊ သူတို့က လက်ထပ်ပြီးအတူမနေကြသေးပေမယ့် ချစ်သူဘဝနဲ့မှားယွင်းထားတဲ့သဘောပဲ၊ သူ့ကောင်က ငွေကြေးမပြည့်စုံဘူးလေ၊ ပညာသင်နေတုန်းဆိုတော့ ငွေကလည်းလိုတယ်၊ အဲဒါကြောင့် မင်းနဲ့လက်ထပ်ဖို့ တိုက်တွန်းတဲ့အခါကလက်ခံပြီး ငွေကို သူ့ကောင် ပညာသင်ဖို့အတွက် လှမ်းပို့နေတာ''

www.burmeseclassic.com



"ဪ"

သူ သိပ်တော့မအံ့ဩမိတော့ပေ။ အဘွားဆီက ငွေတွေတောင်းလိုက် သူ့မီးခံသေတ္တာထဲက ငွေတွေယူလိုက် လုပ်သမျှဟာ သူမယောက်ျားကို ပံ့ပိုးနေခဲ့တာပေါ့။ နောက်ဆုံး တားလို့မရ ဆီးလို့မရနှင့် နိုင်ငံခြားကို ထွက်သွားခဲ့တာဟာ သူမကလေး ပြန်မွေးတာပဲဖြစ်လိမ့်မည်။

"ဒါဆို အဲဒီကို သူ ပြန်လာတာ ကလေးလာမွေးတာလား"

"အမှန်ပဲကွ၊ ဒါကြောင့် သူ့အဒေါ်အိမ်မှာမနေဘဲ သူ့ကောင်နဲ့ အိမ်ငှားနေပြီး ကလေးမွေးလိုက်တာ၊ အခု ကလေးနှစ်လ သုံးလရှိမှ သူ့ကောင်နဲ့ထားခဲ့ပြီး မင်းတို့ဆီပြန်လာတာ၊ သူ့ကောင်ပညာရေးနဲ့ ကလေးအတွက်က ငွေလိုသေးတယ်လေ"

"တောက်"

ကိုယ်ဝန်ရှိနေတာတောင် ဝိပိရိရိလိမ်ညာရဲသော ကညာဖြူကို သူ စက်ဆုပ်ရွံမုန်းသွားမိသည်။ အဘွားရဲ့မေတ္တာ သူ့ရဲ့စေတနာတွေကို စော်ကားခဲ့တာပဲမဟုတ်ပါလား။

"ဒီသတင်းသာခိုင်လုံရင် ငါ သူ့ကိုကွာရှင်းလို့ရပြီ ဖေယျ"

"သူတို့မိသားစုသုံးယောက် ရိုက်ထားတဲ့ဓာတ်ပုံကို ငါ ဗိုက်ဘာကနေ ပို့လိုက်မယ်၊ မင်းအတိအကျသိချင်ရင် သူ့ကိုသာ သေချာတဲ့တိုးမေးကြည့်လိုက်တော့ လင်းရောင်"

"မေးရမှာပေါ့ မေးကိုမေးရမှာ၊ ငါနဲ့အဘွားကို လူမထင်တဲ့ပုံစံမျိုးချိုးတာ၊ သူသာကောင်းကောင်းမွန်မွန်နေခဲ့မယ်ဆိုရင် ဒီကိစ္စတွေ ငါစုံစမ်းမိမှာတောင်မဟုတ်ဘူး။ ဒါဆိုရင်လည်း သူတစ်သက်လုံး လိမ်ညာထားမှာ အသေအချာပဲ၊ တစ်သက်လုံးမဟုတ်တောင် သူ့ယောက်ျားပညာရေးဆုံးခန်းတိုင်တဲ့အထိ လိမ်ညာထားလိမ့်မယ်၊ မထင်ရဘူးကွာ၊ သူ့ရုပ်သူ့ရည်လေးနဲ့ အဘွားကဆို သူ့ကိုမေတ္တာစစ် မေတ္တာမှန်နဲ့ မြတ်မြတ်နိုးနိုးကိုချစ်ခဲ့တာပါ





ဒါတောင် စော်ကားရက်တယ်"

"ငါကတော့ စုံစမ်းလို့ရတာပြောပြီးပြီ၊ ကျန်တာမင်းဘာလုပ်မယ်ဆိုတာ မင်းဆုံးဖြတ်တော့၊ သူ့လုပ်ရပ်တွေ သိသွားလည်း ကညာဖြူရှက်မှာ ကြောက်မှာ ငြင်းမှာမဟုတ်ပါဘူး၊ သူ့ကောင်ကို အရမ်းချစ်လွန်းလို့ ကလေးမွေးဖို့တောင်ဆုံးဖြတ်ခဲ့တာပေါ့၊ ပညာရေးအတွက် အထောက်အပံ့ပြုနိုင်အောင်လည်း မင်းနဲ့လိမ်ညာလက်ထပ်ခဲ့တယ်၊ သူ့လို မာနပြင်းပြတဲ့ မိန်းမတစ်ယောက်က တော်ရုံနဲ့ ဒီလိုလုပ်ရဲမှာမဟုတ်ဘူး"

"အေး ကျေးဇူးပဲကွာ ဖေယျ၊ ငါလည်း သူမှုမမှန်လွန်းလို့သာ စုံစမ်းခိုင်းရတာပါ"

"ကံကောင်းသွားတာကွ၊ ငါတို့က ကညာဖြူယောက်ျားရဲ့သူငယ်ချင်းနဲ့ဆက်စပ်မိပြီး သူတို့အိမ်အထိရောက်သွားခဲ့တာ၊ အဲဒါကြောင့် သူတို့မိသားစုဓာတ်ပုံကို ဖုန်းနဲ့ခိုးရိုက်လာခဲ့တာပေါ့၊ ဒါဆို မင်းလည်း ဘာလုပ်ရမယ်ဆိုတာ သိလောက်ပါပြီ၊ ဒါပဲနော် သူငယ်ချင်း ငါဓာတ်ပုံပို့လိုက်မယ်"

"ကျေးဇူးပဲ ဖေယျ"

ဖုန်းချပြီးချိန်မှာ သူ အံကြိတ်၍ တက်ခေါက်မိလိုက်သည်။ အလိမ်အညာခံရသောယောက်ျားတစ်ယောက်ရဲ့မာနက ချက်ချင်းဆိုသလိုပင် သူမကို ဦးချိုးပစ်လိုက်ချင်သည်။ ဒါပေမဲ့ အဘွားသိသွားလျှင် ဘယ်လိုဖြစ်သွားမလဲဆိုတာ သူ့မှာစိုးရိမ်နေရသေးသည်။ အရင်ဆုံးတော့ သူ ခင်မုန်းဖုန်းနံပါတ်တွေကို နှိပ်လိုက်မိ၏။

"ဟယ်လို ခင်မုန်း"

"အင်း လင်းရောင်ထင် ဘာကိစ္စရှိလို့လဲ"

"မင်းနဲ့ခဏလောက်တွေ့ပါရစေ ခင်မုန်း။ အရေးကြီးတဲ့စကားပြောစရာရှိလို့ပါ"

"ဪ အခုမှ မုန့်ဟင်းခါးဆိုင်က ပြန်လာပြီး ဈေးကိုင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးပါ ခင်မှုန်း၊ အခုလောလောဆယ် ခင်မှုန်းနဲ့မတွေ့ရရင် ငါတစ်ခုခုဖြစ်သွားလိမ့်မယ် ထင်တယ်"

"ဘာတွေဖြစ်နေလဲ လင်းရောင်ထင်ရယ်၊ ကဲပါ ဈေးနားက လက်ဖက်ရည်ဆိုင်ကိုသာ လာခဲ့လိုက်တော့ ဒါပဲနော်"

ခင်မှုန်းဖုန်းချပြီး ဈေးဝယ်စရာရှိတာ ပြီးအောင်ဝယ်၍ လက်ဖက်ရည်ဆိုင်ကနေ လင်းရောင်ထင် ရောက်လာမှာကို ထိုင်စောင့်နေလိုက်သည်။ ဆယ်မိနစ်ကျော်လောက်မှ လင်းရောင်ထင် ရောက်လာ၏။

"ဘာသောက်ဦးမလဲ လင်းရောင်ထင်"

"ဘာမှမသောက်ချင်ဘူး ခင်မှုန်း၊ စားချင်သောက်ချင်စိတ်ကို ကုန်နေတာ"

"ဘာတွေဖြစ်နေတာလဲ လင်းရောင်ထင်၊ မျက်နှာကလည်း နီရဲမှုန်ကုတ်နေတာပဲ၊ ကညာဖြူနဲ့ ပြဿနာတက်လာတာလား"

"ကညာဖြူက"

"အင်းလေ ပြော"

"သူ့မှာယောကျ်ားနဲ့ ကလေးရှိတယ်"

"ဘာ"

"ငါ အခုလေးမှ ကြားလာရတဲ့သတင်း"

"သတင်းဆိုတော့"

"အတိအကျပါ သေချာစုံစမ်းပြီးမှ ပြောတဲ့စကား"

"ဘယ် ဘယ်လိုဖြစ်ပြီး"

သူမ အံ့ဩလွန်းစွာမေးသောစကားတွေပင် ထစ်ငေါ့နေရသည်။ လင်းရောင်ထင် မေးကြောကြီးတွေ တင်းရင်းကာ အံကြိတ်ထားရင်းနှင့်

"ငါနဲ့လက်မထပ်ခင်တည်းက ဟိုမှာချစ်သူရှိပြီး ကိုယ်ဝန်လည်းရ နေရဲ့နဲ့ ငါနဲ့လက်ထပ်ခဲ့တာ၊ ကိုယ်ဝန်နှစ်လ သုံးလမိုက်မပေါ်ခင်တည်းက





နိုင်ငံခြားကိုပြန်ချင်တယ်ပြောပေမယ့် အဘွားက အတန်တန်တားလို့ သူ မသွားဖြစ်ဘူး။ သူ့ကိုယ်ဝန်လေးငါးခြောက်လမှာ ငါတို့သတိမထားမိခင် ခွတ်ထွက်သွားခဲ့တယ်"

"ဩော်"

"ဟိုမှာ သူ့ချစ်သူနဲ့အတူ ပြန်နေပြီး ကလေးမွေးခဲ့မှာပေါ့၊ အခု ကလေးနှစ်လသုံးလရှိမှ ဒီကိုပြန်လာခဲ့တာ"

"ကလေးကို ဟိုမှာထားခဲ့တာပေါ့"

"သူ့အမေဆီထားခဲ့တာ သူ့ယောကျ်ားက ပညာသင်နေတုန်းဆိုတော့ ငွေလိုအယ်လေ၊ ကလေးအတွက်တော့ အိမ်အကူငှားချင်ငှားမှာပေါ့၊ အရင်တုန်းက ငွေတွေအရမ်းသုံးခဲ့တာလည်း သူ့ယောကျ်ားပညာသင်ဖို့အတွက်ပဲ၊ ဒီမှာလာတယ်ဆိုတာလည်း ငါတို့မြေးအဘွား မေတ္တာတွေကြောင့် မဟုတ်ဘူး။ ငွေအတွက်ပဲ ပြီးရင် သူပြန်မှာ"

"လုပ်ရက်လိုက်တာနော်၊ အဲဒီလို ထင်မထားဘူး၊ အဘွားရဲ့ မေတ္တာတွေကို သူခုတုံးလုပ်စော်ကားတာပဲ"

"တောက် ဒါကြောင့် မခံရပ်နိုင်ဖြစ်နေတာပေါ့၊ အများလည်းလုပ်တယ် အပေါ်စီးကလည်းနေတယ်၊ ဘယ်လောက်တောင် ခံပြင်းစရာကောင်းလဲ"

"အဘွား သနားပါတယ်၊ ဘယ်လောက်တောင် ယူကျုံးမရ ခံစားသွားရမလဲ၊ ကညာဖြူကို အပြစ်မမြင်ရက်အောင် အရမ်းချစ်ရှာတာ"

"ဒါပေမဲ့ အခုတော့ ကညာဖြူအပြစ်တွေကို အဘွားမြင်သွား သိသွားပါပြီ"

"ဟင် သိသွားပြီ"

"ဟုတ်တယ် နူးညံ့သိမ်မွေ့တဲ့မေတ္တာတွေနဲ့ သုံးလေးလလောက် အဘွားနားမှာ နေခဲ့တာ ခင်မှုန်းဆိုတာလည်း သိသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ခင်မုန်း အရမ်းကို အံ့သြသွားရလေသည်။ အဘွား ဒါတွေတောင် သွားပြီဆိုတော့ ဘယ်လိုများနေပါ့မလဲ။ စိတ်ဆင်းရဲပြီး ကျန်းမာရေးပါ ထိခိုက်သွားပြီလား။

"ဟို အ အဘွား ဘာဖြစ်သွားသေးလဲဟင်၊ ဘယ်လိုသိသွားတာ လဲ ကျန်း ကျန်းမာရေးရောကောင်းရဲ့လား။ စိတ်ထိခိုက်ပြီး တစ်ခုခု"

"ဖြည်းဖြည်းမေးပါ ခင်မုန်းရယ်၊ အဘွား ဘာမှမဖြစ်ဘူး ကျန်းမာ ရေးကောင်းပါတယ်၊ ဒါပေမဲ့ မုန့်ဟင်းခါးဟင်းရည်ချက်တာကောင်းတဲ့ ကောင် မလေးကိုတော့ အရမ်းတွေ့ချင်တယ်လို့ပြောတယ်"

"ငါ့ကို"

"အင်းလေ မင်းက အဘွားကိုအရမ်းကိုမေတ္တာတွေပေးခဲ့တဲ့ ခင် မုန်းမဟုတ်လား။ ငါ အားလုံးရှင်းပြလိုက်တဲ့အတွက် ကညာဖြူစိတ်ဓာတ်က ဘယ်လိုရှိတယ်၊ မင်းစိတ်ဓာတ်က ဘယ်လိုရှိတယ်ဆိုတာ အဘွားနားလည် သွားခဲ့တာ၊ အဲဒါကြောင့် မင်းကိုတွေ့ချင်နေတာ ခင်မုန်း။ ပြီးတော့ အဘွားက တစ်ခုပြောသေးတယ်"

"ဘာပြောတာလဲ"

စိတ်ဝင်တစား နားစွင့်တော့ လင်းရောင်ထင်က ကျေနပ်ဖွယ်သော အပြုံးနှင့်

"ခင်မုန်းလိုမိန်းကလေးမျိုးနဲ့ မြေးလေးရဲ့အိမ်ထောင်ဘက်အဖြစ် လက်ထပ်ပေးရမှာတဲ့၊ ကညာဖြူနဲ့လက်ထပ်ပေးခဲ့မိတာ အဘွားမှားပါတယ် လို့ပြောတယ်"

"အို မဖြစ်နိုင်တာ"

"မင်းမရှက်ပါနဲ့တော့ ခင်မုန်းရယ်၊ ကညာဖြူအကြောင်းကို အဘွား သိသွားရင်လည်း ကညာဖြူကို အဘွားခွင့်လွှတ်မှာမဟုတ်ဘူး။ ငါတို့ တရား





ဝင် ကွာရှင်းမှာပါ၊ ယောကျ်ားရော သားသမီးရောရှိနေတဲ့မိန်းမကို ငါ ဘယ် လိုလုပ်သည်းခံပြီး ပေါင်းသင်းနိုင်ပါ့မလဲ၊ အဘွားလည်း လုံးဝလက်သင့်ခံမှာ မဟုတ်ဘူး။ လိမ်လည်လက်ထပ်ခဲ့တဲ့အတွက် ကညာဖြူကို တရားပြန်စွဲ လို့တောင်ရတယ်"

"အဲ အဲဒီလိုကြီးတော့ မလုပ်ပါနဲ့၊ သူ့မှာသားသမီးနဲ့လေ၊ သူ့ အကြောင်းသိသွားပြီဆိုရင်တော့ သူလည်းနေရဲမှာမဟုတ်တော့ပါဘူး။ လိမ် တဲ့သူတွေက အလိမ်ပေါ်မှာစိုးပြီး ကြောက်ကန်ကန်တတ်ကြတယ်၊ ဒါကြောင့် လည်း ကညာဖြူကဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ဘယ်သူကမှ ဂရုစိုက်မခံဘဲ သူ့အပြစ်ကင်းတယ်လို့ထင်အောင်နေခဲ့တာ"

"မင်းပြောတာ ဖြစ်နိုင်ပါတယ်၊ ဘာပဲဖြစ်ဖြစ်ပါလေ ငါကတော့ ကညာဖြူဒီလိုလုပ်သွားတာ ဝမ်းမနည်းဘူး။ စိတ်ထဲမှာလွတ်လပ်ပြီး ပေါ့ပါး သွားတယ်၊ စိတ်သက်သာတယ် မွန်းကျပ်မှုတွေ မရှိတော့ဘူး။ ပြီးတော့ မင်းကိုမျှော်လင့်လို့ရတယ်ဆိုတဲ့စိတ်နဲ့ ငါမျှော်နေတယ် ခင်မုန်း"

"အဟင်း နင်ကလည်း"

သူမလည်း ပျော်သွားသလိုရှိပါသည်။ သူများအားနည်းချက်ကြောင့် ပျော်ရတာကိုတော့ ကညာဖြူအတွက် စိတ်မကောင်းဖြစ်မိသည်။ ဘာ ကြောင့် ကညာဖြူ ဒီလိုလုပ်ရက်တာလဲဆိုတာပဲ နားမလည်နိုင်တာပါ။

ဒီလောက်ချွေးတွေပြီး မေတ္တာပေးနိုင်သော မြေးအဘွားနှစ်ယောက် အပေါ် အပြစ်ကျူးလွန်ပြီး ကညာဖြူလည်း စိတ်ချမ်းသာမှာမဟုတ်ပေ။ သူမတောင် ဒီမြေးအဘွားရဲ့မေတ္တာတွေကို လိုချင်ချင် တောင့်တနေမိပါရဲ့နဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"အဘွား"

"ဪ ကညာလေး ဘာကိစ္စရှိလို့လဲကွဲ့"

ကညာဖြူ အခန်းထဲဝင်လာတာကြောင့် ဒေါ်မြကြာနွယ် လှဲနေရာက ထထိုင်လိုက်သည်။ ကညာဖြူက ဒေါ်မြကြာနွယ်နားမှာ ဝင်ထိုင်လိုက်ပြီး

"ကညာ ပိုက်ဆံအသုံးလိုနေလို့ပါ အဘွား"

"အင်း ဘယ်လောက်လဲ အဝတ်အစားအသုံးအဆောင်ဗယ်ဖို့ဆိုတော့ ငါးသိန်းလား ဆယ်သိန်းလား"

"မဟုတ်ဘူး သိန်းနှစ်ရာလောက်ပါ အဘွား"

"ဟင် သိန်းနှစ်ရာတောင် ဘာလုပ်ဖို့လဲ ကညာ များလှချည်လား"

"နိုင်ငံခြားမှာ ခင်မင်လာတဲ့မိတ်ဆွေတစ်ယောက်နဲ့ အလှပြင်ဆိုင်စပ်တူရှယ်ယာဖွင့်ချင်လို့ပါ အဘွား"

"ကညာက ဟိုမှာ အဲဒီပညာသင်လာခဲ့လို့လား"

"ဟုတ် အဲဒီလိုပဲပြောပါတော့ အဘွား။ ပြီးတော့လေ အဘွား





ပြောထားတယ်မဟုတ်လား။ လင်းရောင်ထင်နဲ့မိသားစုပိုင်ဆိုင်မှုနဲ့မဆိုင်ဘဲ ကညာကို ပိုင်ဆိုင်မှုသပ်သပ်ပေးမယ်ဆို၊ အဲဒါလည်း ကညာကိုပေးလို့မရဘူးလားအဘွား။ ကညာ တခြားအလုပ်လေးတွေလည်း လုပ်စရာရှိလို့ပါ"

"ကညာက ဘာတွေများလုပ်မလို့လဲ၊ အဘွားက ကညာလေးကိုယ်ဝန်လွယ်မွေးဖွားပြီးမှပေးဖို့စီစဉ်ထားတာ၊ အဘွားမြေးလေးရဲ့ရင်သွေးလေးကိုမွေးပေးတဲ့မိခင်အဖြစ် ဂုဏ်ပြုတဲ့သဘောနဲ့ပေါ့ အခုတော့"

"အဲဒါကနောက်မှပေါ့ အဘွား။ ရင်သွေးရပြီးမှဆို ကညာဘာလုပ်နေ်လုပ်လို့ရမှာလဲ"

"ကညာကို မြေးလေးက တင့်တောင့်တင့်တယ် တစ်သက်လုံးမပူမပင်ရအောင် လုပ်ကိုင်ကျွေးမှာ ချမ်းချမ်းသာသာထားမှာပဲကွယ်၊ ကညာအတွက် ဘာလိုအပ်လို့လဲ၊ ကညာက ရင်သွေးလေးတွေမွေးပေးဖို့ပဲ စဉ်းစားပါ"

"မွေးတာလည်း မွေးတာပေါ့ အဘွားရယ်၊ ဒါဆို ကညာကို သိန်းနှစ်ရာမဟုတ်ဘဲ သိန်းငါးရာပေးထားပါနော်၊ နောက်မှ ကညာ့ကိုပေးမယ့်အထဲက နုတ်ချင်လည်း နုတ်လိုက်ပါ။ အခုက လုပ်ငန်းအတွက်အရမ်းကိုလိုအပ်နေလို့"

"အဲဒီငွေတွေက မင်းနဲ့တန်လို့လား ကညာဖြူ"

"ဟင် လင်းရောင်ထင်"

"မြေးလေး"

လင်းရောင်ထင် ဖြုန်းခနဲ အခန်းထဲဝင်လာတော့ အဘွားရော ကညာဖြူရော အံ့သြသွားကြသည်။ ကညာဖြူလက်ကိုဆောင့်ဆွဲ၍ လင်းရောင်ထင် ဖယ်ထုတ်လိုက်၍ ကညာဖြူက ဆတ်ခနဲခါရုန်း၍



www.burmeseclassic.com

www.burmeseclassic.com



"နင်ဘာလုပ်တာလဲ လင်းရောင်ထင်၊ နင်မိုက်ရိုင်းလှချည်လား"

"မင်းလုပ်ရပ်တွေက ပိုရိုင်းတယ်ဆိုတာ မင်းကိုယ်မင်း ပိုသိပါလိမ့်မယ် ကညာဖြူ။ ငါတို့နင်မထုတ်ခင် မင်းယောက်ျားနဲ့ မင့်သားဆီ မင်းပြန်သွားတာကောင်းလိမ့်မယ်"

"ဘာ ဘာပြောတယ်"

"မြေး မြေးလေး ဘာပြောလိုက်တာလဲကွဲ့"

"သားနဲ့လက်မထပ်ခင်တည်းက သူ့ရည်းစားနဲ့မှားယွင်းစွန်းထင်းလာခဲ့တာ အဘွား၊ ဒါပေမဲ့ သူ့ရည်းစားပညာသင်ဖို့အတွက် ငွေလိုလို့ သားကိုလက်ထပ်ခဲ့တာ၊ အဲဒီမှာကိုယ်ဝန်က ပါလာပြီးသား၊ ဒါကြောင့် သားနဲ့ မင်္ဂလာဦးညကတည်းက အတူမအိပ်ခဲ့တာ"

"တ တကယ်လား ကညာဖြူ၊ မြေးပြောနေတာတွေက တကယ်ပဲလား"

"မ မဟုတ်ဘူး အဘွား၊ သူ ဘယ်ကကြားလာတဲ့ ကောလဟာလတွေမှန်းမသိဘဲနဲ့ ကညာကိုစွပ်စွဲနေတာ၊ နင် မဟုတ်တမ်းတရားတွေ ပြောနေရင် အသရေဖျက်မှုနဲ့ တရားစွဲမယ် လင်းရောင်ထင်"

အဘွား အယုံအကြည်မဲ့သွားမှာစိုး၍ ကညာဖြူ ခါးခါးသီးသီးငြင်းဆန်သည်။ လင်းရောင်ထင်က ဖုန်းကိုဖွင့်ကာ ကညာဖြူတို့မိသားစု သုံးယောက်ဓာတ်ပုံကို ပြလိုက်၏။

"ဒါမင်းယောက်ျားနဲ့ မင်းကလေးဟုတ်ပါတယ်နော်၊ မင်းမွေးခဲ့ထားတဲ့ကလေးက မင်းမွေးထားတာ ဟုတ်တယ်မဟုတ်လား"

"ဟင်"

"ဒီဓာတ်ပုံကတော့ ကောလဟာလမဟုတ်ဘူးဆိုတာ မင်းသိမှာပါ၊ ဘာလို့ ငါတို့မြေးအဘွားအပေါ် လိမ်ညာခဲ့ရတာလဲ၊ အဘွားနဲ့မင်းအပေါ် ဘယ်လိုပဲတိုက်တွန်းတယ်ပြောပြော မင်းမှာရည်းစားရှိတယ် ကိုယ်ဝန်ရှိတယ် ဝန်ခံခဲ့ရမှာပေါ့၊ ကိုယ့်အတွက်ကိုယ်ပဲကြည့်ပြီး အိမ်ထောင်ရေးကို ဆော့ကစားရသလား ကညာဖြူ၊ အဘွားရဲ့မေတ္တာ စေတနာတွေကို အသုံးချ စော်ကားလိုက်တာပဲ"



"လုပ်ရက်လိုက်တာ ကညာဖြူရယ် အဘွားမှာတော့ ညည်းကို ချစ်လိုက်ရတာ၊ မြေးအရင်းလေးလို ချစ်လို့ပေးသင့်တာတွေပေးဖို့တောင် ရက်ရက်ရောရော ဆုံးဖြတ်ထားတာ၊ ဒီလောက်ထိ လုပ်ရက်လိမ့်မယ် ထင်မထားမိဘူး၊ ကညာဖြူရယ် ရက်စက်လိုက်တာကွယ်"

အဘွား ပံ့ပူကျုံးမရစိတ်များနှင့် မျက်ရည်ကျသည်။ အဘွားပခုံးလေးကိုဖက်၍ နှစ်သိမ့်လိုက်ပြီး ကညာဖြူကို လင်းရောင်ထင် မာမာတင်းတင်းကြည့်လိုက်ကာ

"မင်းကို လိမ်ညာလှည့်ဖြားလက်ထပ်မှု၊ ငွေကြေးပစ္စည်းဥစ္စာတွေ လိမ်လည်ယူမှုတွေနဲ့ ငါ တရားမစွဲချင်ဘူး ကညာဖြူ၊ မင်းအပြစ်မင်းသိရင် ဒီအိမ်ကနေ ထွက်သွားပါ၊ ငါ့ဆန္ဒမရှိပေမယ့် အဘွားကမင်းကို အပျိုစင်တစ်ယောက်မှတ်လို့ ငါနဲ့လက်ထပ်ပေးခဲ့တာ၊ မင်းအေးအေးသက်သာ ထွက်သွားမယ်ဆိုရင် နစ်နာကြေး ဟင့်အင်း မဟုတ်ဘူး မင်းနစ်နာခဲ့တာ ဘာမှမရှိတာ လျော်ကြေး လျော်ကြေးလည်းမဟုတ်သေးဘူး ငါတို့မှားခဲ့ကြတာမှ မဟုတ်တာ၊ မင်းမှားခဲ့တာပဲ အဲဒီတော့ မင်းကို ကရုဏာကြေး ထောက်ပံ့ပေးလိုက်ပါမယ်၊ မင်းကျေနပ်လား မကျေနပ်လား ဖါမမေးဘူး။ ကိုယ့်အပြစ်ကိုယ့်အမှားကိုသိရင် ဒီကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီး မင်းသွားလိုက်တော့"

ကညာဖြူ ဘာမှမပြော။ လင်းရောင်ထင် လှမ်းပေးသော ကွာရှင်းစာ





www.burmeseclassic.com

www.burmeseclassic.com



ချုပ်မှာ လက်မှတ်ထိုးသည်။ လင်းရောင်ထင်က အံဆွဲထဲကနေ ငွေသိန်းနှစ်ဆယ်အုပ်ကိုယူ၍ ကညာဖြူရှေ့ ပစ်ပေးလိုက်၏။ ကညာဖြူက အဘွားကိုရော သူ့ကိုရော တောင်းပန်သောအကြည့်လေးတစ်ချက်တောင်မကြည့်ဘဲ ထွက်သွားသည်။ အဘွားက မျက်ရည်တွေကို ပွတ်သပ်သုတ်ပြီး

"မြေးလေး ဒီအကြောင်းတွေသိလာလို့ တော်သေးတာပေါ့ကွယ် မဟုတ်ရင် အဘွားတို့ဆီက ပစ္စည်းဥစ္စာ ငွေကြေးတွေ ဘယ်လောက်တောင်လိမ်လည်ပြီး ယူသွားဦးမလဲမသိဘူး၊ သူ ဒီလိုလုပ်သွားတာ အရင်က ချစ်ခင်တဲ့စိတ်ကလေးကြောင့် စိတ်မကောင်းဖြစ်မိပေမယ့် ဝမ်းတော့မနည်းတော့ပါဘူး။ ဒီလောက်နဲ့ ရေစက်ပြတ်သွားတာပဲတော်ပါသေးတယ်၊ ခင်မုန်းဆိုတဲ့မိန်းကလေးရဲ့စိတ်နဲ့တော့ တော်တော်ကွာတာပဲကွယ်၊ ဖြစ်နိုင်ရင် အဲဒီမိန်းကလေးနဲ့သာ မြေးကိုလက်ထပ်ပေးလိုက်ချင်တော့တယ်"

"သား သူ့ကိုပရိုပို့စ်လုပ်ထားပါတယ် အဘွား"

"ဟင် မြေးက"

"သူ့ရဲ့စိတ်ထားလေးကလှလို့ပါ၊ စေတနာမေတ္တာကြီးမားလို့ပါ ကိုယ်ကျင့်တရားလေးကကောင်းခဲ့တော့ လေးစားမိလို့ပါအဘွား။ သူလည်း သားကိုလက်ခံချင်တဲ့ပုံပါပဲ၊ ဒါပေမဲ့ သားက အိမ်ထောင်သည်ဖြစ်နေလို့ အပြစ်မကျူးလွန်မိအောင် ခင်မုန်းထိန်းသိမ်းနေခဲ့တာလို့ ထင်တယ် အဘွား"

"အို မြေးလေးက မင်္ဂလာဦးညကတည်းက ကညာဖြူနဲ့အတူ မအိပ်ခဲ့လို့ လူပျိုစစ်စစ်ပါ၊ အခု ကွာရှင်းပြီးသွားပြီဆိုတော့ အိမ်ထောင်သည်လည်းမဟုတ်တော့ဘူး၊ ခင်မုန်းကို အဘွားလိုက်တောင်းပေးမယ် မြေး"

"တကယ်လား အဘွား"

"တကယ်ပေါ့ မြေးရယ်၊ အဘွားဘဝမှာ မြေးလေးက အဓိကပါ မြေးလေးအိမ်ထောင်ရက်သားကျ သားသမီးတွေနဲ့ပျော်ပျော်ရွှင်ရွှင်နေတာကို





မြင်ချင်တာ အဘွားဆန္ဒပါ"

"သားကတော့ ခင်မုန်းနဲ့ဆိုရင် ပျော်တာပေါ့ အဘွားရယ်"

"ပျော်ရမှာပေါ့ မြေးရယ် မြေးပျော်ရမှာပါ"

မြေးအဘွားနှစ်ယောက် စိတ်လက်ပေါ့ပါးကာ ပျော်ရွှင်နေမိကြသည်။ ကညာဖြူအကြောင်းကို တွေးပင်မတွေးမိကြတော့။ အခုချိန်မှာတော့ ခင်မုန်းတစ်ယောက်သာပဲ။

■ ■ ■



www.burmeseclassic.com

## အခန်း (၃၇)

"ခင်မှုန်း"

"ဟင် အဘွား၊ လင်းရောင်ထင်"

ညတွင်းချင်းပင် ခင်မှုန်းဆီကို မြေးအဘွားနှစ်ယောက် ရောက်အောင် လာခဲ့ကြသည်။ ခင်မှုန်းက ဝမ်းသာအားရဖြစ်နေကာ အဘွားအတွက် စားပွဲဝိုင်းတစ်ဝိုင်းမှာ နေရာပေးသည်။ ဆိုင်ရှင်ဆီကိုလည်း ညွှန်သည်ကို ညွှန်ခံချင်လို့ဆိုပြီး အပြေးအလွှား ခွင့်တောင်းလိုက်သေး၏။

"အဘွား မုန့်ဟင်းခါးစားမလားဟင်၊ ခင်မှုန်း ပြင်ပေးမယ်"

"နေပါဦးကွယ် နောက်မှဖြည်းဖြည်းစားတာပေါ့၊ တစ်သက်လုံး ခင်မှုန်းရဲ့လက်ရာကို စားရတော့မယ့်ဥစ္စာ"

"ရှင် အဘွား"

"ဪ ဒီလို ခင်မှုန်းရေ၊ ကညာဖြူမှာ ယောက်ျားရှိတာ ကလေးရှိတာ ငါပြောပြလို့ အဘွားသိသွားပြီ၊ ကညာဖြူကို ပေးသင့်သလောက်ပေးပြီး ကွာရှင်းစာချုပ်မှာလည်း လက်မှတ်ထိုးခိုင်းပြီး အိမ်ကနေ နှင်ထုတ်လိုက်ပြီ၊ အဲဒါ အဘွားက ကညာဖြူအတွက် ခံလည်းမခံစားတော့ဘူး သံယောဇဉ်လည်း ပြတ်လိုက်ပြီ"





"ဪ အဲဒီတော့"

"မင်းနဲ့ငါ့ကို လက်ထပ်ပေးမယ်တဲ့"

"ရှင်"

"ဟုတ်တယ် ခင်မှုန်း၊ အဘွားလေ မြေးလေးနဲ့ခင်မှုန်းကို သဘောတူတယ်၊ မြေးလေးကလည်း ခင်မှုန်းကို သူချစ်နေတဲ့အကြောင်း ဖွင့်ပြောထားတယ်ဆို၊ ခင်မှုန်းကလည်း အိမ်ထောင်သည်တစ်ယောက်ကို မြင်မှားမိမှာစိုးလို့ ထိန်းသိမ်းနေတာ၊ လွတ်လပ်တဲ့သူဖြစ်သွားရင် လက်ခံမယ်လို့ပြီး ခေါင်းညိတ်ထားတယ်ဆို"

"ဟုတ်၊ ဟုတ်ကဲ့"

"မြေးလေးအတွက် ခင်မှုန်းက လိုအပ်သလို အဘွားအတွက်လည်း ခင်မှုန်းက အရမ်းကိုလိုအပ်ပါတယ်ကွယ်၊ အဲဒါကြောင့် ခင်မှုန်းဆီက တွေ့ဆီမှာ မြေးလေးအတွက် ခင်မှုန်းကို အဘွားကိုယ်တိုင် မိသားအသားဆီ တင့်တောင့်တင့်တယ် လာရောက်တောင်းရမ်းချင်ပါတယ်၊ အဲဒါ ခင်မှုန်းက လက်ခံပေးပါ၊ အဘွားတောင်းဆိုတာပါကွယ်"

ခင်မှုန်း ရှက်မျက်နှာလေး နီရဲသွားလေသည်။ ဒါပေမဲ့ သူမ ဟန်မဆောင်ချင်တော့ပါ။ လင်းရောင်ထင်လည်း လွတ်လပ်သူတစ်ယောက် ဖြစ်သွားပြီမို့ ရင်ထဲက ဖြစ်ချင်သောဆန္ဒတွေကို မထိန်းချုပ်ချင်တော့။

"ဟုတ် ဟုတ်ကဲ့ပါ အဘွား၊ ခင်မှုန်း အမေတို့ကိုတိုင်ပင်လိုက်ပါမယ်၊ အမေတို့ကလည်း ခင်မှုန်းဆန္ဒကို တားဆီးကြမှာမဟုတ်ပါဘူး"

"အေးပါကွယ် တစ်ခုလပ်ဖြစ်သွားလို့ မြေးလေးနဲ့သဘောမတူဘူး ဆိုရင်တောင် အဘွားက နားလည်အောင်ပြောပြပြီး မြေးလေးစိတ်ချမ်းသာအောင် တောင်းရမ်းလက်ထပ်ပေးမှာပါ"

"ဟုတ် ဟုတ်ကဲ့ပါ အဘွား၊ အမေတို့ကလည်း တခြားကိစ္စတွေထက် ခင်မှုန်းစိတ်ချမ်းသာဖို့ပါပဲ"

www.burmeseclassic.com



"ဒါဆို ခင်မုန်းကတော့ မြေးလေးကို လက်ခံတယ်ပေါ့"

ခင်မုန်း ခေါင်းညိတ်ပြလိုက်သည့်အခါ မြေးအဘွားနှစ်ယောက် ပြုံးပျော်သွားကြလေသည်။ လင်းရောင်ထင်က ခင်မုန်းလက်ဖျားလေးတွေကို ဆုပ်ကိုင်ပြီး

"ကျေးဇူးတင်ပါတယ် ခင်မုန်း၊ မင်းရဲ့လက်ခံမှုက အဘွားကိုရော ငါ့ကိုရော ပျော်ရွှင်စေပါတယ်၊ မင်းကိုလည်း ငါတို့မြေးအဘွားက တစ်သက်လုံးပျော်ရွှင်အောင်ထားမှာပါ၊ ခင်မုန်း၊ တစ်သက်လုံးလည်း တန်ဖိုးထားပါမယ်"

"ခင်မုန်းကို အဲဒီလိုတန်ဖိုးထားပေးတဲ့အတွက် ခင်မုန်းကလည်း အဘွားနဲ့လင်းရောင်ထင်အပေါ် မေတ္တာတွေနဲ့တစ်သက်လုံး ပေးဆပ်သွားမှာပါ"

"အဘွားအတွက်တော့ မြေးနဲ့ခင်မုန်းဆီက ရင်သွေးလေးတွေရရင်ပဲ ကျေနပ်နေပါပြီကွယ်၊ အဲဒါတော့ အဘွားကို မဖြစ်မနေ မွေးပေးရမယ်နော်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ပါ အဘွား"

ခင်မုန်းရင်ဘတ်တစ်ခုလုံး လရောင်တွင်မီးတင်သွား၏။ တခဏအတွင်း ကောင်းကင်၏ရနံ့က မေတ္တာတရားဖြင့် မွှေးပျံ့နေလေသည်။

ပရိသတ်အတွ...

အမြဲတမ်း

ပျူး

ဝိဂ...